Mekong-Lancang Cooperation

# မာတိကာ


အကျဉ်းချုပ် .... ix

Abstract .... xiii

၁။ နိဒါန်း .... ၁

၁.၁။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါမှု .... ၁

၁.၂။ ပြည်တွင်းနှင့် ပြည်ပပို့ကုန် ဈေးကွက်တွင် ထုတ်ကုန်၏ အရေးပါမှု .... ၃

၁.၂.၁။ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သော ဆန်စပါးအမျိုးအစားများ .... ၈

၁.၃။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍများ .... ၁၀

၁.၄။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု .... ၁၃

၂။ သုတေသနဆောင်ရွက်ရခြင်း ရည်ရွယ်ချက် .... ၁၇

၂.၁။ သုတေသန၏ ရည်ရွယ်ချက်များ .... ၁၇

၂.၂။ သုတေသနတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကြုံတွေ့နိုင်သောအဟန့်အတားများ .... ၁၇

၂.၃။ သုတေသနဆောင်ရွက်ရခြင်း၏ မျှော်မှန်းရလဒ်များ .... ၁၈

၃။ သုတေသနဆောင်ရွက်သော နည်းလမ်းများ .... ၁၉

၃.၁။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများ .... ၂၀

၃.၁.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် နည်းလမ်းများ .... ၂၀

၃.၁.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် နည်းလမ်းများ .... ၂၀

၃.၂။ ကောက်ယူသော အချက်အလက်များ .... ၂၁

၃.၂.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် အချက်အလက်များ .... ၂၁

၃.၂.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် အချက်အလက်များ .... ၂၂

၃.၂.၃။ ဆင့်ပွားအချက်အလက်များ၏ ဇာစ်မြစ်များ .... ၂၂

၃.၃။ တွက်ချက်သည့် နည်းလမ်းများ .... ၂၄

၃.၃.၁။ မူရင်းအချက်အလက် (Primary data) များအား တွက်ချက်သည့် နည်းလမ်းများ .... ၂၄

၃.၃.၂။ ဆင့်ပွားအချက်အလက် (Secondary data) များအား တွက်ချက်သည့် နည်းလမ်းများ .... ၂၄

၃.၄။ သုတေသနအဖွဲ့ဝင်များ .... ၂၇

၃.၅။ သုတေသနဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်ကာလ .... ၂၇

၄။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ခြုံငုံသုံးသပ်ချက်များ .... ၂၈

၄.၁။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုဆိုင်ရာ တွက်ချက်မှုများ .... ၂၈

၄.၂။ အဓိက စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ .... ၃၁

၄.၃။ ပြည်တွင်းစားသုံးမှုနှင့် ပို့လျှံမှု .... ၃၅

၄.၄။ ထုတ်လုပ်မှုဆိုင်ရာ ကြုံတွေ့ရသော စိန်ခေါ်မှုများ .... ၄၀

၅။ ဈေးကွက်နှိုင်းယှဉ်မှုများနှင့် ပို့ကုန် အလားအလာများ .... ၄၄

၅.၁။ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များ ........ ၄၄
၅.၂။ မြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်ပစ္စည်းများ၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ ........ ၅၁
၅.၃။ ဈေးနှုန်းယှဉ်ပြိုင်မှုများနှင့် Nominal Protection Rate (NPR) ........ ၅၂
၅.၄။ ထုတ်လုပ်နိုင်စွမ်းအားနှင့် အရည်အသွေးဆိုင်ရာ ယှဉ်ပြိုင်မှုများ ........ ၅၇
၅.၅။ ပို့ကုန် ကုန်သွယ်မှု အလားအလာ ဆန်းစစ်တွက်ချက်ခြင်း ........ ၆၅
၅.၆။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များ (Revealed Comparative Advantage- RCA and Revealed Symmetric Comparative Advantage- RSCA) ........ ၆၆
၆။ ထုတ်ကုန်ယှဉ်ပြိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှုများ ........ ၆၉
၆.၁။ အဓိက ကုန်သွယ်သည့် နိုင်ငံများနှင့် ပို့ကုန်ဈေးကွက် ရှယ်ယာများ ........ ၇၃
၆.၂။ ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအား ........ ၇၇
၆.၃။ ဈေးကွက်ဆိုင်ရာ ကွင်းဆက် (ထုတ်လုပ်သူ-ပြည်တွင်းဈေး-ပို့ကုန်) ........ ၈၃
၆.၄။ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ (SWOC analysis) ........ ၈၇
၇။ သုံးသပ်တင်ပြချက်များ ........ ၉၂
၈။ မူဝါဒထောက်ခံချက်များ ........ ၉၅
(က) အခြေခံအဆောက်အဦ ........ ၉၅
( ခ ) ဌာနဆိုင်ရာ အဖွဲ့အစည်းများ ........ ၉၅
( ဂ ) စွမ်းဆောင်ရည် မြှင့်တင်ခြင်း ........ ၉၅
(ဃ) နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ........ ၉၆
( င ) မူဝါဒဖော်ဆောင်မှုနှင့် မဟာဗျူဟာ နည်းလမ်းများ ........ ၉၆
( စ ) မဟာဗျူဟာနည်းလမ်းများ ........ ၉၆
၉။ ကိုးကားချက်များ ........ ၉၈
၁၀။ နောက်ဆက်တွဲများ ........ ၁၀၂

# ဇယားများ


ဇယား (၁) ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အရေးပါသော သီးနှံများ၏ ထုတ်လုပ်မှုများ .........၂

ဇယား (၂) အာဆီယံနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအခြေအနေ ............................................ ၄

ဇယား (၃) မြန်မာနိုင်ငံမှ အဓိကဆန် (HSC:၁၀၀၆) တင်ပို့သည့် ကမ္ဘာ့နိုင်ငံများ (၂၀၂၃ ခုနှစ်).......... ၆

ဇယား (၄) မြန်မာနိုင်ငံမှ အဓိကဆန်ကွဲ (HSC: ၁၀၀၆၄၀) တင်ပို့သည့် ကမ္ဘာ့နိုင်ငံများ (၂၀၂၃ ခုနှစ်). ၆

ဇယား (၅) ၂၀၁၀-၂၀၁၁ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုတို့ဖြင့် ဆန်စပါးတင်ပို့မှု ............................................ ၇

ဇယား (၆) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လအလိုက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ခဲ့သော ပမာဏ .. ၈

ဇယား (၇) မြန်မာနိုင်ငံရှိ ဆန်စပါးအုပ်စုများနှင့် အမျိုးအစားများ............................................ ၉

ဇယား (၈) မြန်မာနိုင်ငံရှိ ပြည်တွင်းနှင့် ပြည်ပဈေးကွက်တွင် လူကြိုက်များသော ဆန်အမျိုးအစားများ ............................................ ၉

ဇယား (၉) မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှစ်အလိုက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရရှိခဲ့သည့် စီမံကိန်းများ.................. ၁၃

ဇယား (၁၀) ၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု အခြေအနေ ............................................ ၁၆

ဇယား (၁၁) ဆင့်ပွားအချက်အလက် (Secondary Data) များ ရယူခြင်း နှင့် ၎င်းတို့၏ ဇာစ်မြစ်များ .. ၂၃

ဇယား (၁၂) သုတေသနဆောင်ရွက်ချက်များ ဆောင်ရွက်သည့် ကာလ............................................ ၂၇

ဇယား (၁၃) မြန်မာနိုင်ငံမှ နှစ်စဉ်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ (၂၀၁၁-၂၀၁၂ မှ ၂၀၂၂-၂၀၂၃ ထိ)............................................ ၂၈

ဇယား (၁၄) နေပြည်တော်ကောင်စီနယ်မြေရှိ စပါးစိုက် တောင်သူများ၏ မိုးစပါး စိုက်ပျိုးနည်းစနစ် အမျိုးမျိုး၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး............................................ ၂၉

ဇယား (၁၅) နေပြည်တော်ကောင်စီနယ်မြေရှိ စပါးစိုက် တောင်သူများ၏ မိုးစပါး စိုက်ပျိုးနည်းစနစ် အမျိုးမျိုး၏ ကုန်ကျစရိတ် (ကျပ်) နှင့် အကျိုးအမြတ် ပြန်ရချက်အချိုး ........................ ၃၀

ဇယား (၁၆) နွေစပါးစိုက်ပျိုးထုတ်လုပ်ခြင်း၏ ကုန်ကျစရိတ် (ကျပ်) နှင့် အကျိုးအမြတ်ပြန်ရချက်အချိုး (၂၀၂၂-၂၀၂၃) ............................................ ၃၁

ဇယား (၁၇) ဂေဟဗေဒဇုန်နှင့် ရာသီအလိုက် စပါးထုတ်လုပ်မှု အခြေအနေ (၂၀၁၆-၂၀၁၇).............. ၃၂

ဇယား (၁၈) မြန်မာနိုင်ငံတွင် ဂေဟဗေဒဇုန်နှင့် ရာသီအလိုက် စပါးထုတ်လုပ်မှုဝေစု (၂၀၁၆-၂၀၁၇).. ၃၃

ဇယား (၁၉) ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စပါးစိုက်ပျိုးဧရိယာ ............................................ ၃၄

ဇယား (၂၀) အဓိကသီးနှံ (၈) မျိုး၏ ထုတ်လုပ်မှု၊ အသုံးပြုမှုနှင့် လုံလောက်မှု ရာခိုင်နှုန်း (၂၀၂၀-၂၀၂၁) ............................................ ၃၇

ဇယား (၂၁) စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးမှု၊ နောက်လာမည့်စိုက်ပျိုးရာသီအတွက် သိုလှောင်ထားသော မျိုးစေ့များ၊ ဆုံးရှုံးမှုများ၊ ပိုလျှံမှုများနှင့် ပြတ်လပ်မှု အခြေအနေ (၂၀၂၁-၂၀၂၂) ............................................ ၃၉

ဇယား (၂၂) ကမ္ဘာပေါ်ရှိ ဆန် (HSC:၁၀၀၆) တင်သွင်းမှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)................၄၄
ဇယား (၂၃) အာရှဒေသရှိ ဆန် (HSC:၁၀၀၆) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်).............၄၅
ဇယား (၂၄) အာရှတိုက်၏ ဆန် (HSC:၁၀၀၆) တင်ပို့မှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)..................၄၆
ဇယား (၂၅) မြန်မာနိုင်ငံမှ ဆန် (HSC:၁၀၀၆) တင်ပို့မှုအများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်).........၄၇
ဇယား (၂၆) ကမ္ဘာပေါ်ရှိ ဆန်ကွဲ (HSC: ၁၀၀၆၄၀) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)......၄၈
ဇယား (၂၇) အာရှတိုက်ရှိ ဆန်ကွဲ (HSC:၁၀၀၆၄၀) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်).....၄၉
ဇယား (၂၈) အာရှတိုက်၏ ဆန်ကွဲ (HSC:၁၀၀၆၄၀) တင်ပို့မှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)........၅၀
ဇယား (၂၉) မြန်မာနိုင်ငံမှ ဆန်ကွဲ (HSC: ၁၀၀၆၄၀) တင်ပို့မှု အများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်) ..........၅၁
ဇယား (၃၀) ဆန်တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ (၂၀၂၃ ခုနှစ်) ..................၅၂
ဇယား (၃၁) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန် (HSC: ၁၀၀၆) လက်ကားဈေးများ.............................၅၃
ဇယား (၃၂) မြန်မာ့ဆန် (HSC: ၁၀၀၆) ၏ Nominal Protection Rate (NPR) (၂၀၂၃) ..................၅၄
ဇယား (၃၃) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန်ကွဲ (HSC: ၁၀၀၆) လက်ကားဈေးများ ........................၅၅
ဇယား (၃၄) မြန်မာ့ဆန်ကွဲ (HSC: ၁၀၀၆၄၀) ၏ Nominal Protection Rate (NPR) (၂၀၂၃ ခုနှစ်)..၅၇
ဇယား (၃၅) မြန်မာနှင့် အာရှနိုင်ငံများ၏ နှစ်အလိုက် စပါးသီးနှံထုတ်လုပ်မှု (တန်/နှစ်) ....................၅၇
ဇယား (၃၆) မြန်မာနှင့် အာရှနိုင်ငံများ၏ စပါးသီးနှံအထွက်နှုန်း (တန်/ ဟတ်တာ)...........................၅၉
ဇယား (၃၇) မြန်မာနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန် (HSC:၁၀၀၆) ၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း ..........၆၀
ဇယား (၃၈) မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော ဆန် (HSC: ၁၀၀၆) ၏ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုး နှိုင်းယှဉ်ခြင်း (FOB Price) ...................................... ၆၂
ဇယား (၃၉) မြန်မာနှင့်အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန်ကွဲ (HSC:၁၀၀၆၄၀) ၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း .......... ၆၂
ဇယား (၄၀) မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော ဆန်ကွဲ (HSC: ၁၀၀၆၄၀) ၏ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုး နှိုင်းယှဉ်ခြင်း (FOB Price) ......................................၆၄
ဇယား (၄၁) မြန်မာ့ဆန် (HSC: ၁၀၀၆) ၏ ပို့ကုန် ကုန်သွယ်မှု အလားအလာ (Trade Potential) (၂၀၂၃)..........၆၅
ဇယား (၄၂) မြန်မာ့ဆန်ကွဲ (HSC: ၁၀၀၆၄၀) ၏ ပို့ကုန် ကုန်သွယ်မှု အလားအလာ (Trade Potential) (၂၀၂၃)..........၆၆
ဇယား (၄၃) မြန်မာ့ဆန် (HSC: ၁၀၀၆) ၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (RCA and RSCA)၆၇
ဇယား (၄၄) မြန်မာ့ဆန်ကွဲ (HSC: ၁၀၀၆၄၀) ၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (RCA and RSCA)..........၆၇
ဇယား (၄၅) မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ) အလိုက် ဆန်နှင့် ဆန်ကွဲတင်ပို့မှု အခြေအနေ ..........၈၁

ဇယား (၄၆)	၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်အတွင်း မြန်မာ့ဆန် (HSC:၁၀၀၆) အား တင်သွင်းသည့် အာရှနိုင်ငံများမှ ဈေးကွက်ဝယ်လိုအားရာခိုင်နှုန်း (ဆန်တင်ပို့မှု အခြေအနေ)................ ၈၂

ဇယား (၄၇)	၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်အတွင်း မြန်မာ့ဆန်ကွဲ (HSC: ၁၀၀၆၄၀) အား တင်သွင်းသည့် အာရှနိုင်ငံများမှ ဈေးကွက် ဝယ်လိုအားရာခိုင်နှုန်း (ဆန်ကွဲ တင်ပို့မှု အခြေအနေ)......................................................................................................... ၈၃

# ပုံများ


ပုံ (၁) ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အရေးပါသော သီးနှံအုပ်စုများ၏ စိုက်ပျိုးဧရိယာ ရာခိုင်နှုန်း........................................................................................................၂
ပုံ (၂) ၂၀၂၁ ခုနှစ်အတွင်း အာဆီယံနိုင်ငံတစ်ချို့၏ ဆန်စပါးအထွက်နှုန်းများ ...................................... ၄
ပုံ (၃) သုတေသန ဆောင်ရွက်ရန်အတွက် အဓိက လုပ်ငန်းစဉ်များ..................................................၁၉
ပုံ (၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စပါးအထွက်နှုန်းများ (၂၀၂၂-၂၀၂၃)..............................၃၄
ပုံ (၅) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအလိုက် ဆန်စားသုံးမှု ..................................................၃၅
ပုံ (၆) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန် (HSC: ၁၀၀၆) လက်ကားဈေးများ........................................၅၄
ပုံ (၇) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန်ကွဲလက်ကားဈေးများ အခြေအနေ........................................၅၆
ပုံ (၈) မြန်မာနှင့် အာရှနိုင်ငံများ၏ စပါးသီးနှံထုတ်လုပ်မှု အခြေအနေ..................................................၅၈
ပုံ (၉) မြန်မာနှင့် အာရှနိုင်ငံများ၏ စပါးသီးနှံအထွက်နှုန်း အခြေအနေ ............................................၅၉
ပုံ (၁၀) မြန်မာနှင့် အာရှနိုင်ငံများ တင်ပို့သော ဆန် (HSC: ၁၀၀၆) ၏ FOB ဈေးနှုန်းများ.....................၆၁
ပုံ (၁၁) မြန်မာနှင့်အာရှနိုင်ငံများ အဓိကတင်ပို့သောဆန်ကွဲ (HSC:၁၀၀၆၄၀) ၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း..................................................................................................................၆၃
ပုံ (၁၂) မြန်မာ့ဆန်ဝယ်ယူသော နိုင်ငံများ၏အချိုး ..........................................................................၇၄
ပုံ (၁၃) တရုတ်နိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး.................................................................၇၅
ပုံ (၁၄) ဘယ်လ်ဂျီယံနိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး..........................................................၇၅
ပုံ (၁၅) အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး ...........................................................၇၅
ပုံ (၁၆) ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး.................................................................၇၅
ပုံ (၁၇) မြန်မာ့ဆန်ကွဲဝယ်ယူသော နိုင်ငံများ၏အချိုး.........................................................................၇၆
ပုံ (၁၈) ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုး.............................................................၇၇
ပုံ (၁၉) အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုး ........................................................၇၇
ပုံ (၂၀) ဘယ်လ်ဂျီယံနိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုး.......................................................၇၇
ပုံ (၂၁) တရုတ်နိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက် ဝေစုအချိုး...............................................................၇၇
ပုံ (၂၂) ၂၀၂၃ ခုနှစ်အတွင်း ဆန်အမျိုးအစားအလိုက် ဈေးနှုန်းကွာဟချက် ............................................၇၉

# နောက်ဆက်တွဲများ


နောက်ဆက်တွဲ (က) မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံခဲ့သော စာရင်းများ................၁၀၂

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများ လေ့လာခြင်း သုတေသနအတွက် Key Informant Interview (KII-Government Official) ဆောင်ရွက်ခဲ့သည့် အရာရှိကြီးများစာရင်း ........................................................................၁၀၃

ဆန်စပါးဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် အုပ်စုလိုက် တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း.................................... ၁၀၅

ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ KII နည်းလမ်းဖြင့် ဆွေးနွေးမေးမြန်းခြင်းတွင် ပါဝင်သည့်လုပ်ငန်းရှင်များ ............. ၁၀၆

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် ပါဝင်ဖြေကြားပေးသည့် နိုင်ငံအလိုက် စီးပွားရေးသံမှူးများ ........................... ၁၀၇

နောက်ဆက်တွဲ (ခ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့မှု မြှင့်တင်ရေး စီမံကိန်း စစ်တမ်းမေးခွန်းလွှာ (ဌာနဆိုင်ရာ) ........................................................... ၁၀၈

နောက်ဆက်တွဲ (ဂ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ရေးစီမံကိန်း စစ်တမ်းမေးခွန်းလွှာ (တင်ပို့သူများ)...........................................................၁၁၁

*ဤသုတေသနစာတမ်းကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) အစီအစဉ်၏ “မြန်မာ့လယ်ယာသားငါးထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း-မဲခေါင်နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ခြင်းစီမံကိန်း” မှ ထုတ်ဝေခြင်းဖြစ်သည်။ ဤသုတေသနစာတမ်းတွင် ပါရှိသော အချက်အလက်များ၊ သုံးသပ်ချက်များသည် သုတေသနပညာရှင်အဖွဲ့၏ အလုံးစုံတာဝန်ယူမှုဖြင့် ကိန်းဂဏန်းအချက်အလက်များကို ကောက်ယူဆန်းစစ်၍ သုတေသနပြု ရေးသားထားခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်းကိုမှ ကိုယ်စားပြု ရေးသားထားခြင်းမဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။*

# အကျဉ်းချုပ်

ဆန်စပါးသီးနှံသည် ပြည်တွင်းစားသုံးမှုအရ နိုင်ငံတော်၏ အဓိက စားရေရိက္ခာသီးနှံတစ်ခုအဖြစ် အရေးပါသကဲ့သို့ နှစ်စဉ်ပြည်ပသို့ ဆန်တင်ပို့ရောင်းချလျက်ရှိသည့်အတွက် အဓိကကျသော ပို့ကုန်တစ်ခု ဖြစ်ပါသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သော ကမ္ဘာ့နိုင်ငံပေါင်း (၁၁၀) ကျော်ရှိရာ မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဆန်စပါး တစ်ဟက်တာ (၃.၈) တန် အထွက်နှုန်း ထုတ်လုပ်နိုင်လျက်ရှိပြီး အာဆီယံနိုင်ငံများအတွင်း အဆင့် (၅) နေရာဖြင့် ရပ်တည်လျက် ရှိပါသည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် အာဆီယံနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲတင်ပို့မှု အချက်အလက်များအရ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ဆန်နှင့်ဆန်ကွဲ တင်ပို့မှု အများဆုံးနိုင်ငံများ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးအမျိုးအစားများစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များအတွက် ယခုလက်ရှိ လူကြိုက်အများဆုံးသော ဆန်စပါးအမျိုးအစားများမှာ ပေါ်ဆန်း၊ မနောသုခ၊ ဆင်းသုခနှင့် ဧရာမင်း စသည်တို့ဖြစ်သည်။ စပါးစိုက်ဧရိယာမှာ နှစ်စဉ်ဟက်တာ (၇) သန်းခန့်စိုက်ပျိုးပြီး တစ်ဟက်တာလျှင် ပျမ်းမျှ (၄) တန်ခန့် (၈၀ တင်း/ဧကခန့်) ထွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် စပါးကို နွေစပါး၊ မိုးစပါးဟူ၍ နှစ်ရာသီဖြင့် စိုက်ပျိုးကြပြီး မိုးစပါးစိုက်ပျိုးမှုမှာ ပိုမိုများပြားပါသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်မှု၏ (၈၃) ရာခိုင်နှုန်းခန့်ကို မိုးရာသီအတွင်း ရိတ်သိမ်းပြီး ကျန် (၁၇) ရာခိုင်နှုန်းကို နွေရာသီတွင် ရိတ်သိမ်းပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စပါးစိုက်ပျိုးမှု အများဆုံးဒေသများမှာ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ ရန်ကုန်တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ဆန်စပါးထုတ်လုပ်မှု၏ (၈၀) ရာခိုင်နှုန်းကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုတွင် အသုံးပြုသည်။ ကျန် (၂၀) ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။ တင်ပို့မှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဒေသတွင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ စသည့် ကမ္ဘာ့နိုင်ငံများသို့ ဆန်တန်ချိန် (၁,၅၉၄,၁၇၂) နှင့် ဆန်ကွဲတန်ချိန် (၇၁၃,၇၂၄) ကျော် တင်ပို့နိုင်ခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အီရတ်နိုင်ငံနှင့် ဆော်ဒီအာရေးဗျ နိုင်ငံတို့သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဆန်နှင့်ဆန်ကွဲတင်သွင်းမှုပမာဏ အများဆုံးနိုင်ငံများနေရာတွင် ရှိနေသကဲ့သို့ အာရှတိုက်တွင်လည်း တင်သွင်းမှုတန်ချိန် အများဆုံးနိုင်ငံများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ဆီနီဂေါနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာ့ဆန်ကွဲတင်သွင်းမှု အများဆုံးနိုင်ငံများဖြစ်ပြီး အာရှဒေသတွင် တရုတ်နိုင်ငံမှာ ဆန်ကွဲတင်သွင်းမှု အများဆုံးနိုင်ငံ ဖြစ်ပါသည်။ အာရှဒေသ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတွင် အိန္ဒိယ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှာ တင်ပို့မှုအများဆုံးနိုင်ငံများ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာရှတိုက်၏ သတ္တမမြောက် ဆန်တင်ပို့မှုအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဆန်ကွဲတင်ပို့မှု အနေဖြင့် အာရှဒေသတွင် ပါကစ္စတန်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့မှာ တင်ပို့မှုအများဆုံးနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံသည် စတုတ္ထဆန်ကွဲတင်ပို့မှု အများဆုံးနိုင်ငံ ဖြစ်ပါသည်။ ပြည်ပတင်ပို့မှုအနေဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်းတို့ဖြင့် နှိုင်းယှဉ်ပါက နည်းပါးလျက် ရှိပါသည်။ ၂၀၂၃ ခုနှစ်တွင် မြန်မာ့ဆန်နှင့်ဆန်ကွဲကို အဓိက ဝယ်ယူသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အာရှနိုင်ငံများသို့ ဆန်တင်ပို့သည့် ပမာဏ၏ (၄၅) ရာခိုင်နှုန်းနှင့် ဆန်ကွဲတင်ပို့သည့်ပမာဏ၏ (၇၈.၆၅) ရာခိုင်နှုန်းတို့ကို ၎င်းနိုင်ငံသို့

တင်ပို့ ပါသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် မြန်မာ့ဆန်ဝယ်မှု၏ ဒုတိယနှင့် တတိအဆင့်တို့တွင် တည်ရှိနေသည်။ မြန်မာ့ဆန်နှင့် ဆန်ကွဲကို အဓိကဝယ်ယူနေသည့် တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အရေးပါသည့် မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ စျေးကွက်များ ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်အတွင်း လအလိုက် ဆန်နှင့်ဆန်ကွဲ၏ လက်ကားစျေးနှုန်းများအရ မြန်မာနိုင်ငံအပါအဝင် ဆန်ကုန်သွယ်မှု အဓိကပြုလုပ်သော အာရှနိုင်ငံများရှိ ဆန်စျေးနှုန်းများသည် တစ်နှစ်ပတ်လုံးတွင် အတက်အကျ ဖြစ်နေပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဆန်စျေးနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ အတက်အကျများနေပါသည်။ မြန်မာ့ဆန်ကွဲစျေးနှုန်းမှာမူ ၂၀၂၃ ခုနှစ်တစ်လျှောက်လုံးတွင် တည်ငြိမ်မှု ရှိခဲ့ပါသည်။ မြန်မာ့ဆန်နှင့်ဆန်ကွဲ၏ Nominal Protection Rate (NPR) အခြေအနေအား လေ့လာကြည့်ပါက ဆန်ဝယ်ယူသော ဘယ်လ်ဂျီယံ၊ တရုတ်၊ ဟောင်ကောင်၊ စင်္ကာပူနှင့် တူကီယဲနိုင်ငံများနှင့် ဆန်ကွဲဝယ်ယူသော ဘယ်လ်ဂျီယံ၊ တရုတ်၊ ဟောင်ကောင်၊ မလေးရှားနိုင်ငံများတွင် NPR တန်ဖိုးသည် (၁) ထက် လျော့နည်းနေသဖြင့် လက်ရှိ ကမ္ဘာ့ဆန်/ဆန်ကွဲ စျေးကွက်ပေါက်စျေးဖြင့် အခြားတင်ပို့သည့် နိုင်ငံများနှင့် ယှဉ်ပြိုင်၍ ၎င်းနိုင်ငံများ၏ ဆန်စျေးကွက်သို့ တင်ပို့နိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော် မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် NPR တန်ဖိုးသည် (၁) ထက်ကြီးနေပါသဖြင့် မြန်မာ့ဆန်သည် အခြားတင်ပို့သည့် နိုင်ငံများနှင့် ယှဉ်ပြိုင်၍ ၎င်းနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲစျေးကွက်သို့ တင်ပို့နိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အာရှနိုင်ငံများမှ တင်ပို့သော ဆန်နှင့်ဆန်ကွဲ၏ FOB စျေးနှုန်းများ နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံမှ တင်ပို့သော ဆန်နှင့်ဆန်ကွဲစျေးနှုန်းမှာ တည်ငြိမ်မှုမရှိပဲ အတက်အကျများ နေသည်ကို တွေ့ရှိရပါသည်။ အလားတူ မြန်မာနှင့် အခြား အာရှနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲတင်ပို့နိုင်မှုတွင် ဆန်အရည်အသွေးနှင့် စျေးနှုန်းတန်ဖိုး အခြေအနေများ နှိုင်းယှဉ်ခြင်းအရ အခြားနိုင်ငံများ၏ အရည်အသွေးနှင့် စျေးနှုန်းများနည်းတူ ရရှိရန် မြန်မာနိုင်ငံ ဆန်နှင့်ဆန်ကွဲအရည်အသွေး ပိုမိုကောင်းမွန်ရန်နှင့် ပြည်တွင်း ထုတ်လုပ်မှု ပိုမိုတိုးမြှင့်ထုတ်လုပ်ရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း ကမ္ဘာ့စျေးကွက် နှိုင်းယှဉ်အားသာချက်များ (RCA, RSCA) အရ မြန်မာ့ဆန်နှင့် ဆန်ကွဲသည် ကမ္ဘာ့စျေးကွက်တွင် ယှဉ်ပြိုင်နိုင်ခြင်း ရှိပါသည်။ ပို့ကုန်ကုန်သွယ်မှု အလားအလာအနေဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲကို အဓိက ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ တရုတ်နိုင်ငံနှင့် GACC-SPS Protocol လက်မှတ်ရေးထိုးထားခြင်းသည် မြန်မာနိုင်ငံအတွက် ပို့ကုန်အလားအလာကောင်းများစွာ ရှိနေပါသည်။ ထို့ပြင် အခြားကုန်သွယ်ဖက် အလားအလာအကောင်းဆုံး နိုင်ငံများမှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် မြန်မာ့ဆန် တင်ပို့မှု၏ (၂၈) ရာခိုင်နှုန်းနှင့် မြန်မာ့ဆန်ကွဲတင်ပို့မှု၏ (၄၁) ရာခိုင်နှုန်းတင်သွင်းပြီး ဘယ်လ်ဂျီယံနိုင်ငံသည် စုစုပေါင်း ဆန်တင်ပို့မှု၏ (၁၃) ရာခိုင်နှုန်းနှင့် မြန်မာ့ဆန်ကွဲတင်ပို့မှု၏ (၁၈) ရာခိုင်နှုန်းကို တင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲစျေးကွက်ကို လွှမ်းမိုးထားပါသည်။ ပို့ကုန်စျေးကွက် ဝယ်လိုအားအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် ယခင်နှစ်ထက် ဆန်နှင့်ဆန်ကွဲ ပိုမိုတင်ပို့နိုင်ခဲ့သည်။ တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ အီတလီ၊ ဘယ်လ်ဂျီယံ စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြည်ပစျေးကွက် အခိုင်အမာရှိနေကြောင်း တွေ့ရှိပါသည်။

မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ ထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍတွင် အခွင့်အလမ်းများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့လာနိုင်ခြင်း၊ G to G သဘောတူညီမှုများ ရှိခြင်း၊ စက်ရုံရှိရာဇုန်များတွင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းတို့ တည်ရှိနေပါသည်။ တရုတ်နိုင်ငံသို့ ကုန်သွယ်မှုပြုလုပ်ရာတွင် GACC မှတ်ပုံတင်ခြင်း ပြုလုပ်ရာ၌ အဆင်ပြေချောမွေ့စေရန်အတွက် စီမံကိန်းဦးစီးဌာနမှကြီးမှူး၍ အသိပညာပေးအစီအစဉ်များ ဖွင့်လှစ်ပေးခြင်းကြောင့် အွန်လိုင်းမှတစ်ဆင့် အလွယ်တကူ ဆောင်ရွက်နိုင်ကြပါသည်။ သို့သော်လည်း အချက်အလက်များကို မှားယွင်းစွာ ထည့်သွင်းမိခြင်း၊ တရုတ်ဘာသာဖြင့်သာ ရေးသားထားသည့်အတွက် ဘာသာစကား အခက်အခဲများရှိခြင်း စသည့်တို့ကြောင့် အလွယ်တကူ မေးမြန်းနိုင်သည့် ကောလ်စင်တာ (Call Center) တစ်ခုထားပေးပါက ပိုမိုအဆင်ပြေနိုင်ကြောင်း သိရှိရပါသည်။

အခြားတဖက်တွင်လည်း မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲထုတ်လုပ် တင်ပို့ရောင်းချမှုကဏ္ဍတွင် မျိုးကောင်းမျိုးသန့် ပြည့်ဝလုံလောက်စွာ ထောက်ပံ့ပေးရန် လိုအပ်ခြင်း၊ သွင်းအားစုနှင့် သယ်ယူစရိတ် မြင့်မားခြင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများနှင့် ကျွမ်းကျင်လုပ်သားများ လိုအပ်ခြင်း၊ တန်ဖိုးကွင်းဆက်တစ်လျှောက် သက်ဆိုင်ရာ နယ်ပယ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းရန် လိုအပ်လျက်ရှိပါသည်။ လွန်ခဲ့သော (၅) နှစ်အတွင်း တင်ပို့ရောင်းချမှု လုပ်ငန်းစဉ်များသည် တဖြည်းဖြည်း ပိုမိုခက်ခဲလာပြီး တစ်နှစ်ထက်တစ်နှစ် ကုန်ကျစရိတ် ပိုမိုမြင့်တက်မှုကို ကြုံတွေ့နေကြရပါသည်။ ကုန်ကြမ်းများ ဈေးနှုန်းကြီးမြင့်လာခြင်း၊ လုပ်သားရှားပါးခြင်းနှင့် လုပ်အားခမြင့်တက်လာခြင်း၊ လျှပ်စစ်မီး လုံလောက်စွာမရရှိခြင်း၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များ မြင့်မားလာခြင်း၊ အခြောက်ခံစက်များ၊ ကွန်တိန်နာများ လုံလုံလောက်လောက် မရရှိခြင်း၊ စောင့်ဆိုင်းချိန် ကြာမြင့်ခြင်း စသည့် အခက်အခဲများ ရှိနေပါသည်။ နယ်စပ်အခြေအနေ တည်ငြိမ်မှုမရှိသည့်အတွက် ပင်လယ်ရေကြောင်းကို အားထားနေရခြင်းတို့ ကြုံတွေ့နေရပါသည်။

ကြုံတွေ့နေရသော အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်၍ မြန်မာ့ဆန်နှင့်ဆန်ကွဲကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးကောင်း ဆန်စပါးမျိုးများ စိုက်ပျိုးနိုင်၍ အထွက်နှုန်းပိုမိုမြင့်မားရရှိနိုင်စေရန်၊ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသည့် ဆန်နှင့်ဆန်ကွဲများ ကြိတ်ခွဲထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေး၊ GACC လက်မှတ်ရေးထိုးထားသည့် တရုတ်နိုင်ငံဈေးကွက်ကို အပြည့်အဝ တင်ပို့ရောင်းချနိုင်ရန်တွက် တရုတ်နိုင်ငံမှ တောင်းဆိုလာသည့် ဆန်နှင့်ဆန်ကွဲ၏ စံသတ်မှတ်ချက်များကို ပြည့်မီဖြည့်ဆည်းနိုင်ရန်အတွက် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပံ့ပိုးမှုများ လိုအပ်လျက် ရှိပါသည်။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍများ (logistics) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အရည်အသွေး ထိန်းသိမ်းရေး အခြေခံများဖြစ်သည့် သိုလှောင်ရုံများ၊ အခြောက်ခံစက်များ (facilities) လုံလောက်မှုရှိစေရန် ပံ့ပိုးလုပ်ဆောင်ပေးခြင်း၊ ဒီဂျစ်တယ်နည်းပညာကို ပိုမိုအသုံးပြုခြင်းဖြင့် ဝန်ဆောင်မှု ကုန်ကျစရိတ်များ လျှော့ချခြင်း၊ လိုအပ်သော စာရွက်စာတမ်းများ တောင်းခံသည်ကို နည်းနိုင်သမျှ လျှော့ချပေးခြင်းတို့ကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်၍ လုပ်ဆောင်သင့်ပါသည်။

မြန်မာနိုင်ငံသည် အဓိကအားဖြင့် တရုတ်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများ အပါအဝင် အဓိကဈေးကွက်များသို့ ဆန်တင်ပို့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ တရုတ်နိုင်ငံ GACC နှင့် စာချုပ်ချုပ်ဆိုထားသော်လည်း နယ်စပ်ကုန်သွယ်ရေးတွင် ဈေးကွက်ဝင်ရောက်နိုင်မှု နည်းပါးနေဆဲ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဈေးကွက်ရရှိ၍ ကုန်သွယ်မှုမြှင့်တင်နိုင်ပြီး လျင်မြန်ချောမွေ့စေရေးအတွက် ပြည်တွင်းပြည်ပ ဈေးကွက်

ချဲ့ထွင်လာနိုင်ခြင်း၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးပွားလာနိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဖိတ်ခေါ်လာနိုင်ခြင်းနှင့် နည်းပညာအသုံးချနိုင်စွမ်းတို့ကို အထောက်အကူပြု အားပေးနိုင်သည့် မူဝါဒများနှင့် ရေတို၊ ရေလတ်၊ ရေရှည် မဟာဗျူဟာနည်းလမ်းများ စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်ရမည် ဖြစ်ပါသည်။

**အဓိကဝေါဟာရများ။** ဆန်စပါး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ယှဉ်ပြိုင်နိုင်စွမ်းအား၊ ကုန်သွယ်မှုအလားအလာ၊ ဈေးကွက်နှိုင်းယှဉ်အားသာချက်၊ RCA ၊ RSCA

## Abstract


Rice is the main staple crop, and major export crop as it is also exported to foreign markets annually. Among over 110 rice-producing countries worldwide, Myanmar is one of the largest producers. The country achieves an average yield of 3.8 metric tons of rice per hectare and ranks fifth among ASEAN rice producing countries. In global rice trade, ASEAN countries such as Thailand, Vietnam, Myanmar, and Cambodia are among the top exporters of rice and broken rice.

In Myanmar, a wide variety of rice are cultivated and Paw San, Sinthukha, Manawthukha and Ayayarmin are the most popular varieties for both domestic and international markets. Annually, about 7 million hectares of paddy are cultivated and an average yield is about 4 metric tons per hectare (approximately 80 baskets per acre). Rice is grown in two seasons in Myanmar: summer rice and monsoon rice. Average, about 83% of annual rice production is harvested during the monsoon season, while the remaining 17% is harvested in the summer. Based on rice growing area in states and regions for the 2022-2023 fiscal year, Ayeyarwady, Bago, Sagaing, and Yangon are the largest rice-growing regions. Among total rice production of Myanmar, 80% is used for rice for domestic consumption and various food processing industries while the remaining 20% is exported. In 2023, Myanmar exported over 1,594,172 metric tons of rice and 713,724 metric tons of broken rice to regional countries, African nations, and EU member states.

Global rice and broken rice import data reveal that the Philippines, Indonesia, China, Vietnam, Iraq, and Saudi Arabia are the largest rice-importing countries worldwide, and also the top importers in Asia. Furthermore, Senegal and China are the largest global importers of broken rice, with China being the largest importer in the Asian region. Rice and broken rice export data show that India, Thailand, and Vietnam are the top exporting countries in Asia. Myanmar ranks as the seventh-largest rice exporter in Asia. Regarding broken rice exports in Asia, Pakistan, Thailand, and India are the leading exporters. Myanmar stands as the fourth-largest broken rice exporter. Compared to regional countries like Vietnam and Thailand, Myanmar's export volume is relatively low and it still needed to be development. In 2023, China was the main buyer of Myanmar's rice and broken rice, importing 45% of Myanmar's rice exports to Asian countries and 78.65% of its broken rice exports. Indonesia and the Philippines rank second and third, respectively, in purchasing Myanmar's rice. China, Indonesia, and the Philippines are therefore important markets for Myanmar's rice and broken rice.

An analysis of monthly wholesale rice and broken rice prices in 2023 indicates that rice prices in major rice-trading Asian countries, including Myanmar, fluctuated throughout the year. Notably, Myanmar's rice prices remained unstable and highly volatile. Myanmar's broken rice prices remained stable throughout 2023. An analysis of the Nominal Protection Rate (NPR) for Myanmar's rice and broken rice shows that for rice-importing countries like Belgium, China, Hong Kong, Singapore, and Turkey, and broken rice-importing countries like Belgium, China, Hong Kong, and Malaysia, the NPR value is less than 1. This suggests that Myanmar can compete in these markets at current global prices against other exporting countries. However, in Malaysia and the Philippines, the NPR value is greater than 1, indicating that Myanmar cannot compete effectively in their rice and broken rice markets compared to other exporting countries.

Comparing the FOB prices of rice and broken rice exported from Asian countries between 2014 and 2023, it was observed that the prices of rice and broken rice exported from Myanmar were unstable and fluctuated significantly. Similarly, in terms of export competitiveness, comparing the quality and price of rice and broken rice from Myanmar and other Asian countries, it is found that Myanmar needs to improve the quality of its rice and broken rice and increase domestic production to achieve price and quality levels similar to those of other countries.

According to the comparative advantage indicators (RCA, RSCA) over the ten-year period from 2014 to 2023, Myanmar's rice and broken rice have maintained competitiveness in the global market. In terms of export trade potential, China is the main buyer of Myanmar's rice and broken rice. The signing of the GACC-SPS Protocol with China presents significant export opportunities for Myanmar. Other promising trading partners include Indonesia, the Philippines, Malaysia, ad Vietnam. China dominates Myanmar's rice and broken rice market, importing 28% of Myanmar's total rice exports and 41% of its total broken rice exports. Belgium accounts for 13% of total rice exports and 18% of total broken rice exports, thus playing a significant role in Myanmar rice and broken rice export markets. In terms of export market demand, in the fiscal year 2022-2023, more rice and broken rice were able to be exported compared to the previous year. They were successfully exported to countries such as China, the Philippines, Spain, Italy, and Belgium, indicating a strong presence in overseas markets.

Myanmar's rice and broken rice production and export sector presents several opportunities such as the potential to export to Indonesia, getting government-to-government (G to G) agreements, and the creation of job opportunities in factory zones. To provide trade facilitation with China, the Department of Planning organized awareness program for guidelines for GACC

registration process. However, a call center could be beneficial for easy inquiries as there are still challenges such as data entry errors and language barriers. On the other hand, the sector faces challenges such as lack of sufficient high-quality seed inputs, high transportation costs, a shortage of modern machinery and skilled labor, and the need for stronger linkages among related sectors along the value chain. Over the past five years, exporting has become increasingly difficult, with rising costs each year due to expensive raw materials, labor shortages, wage increases, insufficient electricity, and high transport costs. Additional expenses arise from reprocessing to avoid errors related to compensation issues in export.

Over the past five years, export operations have become progressively difficult, with costs increasing year by year. This includes rising raw material prices, labor shortages, increased labor wages, insufficient electricity supply, increased transportation costs, and a lack of adequate drying machines and containers, which results in extended waiting times and high cost. Furthermore, it is mainly dependent on oversea trade due to the unstable situation at border trade points.

To address these challenges in the development of Myanmar's rice and broken rice sector, several measures are essential. These include supporting high-quality rice varieties adequately for higher yields and international-standard rice and broken rice for export. Technological and investment support are important to meet China's requested standards for rice and broken rice to fully utilize the GACC agreement. For trade development and facilitation, there is a need to develop logistics, infrastructure, facilities like storage warehouses and drying machines, reduce service costs through the greater use of digital technology, and minimize the number of required documents. These actions should be carried out through collaboration between the government and the private sector.

Myanmar mainly exports rice to major markets, including China, European countries, and African countries. Despite the GACC agreement with China, market access through border trade remains limited. Therefore, supportive government policies and strategies are necessary to expand market access and boost trade of rice and broken rice. Furthermore, the country should systematically implement supportive policies and well-structured short-term, medium-term, and long-term strategic approaches to achieve increased domestic and international market expansion, growth in domestic investment opportunities, greater attraction of foreign direct investment, and enhanced technological application.

**Key words**: Rice, trade facilitation, trade potential, competitive advantage, RCA, RSCA

# ၁။ နိဒါန်း

## ၁.၁။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါမှု

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်ပါသည်။ မြန်မာ့စီးပွားရေးသည် စိုက်ပျိုးရေးကဏ္ဍအပေါ် များစွာမှီခိုနေပါသည်။ မြန်မာနိုင်ငံတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဝါ၊ ကြံ၊ ရော်ဘာ၊ ဆီအုန်းနှင့် ကော်ဖီစသည့် သီးနှံများကို အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသောသီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိ၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ဇယား (၁) သည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အရေးပါသော သီးနှံများ၏ စိုက်ပျိုးဧရိယာ၊ အထွက်နှုန်းနှင့် ထုတ်လုပ်မှုများကို ဖော်ပြထားခြင်းဖြစ်သည်။ စိုက်ပျိုးသီးနှံများအနက် စပါးသီးနှံသည် စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ဟက်တာပေါင်း (၇.၁၀) သန်းတွင် စပါးစိုက်ပျိုးထုတ်လုပ်ပြီး အထွက်နှုန်းမှာ တစ်ဟတ်တာလျှင် (၃.၉၅) တန်ဖြစ်၍ စုစုပေါင်း ထုတ်လုပ်မှုမှာ တန်ချိန်ပေါင်း (၂၇.၉၈) သန်း ဖြစ်ပါသည် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃)။

မြန်မာနိုင်ငံတွင် ဆန်စပါးသည် တောင်သူလယ်သမားများ၏ စားဝတ်နေရေးအတွက် လည်းကောင်း၊ အစားအစာဖူလုံမှုအတွက် လည်းကောင်း အရေးကြီးသော ထွက်ကုန်ဖြစ်သည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိက လယ်ယာထွက်ကုန်ဖြစ်ပြီး စုစုပေါင်း လယ်ယာထွက်ကုန် တန်ဖိုး၏ (၄၃) ရာခိုင်နှုန်းနီးပါး ပံ့ပိုးထောက်ပံ့လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးနိုင်သောမြေ၏ ထက်ဝက်ကျော်တွင် ဆန်စပါးစိုက်ပျိုးထားပြီး လူဦးရေ၏ (၇၀) ရာခိုင်နှုန်းကျော်မှာ စားသုံးသူများ ဖြစ်ကြပါသည်။ သီးနှံစိုက်ပျိုးဧရိယာအားလုံးတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် ဧရိယာသည် (၃၅.၅၂) ရာခိုင်နှုန်း ပါဝင်လျက်ရှိသည် ပုံ (၁) (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃)။ ဆန်ကို အဓိကစားသုံးသော နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် စပါးသီးနှံသည် ပြည်တွင်း စားသုံးမှုအရ နိုင်ငံတော်၏ အဓိကသီးနှံတစ်ခုအဖြစ် အရေးပါသကဲ့သို့ နှစ်စဉ်နိုင်ငံခြားသို့ ဆန်တင်ပို့ ရောင်းချလျက်ရှိသည့်အတွက်လည်း နိုင်ငံခြားပို့ကုန်တစ်ခုအဖြစ် အရေးကြီးသော သီးနှံတစ်ခု ဖြစ်ပါသည်။ လုပ်သားပါဝင်နှုန်းမှာလည်း ဆန်စပါးကဏ္ဍတွင် အမြင့်ဆုံးဖြစ်၍ လယ်ယာအိမ်ထောင်စုဝင်ငွေ၏ လေးပုံ သုံးပုံနီးပါးသည် စပါးစိုက်ပျိုးခြင်းနှင့် ဆက်စပ်လုပ်ငန်းများမှ ရရှိခဲ့ပါသည် (စီမံကိန်းဦးစီးဌာန၊ ၂၀၁၆)။ ဆန်စပါးထုတ်လုပ်မှုသည် မြန်မာနိုင်ငံရှိ အလုပ်အကိုင်၊ စားနပ်ရိက္ခာအခြေခံနှင့် ပို့ကုန်ဝင်ငွေတို့၏ ရင်းမြစ်တစ်ခုဖြစ်သောကြောင့် စီးပွားရေးအရ အရေးပါမှုတစ်ခု ဖြစ်သည်။ ၂၀၁၈-၁၉ ခုနှစ် အစီရင်ခံစာအရ စပါးထုတ်လုပ်မှုမှာ တန် (၂၈) သန်းရှိပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ (၅၇၂) သန်းကို ပြည်ပသို့ တန် (၁.၈) သန်း ဆန်ရောင်းချမှုမှ ရရှိခဲ့သည် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၉)။

Mekong-Lancang Cooperation

ဇယား (၁) ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အရေးပါသော သီးနှံများ၏ ထုတ်လုပ်မှုများ

| စဉ် | သီးနှံအမည် | စိုက်ပျိုးဧရိယာ ('၀၀၀ ဟက်တာ) | အထွက်နှုန်း (တန်/ ဟက်တာ) | ထုတ်လုပ်မှု ('၀၀၀ တန်) |
|---|---|---|---|---|
| ၁။ | စပါး | ၇,၁၀၀ | ၃.၉၅ | ၂,၇၉၈၀ |
| ၂။ | ပြောင်း | ၆၀၁ | ၃.၈၃ | ၂၃၀၄ |
| ၃။ | ပဲမျိုးစုံ | ၃၉၅ | ၁.၂၉ | ၅,၁၁၀ |
| ၄။ | မြေပဲ | ၁,၂၁၆ | ၁.၄၇ | ၁,၇၈၃ |
| ၅။ | နှမ်း | ၁,၅၆၀ | ၀.၄၉ | ၇၄၈ |
| ၆။ | နေကြာ | ၄၄၁ | ၀.၇၅ | ၃၃၁ |
| ၇။ | ဝါ | ၁၈၆ | ၁.၇၇ | ၃၂၈ |
| ၈။ | ကြံ | ၁၆၅ | ၆၅.၈၃ | ၁၀၈,၈၁ |
| ၉။ | ရာဘာ | ၆၆၀ | ၀.၈၀ | ၂၆၉ |
| ၁၀။ | ကော်ဖီ | ၂,၁၇၉ | ၀.၇၁ | ၈.၉၉ |

ဇာစ်မြစ်။ Agricultural in Brief၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃




ဇာစ်မြစ်။ Agricultural at A Glance၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃

ပုံ (၁) ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အရေးပါသော သီးနှံအုပ်စုများ၏ စိုက်ပျိုးဧရိယာရာခိုင်နှုန်း

မြန်မာနိုင်ငံတွင် အဓိကစားရေရိက္ခာဖြစ်သည့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကို ခေတ်ကာလအလိုက် တိုးတက်မှုရှိစေရန် အဆင့်ဆင့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ၁၉၂၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဆန်အများဆုံး တင်ပို့ရောင်းချခဲ့သော နိုင်ငံအဖြစ် ရပ်တည်ခဲ့ပါသည်။ ၁၉၇၀ နှောင်းပိုင်းတွင် အထွက်နှုန်းကောင်းသော စပါးမျိုးများကို စတင်မိတ်ဆက်ခဲ့ချိန်မှစ၍ ဆန်းစပါးကဏ္ဍသည် သိသိသာသာ တိုးတက်လာခဲ့ပြီး ၁၉၉၂ ခုနှစ်မှစ၍ နှစ်သီးအနေဖြင့် နွေစပါးကို

တိုးချဲ့စိုက်ပျိုးခဲ့ကြပါသည်။ မျက်မှောက်ခေတ်ကာလတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (Myanmar Rice Federation-MRF) မှ ဆန်နှင့်ဆန်ကွဲကို ဒေသတွင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့နိုင်ခဲ့ပါသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့် ထိုင်းနိုင်ငံတို့ကိုလည်း တင်ပို့လျက်ရှိပါသည် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃)။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် ခန့်မှန်းတန်ချိန် (၂.၄) သန်းခန့်ဖြင့် အလယ်အလတ် ဆန်စပါးတင်ပို့သည့်နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှု အများဆုံး ထိပ်တန်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ မြန်မာ၊ တရုတ်၊ အမေရိကနှင့် ကမ္ဘောဒီးယား စသည့်နိုင်ငံများအနက် မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းတွင် ပဉ္စမမြောက် ဆန်စပါးတင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည် (USA rice world, ၂၀၂၃)။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ဆန်စပါးထုတ်လုပ် တင်ပို့ရောင်းချမှုမြင့်မားစေရေးအတွက် စပါးအထွက်ရရှိနိုင်သမျှ တိုးတက်ထွက်ရှိရေး၊ အရည်အသွေးကောင်းမွန်ရေး၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စပါး/ဆန်ဖူလုံမှု ရရှိရေးအတွက် ရေတိုရေရှည် စီမံကိန်းများချမှတ်၍လည်းကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ပို့ကုန်မြှင့်တင်ရေးအတွက် ဆန်စပါးနှင့် ဆန်ကိုအခြေခံသည့် ထုတ်လုပ်မှုတို့သည် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးကုန်စည်များတွင် ပါဝင်ပါသည်။ ဆန်စပါးတင်ပို့မှု မြှင့်တင်ရေး မဟာဗျူဟာ၏ မျှော်မှန်းချက်သည် "ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေး" ဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာ ရည်မှန်းချက်အရ မြန်မာ့ဆန်စပါး တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရာသီဥတု၊ ပထဝီဝင်အနေအထားနှင့် ကိုက်ညီသော ကမ္ဘာ့ဈေးကွက်ဝင်ထုတ်ကုန်များကို ပိုမိုမြှင့်တင်ရန် ဆန်စပါးကဏ္ဍ မြှင့်တင်ရေးအစီအစဉ်များတွင် Quick Win စီမံကိန်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

## ၁.၂။ ပြည်တွင်းနှင့် ပြည်ပပို့ကုန် ဈေးကွက်တွင် ထုတ်ကုန်၏ အရေးပါမှု

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဆန်စပါးသည် စိုက်ပျိုးထုတ်လုပ်သုံးစွဲမှု အများဆုံး သီးနှံတစ်ခု ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သော ကမ္ဘာ့နိုင်ငံပေါင်း (၁၁၀) ကျော်ရှိရာ မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ Agribusiness Bulletin (၂၀၂၄) ပါ အချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ဆန်စပါး ရိတ်သိမ်းဧရိယာစုစုပေါင်း (၁၆၅.၄) သန်းရှိရာ ရိတ်သိမ်းဧရိယာ၏ (၈၂) ရာခိုင်နှုန်းမှာ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ နိုင်ဂျီရီးယားနှင့် ပါကစ္စတန်နိုင်ငံများမှ ပါဝင်လျက် ရှိပါသည်။ ကမ္ဘာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် အာဆီယံနိုင်ငံများ၏ ဆန်စပါးထုတ်လုပ်မှုသည် (၂၅) ရာခိုင်နှုန်းနှင့်အထက် ပါဝင်လျက်ရှိသည်။ အာဆီယံနိုင်ငံများ၏ ဆန်စပါးအထွက်နှုန်းများကို နှိုင်းယှဉ်လေ့လာကြည့်ပါက ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံများသည် တစ်ဟတ်တာလျှင် (၆.၁) တန်၊ (၅.၂) တန်၊ (၄.၂) တန်နှင့် (၄.၁) တန် အသီးသီးထုတ်လုပ်နိုင်ပြီး အထွက်နှုန်းအကောင်းဆုံးနိုင်ငံများ ဖြစ်ပါသည် (ပုံ ၂)။




ဇာစ်မြစ်။ Agribusiness Bulletin၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၂

ပုံ (၂) ၂၀၂၁ ခုနှစ်အတွင်း အာဆီယံနိုင်ငံတစ်ချို့၏ ဆန်စပါးအထွက်နှုန်းများ

ဇယား (၂) အာဆီယံနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအခြေအနေ

(အမေရိကန်ဒေါ်လာ သန်း)

| နိုင်ငံ | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | ၂၀၂၀ ခုနှစ် | ၂၀၂၁ ခုနှစ် |
|---|---|---|---|---|
| ထိုင်း | ၅,၃၄၄ | ၄,၂၀၆.၃ | ၃,၇၀၀.၀ | ၃,၃၇၆.၀ |
| ဗီယက်နမ် | ၂,၆၂၁.၄ | ၂,၄၃၄.၃ | ၂,၇၉၁.၀ | ၃,၀၀၆.၃ |
| မြန်မာ | ၈၂၁.၅ | ၇၈၂.၄ | ၇၇၃.၂ | ၆၇၀.၇ |
| ကမ္ဘောဒီးယား | ၄၁၀.၇ | ၄၂၀.၃ | ၄၇၀.၃ | ၄၂၂.၅ |
| စင်ကာပူ | ၂၃.၇ | ၃၅.၆ | ၄၆.၄ | ၆၆.၃ |
| မလေးရှား | ၈.၅ | ၁၀.၉ | ၂၃.၂ | ၃၉.၀ |
| လာအို | ၃၁.၄ | ၁၉.၉ | ၅၂.၇ | ၃၅.၂ |
| အင်ဒိုနီးရှား | ၁.၅ | ၀.၇ | ၁.၀ | ၂.၆ |
| ဖိလစ်ပိုင် | ၀.၆ | ၀.၆ | ၀.၆ | ၀.၆ |
| ဘရူနိုင်း | ၁.၈ | ၀.၂ | ၀.၀ | ၀.၁ |

ဇာစ်မြစ်။ ASEAN statistical yearbook ၂၀၂၂, ASEAN secretariat

မြန်မာနိုင်ငံသည် ဆန်စပါးအထွက်နှုန်း တစ်ဟက်တာလျှင် (၃.၈) တန် ထုတ်လုပ်နိုင်လျက်ရှိပြီး အာဆီယံနိုင်ငံများအတွင်း အဆင့် (၅) နေရာဖြင့် ရပ်တည်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အာဆီယံနိုင်ငံများ၏ ဆန်စပါးအထွက်နှုန်းအတိုင်း ပြည့်မီစေရန် အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်လျက် ရှိကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် အာဆီယံနိုင်ငံများ၏ ဆန်နှင့်ဆန်တင်ပို့မှု အချက်

အလက်များအရ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများသည် ဆန်နှင့်ဆန်ကွဲတင်ပို့မှု အများဆုံး နိုင်ငံများ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ဖိုးအားဖြင့် ထိုင်းနိုင်ငံသည် အမေရိကန် ဒေါ်လာ (၃,၃၇၆) သန်း၊ ဗီယက်နမ်နိုင်ငံသည် (၃,၀၀၆.၃) သန်း၊ မြန်မာနိုင်ငံသည် (၆၇၀.၇) သန်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် (၄၂၂.၅) သန်းတို့အား တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် တစ်ဟတ်တာ အထွက်နှုန်းသာမက တင်ပို့မှု တန်ဖိုးအားဖြင့်လည်း ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်နိုင်ငံများကဲ့သို့ မြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည် (ဇယား ၂)။

ပြည်တွင်းဈေးကွက်တွင် ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကကျသည့် စားသုံးကုန်သီးနှံဖြစ်သလို မဟာဗျူဟာမြောက်သည့် စိုက်ပျိုးရေးထွက်ကုန် ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုးရေး ဧရိယာ အားလုံး၏ (၃၄) ရာခိုင်နှုန်း၊ စိုက်ဧကအားလုံးအားဖြင့် စပါးဧက (၁၇) သန်းခန့် နှစ်စဉ်စိုက်ပျိုးပြီး ထွက်ရှိလာသည့် စပါးသီးနှံ၏ (၈၀) ရာခိုင်နှုန်းကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုတွင် အသုံးပြုသည်။ ကျန် (၂၀) ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့လျက် ရှိသည်။ မြန်မာနိုင်ငံတွင် ဆန်စပါးသည် ပြည်တွင်းနှင့် ပြည်ပပို့ကုန်ဈေးကွက်တွင် အရေးပါသော ထုတ်ကုန်တစ်ခု ဖြစ်ပါသည်။ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးသည် ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းများတွင် အလွန်အရေးပါသော ကဏ္ဍဖြစ်သည်။ ဆန်စပါးသည် မြို့ပြအိမ်ထောင်စုများအတွက် နေ့စဉ် စုစုပေါင်း အာဟာရလိုအပ်ချက်၏ (၇၃) ရာခိုင်နှုန်းနှင့် ကျေးလက်အိမ်ထောင်စုများအတွက် (၈၀) ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးသောကြောင့် ဆန်သည် မြန်မာနိုင်ငံအတွက် အဓိက စွမ်းအင်အရင်းအမြစ် ဖြစ်သည် (CSO၊ ၂၀၂၂)။ စပါးစိုက်ပျိုးခြင်းမှ အဓိက ဘေးထွက်ပစ္စည်းများမှာ ဆန်ကွဲ၊ ဖွဲနုနှင့် စပါးခွံများ ဖြစ်သည်။ အရည်အသွေးမြင့် ဆန်ကွဲနှင့် ဖွဲနုတို့ကို ပြည်ပသို့ တင်ပို့နိုင်သော်လည်း ထုတ်ကုန်အများစုကို ပြည်တွင်း၌ ရောင်းချသည်။ ပြည်တွင်းဈေးကွက်တွင် အရည်အသွေးနိမ့် ဆန်ကွဲများကို ခေါက်ဆွဲအတွက် ဆန်မှုန့်ကဲ့သို့သော အစားအသောက်ပစ္စည်းများအဖြစ် ဆက်လက်ပြုလုပ်ရန် ရောင်းချနေပြီး အနိမ့်ဆုံးအဆင့် "ပွိုင့်" ကို ဝက်စာအဖြစ် ရောင်းချသည်။ ဖွဲနုနှင့် စပါးခွံများကို မွေးမြူရေးအစာအတွက် အဓိက ရောင်းချကြသည်။ စပါးခွံများကို အစားအသောက် ရောင်းချသူများအတွက် ဈေးသက်သာသော လောင်စာအရင်းအမြစ်အဖြစ်လည်း ရောင်းချကြပါသည်။

ဆန်ကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တန်ချိန် (၃၆၅,၀၀၀) ကျော် တင်ပို့နိုင်ခဲ့ပါသည်။ ထို့အပြင် ဆန်ကွဲကိုလည်း တရုတ်နိုင်ငံသို့ တန်ချိန် (၄၁၁,၃၂၉) တန်နှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ (၂၇၆,၄၃၈) တန် တင်ပို့နိုင်ခဲ့ပါသည်။ ဆန်နှင့်ဆန်ကွဲကို အိမ်နီးချင်းနိုင်ငံများနှင့် အခြားဥရောပနိုင်ငံများကိုလည်း တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၂၃ တွင် မြန်မာနိုင်ငံမှ ကမ္ဘာ့နိုင်ငံများသို့ ဆန်တန်ချိန် (၁,၅၉၄,၁၇၂) နှင့် ဆန်ကွဲတန်ချိန် (၇၁၃,၇၂၄) ကျော် တင်ပို့နိုင်ခဲ့ပါသည်။ ဆန်ကို တရုတ်၊ ဘယ်လ် ဂျီယံ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စပိန်နိုင်ငံများသို့ အဓိက တင်ပို့နိုင်ခဲ့ပါသည် (ဇယား ၃)။ တရုတ်၊ ဘယ်လ်ဂျီ ယံ၊ နယ်သာလန်၊ စပိန်နှင့် အင်္ဂလန်နိုင်ငံများမှာ မြန်မာ့ဆန်ကွဲ အဓိကတင်ပို့ခဲ့သည့် နိုင်ငံများ ဖြစ်ပါသည် (ဇယား ၄)။

ဇယား (၃) မြန်မာနိုင်ငံမှ အဓိကဆန် (HSC:1006) တင်ပို့သည့် ကမ္ဘာ့နိုင်ငံများ (၂၀၂၃ ခုနှစ်)

| စဉ် | မြန်မာ့ဆန်ကို တင်ပို့သည့် ကမ္ဘာ့နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့်တန်ဖိုး ('၀၀၀ USD) | တင်ပို့မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | ကမ္ဘာ့နိုင်ငံစုစုပေါင်း | ၁,၅၉၄,၁၇၂ | ၇၄၂,၉၉၉ | ၁၀၀.၀၀ |
| ၁ | တရုတ် | ၄၄၀,၁၅၈ | ၂၀၅,၇၉၈ | ၂၇.၆၁ |
| ၂ | ဘယ်လ်ဂျီယံ | ၂၁၄,၃၀၀ | ၈၆,၁၁၆ | ၁၃.၄၄ |
| ၃ | အင်ဒိုနီးရှား | ၁၇၅,၅၅၈ | ၉၈,၅၆၉ | ၁၁.၀၁ |
| ၄ | ဖိလစ်ပိုင် | ၁၆၁,၈၆၈ | ၇၆,၁၃၁ | ၁၀.၁၅ |
| ၅ | စပိန် | ၈၉,၃၁၂ | ၃၉,၀၇၈ | ၅.၆၀ |
| ၆ | အခြားကမ္ဘာ့နိုင်ငံများ | ၅၁၂,၉၇၆ | ၂၃၇,၃၀၇ | ၃၂.၁၉ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

ဇယား (၄) မြန်မာနိုင်ငံမှ အဓိကဆန်ကွဲ (HSC: 100640) တင်ပို့သည့် ကမ္ဘာ့နိုင်ငံများ (၂၀၂၃ ခုနှစ်)

| စဉ် | မြန်မာ့ဆန်ကွဲကို တင်ပို့သည့် ကမ္ဘာ့နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့်တန်ဖိုး ('၀၀၀ USD) | တင်ပို့မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | ကမ္ဘာ့နိုင်ငံစုစုပေါင်း | ၇၁၃,၇၂၄ | ၃၀၁,၇၅၂ | ၁၀၀.၀၀ |
| ၁ | တရုတ် | ၂၉၀,၀၆၆ | ၁၂၉,၆၅၉ | ၄၀.၆၄ |
| ၂ | ဘယ်လ်ဂျီယံ | ၂၀၀,၀၅၀ | ၇၈,၉၂၉ | ၂၈.၀၃ |
| ၃ | နယ်သာလန် | ၄၄,၅၀၀ | ၁၈,၀၉၁ | ၆.၂၃ |
| ၄ | စပိန် | ၃၂,၈၀၀ | ၁၂,၈၃၅ | ၄.၆၀ |
| ၅ | အင်္ဂလန် | ၃၀,၂၇၅ | ၁၂,၆၇၂ | ၄.၂၄ |
| ၆ | အခြားကမ္ဘာ့နိုင်ငံများ | ၅၉၇,၆၉၁ | ၂၅၂,၁၈၆ | ၈၃.၇၄ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

၂၀၁၀-၂၀၁၁ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့တင်ပို့ခဲ့သည့် ဆန်စပါးပမာဏကို ဇယား (၅) တွင် ဖော်ပြထားပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆန်စပါးတင်ပို့မှုမှာ တန်ချိန် (၀.၅၄) သန်းဖြင့် အနည်းဆုံး ဖြစ်ခဲ့ပါသည်။ ထို့နောက် တင်ပို့မှုပမာဏ မြင့်မားလာပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် (၃.၅၈) သန်းဖြင့် အများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်းတွင် ပင်လယ်ရေကြောင်းထက် နယ်စပ်မှတစ်ဆင့် ပိုမိုကုန်သွယ်ခဲ့ကြသော်လည်း ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်မှုထက် ပင်လယ်ရေကြောင်းဖြင့်သာ ကုန်သွယ်ခဲ့ကြကြောင်း တွေ့ရသဖြင့် ၎င်းသည် ဆန်ကဏ္ဍအတွက် ကုန်သွယ်မှု၏ ကောင်းမွန်သော အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။

### ဇယား (၅) ၂၀၁၀-၂၀၁၁ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ် ကုန်သွယ်မှုတို့ဖြင့် ဆန်စပါးတင်ပို့မှု

(တန်ချိန် သန်း)

| စဉ် | ခုနှစ် | ပင်လယ်ရေကြောင်း ကုန်သွယ်မှုပမာဏ | နယ်စပ်ကုန်သွယ်မှု ပမာဏ | စုစုပေါင်း ကုန်သွယ်မှုပမာဏ |
|---|---|---|---|---|
| ၁ | ၂၀၁၀-၂၀၁၁ | ၀.၅၄ | - | ၀.၅၄ |
| ၂ | ၂၀၁၁-၂၀၁၂ | ၀.၇၁ | ၀.၁၄ | ၀.၈၄ |
| ၃ | ၂၀၁၂-၂၀၁၃ | ၀.၆၁ | ၀.၈၅ | ၁.၄၅ |
| ၄ | ၂၀၁၃-၂၀၁၄ | ၀.၃၉ | ၀.၈၄ | ၁.၂၃ |
| ၅ | ၂၀၁၄-၂၀၁၅ | ၀.၄၇ | ၁.၃၄ | ၁.၈၁ |
| ၆ | ၂၀၁၅-၂၀၁၆ | ၀.၂၄ | ၁.၂၃ | ၁.၄၇ |
| ၇ | ၂၀၁၆-၂၀၁၇ | ၀.၆၉ | ၁.၀၆ | ၁.၇၅ |
| ၈ | ၂၀၁၇-၂၀၁၈ | ၁.၇၂ | ၁.၈၆ | ၃.၅၈ |
| ၉ | ၂၀၁၈-၂၀၁၉ (မီနီဘက်ဂျက်) | ၀.၄၉ | ၀.၆၄ | ၁.၁၃ |
| ၁၀ | ၂၀၁၈-၂၀၁၉ | ၁.၇၁ | ၀.၆၅ | ၂.၃၆ |
| ၁၁ | ၂၀၁၉-၂၀၂၀ | ၂.၁၆ | ၀.၄၃ | ၂.၅၉ |
| ၁၂ | ၂၀၂၀-၂၀၂၁ | ၁.၂၅ | ၀.၆၂ | ၁.၈၈ |
| ၁၃ | ၂၀၂၁-၂၀၂၂ (မီနီဘက်ဂျက်) | ၀.၃၉ | ၀.၀၃ | ၀.၄၂ |
| ၁၄ | ၂၀၂၂-၂၀၂၃ | ၁.၈၃ | ၀.၄၃ | ၂.၂၆ |

Note: ၂၀၁၈-၂၀၁၉ (မီနီဘက်ဂျက်) ဆိုသည်မှာ ၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ အထိ၊
၂၀၁၈-၂၀၁၉ ဆိုသည်မှာ ၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၁၉ အထိ၊
၂၀၁၉-၂၀၂၀ ဆိုသည်မှာ ၁-၁၀-၂၀၁၉ မှ ၃၀-၉-၂၀၂၀၊
၂၀၂၀-၂၀၂၁ ဆိုသည်မှာ ၁-၁၀-၂၀၂၀ မှ ၃၀-၉-၂၀၂၁ အထိ၊
၂၀၂၁-၂၀၂၂ (မီနီဘက်ဂျက်) ဆိုသည်မှာ ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၁၊
၂၀၂၂-၂၀၂၃ ဆိုသည်မှာ ၁-၄-၂၀၂၂ မှ ၃၁-၃-၂၀၂၃ အထိ ဖြစ်ပါသည်။

ရင်းမြစ်။ Myanmar Rice Federation၊ ၂၀၂၃

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လစဉ်တင်ပို့ခဲ့သော ဆန်နှင့်ဆန်ကွဲ၏ အခြေအနေကို ဇယား (၆) တွင် ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် စုစုပေါင်း ဆန်တင်ပို့မှုပမာဏမှာ (၂၆၈,၈၃၅) တန်ဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆန်တင်ပို့မှု အများဆုံးလအဖြစ် ရပ်တည်နေပြီး ၎င်းလတွင် (၂၂၂,၄၁၄) တန်ကို ပင်လယ်ရေကြောင်းဖြင့် အများဆုံး ဆန်တင်ပို့ကြောင်း တွေ့ရသည်။

ဇယား (၆) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လအလိုက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ခဲ့သော ပမာဏ

(တန်)

| လအမည် | ဆန်တင်ပို့မှု ပမာဏ | ဆန်ကွဲ တင်ပို့မှု ပမာဏ | ပင်လယ် ရေကြောင်းမှ တင်ပို့မှုပမာဏ | နယ်စပ်မှ တင်ပို့မှု ပမာဏ | စုစုပေါင်းတင်ပို့မှု ပမာဏ |
|---|---|---|---|---|---|
| ၂၀၂၂ ဧပြီ | ၁၄၄,၀၃၅ | ၁၀၆,၉၁၂ | ၂၄၄,၈၂၇ | ၆,၁၂၀ | ၂၅၀,၉၄၇ |
| ၂၀၂၂ မေ | ၉၄,၆၉၁ | ၅၈,၈၁၆ | ၁၄၆,၇၅၄ | ၆,၇၅၃ | ၁၅၃,၅၀၇ |
| ၂၀၂၂ ဇွန် | ၈၃,၉၂၆ | ၆၂,၁၆၈ | ၁၂၅,၃၇၄ | ၂၀,၇၂၀ | ၁၄၆,၀၉၄ |
| ၂၀၂၂ ဇူလိုင် | ၁၂၃,၆၁၃ | ၅၈,၉၃၇ | ၁၄၇,၁၂၀ | ၃၅,၄၃၀ | ၁၈၂,၅၅၀ |
| ၂၀၂၂ သြဂုတ် | ၆၇,၅၁၆ | ၈၉,၃၇၇ | ၁၁၇,၀၁၂ | ၃၉,၈၈၁ | ၁၅၆,၈၉၃ |
| ၂၀၂၂ စက်တင်ဘာ | ၃၀,၅၇၂ | ၆၃,၂၂၀ | ၄၁,၈၅၇ | ၅၁,၉၃၅ | ၉၃,၇၉၂ |
| ၂၀၂၂ အောက်တိုဘာ | ၁၃၆,၂၀၆ | ၂၆,၉၈၃ | ၁၂၁,၇၀၀ | ၄၁,၄၈၉ | ၁၆၃,၁၈၉ |
| ၂၀၂၂ နိုဝင်ဘာ | ၁၇၉,၈၅၃ | ၈၄,၁၈၅ | ၁၈၅,၆၇၉ | ၇၈,၃၅၉ | ၂၆၄,၀၃၈ |
| ၂၀၂၂ ဒီဇင်ဘာ | ၁၄၈,၁၂၇ | ၈၀,၃၁၈ | ၁၇၄,၉၆၀ | ၅၃,၄၈၅ | ၂၂၈,၄၄၅ |
| ၂၀၂၃ ဇန်နဝါရီ | ၁၇၁,၈၁၁ | ၉၇,၀၂၄ | ၂၂၂,၄၁၄ | ၄၆,၄၂၁ | ၂၆၈,၈၃၅ |
| ၂၀၂၃ ဖေဖော်ဝါရီ | ၁၀၆,၈၅၅ | ၈၄,၅၄၉ | ၁၃၇,၇၅၃ | ၅၃,၆၅၁ | ၁၉၁,၄၀၄ |
| ၂၀၂၃ မတ် | ၈၂,၅၄၇ | ၇၈,၉၆၂ | ၁၆၁,၂၃၉ | ၂၇၀ | ၁၆၁,၅၀၉ |
| **စုစုပေါင်း** | **၁,၃၆၉,၇၅၁** | **၈၉၁,၄၅၀** | **၁,၈၂၆,၆၈၇** | **၄၃၄,၅၁၄** | **၂,၂၆၁,၂၀၁** |

ရင်းမြစ်။ Myanmar Rice Federation၊ ၂၀၂၃

### ၁.၂.၁။ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သော ဆန်စပါးအမျိုးအစားများ

မြန်မာနိုင်ငံတွင် ဆန်စပါးအမျိုးအစား များစွာရှိပြီး ယေဘုယျအားဖြင့် အောက်ပါအတိုင်း မျိုးအုပ်စုများကို ခွဲခြားထားပါသည်-

- ဧည့်မထအုပ်စု (ဆန်လုံးအရှည် > ၇ မီလီမီတာ၊ သေးသွယ်ပြီး အရောင် ကြည်သည်။)၊
- လက်ရွေးစင်အုပ်စု (ဆန်လုံးရှည်၊ ၆-၇မီလီမီတာ၊ သေးသွယ်ပြီး အရောင် ကြည်သည်။)၊
- ငစိန်အုပ်စု (ဆန်လုံးတုတ်တိုသည်၊ ၅.၆-၆.၄ မီလီမီတာရှိပြီး အရောင် ကြည်သည်။)၊
- ဗျတ်အုပ်စု (ဆန်လုံးတုတ်၍ ဆန်လုံးရှည်သည်၊ ၆.၄-၇.၄ မီလီမီတာ ရှိသည်၊ ဆန်သားမာပြီး ဖိုက်ဖြူသည်။)၊
- မီးဒုံးအုပ်စု (ဆန်လုံးတုတ်တိုသည်၊ ဆန်သားမာပြီး ဖိုက်ဖြူသည်။)။

၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးသော အဓိက စပါးမျိုးများမှာ ဆင်းသုခ၊ မနောသုခ၊ ရောမင်း၊ ပေါ်ဆန်းရင်၊ ဆင်းကေရီ ၃၊ မီးဒုံး၊ ရွှေဝါထွန်း၊ နှံခါး၊ ဆင်းသွယ်လတ်၊ ရတနာတိုး၊ သီးထပ်ရင်၊ ရက် ၉၀၊ ပုခန်းရွှေဝါ၊ ရွှေသွယ်ရင်၊ စူပါနံ့ကောက်၊ မှော်ဘီ-၂ နှင့် ရေဆင်းလုံးသွယ် စသည်တို့ဖြစ်ကြပါသည် (စိုက်ပျိုး

ရေးဦးစီးဌာန၊ ၂၀၂၂)။ သက်ဆိုင်ရာ စပါးမျိုးအုပ်စုအလိုက် ကွဲပြားသော ဆန်စပါးအမျိုးအစားများကို ဇယား (၇) တွင် ဖော်ပြထားပါသည်။

ဇယား (၇) မြန်မာနိုင်ငံရှိ ဆန်စပါးအုပ်စုများနှင့် အမျိုးအစားများ

| အုပ်စု | အမျိုးအစား |
|---|---|
| ညှော့မထ | ရောမင်း၊ ဆင်းကေရီ-၃၊ မှော်ဘီ-၂၊ ရတနာတိုး၊ ရွှေဝါထွန်း၊ ကျော်ဇေယျ၊ ဆင်းသွယ်လတ်၊ ရက် ၉၀၊ သီးထပ်ရင်၊ ရွှေမနော၊ ရွှေသွယ်ရင်၊ လုံးသွယ်မွှေး၊ ကုန်းမြင့်-၂၊ ထိုင်းနံ့ကောက်၊ ရွှေရင်အေး၊ ပုခန်းရွှေဝါ |
| လက်ရွေးစင် | ဆင်းသုခ၊ မနောသုခ၊ နံ့ခါး၊ ရေမြုပ်ဒဏ်ခံ-၁ |
| ငစိန် | ဝိုင်ယူအာ-၄ |
| မီးဒုံး | ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင်၊ မီးဒုံး |

ဇာစ်မြစ်။ စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၂၂

ပြည်တွင်းစားသုံးမှုအများဆုံးနှင့် အကြိုက်နှစ်သက်ဆုံး ဆန်စပါးအမျိုးအစားများမှာ မီးဒုံးအုပ်စုတွင် ပါဝင်သော ပေါ်ဆန်း၊ ညှော့မထအုပ်စုတွင် ပါဝင်သော ရောမင်းနှင့် လက်ရွေးစင်အုပ်စုတွင် ပါဝင်သော မနောသုခ အမျိုးအစားများ ဖြစ်ပါသည် (Theingi Myint et al.၊ ၂၀၁၆)။ အဓိက တင်ပို့သည့် ဆန်အမျိုးအစားမှာ ဆန်လုံးရှည်၍ သေးသွယ်ပြီး ကြည်လင်သော ညှော့မထဆန် အုပ်စုအမျိုးအစားဖြစ်သည် (World Bank၊ ၂၀၁၄)။ ကမ္ဘာ့ဈေးကွက်အလားအလာကို လေ့လာရာတွင် အရှေ့အလယ်ပိုင်းဈေးကွက်သည် မီးဒုံးအုပ်စုဝင် ပေါ်ဆန်း၊ ပေါ်ဆန်းမွှေး၊ လုံးသွယ်မွှေးနှင့် ဇီရာဆန် အမျိုးအစားများကို နှစ်သက်ပြီး လက်ရွေးစင်အုပ်စုဝင် ဆင်းသုခကို ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများမှ ကြိုက်နှစ်သက်ကြကြောင်း တွေ့ရသည် (Khaing Khaing Htwe၊ ၂၀၁၉)။ သို့ဖြစ်ပါ၍ ပြည်တွင်း၊ ပြည်ပဈေးကွက်များအတွက် ယခုလက်ရှိ လူကြိုက်အများဆုံးသော ဆန်စပါးအမျိုးအစားများမှာ မီးဒုံး၊ ညှော့မထနှင့် လက်ရွေးစင်မျိုးအုပ်စုတို့ ဖြစ်သည် (ဇယား ၈)။

ဇယား (၈) မြန်မာနိုင်ငံရှိ ပြည်တွင်းနှင့် ပြည်ပဈေးကွက်တွင် လူကြိုက်များသော ဆန်အမျိုးအစားများ

| ပြည်တွင်းဈေးကွက် | ပြည်ပဈေးကွက် |
|---|---|
| **မီးဒုံးအုပ်စု :** ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင် | **ညှော့မထအုပ်စု**<br>- ဆင်းသွယ်လတ်<br>- ရက် - ၉၀<br>- ထိုင်းနံ့ကောက် |
| **ညှော့မထအုပ်စု :** ရောမင်း | |
| **လက်ရွေးစင်အုပ်စု :** မနောသုခ၊ ဆင်းသုခ | |

ဇာစ်မြစ်။ Myanmar Rice Federation ၊ ၂၀၂၃

မနောသုခနှင့် ဆင်းသုခ အမျိုးအစားများသည် စားသုံးရာတွင် အရည်အသွေးကောင်းခြင်း၊ အထွက်နှုန်းတိုးခြင်းနှင့် ပြည်တွင်းဈေးကွက် ဝင်သောကြောင့် စားသုံးသူ ကြိုက်နှစ်သက်သော စပါးမျိုးဖြစ်ပြီး ပြည်ပသို့ အဓိကတင်ပို့သော ဆန်အမျိုးအစားမှာ ညှော့မထမျိုးအုပ်စုဝင်ဖြစ်သော ရက်-၉၀ နှင့် ထိုင်းနံ့ကောက်

အမျိုးအစားတို့ဖြစ်ပါသည်။ နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် စိုက်ပျိုးမှုအများဆုံး စပါး အမျိုးအစားများမှာ မနောသုခ၊ ဆင်းသုခ၊ ရက်-၉၀ နှင့် ထိုင်းနံ့ကောက်အမျိုးအစားတို့ ဖြစ်ပါသည်။ တောင်သူလယ်သမားများသည် ပထမ စပါးအမျိုးအစား (၂) မျိုးကို မိုးစပါးအနေဖြင့် စိုက်ပျိုးပြီး ကျန်မျိုးများကို နွေစပါးအနေဖြင့် စိုက်ပျိုးကြသည် (စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၂၂)။

## ၁.၃။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍများ

မဲခေါင်-လန်ချန်းဒေသသည် အာရှတွင် အကြီးမားဆုံး ဖွံ့ဖြိုးတိုးတက်မှု အလားအလာရှိသည့် ဒေသများအနက် တစ်ခုဖြစ်သည်။ လန်ချန်း- မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကိုဖြတ်၍ စီးဆင်းနေသော မဲခေါင်မြစ်သည် အရှည်ကီလိုမီတာ (၄,၈၈၀) ရှိပြီး ဧရိယာ (၇၉၅,၀၀၀) ကျယ်ဝန်းသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်နိုင်ငံ၊ ကျင်းဟုန်မြို့၌ ကျင်းပခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင် (Economic and Sustainable Development) နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် (Social, Cultural and People-to-People Exchanges) စသည့် မဏ္ဍိုင်သုံးရပ်ဖြင့် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ပထမအကြိမ် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ဆန်းယမြို့၌ ကျင်းပခဲ့ပြီး ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ထုတ်ပြန်ကြေညာကာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်ခဲ့သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများသည် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Water Resources) နှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agricultural and Poverty Reduction) ဟူသည့် ဦးစားပေးနယ်ပယ်ငါးရပ်တွင် အဓိကထား ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေး မူဝါဒတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်

ရှိသည်။ ဒေသတွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုဘဝသာယာလှပရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရေးနှင့် အလုံးစုံပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးတို့ကို ဦးတည်ဆောင်ရွက်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ခုနစ်နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေပြု စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည် (MOI, 2024)။

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သော ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်နိုင်ငံများနှင့် ကုန်သွယ်ရေးသဘောတူစာချုပ် (၄) ခုနှင့် ထိုင်း၊ လာအို၊ တရုတ်နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ် (၃) ခု ချုပ်ဆိုထားသည်။ မဲခေါင်-လန်ချန်း အဖွဲ့ဝင်များ (ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်) နှင့် ချုပ်ဆိုသည့် ကုန်သွယ်ရေးသဘောတူစာချုပ်ပါ အချက်များမှာ-

(၁) နှစ်နိုင်ငံ၏ အစိုးရအကြား ကုန်သွယ်မှုဆက်ဆံရေး တိုးတက်ဖွံ့ဖြိုးစေရန်၊

(၂) တင်ပို့ခြင်း၊ တင်သွင်းခြင်းကို လွယ်ကူအောင် ပြုလုပ်ပေးရန်နှင့် နိုင်ငံအသီးသီး၏ စည်းမျဉ်းဥပဒေများနှင့်အညီ လိုင်စင်များ ထုတ်ပေးခြင်းကို လွယ်ကူအောင် ပြုလုပ်ပေးရန်၊

(၃) တင်ပို့/တင်သွင်းခြင်းနှင့် သက်ဆိုင်သော အကောက်ခွန်နှုန်းများ၊ အခွန်အခများနှင့် အကောက်ခွန်စည်းကြပ်မှု နည်းလမ်းများနှင့်စပ်လျဉ်း၍ တစ်ဖက်အစိုးရသို့ တန်းတူ အခွင့်အရေးအား ပေးရန်၊

(၄) တစ်ဖက်နိုင်ငံ၏ ကုန်သည်သင်္ဘောများကို အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ဝင်ရောက်စဉ်၊ ထွက်ခွာစဉ်နှင့် ဆိုက်ကပ်နေစဉ်၊ စာချုပ်ဝင်နိုင်ငံမဟုတ်သည့် အခြားနိုင်ငံ၏ သင်္ဘောများအား သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများဖြင့်ပေးသည့် အခွင့်သာဆုံးနိုင်ငံအားပေးသည့် အခွင့်အရေးမျိုး ပေးရန်၊

(၅) ကုန်စည်များ ရောင်းချခြင်း၊ ဝယ်ယူခြင်းနှင့်ပတ်သက်၍ ငွေပေးချေမှုအားလုံးကို နှစ်နိုင်ငံအစိုးရတို့ လက်ခံနိုင်သည့် လဲလှယ်နိုင်သော ငွေအမျိုးအစားဖြင့် ပေးချေရန်တို့ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည် (Nyi Nyi Aung၊ ၂၀၂၄)။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် မြန်မာနိုင်ငံ၏ နှစ်အလိုက် အထူးရန်ပုံငွေစီမံကိန်းများ ရရှိခဲ့သည့် အခြေအနေ၊ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍများအား အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(၁) အထူးရန်ပုံငွေ (၂၀၁၇) တွင် စီမံကိန်း (၁၀) ခု၊ အမေရိကန်ဒေါ်လာ (၂.၄) သန်းခန့် (စိုက်ပျိုးရေးကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးကဏ္ဍ)

(၂) အထူးရန်ပုံငွေ (၂၀၁၈) တွင် စီမံကိန်း (၁၉) ခု၊ အမေရိကန်ဒေါ်လာ (၇.၃) သန်းခန့် (စိုက်ပျိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ လူမှုဖူလုံရေးကဏ္ဍ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ သတင်းအချက်အလက်ကဏ္ဍ၊ စွန့်ဦးတီထွင်မှုကဏ္ဍ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ)

(၃) အထူးရန်ပုံငွေ (၂၀၂၀) တွင် စီမံကိန်း (၂၂) ခု၊ အမေရိကန်ဒေါ်လာ (၆.၃) သန်းခန့် (စိုက်ပျိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သတင်းအချက်အလက်ကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ)

(၄) အထူးရန်ပုံငွေ (၂၀၂၁) တွင် စီမံကိန်း (၂၁) ခု၊ အမေရိကန်ဒေါ်လာ (၆.၁) သန်းခန့် (သမားရိုးကျမဟုတ်သော လုံခြုံရေး၊ လုပ်ငန်းခွင်ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေး ထုတ်လုပ်မှု၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးကဏ္ဍ)

(၅) အထူးရန်ပုံငွေ (၂၀၂၂) တွင် စီမံကိန်း (၂၀) ခု၊ အမေရိကန်ဒေါ်လာ (၅.၀) သန်း (ယဉ်ကျေးမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကဏ္ဍ၊ စွမ်းရည်မြှင့်တင်မှုကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ တိုင်းရင်းသားရေးရာကဏ္ဍနှင့် သက်မွေးပညာရပ်ကဏ္ဍ)

(၆) အထူးရန်ပုံငွေ (၂၀၂၃) တွင် စီမံကိန်း (၁၄) ခု၊ အမေရိကန်ဒေါ်လာ (၃.၈) သန်း (စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သုတေသန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အရည်အသွေးမြှင့်တင်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍ)

လက်ရှိတွင် မြန်မာနိုင်ငံက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်း (၁၀၆) ခု ရရှိထားပြီး ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စီမံကိန်း စုစုပေါင်း (၃၉) ခုအား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၃.၃) သန်းကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့် ရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြန်မာ့လယ်ယာထွက်ကုန်များနှင့် မွေးမြူရေးကဏ္ဍအတွက် စီမံကိန်း (၄) ခု၊ အမေရိကန်ဒေါ်လာ (၁.၁၄) သန်း ရရှိထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည် (ဇယား ၉)။

ဇယား (၉) မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှစ်အလိုက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရရှိခဲ့သည့် စီမံကိန်းများ

| စဉ် | ခုနှစ် | အရေအတွက် | အမေရိကန်ဒေါ်လာ(သန်း) | ရရှိခဲ့သည့် ဦးစီးဌာနများ |
|---|---|---|---|---|
| ၁။ | ၂၀၁၇ | ၅ | ၁.၀၉ | စိုက်ပျိုးရေးဦးစီးဌာန |
| ၂။ | ၂၀၁၈ | ၉ | ၄.၁၇ | စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် |
| ၃။ | ၂၀၂၀ | ၆ | ၂.၂၉ | စိုက်ပျိုးရေးဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် |
| ၄။ | ၂၀၂၁ | ၄ | ၁.၅၁ | စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၅။ | ၂၀၂၂ | ၇ | ၁.၈၃ | စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် |
| ၆။ | ၂၀၂၃ | ၄ | ၁.၂၉ | စီမံကိန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် |
| ၇။ | ၂၀၂၄ | ၄ | ၁.၁၄ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် |
| စုစုပေါင်း | | ၃၉ | ၁၃.၃၂ | |

ဇာစ်မြစ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ၁.၄။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

မြန်မာ၏ ကုန်သွယ်ဖက်နိုင်ငံများသည် စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အပင်ပိုးမွှားရောဂါကင်းရှင်းဆိုင်ရာ သတ်မှတ်ပြဌာန်းချက်များ (WTO's Protocol on the Application of Sanitary and Phytosanitary Measures- SPS Protocol) နှင့်အညီ ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဌာန်းလာကြပါသည်။ ယခုအခါ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများကို ကုန်သွယ်မှုပြုရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်အတွက် SPS Protocol များကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးလျက် ရှိပါသည်။ မြန်မာနိုင်ငံသည် ဆန်၊ ပြောင်း၊ ငရုတ်ကောင်း၊ ရော်ဘာ၊ သရက်သီးနှင့် ပဲမျိုးစုံတို့ကို နယ်စပ်ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် ပြင်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူစာချုပ်နှင့် နယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ်တို့ ချုပ်ဆိုထားသည်။ နယ်စပ်ကုန်သွယ်ရေးတွင် ကုန်းလမ်းကုန်သွယ်ရေးနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသများအကြား နယ်စပ်တစ်လျှောက် နေထိုင်သူများ၏ ကုန်ပစ္စည်းများ လဲလှယ်ခြင်းတို့အပါအဝင် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများကို နှစ်ဖက်သဘောတူထား

သည့် နယ်စပ်ကုန်သွယ်ရေးဈေးများ၌ ဆောင်ရွက်ရန်၊ နယ်စပ်ကုန်သွယ်ရေးတွင် အကျုံးဝင်သူများ လာရောက်ရေး၊ ကုန်ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးတို့၏ အဝင်၊ အထွက်တို့အတွက် နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ကို နှစ်နိုင်ငံ၏ သက်ဆိုင်ရာဌာနများနှင့် ဒေသဆိုင်ရာအာဏာပိုင်များက သတ်မှတ်ရန်၊ နယ်နိမိတ်ကို ဖြတ်ကျော်သည့်အခါ တရားဝင်အထောက်အထား စာရွက်စာတမ်းများ ပူးတွဲပါရှိရန်၊ ငွေပေးချေခြင်းကို နှစ်ဘက်လက်ခံနိုင်သည့် လွယ်ကူစွာ လဲလှယ်နိုင်သော ငွေကြေးဖြင့်ဖြစ်စေ၊ ကုန်ပစ္စည်းချင်း လဲလှယ်သည့် နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်ခြင်း၊ သီးခြားငွေပေးချေခြင်း နည်းလမ်းကို ဝယ်ယူသူနှင့် ရောင်းချသူတို့က ဆုံးဖြတ်ရန်၊ လိုအပ်ပါက နယ်စပ်ကုန်သွယ်မှုအတွက် ဘဏ်အစီအစဉ်ကို နှစ်ဘက်သတ်မှတ်သည့် ဘဏ်အချင်းချင်းညှိနှိုင်း၍ လက်မှတ်ရေးထိုးရန်တို့ ပါဝင်ပါသည်။

ကုန်သွယ်မှုနှင့်ဆက်စပ်၍ မြန်မာ-တရုတ် နှစ်နိုင်ငံအကြားတွင် လယ်ယာကဏ္ဍ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ချောမွေ့သော ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ခြင်းဆိုင်ရာ စာချုပ်နှင့် မူဆယ်-ရွှေလီနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာစာချုပ်များ ချုပ်ဆိုထားပါသည် (Nyi Nyi Aung၊ ၂၀၂၄)။

မြန်မာနိုင်ငံမှထွက်ရှိသော ဆန်များကို တရုတ်နိုင်ငံသို့တရားဝင် တင်ပို့ရောင်းချနိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်တွင် မြန်မာနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Quality Supervision, Inspection and Quarantine of the People's Republic of China-AQSIQ) တို့အကြား စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါကာလ၌ တရုတ်နိုင်ငံဘက်မှ အရည်အသွေးကြီးကြပ် စစ်ဆေးရေးဆိုင်ရာအချက်များ လက်ခံအသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံဘက်မှ ဆန်တင်ပို့ခွင့်ရရှိသော ကုမ္ပဏီအရေအတွက်မှာ (၁၁) ခုသာရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနှင့် နိုင်ငံတော်ကောင်စီ၏ နိုင်ငံပိုင်အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုအစီအစဉ်အရ ၂၀၁၈ ခုနှစ်၊ မေ ၁၈ ရက်တွင် ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) ကို အကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China - GACC) ဟု ပြင်ဆင်ဖွဲ့စည်းကာ မူရင်းအကောက်ခွန်ကိစ္စရပ်များအပြင် AQSIQ မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များကိုပါ ဆောင်ရွက်လာခဲ့သည်။ နယ်စပ်ဒေသများ၌ ကုန်သွယ်မှုဆောင်ရွက်ရာတွင် တရားမဝင် ဆောင်ရွက်နေမှုများ ရှိနေခြင်းအပေါ် တင်းကြပ်သည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ချုပ်ကိုင်ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခင်က မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွယ်ကူစွာတင်ပို့ခဲ့သည့် မြန်မာ့ပို့ကုန်အများစုသည် SPS ဆိုင်ရာ အခက်အခဲများ ပိုမိုတွေ့ကြုံလာခဲ့ရသည်။

တရုတ်နိုင်ငံ၊ ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) နှင့် လက်မှတ်ရေးထိုးခဲ့သည့် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်မှာ ဆန်တင်ပို့နိုင်ရန်အတွက်သာ ဖြစ်နေခဲ့ခြင်းကြောင့် ဆန်အပြင် ဆန်ကွဲအား ထပ်မံဖြည့်စွက်၍

စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေအထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် ချိတ်ဆက် ညှိနှိုင်းခဲ့ကြသည်။ ထိုသို့ ညှိနှိုင်း ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခွင့် ရရှိရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေအထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ ဝန်ကြီးတို့က လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံဘက်မှ ဆန်တင်ပို့မည့် ကုမ္ပဏီ (၄၃) ခုနှင့် ဆန်စက် (၇၉) လုံးတို့ကို တရုတ်နိုင်ငံဘက်မှ အရည်အသွေးစစ်ဆေးရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိစေရေးနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေအထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်နိုင်ရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တရုတ်နိုင်ငံဘက်မှ အရည်အသွေး ကြီးကြပ်စစ်ဆေးရေးဆိုင်ရာ အချက်များအား လက်ခံအသိအမှတ်ပြုကြောင်း GACC မှ ၎င်း၏ Website ဖြစ်သည့် jckspi.customs.gov.cn တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ လက်ရှိတွင် ကုမ္ပဏီ (၁၂၆) ခု မှတ်ပုံတင်ရရှိထားပြီး ဖြစ်ပါသည် (စီမံကိန်းဦးစီးဌာန၊ ၂၀၂၅)။

မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲ ထုတ်ကုန်များအား အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် မြန်မာ့ဆန်တင်ပို့ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များနှင့် SPS Protocol နှင့်အညီ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်ရေးအတွက် ဆန်တင်ပို့မည့်ကုမ္ပဏီများ ရွေးချယ်ဆောင်ရွက်ရေး နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (Technical Working Group - TWG) များ ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါသည်။ မြန်မာ့ဆန်တင်ပို့ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များတွင် အဖွဲ့ဝင် (၁၅) ဦးနှင့်လည်းကောင်း၊ ဆန်တင်ပို့မည့် ကုမ္ပဏီများ ရွေးချယ်ဆောင်ရွက်ရေး နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (Technical Working Group - TWG) တွင် အဖွဲ့ဝင် (၁၄) ဦးနှင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။

မြန်မာနိုင်ငံသည် ဆန်ကို အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ လက်ရှိတွင် အဓိက တင်ပို့သည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အာရှနိုင်ငံများသို့ တင်ပို့သည့် ပမာဏ၏ (၄၅) ရာခိုင်နှုန်းကို ၎င်းနိုင်ငံသို့ တင်ပို့ပါသည်။ အလားတူ မြန်မာနိုင်ငံ၏ ဆန်ကွဲကို အဓိက တင်သွင်းသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အာရှနိုင်ငံများသို့ တင်ပို့သည့် ပမာဏ၏ (၇၉) ရာခိုင်နှုန်းကို ၎င်းနိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ ဇယား (၁၀) သည် ၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု အခြေအနေကို ဖော်ပြထားသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း သိသာထင်ရှားစွာ အတက်အကျရှိပြီး ပို့ကုန်ပမာဏနှင့်တန်ဖိုး နှစ်မျိုးစလုံးတွင် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် (၁.၂၄) သန်း တင်ပို့ခဲ့ပြီး တန်ဖိုးအား ဖြင့် အမေရိကန်ဒေါ်လာ (၄၆၈.၇) သန်းရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅၁.၅) သန်းဖြင့် တန်ချိန် (၁.၄၁) သန်း တင်ပို့နိုင်ခဲ့ပြီး ဆယ်စုနှစ်အတွင်းတွင် တန်ချိန်ပမာဏ အမြင့်ဆုံး တင်ပို့နိုင်ခဲ့ပါသည်။ သို့သော်လည်း ကုန်သွယ်မှုကန့်သတ်ချက်များ သို့မဟုတ် အခြား ဈေးကွက်စိန်ခေါ်မှုများကြောင့် ၂၀၁၆ ခုနှစ်တွင် (၃၃၄,၇၄၄) တန်နှင့် အမေရိကန်ဒေါ်လာ (၃၂၂.၉) သန်းအထိ ကျဆင်းသွားခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် တင်ပို့မှုတန်ချိန် (၀.၆၆) သန်းအထိ ပြန်လည်ကောင်းမွန်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၅၇၂.၅) သန်းအထိ သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် တင်ပို့မှု (၃၇၉,၂၀၇) တန်အထိ ကျဆင်းသွားသော်လည်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၄၄၁.၆) သန်းဖြင့် ရှိနေဆဲဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ပမာဏနှင့်တန်ဖိုးသည် တန်ချိန် (၄၂၇,၆၆၃) နှင့် အမေရိကန်ဒေါ်လာ (၂၃၄.၀၇) သန်းသို့ အသီးသီး ကျဆင်းခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ဆန် (၆၆၄,၉၂၃) တန် တင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ (၃၆၁.၉) သန်းဖြင့် ဈေးကွက်ပြန်လည်ကောင်း မွန်လာခဲ့သည်။ သို့သော်လည်း ၂၀၂၁ ခုနှစ်မှစ၍ ပို့ကုန်များ တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဆန်တန်ချိန် (၅၇၃,၈၅၄) တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၃၃.၁) သန်းသာ ရရှိခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၂၃ ခုနှစ်တွင် ဆက်လက်ကျဆင်းခဲ့ပြီး တန်ချိန် (၄၄၀,၁၅၈) တန်ကို အမေရိကန်ဒေါ်လာ (၂၀၅,၈၀) သန်းဖြင့် ဆယ်စုနှစ်အတွင်းတွင် အနိမ့်ဆုံးဈေးနှုန်းဖြင့် တင်ပို့ခဲ့ရပါသည်။

ဇယား (၁၀) ၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု အခြေအနေ

| စဉ် | နှစ်စဉ် | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့် တန်ဖိုး ('၀၀၀ USD) |
|---|---|---|---|
| ၁။ | ၂၀၁၄ | ၁,၂၄၂,၀၃၉ | ၄၆၈,၇၃၃ |
| ၂။ | ၂၀၁၅ | ၁,၄၁၀,၄၁၀ | ၅၁၀,၄၉၂ |
| ၃။ | ၂၀၁၆ | ၃၃၄,၇၄၄ | ၃၂၂,၉၀၈ |
| ၄။ | ၂၀၁၇ | ၆၅၆,၃၃၀ | ၅၇၂,၅၁၄ |
| ၅။ | ၂၀၁၈ | ၃၇၉,၂၀၇ | ၄၄၁,၆၃၉ |
| ၆။ | ၂၀၁၉ | ၄၂၇,၆၆၃ | ၂၃၄,၀၇၂ |
| ၇။ | ၂၀၂၀ | ၆၆၄,၉၂၃ | ၃၆၁,၉၁၄ |
| ၈။ | ၂၀၂၁ | ၆၂၇,၄၅၀ | ၃၀၂,၀၁၅ |
| ၉။ | ၂၀၂၂ | ၅၇၃,၈၅၄ | ၂၃၃,၀၅၃ |
| ၁၀။ | ၂၀၂၃ | ၄၄၀,၁၅၈ | ၂၀၅,၇၉၈ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

## ၂။ သုတေသနဆောင်ရွက်ရခြင်း ရည်ရွယ်ချက်

### ၂.၁။ သုတေသန၏ ရည်ရွယ်ချက်များ

ဆန်စပါးသီးနှံ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန် အလားအလာများအား လေ့လာခြင်း သုတေသနကို ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) ဆန်စပါးကုန်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရေးကို ရှေးရှု၍ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှု၊ ရောင်းချမှုဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များနှင့် ဆက်စပ် အဖွဲ့အစည်းများ၏ ပံ့ပိုးနေမှုအခြေအနေများကို လေ့လာသုံးသပ်တင်ပြရန်၊

(၂) မြန်မာနိုင်ငံနှင့် အခြားသော အာဆီယံနိုင်ငံများမှ စိုက်ပျိုးထုတ်လုပ်ရောင်းချနေသော ဆန်စပါး၏ ဈေးနှုန်းများ၊ ထုတ်လုပ်မှုများ၊ ဈေးကွက်နှင့် အရည်အသွေး ယှဉ်ပြိုင်မှုများ ဆန်းစစ်လေ့လာရန်၊

(၃) မြန်မာနိုင်ငံနှင့် ဆန်စပါး ကုန်သွယ်မှုပြုလုပ်လျက်ရှိသော မိတ်ဖက်နိုင်ငံများ၏ ဘဏ္ဍာနှစ်အလိုက် ဆန်စပါးကုန်သွယ်ရေး အချက်အလက်ပေါ်မူတည်၍ ရှေ့အလားအလာကို ဆန်းစစ်တွက်ချက်လေ့လာရန်၊

(၄) လက်ရှိချမှတ်ကျင့်သုံးနေသော ကုန်သွယ်မှုဆိုင်ရာ နည်းဗျူဟာများ၊ မူဝါဒများအပေါ် အခြေခံပြီး ရေရှည်တည်တံ့သော ဆန်စပါးကုန်သွယ်မှု တိုးတက်မြင့်မားရန် အထောက်အကူပြုနိုင်သော အကြံပြုချက်များကို Strength, Weakness, Opportunities and Challenges (SWOC) analysis နည်းလမ်းဖြင့် ရှာဖွေဖော်ထုတ်ရန်၊

(၅) ကုန်သွယ်ဘက်နိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ကိုက်ညီမှုရှိသော မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန် ဖွဲ့စည်းထားသော ကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းရပ်များ ပိုမိုလည်ပတ်နိုင်ရေး စသည့်ကိစ္စရပ်များနှင့် သက်ဆိုင်သော ဆွေးနွေးအကြံပြု တင်ပြချက်များ စုစည်းဖော်ထုတ်ရန်တို့ ဖြစ်ပါသည်။

### ၂.၂။ သုတေသနတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကြုံတွေ့နိုင်သောအဟန့်အတားများ

မြန်မာနိုင်ငံတွင် ဆန်စပါးသီးနှံသည် အဓိက အရေးပါရုံသာမက ထုတ်လုပ်မှု၊ အသုံးပြုမှု၊ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြားကုန်သွယ်မှု အစရှိသကဲ့သို့ အမျိုးမျိုးသော ကွင်းဆက်တလျှောက်တွင် အရည်အသွေးကောင်းသော ကုန်ပစ္စည်း၊ ဝယ်လိုအားကောင်းသော ပို့ကုန်တစ်ခုအဖြစ် ရပ်တည်နေပါသည်။ ထို့ကြောင့် ထုတ်လုပ်မှု၊ ဈေးကွက်အနေအထား၊ အသုံးပြုမှု၊ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြားကုန်သွယ်မှု အပြောင်းအလဲများသည် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအတွက် များစွာထိခိုက်မှု ရှိပါသည်။ သို့ဖြစ်ပါ၍ တစ်ကမ္ဘာလုံးအနေအထားနှင့် မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ ကုန်သွယ်မှု အနေအထားများအား အခြေခံပြီး ထုတ်လုပ်မှု၊ စားသုံးမှု၊ ဈေးကွက်အနေအထားများ၊ ယှဉ်ပြိုင်မှုများအား လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။

ဤသုတေသနတွင် ယခုလက်ရှိ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များအကြား ဈေးနှုန်းကွဲပြားမှုများအပါအဝင် လက်ရှိအခြေအနေ၊ ဈေးကွက်ယှဉ်ပြိုင်မှုအနေအထားများ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာမှ တင်ပို့မှု၊ ကုန်ပစ္စည်း၏ ဝယ်လိုအား လိုအပ်ချက်များအပြင် ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ ပိုမိုအောင်မြင် မြန်ဆန်စေရန် နည်းဗျူဟာများ၊ ကြုံတွေ့နိုင်သည့် အဟန့်အတားများနှင့် အကြံပြုဆွေးနွေးချက်များကို လေ့လာဖော်ထုတ် ဆန်းစစ်မည် ဖြစ်ပါသည်။

## ၂.၃။ သုတေသနဆောင်ရွက်ရခြင်း၏ မျှော်မှန်းရလဒ်များ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှအဓိက တင်ပို့ရောင်းချနေသော သီးနှံဖြစ်သည့် ဆန်စပါး၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း စီမံကိန်းသုတေသနမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ-

- မဲခေါင်-လန်ချန်းနိုင်ငံများ၊ အခြားအာဆီယံနိုင်ငံများနှင့် ဆန်စပါးသီးနှံ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ထောက်ပံ့ပေးနိုင်ရန်၊
- ဆန်စပါးသီးနှံ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ပါဝင်ပတ်သက်သူများကို နည်းပညာဆိုင်ရာ အသိပညာမြှင့်တင်ပေးရေး အထောက်အကူပြုနိုင်ရန်၊
- ဆန်စပါးသီးနှံ ကုန်သွယ်မှုတွင် အစိုးရ-ပုဂ္ဂလိက ပါဝင်ပတ်သက်သူများ၏ စွမ်းဆောင်ရည် တိုးမြှင့်လာအောင် ထောက်ပံ့ပေးနိုင်ရန်နှင့်
- ဆန်စပါးသီးနှံ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် တည်ထောင်ထားသော အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများကို အထောက်အပံ့ပြုနိုင်ရန် စသည်တို့ ဖြစ်ပါသည်။

## ၃။ သုတေသနဆောင်ရွက်သော နည်းလမ်းများ

သုတေသနအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနတို့ဖြင့် ပူးပေါင်း၍ ဆန်စပါးသီးနှံ တင်ပို့ရောင်းချသူများ၊ Government Official အရာရှိကြီးများ၊ သီးနှံများအလိုက် အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများတွင် တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူးများထံမှ အချက်အလက်များ ကောက်ယူခြင်းများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းတွင် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။




ပုံ (၃) သုတေသန ဆောင်ရွက်ရန်အတွက် အဓိက လုပ်ငန်းစဉ်များ

## ၃.၁။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများ

### ၃.၁.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် နည်းလမ်းများ

သုတေသနအတွက် ဆန်စပါးသီးနှံ တင်ပို့ရောင်းချမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ကောက်ယူခြင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း၌ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ အလယ်အလတ်အဆင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းနှင့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အသင်းအဖွဲ့ဝင် ကုန်သည်များကို Key Informant Interview (KII) နည်းလမ်းနှင့် Focus Group Discussion (FGD) နည်းလမ်းများကို အသုံးပြု၍ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူးများထံသို့ ပြင်ဆင်ထားသော မေးခွန်းလွှာများကို အီးမေးလ်မှ တစ်ဆင့်ပေးပို့၍ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးသံမှူးများမှလည်း အချိန်နှင့်တပြေးညီ ပူးပေါင်းပါဝင်၍ မေးခွန်းလွှာများကို ဖြေကြားပြီး ပြန်လည်ပေးပို့ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

သုတေသန အချက်အလက်များ ကောက်ယူရာတွင် စီမံကိန်း သုတေသနအဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ကနဦး ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်၍ ဆန်စပါးအသင်းအဖွဲ့များနှင့် ကုန်သည်များ ရရှိနိုင်မည့် ရက်များကို ချိတ်ဆက်ညှိနှိုင်း၍ သွားရောက်မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ Focus Group Discussion (FGD) တွင်လည်း ဆန်စပါး အသင်းအဖွဲ့များမှ အကြီးအကဲများ၊ ခေါင်းဆောင်များ၊ ကုန်သည်များကိုယ်တိုင် ပူးပေါင်းပါဝင်၍ သုတေသန အဖွဲ့ဝင်များ မေးမြန်းသည်များကို ဖြေကြားပူးပေါင်း ဆောင်ရွက်ပေးခဲ့ပါသည်။

ဆန်စပါးကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမှုနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံမှု ပြုလုပ်ပြီးစီးခဲ့သော အစိုးရအဖွဲ့အစည်းများမှ အရာရှိကြီးများစာရင်း၊ သက်ဆိုင်ရာ အသင်းအဖွဲ့များ၏ တာဝန်ရှိသူများစာရင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးသံမှူးများစာရင်းနှင့် သီးနှံအလိုက် တင်ပို့ရောင်းချသူ စာရင်းများကို နောက်ဆက်တွဲ (က) တွင် အသေးစိတ်ဖော်ပြထားပါသည်။

### ၃.၁.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် နည်းလမ်းများ

လိုအပ်သော ဆင့်ပွားအချက်အလက်များကို သုတေသန၏ ရည်ရွယ်ချက်များ ရရှိစေရန်အတွက် ရှာဖွေရယူခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရာတွင် အာရှနိုင်ငံများသို့ တင်ပို့မှု အများဆုံးဖြစ်သည်ကို တွေ့ရှိရသောကြောင့် ၎င်းအချက်အလက်များကို အာရှနိုင်ငံများအပေါ်အခြေခံ၍ ရယူထားခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ဈေးကွက်အား အခြေခံပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ဝေစုအချိုးမှာ အလွန်နည်းပါးနေသောကြောင့် ဖြစ်ပါသည်။ ဆင့်ပွားအချက်အလက် (Secondary Data) များရယူရာတွင် အချက်အလက်များ အမှန်ကန်ဆုံး ဖြစ်စေရန်အတွက် ကုန်သွယ်မှု အချက်အလက်

များ (trade data) အများဆုံးရယူနိုင်သော ဇာစ်မြစ် (source) များနှင့် စာတမ်းရေးသားသူများ အများဆုံး ကိုးကားကြသည့် ဇာစ်မြစ် (source) များမှ ရယူခဲ့ပါသည်။

ဤသုတေသနအတွက် ဆင့်ပွားအချက်အလက်များကို United Nations Commodity Trade Statistics (UN Comtrade) Database၊ Food and Agriculture Organization Statistical (FAOSTAT) Database၊ Central Statistical Organization (CSO) Database၊ International Trade Centre (ITC Trade Map) Database၊ Myanmar Trade Promotion Organization (Myantrade) Database နှင့် Selinawamucii Database များမှ အသီးသီးရယူခဲ့ပါသည်။

## ၃.၂။ ကောက်ယူသော အချက်အလက်များ

### ၃.၂.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် အချက်အလက်များ

လိုအပ်သည့် အချက်အလက်များကောက်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စိုက်ပျိုးရေး ထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အလယ်အလတ်အဆင့် အရာရှိများ၊ အရာရှိကြီးများ၊ နိုင်ငံအလိုက် စီးပွားရေးသံမှူးများနှင့် သီးနှံအလိုက် အသင်းအဖွဲ့ဥက္ကဋ္ဌ အကြီးအကဲများနှင့် ကုန်သည်အဖွဲ့ဝင်များအား မေးမြန်းကောက်ယူခဲ့သည့် အချက် အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အစိုးရအရာရှိကြီးများနှင့် ဆန်စပါးအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများအား မေးမြန်းရာတွင် ဆန်စပါး ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လွန်ခဲ့သော (၁၀) နှစ်တာ ကာလအတွင်း ကြုံတွေ့ရသော ကုန်သွယ်မှု အခြေအနေများ၊ ကုန်သွယ်မှုပြုလုပ်မည့်နိုင်ငံ (ဥပမာ-တရုတ်နိုင်ငံ) နှင့် GACC-SPS Protocol တစ်ခု အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရန် လိုအပ်သည့်အဆင့်များ သိရှိမှုအခြေအနေများ၊ GACC-SPS Protocol လက်မှတ်ရေးထိုးနိုင်ရေး လုပ်ဆောင်နိုင်ရန် ဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ ကြုံတွေ့ရသော အခက်အခဲများ၊ ထူးခြားမှုများနှင့် ကုန်သွယ်မှု လျင်မြန်လျော့မွေ့မှု လုပ်ဆောင်ချက်များ ပိုမိုအောင်မြင် စေရန် အကြံပြုလိုသည်များအား မေးမြန်းခဲ့ပါသည်။ ထို့ပြင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကဏ္ဍ အလိုက် ဆန်စပါးသီးနှံ၏ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ပို့ကုန်အလားအလာဆိုင်ရာနှင့် ပတ်သက်၍ လိုအပ် သည်များလည်း ဆွေးနွေးအကြံပြုခဲ့ကြပါသည်။

ဆန်စပါး တင်ပို့ရောင်းချသည့် ကုန်သည်များအား မေးမြန်းရာတွင် ကုန်သည်များ၏ လုပ်ငန်းအမျိုး အစား/ပုံစံများ၊ လုပ်ငန်းအတွေ့အကြုံနှင့် အဓိက တင်ပို့သော ကုန်ပစ္စည်းများစသည့် အကြောင်းအရာများ ကိုလည်း ကောက်ယူခဲ့ပါသည်။ ထို့ပြင် ကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်ခဲ့သည့် လွန်ခဲ့သော (၅) နှစ်တာကာလ အတွင်း ကုန်ပစ္စည်း ဝယ်ယူမှု၊ တင်ပို့မှု အခြေအနေများ၊ ကုန်ပစ္စည်းများ တင်ပို့ရာတွင် တွေ့ကြုံရသော အခြေအနေများကို ကုန်သည်များအား မေးမြန်းခဲ့ပါသည်။

အလားတူပင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရန် GACC Registration ပြုလုပ်ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲ၊ ဆောင်ရွက်သည့် နည်းလမ်းများ၊ ကုန်သွယ်မှုပြုလုပ်စဉ် ကြုံတွေ့ရသော အဓိက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနှင့် အနာဂါတ်တွင် တင်ပို့ရောင်းချမှု

ဆောင်ရွက်ရာတွင် ပို၍ကောင်းမွန် တိုးတက်လာစေရန် အကြံပေးလိုသည့် အချက်များအား ကောက်ယူခဲ့ပါသည်။ ထို့အပြင် အစေ့ထုတ်ပြောင်း သီးနှံများ ပြည်ပသို့တင်ပို့ရောင်းချရာတွင် တင်ပို့သည့် ကုန်ပစ္စည်းများ၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ဆန်ကုန်သည်များထံမှ ကောက်ယူခဲ့ပါသည်။

### ၃.၂.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် အချက်အလက်များ

ဆန်စပါးသီးနှံ သုတေသနအတွက် ရယူခဲ့သော ဆင့်ပွားအချက်အလက်များမှာ အာရှနိုင်ငံများမှ ဆန် (HSC: 1006) နှင့် ဆန်ကွဲ (HSC: 100640) တင်သွင်း (ဝယ်ယူ) သော နိုင်ငံများ၊ တင်ပို့သော နိုင်ငံများ၊ မြန်မာနိုင်ငံမှ အာရှနိုင်ငံများသို့ ဆန် (HSC: 1005) နှင့် ဆန်ကွဲ (HSC: 100640) တင်ပို့သော နိုင်ငံများ၊ အာရှနိုင်ငံများသို့ စုစုပေါင်းတင်ပို့မှု ပမာဏနှင့်တန်ဖိုး၊ ဆန်နှင့်ဆန်ကွဲ အဓိကတင်ပို့သော အာရှနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ ထုတ်လုပ်သည့် ပမာဏ၊ အထွက်နှုန်း၊ ပြည်တွင်းလက်ကားဈေးနှုန်း၊ FOB ဈေးနှုန်းများကို ရယူခဲ့ပါသည်။ ထို့အပြင် မြန်မာ့ဆန်နှင့် ဆန်ကွဲကို ဝယ်ယူသော နိုင်ငံများနှင့် အဓိက ဝယ်ယူသော နိုင်ငံများရှိ မြန်မာ့ဆန်နှင့်ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုးကို သိရှိနိုင်ရန် မြန်မာ့ဆန်နှင့်ဆန်ကွဲ ဝယ်ယူသော နိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်သွင်းမှု ပမာဏ၊ တန်ဖိုးနှင့် ၎င်းနိုင်ငံများသို့ မြန်မာနိုင်ငံနှင့်အပြိုင် တင်သွင်းသော အခြားနိုင်ငံများ၏ တင်သွင်းမှု ပမာဏနှင့် တန်ဖိုးများကိုလည်း ရယူခဲ့ပါသည်။

ထို့အပြင် Nominal Protection Rate (NPR) ကို တွက်ချက်နိုင်ရန်အတွက် မြန်မာ့ဆန်နှင့်ဆန်ကွဲကို အဓိကဝယ်ယူသော နိုင်ငံများသို့အရောက် တင်ပို့သည့် ဈေးနှုန်း (CIF Price) နှင့် ၎င်းနိုင်ငံများ၏ ပြည်တွင်းတွင် ရောင်းချသော ဆန်နှင့်ဆန်ကွဲ၏ လက်ကားဈေးနှုန်းများကိုလည်း ရယူခဲ့ပါသည်။ တစ်နှစ်အတွင်း ကုန်သွယ်မှုအလားအလာကို တွက်ထုတ်ရန်အတွက် မြန်မာ့ဆန်နှင့်ဆန်ကွဲကို ဝယ်ယူသောနိုင်ငံများ၊ မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့သည့် ပမာဏနှင့် တန်ဖိုး၊ မြန်မာ့ဆန်နှင့်ဆန်ကွဲကို ဝယ်ယူသောနိုင်ငံများ၏ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ဝယ်ယူသည့် ပမာဏနှင့်တန်ဖိုး စသည်တို့ကို ရယူခဲ့ပါသည်။ Revealed Comparative Advantage (RCA) ကို တွက်ထုတ်ရန်အတွက် ဆန်နှင့်ဆန်ကွဲ တင်ပို့သော အာရှနိုင်ငံများ၏ ကမ္ဘာ့ဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲတင်ပို့သည့် ပမာဏနှင့် တန်ဖိုး၊ ဆန်နှင့်ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများ၏ စုစုပေါင်း စိုက်ပျိုးရေးထွက်ကုန် တင်ပို့မှုပမာဏနှင့် တန်ဖိုး၊ ကမ္ဘာ့ဈေးကွက်ရှိ ဆန်နှင့်ဆန်ကွဲ ပမာဏနှင့် တန်ဖိုး၊ ကမ္ဘာ့ဈေးကွက်ရှိ စိုက်ပျိုးရေးထွက်ကုန် ပမာဏနှင့် တန်ဖိုး စသည်တို့ကို ရယူခဲ့ပါသည်။

### ၃.၂.၃။ ဆင့်ပွားအချက်အလက်များ၏ ဇာစ်မြစ်များ

ဆင့်ပွားအချက်အလက်များ ရယူရာတွင် အချက်အလက်များ အမှန်ကန်ဆုံး ဖြစ်စေရန်အတွက် ကုန်သွယ်မှု အချက်အလက်များ (trade data) အများဆုံးရယူနိုင်သော ဇာစ်မြစ် (source) များနှင့် စာတမ်းရေးသူများ အများဆုံး ကိုးကားကြသည့် ဇာစ်မြစ် (source) များမှ ရယူခဲ့ပါသည်။ သုတေသနအတွက် ဆန် (HSC: 1005) နှင့် ဆန်ကွဲ (HSC: 100640) ၏ တင်ပို့မှု/တင်သွင်းမှု ပမာဏ၊ တန်ဖိုး၊ ကုန်သွယ်မှုတန်ဖိုး ဆင့်ပွားအချက်အလက်များကို United Nations Commodity Trade Statistics (UN Comtrade) Database မှလည်းကောင်း၊ ဆန်နှင့်ဆန်ကွဲ ထုတ်လုပ်မှုပမာဏနှင့် အထွက်နှုန်းကို Food and Agriculture Organization Statistical (FAOSTAT) Database မှလည်းကောင်း၊ မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ

ထုတ်လုပ်မှုပမာဏနှင့် အထွက်နှုန်း အချက်အလက်များကို Central Statistical Organization (CSO) Database မှလည်းကောင်း၊ အာရှနိုင်ငံများ၏ တင်ပို့မှု/တင်သွင်းမှု စုစုပေါင်း ပမာဏနှင့် တန်ဖိုးများ၊ FOB တန်ဖိုးများကို International Trade Centre (ITC Trade Map) Database မှလည်းကောင်း၊ မြန်မာ နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် လက်လီဈေး၊ လက်ကားဈေး၊ FOB ဈေးနှုန်းများကို Myanmar Trade Promotion Organization (Myantrade) Database မှလည်းကောင်း၊ နိုင်ငံတကာ၏ ဆန်နှင့်ဆန်ကွဲ လက်ကားဈေးများ ကို Selinawamucii Database မှလည်းကောင်း အသီးသီးရယူခဲ့ပါသည် (ဇယား ၁၁)။

ဇယား (၁၁) ဆင့်ပွားအချက်အလက် (Secondary Data) များ ရယူခြင်း နှင့် ၎င်းတို့၏ ဇာစ်မြစ်များ

<table>
<tr><th>စဉ်</th><th>ရယူခဲ့သော အချက်အလက်များ</th><th>ရယူခဲ့သော ဇာစ်မြစ်များ</th></tr>
<tr><td>၁။</td><td>အာရှနိုင်ငံများမှ ဆန်နှင့်ဆန်ကွဲ တင်သွင်း (ဝယ်ယူ)သော နိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်သွင်းမှု ပမာဏနှင့် တန်ဖိုး</td><td rowspan="5">United Nations Commodity Trade Statistics (UN Comtrade) Database https://comtradeplus.un.org/<br>International Trade Centre (ITC Trade Map) Database https://www.trademap.org/</td></tr>
<tr><td>၂။</td><td>ဆန်နှင့်ဆန်ကွဲ တင်ပို့သော အာရှနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်ပို့မှု ပမာဏနှင့် တန်ဖိုး</td></tr>
<tr><td>၃။</td><td>မြန်မာနိုင်ငံမှ အာရှနိုင်ငံများသို့ ဆန် (HSC: ၁၀၀၆) နှင့် ဆန်ကွဲ (HSC: ၁၀၀၆၄၀) တင်ပို့သော နိုင်ငံများ</td></tr>
<tr><td>၄။</td><td>မြန်မာနိုင်ငံမှ အာရှနိုင်ငံများနှင့် ကမ္ဘာဈေးကွက်သို့ ဆန်နှင့် ဆန်ကွဲ စုစုပေါင်း တင်ပို့မှု ပမာဏနှင့် တန်ဖိုး</td></tr>
<tr><td>၅။</td><td>အာရှနိုင်ငံများမှ ကမ္ဘာ့ဈေးကွက်သို့ ပို့ကုန်များ တင်ပို့မှုပမာဏ နှင့် တန်ဖိုး</td></tr>
<tr><td>၆။</td><td>ဆန်နှင့် ဆန်ကွဲ အဓိကတင်ပို့သော အာရှနိုင်ငံများ၏ ဆန်နှင့် ဆန်ကွဲ ထုတ်လုပ်သည့် ပမာဏနှင့် အထွက်နှုန်း</td><td>Food and Agriculture Organization Statistical (FAOSTAT) Database https://www.fao.org/faostat/en /#data/QCL</td></tr>
<tr><td>၇။</td><td>မြန်မာနိုင်ငံ၏ ဆန်နှင့် ဆန်ကွဲ ထုတ်လုပ်သည့် ပမာဏနှင့် အထွက်နှုန်း</td><td>Central Statistical Organization (CSO) Database https://www.csostat.gov.mm/<br>Food and Agriculture Organization Statistical (FAOSTAT) Database https://www.fao.org/faostat/en/. #data/QCL</td></tr>
<tr><td>၈။</td><td>ဆန်နှင့်ဆန်ကွဲ တင်ပို့သော နိုင်ငံများ၏ ပြည်တွင်းလက်ကား ဈေးနှုန်းနှင့် FOB ဈေးနှုန်းများ</td><td rowspan="2">Selina Wamucii Prime Database https://www.selinawamucii.com/ -insights/prices/<br>Myanmar Trade Promotion Organization (Myantrade) Database https://myantrade.gov.mm/ https://myantrade.gov.mm/information-resources?resource_type_id= ၇&resource-_category_id=၁<br>Food and Agriculture Organization Statistical (FAOSTAT) Database https://fpma.fao.org/giews/fpmatç/#/dashboard/tool/domestic</td></tr>
<tr><td>၉။</td><td>မြန်မာ့ ဆန်နှင့်ဆန်ကွဲကို အဓိက ဝယ်ယူသော နိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ လက်ကားဈေးနှုန်းများ</td></tr>
<tr><td>၁၀။</td><td>မြန်မာ့ဆန်နှင့် ဆန်ကွဲ ဝယ်ယူသောနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်သွင်း မှု ပမာဏ၊ တန်ဖိုးနှင့် ၎င်းနိုင်ငံများသို့ မြန်မာနိုင်ငံနှင့် အပြိုင်တင်သွင်း သော အခြားနိုင်ငံများ၏ ဆန်နှင့်ဆန်ကွဲ တင်သွင်းမှုပမာဏနှင့် တန်ဖိုး</td><td rowspan="2">United Nations Commodity Trade Statistics (UN Comtrade) Database https://comtradeplus.un.org/TradeFlow<br>International Trade Centre (ITC Trade Map) Database https://www.trademap.org/</td></tr>
<tr><td>၁၁။</td><td>မြန်မာ့ဆန်နှင့်ဆန်ကွဲကို အဓိက ဝယ်ယူသော နိုင်ငံများသို့ အရောက်တင်ပို့သည့် ဈေးနှုန်း (CIF Price)</td></tr>
</table>

## ၃.၃။ တွက်ချက်သည့် နည်းလမ်းများ

### ၃.၃.၁။ မူရင်းအချက်အလက် (Primary data) များအား တွက်ချက်သည့် နည်းလမ်းများ

စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ အလယ်အလတ်အဆင့် အရာရှိများ၊ အရာရှိကြီးများ၊ နိုင်ငံအလိုက် စီးပွားရေးသံမှူးများ၊ ဆန်စပါးအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများနှင့် ဆန်ကုန်သည်များထံမှ ကောက်ယူရရှိခဲ့သော Qualitative data များကို သက်ဆိုင်ရာ ကဏ္ဍအလိုက်၊ ခေါင်းစဉ်အလိုက်ခွဲခြား၍ အစီရင်ခံစာ ရေးသားခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ကောက်ယူရရှိခဲ့သည့် Quantitative data များကို Microsoft Excel တွင် စာရင်းသွင်းခြင်း (Data Entry) နှင့် အတည်ပြုစိစစ်ခြင်း (Data Verification, Validation and Consistency Checking) တို့ပြုလုပ်၍ ဈေးနှုန်းများ၊ ပမာဏများ၊ ကိန်းဂဏန်းများကို Descriptive Analysis နည်းလမ်းကို အသုံးပြု၍ ရာခိုင်နှုန်းများ၊ အချက်အလက်တန်ဖိုးပြ ဇယားများ၊ ပုံများဖြင့် တွက်ချက်ခဲ့ပါသည်။

### ၃.၃.၂။ ဆင့်ပွားအချက်အလက် (Secondary data) များအား တွက်ချက်သည့် နည်းလမ်းများ

ဖော်ပြပါ သုတေသနရည်ရွယ်ချက်များကို ဆန်းစစ်တွက်ချက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများမှ ထုတ်ဝေပြီးသော စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သည့် မူဝါဒများ၊ ရင်းနှီးမြုပ်နှံမှုများ စသည့် အချက်အလက်များနှင့် တွက်ချက်လေ့လာခြင်း၊ ယခင်နှင့်ယခု စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ ကုန်ကျစရိတ်များ၊ ကုန်သွယ်မှုဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့်ယှဉ်ကာ ကုန်ပစ္စည်းအရည်အသွေးများ စသည်များကို ယှဉ်ပြိုင်ဆန်းစစ်တွက်ချက်ခြင်း (Competitive analysis) တို့ကို တွက်ချက်လေ့လာခဲ့ပါသည်။ သုတေသနတွင် Nominal Protection Rate (NPR) တွက်ချက်ခြင်း၊ ပို့ကုန်အလားအလာများ (Trade Potential) တွက်ချက်ခြင်း ၊ Revealed Comparative Advantage (RCA) တွက်ချက်ခြင်းနှင့် SWOC Analysis စသည့် နည်းလမ်းများဖြင့် တွက်ချက်လေ့လာခဲ့ပါသည်။

#### ဈေးနှုန်းယှဉ်ပြိုင်မှုနှင့် လိုအပ်သည့်အချက်အလက်များ

သုတေသနတွင် ဈေးနှုန်းယှဉ်ပြိုင်မှု၊ တန်ဖိုးယှဉ်ပြိုင်နိုင်မှုသည် ကုန်ပစ္စည်းတစ်ခု၏ ပြည်တွင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့် တူညီ သို့မဟုတ် လျော့နည်းသည့် အရည်အသွေးစံနှုန်း၊ ထုတ်လုပ်မှု စသည်ဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ Pm သည် တင်သွင်းသည့်နိုင်ငံမှ အခြားဝယ်ယူသောနိုင်ငံသို့အရောက် ထွက်ကုန်တင်ပို့သည့် ဈေးနှုန်း (CIF Price) ဖြစ်ပြီး Pw သည် ထွက်ကုန်ဝယ်ယူသည့် နိုင်ငံ၏ ပြည်တွင်းလက်ကားဈေးနှုန်း (Wholesale Price) ဖြစ်ပါသည်။

$$Pm \leq Pw$$

Nominal Protection Rate (NPR) သည် Free market price ဖြစ်ပြီး တင်သွင်းသည့်နိုင်ငံမှ အခြားဝယ်ယူသောနိုင်ငံသို့အရောက် ထွက်ကုန်တင်ပို့သည့် ဈေးနှုန်း (CIF Price) (Pm) နှင့် ထွက်ကုန်ဝယ်ယူသည့် နိုင်ငံ၏ ပြည်တွင်းလက်ကားဈေးနှုန်း (Wholesale Price) (Pw) တို့ ပိုင်းခြားခြင်းဖြင့် ရရှိလာသော တန်ဖိုးဖြစ်သည်။ Nominal Protection Rate (NRP) ကို ဖော်ပြပါ ဖော်မြူလာနှင့် တွက်ချက်နိုင်ပါသည်။

**NPR = Pm / Pw**

Nominal Protection Rate (NPR) သည် အစိုးရမူဝါဒများ လွှမ်းမိုးမှုကြောင့် ကုန်ပစ္စည်းများ၏ ပြည်တွင်းဈေးကွက်များ သက်ရောက်မှုရှိပါသည်။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းတစ်ခု၏ Nominal Protection Rate (NPR) သည် (၁) နှင့် ညီမျှသည် (သို့) (၁) ထက်ငယ်နေလျှင် ကုန်ပစ္စည်း၏ ထုတ်လုပ်မှုသည် ယှဉ်ပြိုင်စွမ်းရှိသည်ဟု ဖော်ပြနိုင်ပါသည်။

**ပို့ကုန်အလားအလာ**

တင်ပို့မှုအလားအလာသည် နိုင်ငံ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ပို့ကုန်များနှင့် တွဲဖက်နိုင်ငံ၏ တစ်ကမ္ဘာလုံးဆိုင်ရာ တင်သွင်းမှုများအကြား အနည်းဆုံးတန်ဖိုးမှ နှစ်နိုင်ငံအကြား အမှန်တကယ် ကုန်သွယ်မှုအား တွက်ချက်ခြင်း ဖြစ်ပါသည်။ တစ်နှစ်အတွင်း ကုန်သွယ်မှု အလားအလာကိုသိလိုလျှင် ဖော်ပြပါ ဖော်မြူလာနှင့် တွက်ချက်နိုင်ပါသည်။

Trade Potential for a year = minimum (country 's global exports, partner country's global imports) – actual trade

**ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (Revealed Comparative Advantage - RCA)**

ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်ကို တွက်ချက်ရန်အတွက် နိုင်ငံ၏ သတ်မှတ်ထားသော ထွက်ကုန်တင်ပို့သည့် ပမာဏ၊ ၎င်းနိုင်ငံ၏ စုစုပေါင်းပို့ကုန်များ တင်ပို့သည့်ပမာဏ၊ ကမ္ဘာ့ဈေးကွက်ရှိ သတ်မှတ်ပို့ကုန် စုစုပေါင်း တင်ပို့သည့်ပမာဏနှင့် ကမ္ဘာ့စုစုပေါင်း ပို့ကုန်တင်ပို့သည့်ပမာဏတို့ သိရှိရန် လိုအပ်ပါသည်။ Revealed Comparative Advantage (RCA) ကို ဖော်ပြပါ ဖော်မြူလာဖြင့် တွက်ချက်နိုင်ပါသည်။

$$RCA_{Ai} = \frac{\frac{X_{Ai}}{\sum_{j\epsilon P} X_{Ai}}}{\frac{X_{Wi}}{\sum_{j\epsilon P} X_{Wi}}}$$

P = ထုတ်ကုန်အားလုံး၏ အစု

$X_{Ai}$ = နိုင်ငံ A ၏ ပို့ကုန် i တင်ပို့သည့် ပမာဏ

Xwi = ကမ္ဘာ့ဈေးကွက်ရှိ ပို့ကုန် i စုစုပေါင်း တင်ပို့သည့် ပမာဏ

$\sum_{j\epsilon P} X_{Ai}$ = နိုင်ငံ A ၏ စုစုပေါင်း ပို့ကုန် တင်ပို့သည့် ပမာဏ

$\sum_{j\epsilon P} X_{Wi}$ = ကမ္ဘာ့စုစုပေါင်း ပို့ကုန် တင်ပို့သည့် ပမာဏ

မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ နှိုင်းယှဉ်အားသာချက် Revealed Comparative Advantage (RCA) ဖော်မြူလာမှာ

RCA = (မြန်မာနိုင်ငံ၏ ဆန်တင်ပို့သည့် ပမာဏ/ မြန်မာနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တင်ပို့သည့် ပမာဏ)/ (ကမ္ဘာ့ဈေးကွက်ရှိ ဆန်တင်ပို့သည့် ပမာဏ/ ကမ္ဘာ့စုစုပေါင်း ပို့ကုန်တင်ပို့သည့် ပမာဏ)

RCA = (မြန်မာနိုင်ငံ၏ ဆန်ကွဲတင်ပို့သည့် ပမာဏ/ မြန်မာနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တင်ပို့သည့် ပမာဏ)/ (ကမ္ဘာ့ဈေးကွက်ရှိ ဆန်ကွဲတင်ပို့သည့် ပမာဏ/ ကမ္ဘာ့စုစုပေါင်း ပို့ကုန်တင်ပို့သည့် ပမာဏ)

| | | |
|---|---|---|
| ယူဆချက် (၁) | 0 < RCA ≤ 1 | နှိုင်းယှဉ် အားသာချက် မရှိပါ။ |
| ယူဆချက် (၂) | 1 < RCA ≤ 2 | နှိုင်းယှဉ် အားသာချက် အားနည်းခြင်း |
| ယူဆချက် (၃) | 2 < RCA ≤ 4 | အလယ်အလတ် နှိုင်းယှဉ် အားသာချက် |
| ယူဆချက် (၄) | 4 < RCA | ခိုင်မာသော နှိုင်းယှဉ်အားသာချက် |

**SWOC analysis ဖြင့် ထုတ်ကုန်ယှဉ်ပြိုင်နိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ လေ့လာခြင်း**

ထုတ်ကုန်ယှဉ်ပြိုင်နိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ လေ့လာခြင်းနှင့် ပတ်သက်၍ သုတေသနတွင် ကနဦးကောက်ယူခဲ့သော အချက်အလက်များဖြင့် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ထည့်သွင်းတွက်ချက်မည် ဖြစ်ပါသည်။ SWOC analysis တွင် ထည့်သွင်းတွက်ချက်မည့် အချက်အလက်များကို ပြန်လည်စီစဉ်ပြီး ဆုံးဖြတ်ချက်ချခြင်းဖြင့် မဟာဗျူဟာဆိုင်ရာ ရွေးချယ်စရာများကို ခွဲခြားဖော်ပြသည်။

(၁) **အားသာချက်-အခွင့်အရေး နည်းဗျူဟာများ (S-O)**

နည်းဗျူဟာများ၏ အားသာချက်များသည် ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများကို အများဆုံးရရှိစေရန်အတွက် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၂) **အားသာချက်-စိန်ခေါ်မှု နည်းဗျူဟာများ (S-T)**

နည်းဗျူဟာများ၏ အားသာချက်များသည် ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများကို လျော့နည်းနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၃) **အားနည်းချက်-အခွင့်အရေး နည်းဗျူဟာများ (W-O)**

နည်းဗျူဟာများ၏ အားနည်းချက်များအပေါ် အခြေခံပြီး ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော အခွင်အရေးများကို ရရှိနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၄) **အားနည်းချက်-စိန်ခေါ်မှု နည်းဗျူဟာများ (W-C)**

နည်းဗျူဟာများ၏ အားနည်းချက်များအပေါ် အခြေခံပြီး ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများကို ရရှိနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

## ၃.၄။ သုတေသနအဖွဲ့ဝင်များ

ယခု သုတေသနကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီမြင့် ဦးဆောင်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားဌာနမှ ကျွမ်းကျင်ပညာရှင်များဖြစ်သော တွဲဖက်ပါမောက္ခ ဒေါက်တာဟန်နီလင်းလင်း၊ ကထိက ဦးစိုးခိုင်နှင့် အဖွဲ့တို့က စီမံကိန်းတာဝန်ခံနှင့် စီမံကိန်းအဖွဲ့ဝင်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

## ၃.၅။ သုတေသနဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်ကာလ

သုတေသနဆောင်ရွက်ချက်များနှင့် လုပ်ငန်းများအလိုက် ဆောင်ရွက်သည့်ကာလမှာ ဇယား (၁၂) ပါအတိုင်း ဖြစ်ပါသည်။

ဇယား (၁၂) သုတေသနဆောင်ရွက်ချက်များ ဆောင်ရွက်သည့် ကာလ

| လုပ်ငန်းစဉ်များ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် | | | | | | | | | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ရေထွက်ပစ္စည်း၊ ဖရဲသီး လုပ်ငန်းအစီအစဉ်၊ သုတေ သနဒီဇိုင်း၊ conceptual framework နှင့် သုတေသန နည်းလမ်း (Methodology) အတည်ပြုခြင်း | ■ | ■ | | | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ အချက်အလက် များစုဆောင်းခြင်း၊ ပြုစုခြင်း၊ ကိန်းဂဏန်းများ၊ ကောက်ယူခြင်းနှင့် စုစည်းခြင်း | | ■ | ■ | | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ ကိန်း ဂဏန်းအချက်အလက်များအား ထည့်သွင်းခြင်း၊ စိစစ်ခြင်း၊ တွက်ချက်ခြင်းနှင့် သုံးသပ်ခြင်း | | | ■ | ■ | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ သုတေသန အစီရင်ခံစာ (မူကြမ်း) အား စီမံကိန်း အကောင် အထည်ဖော်မည့် လုပ်ငန်းအဖွဲ့သို့ ရှင်းလင်း တင်ပြခြင်း၊ သဘောထား မှတ်ချက်များနှင့်အညီ ပြန်လည် ပြင်ဆင်ခြင်း၊ အတည်ပြုချက် ရယူခြင်း | | | | | ■ | ■ | ■ | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ သုတေသန အစီရင်ခံစာ (final) နှင့် အတူ hard copy နှင့် soft copy များ၊ software နှင့် Advanced Microsoft Office Excel အသုံးပြုခဲ့သော Data Sheet များကို ပူးတွဲ၍ အပ်နှံခြင်း | | | | | | | | ■ | ■ | ■ | | | | | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ အချက်အလက်များ စုဆောင်းခြင်း၊ ပြုစုခြင်း၊ ကိန်းဂဏန်းများ၊ ကောက်ယူခြင်းနှင့် စုစည်းခြင်း | | | | | | | | | | | ■ | ■ | ■ | | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ ကိန်းဂဏန်း အချက်အလက်များအား ထည့်သွင်းခြင်း၊ စိစစ်ခြင်း၊ တွက်ချက်ခြင်းနှင့် သုံးသပ်ခြင်း | | | | | | | | | | | | ■ | ■ | ■ | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ သုတေသန အစီရင်ခံစာ (မူကြမ်း) အား စီမံကိန်း အကောင် အထည်ဖော်မည့် လုပ်ငန်းအဖွဲ့သို့ ရှင်းလင်း တင်ပြခြင်း၊ သဘောထားမှတ်ချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း၊ အတည်ပြုချက် ရယူခြင်း | | | | | | | | | | | | | ■ | ■ | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ သုတေသန အစီရင်ခံစာ (final) နှင့်အတူ hard copy နှင့် soft copy များ၊ software နှင့် Advanced Microsoft Office Excel အသုံးပြုခဲ့သော Data Sheet များကို ပူးတွဲ၍ အပ်နှံခြင်း | | | | | | | | | | | | | | | ■ | ■ |

# ၄။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ခြုံငုံသုံးသပ်ချက်များ

## ၄.၁။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုဆိုင်ရာ တွက်ချက်မှုများ

မြန်မာနိုင်ငံ၏ ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နှစ်အလိုက် စပါးစိုက်ပျိုးထုတ်လုပ်မှု အနေအထား နှင့် ဆန်ထုတ်လုပ်မှုကို ဇယား (၁၃) တွင် ဖော်ပြထားပါသည်။ စပါးစိုက်ဧရိယာမှာ နှစ်စဉ်ဟက်တာ (၇) သန်း ခန့်စိုက်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဟက်တာ (၇.၅၉) သန်းဖြင့် အများဆုံးစိုက်ပျိုးခဲ့ကြောင်း တွေ့ရပါသည်။ ထို့နောက် နှစ်အလိုက် စိုက်ပျိုးဧရိယာ အတက်အကျရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဟက်တာ (၆.၉၆) သန်းအထိ သိသိသာသာ ကျဆင်းခဲ့ပါသည်။ သို့သော်လည်း ၂၀၂၁-၂၀၂၂ မှစ၍ စိုက်ပျိုးဧရိယာ ပြန်လည် မြင့်တက်ခဲ့ပါသည်။ အထွက်နှုန်းများသည် နှစ်အလိုက် သိသာစွာ ပြောင်းလဲခြင်းမျိုးမရှိဘဲ တစ်ဟက်တာ လျှင် ပျမ်းမျှ (၄) တန်ခန့် (၈၀ တင်း/ဧကခန့်) ထွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း စပါး အထွက်နှုန်း အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် (၃.၈၇) တန်သို့ ကျဆင်းခဲ့ပါသည်။ သို့သော် ၂၀၂၁-၂၀၂၂ ခုနှစ်မှစ၍ စပါးအထွက်နှုန်း ပြန်လည်မြင့် တက်လာခဲ့ပါသည်။ အထွက်တန်ပေါင်းအနေဖြင့် ထင်ရှား စွာ တက်ကျခြင်းမရှိဘဲ နှစ်စဉ် စပါးတန်ချိန် (၂၈) သန်းခန့် ထုတ်လုပ်လျက်ရှိသည် (ဇယား ၁၃)။

ဇယား (၁၃) မြန်မာနိုင်ငံမှ နှစ်စဉ်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ (၂၀၁၁-၂၀၁၂ မှ ၂၀၂၂-၂၀၂၃ ထိ)

| နှစ် | စိုက်ပျိုးဧရိယာ ဟက်တာ(သန်း) | ရိတ်သိမ်းဧယာ ဟက်တာ(သန်း) | အထွက်နှုန်း (တန်/ ဟက်တာ) | အထွက် တန်ပေါင်း (သန်း) |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ | ၇.၅၉ | ၇.၅၀ | ၃.၈၃ | ၂.၈၇ |
| ၂၀၁၂-၂၀၁၃ | ၇.၂၄ | ၇.၂၂ | ၃.၈၄ | ၂.၇၇ |
| ၂၀၁၃-၂၀၁၄ | ၇.၂၈ | ၇.၂၆ | ၃.၉၀ | ၂.၈၃ |
| ၂၀၁၄-၂၀၁၅ | ၇.၁၇ | ၇.၁၅ | ၃.၉၄ | ၂.၈၂ |
| ၂၀၁၅-၂၀၁၆ | ၇.၂၁ | ၇.၁၀ | ၃.၉၄ | ၂.၈၂ |
| ၂၀၁၆-၂၀၁၇ | ၇.၁၆ | ၇.၀၆ | ၃.၉၁ | ၂.၇၇ |
| ၂၀၁၇-၂၀၁၈ | ၇.၂၆ | ၇.၁၇ | ၃.၉၂ | ၂.၈၁ |
| ၂၀၁၈-၂၀၁၉ | ၇.၂၂ | ၇.၁၅ | ၃.၉၂ | ၂.၈၀ |
| ၂၀၁၉-၂၀၂၀ | ၇.၀၀ | ၆.၉၂ | ၃.၈၆ | ၂.၆၇ |
| ၂၀၂၀-၂၀၂၁ | ၆.၉၆ | ၆.၈၃ | ၃.၈၇ | ၂.၆၄ |
| ၂၀၂၁-၂၀၂၂ | ၇.၀၅ | ၇.၀၄ | ၃.၉၀ | ၂.၇၄ |
| ၂၀၂၂-၂၀၂၃ | ၇.၁၀ | ၇.၀၉ | ၃.၉၅ | ၂.၇၉ |

ဓာတ်မြစ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၂

မြန်မာနိုင်ငံ၏ ပြည်နယ်များနှင့် ဒေသများတွင် ဆန်စပါးကို စိုက်ပျိုးနိုင်ပြီး မြန်မာနိုင်ငံရှိ ဆန်စပါး စိုက်ပျိုးသူများ စိုက်ပျိုးရာတွင် ကောက်စိုက်စနစ်နှင့် တိုက်ရိုက်အစေ့ချနည်းလမ်းများကို အများစု အသုံးပြု လျက် ရှိပါသည်။ ကောက်စိုက်စနစ်သည် တိုက်ရိုက်အစေ့ချနည်းလမ်းထက် အထွက်နှုန်းရရှိမှု များပြား

စေနိုင်သော်လည်း ၎င်းသည် လုပ်အားလိုအပ်မှု ပိုမိုများပြားသည်။ ဆန်စပါးစိုက်ပျိုးခြင်းသည် လုပ်အားလိုအပ်မှု များပြားသော စိုက်ပျိုးမှုဖြစ်ပြီး လုပ်အားအသုံးပြုမှုသည် စိုက်ပျိုးနည်းလမ်းနှင့် စိုက်ပျိုးမှုလုပ်ငန်းစဉ်များ အလိုက်ကွဲပြားမှုရှိသည် (Chan Myae Lwin၊ ၂၀၁၂)။

ဇယား (၁၄) သည် နေပြည်တော်ကောင်စီနယ်မြေရှိ စပါးစိုက်ဧရိယာများပြားသည့် လယ်ဝေး၊ တပ်ကုန်းနှင့် ဇေယျာသီရိမြို့နယ်များမှ ၂၀၂၂-၂၀၂၃ မိုးစပါးစိုက်ပျိုး ထုတ်လုပ်ခြင်းအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ပြန်ရချက်များကို တောင်သူများ တွင်ကျယ်စွာအသုံးပြုသည့် စိုက်ပျိုးနည်းစနစ်များအလိုက် ဆန်းစစ်လေ့လာခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အစိုကြဲပက်နှင့် အခြောက်ကြဲပက်စိုက်ပျိုးနည်း၊ တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးနည်း၊ ကောက်စိုက်စက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးနည်းနှင့် လုပ်သားအသုံးပြု ရွှေ့ပြောင်းစိုက်ပျိုးနည်းများ အသုံးပြုလျက်ရှိသည့် စပါးစိုက်တောင်သူစုစုပေါင်း (၁၅၂) ဦးကို လေ့လာခဲ့ရာတွင် တောင်သူများသည် မည်သည့် စိုက်ပျိုးနည်းစနစ်ကို အသုံးပြုသည်ဖြစ်စေ စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ်ရရှိသည်ကို တွေ့ရှိရပါသည်။ ကောက်စိုက်စက်နှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာအသုံးပြု စိုက်ပျိုးသည့်တောင်သူများတွင် အခြားစိုက်နည်းစနစ်များ အသုံးပြုသည့် တောင်သူများထက် အကျိုးအမြတ်ပြန်ရချက်အချိုးများသည် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

ဇယား (၁၄) နေပြည်တော်ကောင်စီနယ်မြေရှိ စပါးစိုက် တောင်သူများ၏ မိုးစပါး စိုက်ပျိုးနည်းစနစ် အမျိုးမျိုး၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး

| စိုက်ပျိုးထုတ်လုပ်ခြင်းနည်းစနစ်များ | နမူနာ အရေအတွက် | အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး |
|---|---|---|
| လုပ်အားအသုံးပြု၍ ကောက်စိုက်စနစ်ဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်း | N=19 | ၁.၉၆ |
| ကောက်စိုက်စက် အသုံးပြု၍ စပါးစိုက်ပျိုးထုတ်လုပ်ခြင်း | N=35 | ၂.၄၀ |
| တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်း | N=57 | ၂.၃၇ |
| အခြောက်စိုက်နည်း စနစ်ဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်း | N=35 | ၁.၈၃ |
| အစိုကြဲစိုက်နည်းစစ်ဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်း | N=56 | ၁.၃၈ |

ဇာစ်မြစ်။ Aye Moe San၊ Yee Mon Aung၊ ၂၀၂၄

ကောက်စိုက်စက်နှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးသည့် တောင်သူများတွင် အခြားစိုက်နည်းစနစ်များ အသုံးပြုသည့် တောင်သူများထက် မျိုးစေ့နှုန်းထားအသုံးပြုမှု နည်းပါးခြင်းအပြင် စုစုပေါင်း စပါးအထွက်နှုန်း များပြားခြင်း၊ လုပ်သားအသုံးပြုမှုမှ ပြန်ရချက်များ၊ အသုံးပြုသည့် လုပ်သားစွမ်းရည်များ၊ စုစုပေါင်း စရိတ်ရှင်အပေါ် ပြန်ရချက်၊ စုစုပေါင်း ငွေသားစရိတ်ရှင်အပေါ် ပြန်ရချက်၊ ငွေသားစရိတ်ရှင်မှ အကျိုးအမြတ် ပြန်ရချက်အချိုးနှင့် စုစုပေါင်းစရိတ်ရှင်မှ အကျိုးအမြတ် ပြန်ရချက်အချိုးများသည် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လယ်ယာသုံးစက်ကိရိယာများ ပြောင်းလဲအသုံးပြုလာသည့် စိုက်ပျိုးနည်းစနစ်များသည် တောင်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေသည့် ရလဒ်ကောင်းများ ရရှိစေနိုင်သည့်အတွက် စပါးစိုက်ပျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတွင် လယ်ယာသုံးစက်ကိရိယာ အသုံးပြုမှုများ ပိုမိုအားကောင်းလာစေရန် အသိပညာများဝေမျှပေးခြင်း၊ တောင်သူပညာပေးအစီအစဉ်များ ပြုလုပ်ပေးခြင်းနှင့်

စက်ကိရိယာများ လွယ်လင့်တကူရရှိစေနိုင်မည့် အခြေအနေများ ဖန်တီးပေးခြင်း စသည်တို့ကို အားပေးလုပ်ဆောင်သင့်ပါသည် (Aye Moe San၊ Yee Mon Aung၊ ၂၀၂၄)။

မြန်မာနိုင်ငံသည် စပါးကို နွေစပါး၊ မိုးစပါးဟူ၍ရာသီ နှစ်ရာသီဖြင့် စိုက်ပျိုးကြပြီး မိုးစပါးစိုက်ပျိုးမှုမှာ ပိုမိုများပြားပါသည်။ မိုးစပါးသည် သဘာဝအတိုင်း မိုးရေကိုသာ အားထား၍ စိုက်ပျိုးရသည့်အတွက် နွေစပါးနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်း ပိုမိုနည်းပါးပြီး နွေစပါးမှာမူ အပင်လိုအပ်သည့်အချိန်တွင် ဆည်ရေသို့မဟုတ် သွင်းရေ တစ်မျိုးမျိုးသွင်းကာ စိုက်ပျိုးရခြင်းကြောင့် မိုးစပါးနှင့်နှိုင်းယှဉ်ပါက အထွက်နှုန်း ပိုမိုမြင့်မားပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် မတူညီသော စိုက်ပျိုးစနစ်များသည် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို များစွာသက်ရောက်နေကြောင်း ဖော်ပြထားပါသည် (ဇယား ၁၅)။ ကြဲပက်စိုက်ပျိုးမှုစနစ်သည် အမြတ် (၃၅၃,၄၀၀) ကျပ်နှင့် အကျိုးအမြတ်ပြန်ရချက်အချိုး (၁.၇၇) ဖြင့် အမြတ်အစွန်း အများဆုံးဖြစ်ပြီး ကုန်ကျစရိတ်မှာလည်း စိုက်နည်း (၃) မျိုးထဲတွင် ဒုတိယအနည်းဆုံး ဖြစ်ပါသည်။

ရွှေ့ပြောင်းစိုက်ပျိုးမှုစနစ်တွင် ကုန်ကျစရိတ်မှာ (၄၉၀,၅၀၀) ကျပ်ရှိပြီး ကုန်ကျစရိတ် အမြင့်ဆုံးနှင့် ပြန်ရချက်မှာ အနည်းဆုံးဖြစ်သောကြောင့် အမြတ် (၆၉,၅၀၀) ကျပ်သာ ရရှိနိုင်ပြီး အကျိုးအမြတ် ပြန်ရချက်အချိုးမှာ (၁.၁၄) ဖြစ်ပါသည်။ တိုက်ရိုက်မျိုးစေ့ချစနစ်သည် အမြတ် (၂၄၇,၆၈၀) ကျပ်နှင့် အကျိုးအမြတ်ပြန်ရချက်အချိုးမှာ (၁.၈၄) ဖြင့် စိုက်နည်းစနစ် (၃)မျိုးထဲတွင် အမြတ်အများဆုံး စိုက်နည်းစနစ် ဖြစ်ပါသည်။ ၎င်းသည် အခြားစိုက်နည်းစနစ်များနှင့် နှိုင်းယှဉ်ပါက လုပ်သားကုန်ကျစရိတ် အနည်းဆုံးနှင့် ပြန်ရချက် ဒုတိယအနည်းဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ကုန်ကျစရိတ်နှင့် အကျိုးအမြတ် နှစ်မျိုးလုံးကို ထည့်သွင်းစဉ်းစားသောအခါတွင် တိုက်ရိုက်မျိုးစေ့ချစနစ်သည် မိုးစပါးစိုက်ပျိုးမှုအတွက် အကောင်းဆုံးဖြစ်ပါသည် (ဇယား ၁၅)။

ဇယား (၁၅) နေပြည်တော်ကောင်စီနယ်မြေရှိ စပါးစိုက် တောင်သူများ၏ မိုးစပါး စိုက်ပျိုးနည်းစနစ်အမျိုးမျိုး၏ ကုန်ကျစရိတ် (ကျပ်) နှင့် အကျိုးအမြတ် ပြန်ရချက်အချိုး

| စဉ် | အမျိုးအစား | ကြဲပက် စိုက်နည်းစနစ် | ရွှေ့ပြောင်း စိုက်နည်းစနစ် | တိုက်ရိုက်မျိုးစေ့ ချနည်းစနစ် |
|---|---|---|---|---|
| ၁ | မိသားစုလုပ်သားကုန်ကျစရိတ် | ၄၂,၀၀၀ | ၈၄,၀၀၀ | ၄၂,၀၀၀ |
| ၂ | အငှားလုပ်သားကုန်ကျစရိတ် | ၁၉၃,၀၀၀ | ၂၃၂,၂၀၀ | ၂၀၀,၀၀၀ |
| ၃ | သွင်းအားစုကုန်ကျစရိတ် | ၂၄၅,၀၀၀ | ၁၇၄,၅၀၀ | ၂၃၅,၀၀၀ |
| ၄ | စုစုပေါင်းကုန်ကျစရိတ် | ၄၈၀,၀၀၀ | ၄၉၀,၅၀၀ | ၄၇၇,၀၀၀ |
| ၅ | ပြန်ရချက် | ၈၃၃,၄၀၀ | ၅၆၀,၀၀၀ | ၇၂၄,၆၈၀ |
| ၆ | အကျိုးအမြတ် | ၃၅၃,၄၀၀ | ၆၉,၅၀၀ | ၂၄၇,၆၈၀ |
| ၇ | အကျိုးအမြတ် ပြန်ရချက်အချိုး | ၁.၇၇ | ၁.၁၄ | ၁.၈၄ |

ဓာတ်မြစ်။ Agriculture in Brief၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃

နွေစပါးစိုက်ပျိုးရာတွင် မတူညီသော စိုက်ပျိုးစနစ်များသည် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို များစွာသက်ရောက်နေကြောင်း ဖော်ပြထားပါသည်။ ကြဲပက်စိုက်ပျိုးမှုစနစ်သည် ပြန်ရချက် အများဆုံး

ဖြစ်သော်လည်း ကုန်ကျစရိတ်မှာလည်း အမြင့်ဆုံး ဖြစ်နေသည်။ သို့ဖြစ်ပါ၍ အကျိုးအမြတ်ပြန်ရချက်အချိုး (၂.၆၅) ဖြင့် ဒုတိယအမြတ်အစွန်း အများဆုံးဖြစ်ပြီး ရွှေ့ပြောင်းစိုက်ပျိုးမှုစနစ်မှာ ကုန်ကျစရိတ် (၄၉၆,၀၀၀) ကျပ်ဖြင့် အများဆုံးဖြစ်ပြီး အခြားစိုက်ပျိုးနည်းစနစ်နှင့် နှိုင်းယှဉ်ပါက အမြတ် (၁၄၉,၀၀၀) ကျပ်၊ အကျိုးအမြတ်ပြန်ရချက်အချိုးမှာ (၁.၃၀) ဖြင့် အမြတ်အနည်းဆုံး စိုက်နည်းစနစ်ဖြစ်ပါသည်။ တိုက်ရိုက်မျိုးစေ့ချစနစ်သည် ကုန်ကျစရိတ်အနည်းဆုံးဖြစ်ပြီး ပြန်ရချက်မှာ အမြတ် (၁၃၂၄,၂၀၀) ကျပ်နှင့် အကျိုးအမြတ်ပြန်ရချက်အချိုးမှာ (၂.၇၁) ဖြစ်ပြီး အကျိုးအမြတ်ပြန်ရချက်အချိုး အများဆုံး ဖြစ်ပါသည်။ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် နှစ်မျိုးလုံးကို ထည့်သွင်းစဉ်းစားသောအခါတွင် တိုက်ရိုက်မျိုးစေ့ချနည်းစနစ်သည် နွေစပါးစိုက်ပျိုးမှုအတွက် အကောင်းဆုံးဖြစ်ပါသည် (ဇယား ၁၆)။

ဇယား (၁၆) နွေစပါးစိုက်ပျိုးထုတ်လုပ်ခြင်း၏ ကုန်ကျစရိတ် (ကျပ်) နှင့် အကျိုးအမြတ်ပြန်ရချက်အချိုး (၂၀၂၂-၂၀၂၃)

| စဉ် | အမျိုးအစား | ကြဲပက်စိုက်နည်းစနစ် | ရွှေ့ပြောင်းစိုက်နည်းစနစ် | တိုက်ရိုက်မျိုးစေ့ချစိုက်နည်းစနစ် |
|---|---|---|---|---|
| ၁ | မိသားစုလုပ်သားကုန်ကျစရိတ် | ၁၀၃,၀၀၀ | ၈၄,၀၀၀ | ၁၁၀,၀၀၀ |
| ၂ | အငှားလုပ်သားကုန်ကျစရိတ် | ၂၁၄,၀၀၀ | ၂၂၆,၀၀၀ | ၂၂၈,၀၀၀ |
| ၃ | သွင်းအားစုကုန်ကျစရိတ် | ၂၁၈,၅၀၀ | ၁၂၅,၀၀၀ | ၁၅၁,၀၀၀ |
| ၄ | စုစုပေါင်းကုန်ကျစရိတ် | ၅၃၅,၅၀၀ | ၄၉၆,၀၀၀ | ၄၈၉,၀၀၀ |
| ၅ | ပြန်ရချက် | ၁၄၁၉,၁၅၀ | ၆၄၅,၀၀ | ၁၃၂၄,၂၀၀ |
| ၆ | အကျိုးအမြတ် | ၈၈၃,၆၅၀ | ၁၄၉,၀၀၀ | ၈၃၅,၂၀၀ |
| ၇ | အကျိုးအမြတ် ပြန်ရချက်အချိုး | ၂.၆၅ | ၁.၃၀ | ၂.၇၁ |

ဇာစ်မြစ်။ Agriculture in Brief ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃

## ၄.၂။ အဓိက စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

မြန်မာနိုင်ငံတွင် မြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်းခြောက်သွေ့ဒေသ၊ ကမ်းရိုးတန်းဒေသနှင့် တောင်တန်းဒေသဟူ၍ ဂေဟဗေဒဇုန်များအလိုက် စပါးစိုက်ပျိုးသောဒေသများကို ခွဲခြားသတ်မှတ်နိုင်သည်။ အဓိက စပါးစိုက်ပျိုးသော မြစ်ဝကျွန်းပေါ်ဒေသတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ပါဝင်ပြီး အပူပိုင်း ခြောက်သွေ့ဒေသတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ ပါဝင်ပါသည်။ ကမ်းရိုးတန်းဒေသတွင် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ပါဝင်ပြီး တောင်တန်းဒေသသည် အထက်ပါဒေသများ၌ မပါဝင်သောဒေသများ ဖြစ်ကြပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်၏ ဂေဟဗေဒဇုန်လေးခုရှိ ဒေသတစ်ခုချင်းစီအတွက် ရာသီအလိုက် စပါးစိုက်ပျိုးဧရိယာ၊ အထွက်နှုန်းနှင့် ထုတ်လုပ်မှုကို ဇယား (၁၇) တွင် ဖော်ပြထားပါသည်။ ဂေဟဗေဒဇုန်များအနက် မြစ်ဝကျွန်းပေါ်ဇုန်သည် ရာသီနှစ်မျိုးလုံးတွင် စပါးစိုက်ပျိုးမှု အများဆုံးဒေသဖြစ်ပါသည်။ မိုးရာသီအတွင်း ခြောက်သွေ့ဇုန်တွင် စပါးအထွက်နှုန်း အမြင့်ဆုံးဖြစ်ပြီး နွေရာသီအတွင်း မြစ်ဝကျွန်းပေါ်ဒေသတွင် အထွက်နှုန်း အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ သို့သော် ဂေဟဗေဒဇုန်များ

အနက် ကမ်းရိုးတန်းဒေသများ၏ ဆန်စပါးထုတ်လုပ်မှုမှာ အနိမ့်ဆုံးဖြစ်ပါသည် (Theingi Myint၊ ၂၀၁၈)။ မိုးစပါးနှင့် နွေစပါးနှစ်မျိုးလုံးကို ဟက်တာပေါင်း (၃.၇၉) သန်း စိုက်ပျိုးထားပြီး တစ်ဟက်တာလျှင် (၂.၅၄) တန် ထွက်ရှိကာ ဆန်တန်ချိန် (၉.၄၀) သန်း ထုတ်လုပ်နိုင်ကြောင်း တွေ့ရပါသည်။

ဇယား (၁၇) ဂေဟဗေဒဇုန်နှင့် ရာသီအလိုက် စပါးထုတ်လုပ်မှု အခြေအနေ (၂၀၁၆-၂၀၁၇)

| ဂေဟဗေဒဇုန် | စိုက်ပျိုးဧရိယာ ('၀၀၀ ဟက်တာ) | ရိတ်သိမ်းဧရိယာ ('၀၀၀ ဟက်တာ) | အထွက်နှုန်း (တန်/ဟက်တာ) | စပါးထုတ်လုပ်မှု (တန်) သန်း |
|---|---|---|---|---|
| **မိုးစပါး** | | | | |
| မြစ်ဝကျွန်းပေါ် | ၃,၀၈၉ | ၂,၉၉၈ | ၂.၄၁ | ၇,၂၁၈ |
| ခြောက်သွေ့ | ၁,၂၉၅ | ၁,၂၉၂ | ၂.၇၆ | ၃,၅၆၄ |
| ကမ်းရိုးတန်း | ၈၂၅ | ၈၂၅ | ၂.၂၂ | ၁,၈၃၆ |
| တောင်တန်း | ၉၅၇ | ၉၅၆ | ၂.၄၀ | ၂,၂၉၆ |
| စုစုပေါင်း | ၆,၁၆၇ | ၆,၀၇၁ | ၂.၄၆ | ၁၄,၉၁၄ |
| **နွေစပါး** | | | | |
| မြစ်ဝကျွန်းပေါ် | ၆၉၇ | ၆၉၇ | ၃.၁၃ | ၂,၁၈၄ |
| ခြောက်သွေ့ | ၂၀၅ | ၂၀၃ | ၁.၉၇ | ၄၀၀ |
| ကမ်းရိုးတန်း | ၂၅ | ၂၅ | ၂.၅၇ | ၆၅ |
| တောင်တန်း | ၇၀ | ၆၆ | ၆.၅၄ | ၄၃၂ |
| စုစုပေါင်း | ၉၉၄ | ၉၉၂ | ၃.၁၁ | ၃,၀၈၂ |
| **မိုးစပါးနှင့် နွေစပါး** | | | | |
| မြစ်ဝကျွန်းပေါ် | ၃,၇၈၇ | ၃,၆၉၅ | ၂.၅၄ | ၉,၄၀၃ |
| ခြောက်သွေ့ | ၁,၅၀၀ | ၁,၄၉၅ | ၂.၆၅ | ၃,၉၆၄ |
| ကမ်းရိုးတန်း | ၈၅၁ | ၈၅၀ | ၂.၂၃ | ၁,၉၀၁ |
| တောင်တန်း | ၁,၀၂၃ | ၁,၀၂၂ | ၂.၆၇ | ၂,၇၂၉ |
| စုစုပေါင်း | ၇,၁၆၁ | ၇,၀၆၃ | ၂.၅၅ | ၁၇,၉၉၆ |

ဇာစ်မြစ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၆

တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်မှု ရာခိုင်နှုန်းကို တွက်ချက်ပါက စိုက်ပျိုးထုတ်လုပ်မှု (၈၃) ရာခိုင်နှုန်းခန့်ကို မိုးရာသီအတွင်း ရိတ်သိမ်းပြီး ကျန် (၁၇) ရာခိုင်နှုန်းကို နွေရာသီတွင် ရိတ်သိမ်းပါသည်။ စုစုပေါင်း စပါးစိုက်ပျိုးထုတ်လုပ်မှု၏ (၅၂.၂) ရာခိုင်နှုန်းကို မြစ်ဝကျွန်းပေါ်ဒေသတွင် အများဆုံးစိုက်ပျိုးပြီး (၂၂.၂) ရာခိုင်နှုန်းကို အပူပိုင်းခြောက်သွေ့ဒေသ၊ (၁၀.၆) ရာခိုင်နှုန်းကို ကမ်းရိုးတန်းဒေသနှင့် (၁၅.၂) ရာခိုင်နှုန်းကို တောင်တန်းဒေသတွင် စိုက်ပျိုးထုတ်လုပ်ပါသည်။ စုစုပေါင်း မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၏ (၄၈) ရာခိုင်နှုန်းကို မြစ်ဝကျွန်းပေါ်ဒေသမှ စိုက်ပျိုးခဲ့ပြီး အပူပိုင်းခြောက်သွေ့ဒေသမှ (၂၃.၉) ရာခိုင်နှုန်း၊ ကမ်းရိုးတန်းဒေသမှ (၁၂.၃) ရာခိုင်နှုန်းနှင့် တောင်တန်းဒေသမှ (၁၅.၄) ရာခိုင်နှုန်းကို စိုက်ပျိုးထုတ်လုပ်ပါသည်။ စုစုပေါင်း နွေစပါးစိုက်ပျိုးထုတ်လုပ်မှု၏ (၇၁) ရာခိုင်နှုန်းခန့်ကို မြစ်ဝကျွန်းပေါ်ဒေသတွင် စိုက်ပျိုးပြီး အပူပိုင်းခြောက်သွေ့ဒေသမှ (၂.၂) ရာခိုင်နှုန်း၊ ကမ်းရိုးတန်းဒေသမှ (၀.၄) ရာခိုင်နှုန်းနှင့် တောင်တန်းဒေသမှ (၁၅.၄) ရာခိုင်နှုန်းကို စိုက်ပျိုးထုတ်လုပ်ပါသည် (ဇယား ၁၈)။

ဇယား (၁၈) မြန်မာနိုင်ငံတွင် ဂေဟဇေဒဇုန်နှင့် ရာသီအလိုက် စပါးထုတ်လုပ်မှုဝေစု (၂၀၁၆-၂၀၁၇)

| ဂေဟဇေဒဇုန် | မိုးစပါး | | နွေစပါး | | စုစုပေါင်း စိုက်ပျိုးမှု (%) |
|---|---|---|---|---|---|
| | ရာသီအလိုက် စိုက်ပျိုးမှု (%) | စုစုပေါင်း စိုက်ပျိုးမှု(%) | ရာသီအလိုက် စိုက်ပျိုးမှု (%) | စုစုပေါင်း စိုက်ပျိုးမှု(%) | |
| မြစ်ဝကျွန်းပေါ် | ၄၈.၄ | ၄၀.၁ | ၇၀.၉ | ၁၂.၁ | ၅၂.၂ |
| ခြောက်သွေ့ | ၂၃.၉ | ၁၉.၈ | ၁၃.၀ | ၂.၂ | ၂၂.၀ |
| ကမ်းရိုးတန်း | ၁၂.၃ | ၁၀.၂ | ၂.၁ | ၀.၄ | ၁၀.၆ |
| တောင်တန်း | ၁၅.၄ | ၁၂.၈ | ၁၄.၀ | ၂.၄ | ၁၅.၂ |
| စုစုပေါင်း | ၁၀၀.၀ | ၈၂.၉ | ၁၀၀.၀ | ၁၇.၁ | ၁၀၀.၀ |

ဇာစ်မြစ်။ စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၁၆

မြန်မာနိုင်ငံတွင် ဆန်စပါးထွက်ရှိမှု အများဆုံးပြည်နယ်နှင့် တိုင်းဒေသကြီး (၉) ခုမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ်ကြပါသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ဧရာဝတီတိုင်းဒေသကြီးတွင် ပုံမှန်မိုးရွာသွန်းချိန်၌ လယ်စပါးနှင့် တောင်ယာစပါးများကို မေလမှ ဇွန်လအတွင်း စိုက်ပျိုးကြပြီး နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း ရိတ်သိမ်းပါသည်။ မိုးနှောင်းစပါးကို ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဇူလိုင်လမှ ဩဂုတ်လအတွင်း စိုက်ပျိုး၍ နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း ရိတ်သိမ်းကြပါသည်။ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေနက်စပါးကို အစောပိုင်းကာလဖြစ်သော ဧပြီလမှ မေလအတွင်း စိုက်ပျိုးကြသော်လည်း နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း ရိတ်သိမ်းကြပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် စပါးကို အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း စိုက်ပျိုးပြီး ဖေဖော်ဝါရီလမှ မတ်လအတွင်း ရိတ်သိမ်းပါသည်။ မကွေးတိုင်းဒေသကြီးတွင် ဆည်ရေသောက်မိုးစပါးကို မေလမှ ဇွန်လအတွင်း စိုက်ပျိုးကာ အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း ရိတ်သိမ်းရပြီး ဆည်ရေသောက် နွေစပါးကို နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း စိုက်ပျိုးကာ ဧပြီလမှ မေလအတွင်းတွင် ရိတ်သိမ်းပါသည် (ADPC, ၂၀၂၂)။ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် ညအပူချိန်များသော ဒေသများဖြစ်ရာ နွေစပါးကို နိုဝင်ဘာလမှ စတင်စိုက်ပျိုးနိုင်ပြီး မျိုးစပါးအနေဖြင့် သီးထပ်ရင်၊ မနော‌သုခ၊ ရတနာအောင်၊ မော်ဘီ ၂၊ ရွှေသွယ်ရင်၊ မော်ဘီဆန်းနှင့် ဆင်းဧကရီ-၃ တို့ကို အသုံးပြု စိုက်ပျိုးကြပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သည် အပူပိုင်းဇုန်အတွင်း ကျရောက်သော ဒေသများဖြစ်သော်လည်း နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ညအပူချိန်ကျဆင်းမှုများ ဖြစ်ပေါ်သဖြင့် မတ်လမှသာ နွေစပါးစတင် စိုက်ပျိုးနိုင်သော ဒေသများဖြစ်ကာ မျိုးစပါးများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် မနောသုခ၊ ရွှေသွယ်ရင်၊ သီးထပ်ရင် မျိုးစပါးများကို အသုံးပြုပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် သီးထပ်ရင်၊ မနောသုခနှင့် အိုင်အာ ၄၇၄ မျိုးစပါးတို့ကို အသုံးပြုကာ မကွေးတိုင်းဒေသကြီး၌ သီးထပ်ရင်၊ မော်ဘီဆန်း၊ ရွှေသွယ်ရင်၊ အောင်ရတနာမျိုးစပါးတို့ကို အသုံးပြု၍ နွေစပါးစိုက်ပျိုးခြင်းကို ဆောင်ရွက်ကြပါသည် (DOCA, ၂၀၂၃)။




ဓာတ်မြစ်။ စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၂၃

ပုံ (၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စပါးအထွက်နှုန်းများ (၂၀၂၂-၂၀၂၃)

ဇယား (၁၉) ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စပါးစိုက်ပျိုးဧရိယာ

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | စပါးစိုက်ပျိုးဧရိယာ ('၀၀၀ ဟက်တာ) | အထွက်နှုန်း ('၀၀၀ တန်) |
|---|---|---|---|
| ၁ | ချင်း | ၂၄.၂၀ | ၇၄.၃၄ |
| ၂ | ကယား | ၂၈.၆၈ | ၁၂၂.၄၅ |
| ၃ | နေပြည်တော် | ၇၅.၉၀ | ၃၅၉.၇၅ |
| ၄ | တနင်္သာရီ | ၉၇.၆၉ | ၃၅၉.၄၈ |
| ၅ | ကချင် | ၂၀၅.၄၄ | ၇၀၈.၇၇ |
| ၆ | ကရင် | ၂၂၀.၂၉ | ၈၂၆.၁၀ |
| ၇ | မန္တလေး | ၂၅၂.၃၅ | ၁,၁၇၃.၄၄ |
| ၈ | မကွေး | ၂၇၅.၀၉ | ၁,၁၅၅.၃၉ |
| ၉ | မွန် | ၂၉၉.၀၄ | ၁,၀၈၅.၅၀ |
| ၁၀ | ရခိုင် | ၄၀၆.၂၀ | ၁,၄၁၃.၆၀ |
| ၁၁ | ရှမ်း | ၅၂၄.၂၈ | ၂,၃၉၀.၇၄ |
| ၁၂ | ရန်ကုန် | ၅၄၆.၅၆ | ၂,၂၂၉.၉၇ |
| ၁၃ | စစ်ကိုင်း | ၈၃၇.၉၂ | ၃,၅၆၉.၅၄ |
| ၁၄ | ပဲခူး | ၁,၂၂၇.၆၇ | ၅,၄၆၃.၁၁ |
| ၁၅ | ဧရာဝတီ | ၂,၀၉၇.၈၇ | ၉,၃၅၆.၅၂ |
| | **စုစုပေါင်း** | **၇,၁၁၉.၂၀** | **၃၀,၂၈၈.၇၂** |

ဓာတ်မြစ်။ စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၂၃

၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စပါးစိုက်ပျိုးဧရိယာ အချက်အလက်များအရ မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးမှု အများဆုံးဒေသများမှာ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ ရန်ကုန်နှင့် ရခိုင်တို့ ဖြစ်ပါသည် (ဇယား ၁၉)။ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် မိုးရေ ကောင်းစွာရရှိသော မြန်မာပြည်အောက်ပိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးဖြစ်ထွန်းကြောင်း တွေ့ရှိရပြီး မြန်မာပြည် အလယ်ပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စပါးအထွက်နှုန်းများကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် နေပြည်တော်ကောင်စီနယ်မြေသည် တစ်ဟက်တာလျှင် (၄.၇၄) တန်ဖြင့် အထွက်နှုန်းအများဆုံးဖြစ်၍ စပါးစိုက်ပျိုးမှု အများဆုံးဒေသများဖြစ်သည့် ဧရာဝတီတွင် တစ်ဟက်တာလျှင် (၄.၄၆) တန်၊ ပဲခူးတွင် (၄.၄၅) တန်၊ စစ်ကိုင်းတွင် (၄.၂၆) တန်၊ ရန်ကုန်တွင် (၄.၀၈) တန်နှင့် ရခိုင်တို့တွင် (၃.၄၈) တန် စသဖြင့် အထွက်နှုန်း ရရှိနေပါသည် (ပုံ ၄)။

## ၄.၃။ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်

ကမ္ဘာပေါ်တွင် ဆန်စပါးကို အားထား၍ စားသုံးကြသည့် နိုင်ငံပေါင်းများစွာရှိသဖြင့် ကမ္ဘာ့စားရေရိက္ခာဖူလုံရေးအတွက် အဓိကကျသော သီးနှံတစ်ခု ဖြစ်ပါသည်။ အာရှတိုက်အတွင်းရှိ လူဦးရေအများဆုံးနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံများသည် ဆန်ကို အဓိကထား စားသုံးကြသည့်အပြင် မြန်မာအပါအဝင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့သည် ဆန်ကို အဓိက စားသုံးနေကြသော အာရှနိုင်ငံများဖြစ်နေခြင်းကြောင့် အာရှတိုက်သည် ကမ္ဘာပေါ်တွင် ဆန်စားသုံးမှု အမြင့်ဆုံးဒေသတစ်ခုအဖြစ် ရပ်တည်လျက် ရှိပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ် အချက်အလက်များအရ မြန်မာနိုင်ငံ၏ ဆန်စားသုံးမှုမှာ မက်ထရစ်တန်ချိန်ပေါင်း (၁၀,၃၀၀) ရှိကြောင်း တွေ့ရှိရပါသည် (ပုံ ၅)။




ဇာစ်မြစ်။ Agribusiness Bulletin, စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၃

ပုံ (၅) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအလိုက် ဆန်စားသုံးမှု

မြန်မာနိုင်ငံတွင် နေထိုင်သူအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး တစ်နေ့လျှင် ပျမ်းမျှအားဖြင့် ဆန်စားသုံးမှုမှာ ၃ ကြိမ်ရှိပြီး နှစ်စဉ် တစ်ဦးချင်းစားသုံးမှုမှာ (၁၇၀) ကီလိုဂရမ်ဖြစ်သည်။ မြို့ပြဒေသများတွင် (လူဦးရေ၏ ၃၀ ရာခိုင်နှုန်း) လူအများစုသည် တစ်နေ့လျှင် ဆန်နှစ်ကြိမ် စားသုံးကြပြီး နှစ်စဉ် တစ်ဦးချင်းစားသုံးမှုမှာ (၁၄၅) ကီလိုဂရမ်ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ၂၀၁၆ ခုနှစ်တွင်ပြုလုပ်ခဲ့သော စစ်တမ်းမှ အစီရင်ခံတင်ပြသည်မှာ မြန်မာနိုင်ငံ၏ တစ်နှစ်တာပျမ်းမျှ ဆန်စားသုံးမှုသည် (၁၅၅) ကီလိုဂရမ်ဖြစ်ပြီး ဒေသနှင့် လူမျိုးစုအလိုက် ကွဲပြားမှုအချို့ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ဆန်ကိုအခြေခံသော အဆာပြေမုန့်နှင့် မွေးမြူရေးအစာ ထုတ်လုပ်ရေးတွင် ဆန်ကွဲကို အသုံးပြုပါသည်။

ဆန်ကွဲနှင့် ပြောင်းအဝါတို့သည် တိရစ္ဆာန်အစာတွင် ကစီဓာတ်နှင့် စွမ်းအင်အများဆုံးကို ပေးစွမ်းနိုင်သော အရင်းအမြစ်များ ဖြစ်ပါသည်။ အိမ်နောက်ဖေးခြံများတွင် တစ်ပိုင်တစ်နိုင်မွေးမြူသော လုပ်ငန်းများအပါအဝင် မွေးမြူရေးလုပ်ငန်းငယ်များသည် ဆန်ကွဲများကို အဓိကအသုံးပြုသူများ ဖြစ်ပါသည်။ အစားအသောက် ထုတ်လုပ်သူများသည် ဆန်ကွဲနှင့် အခြား အရည်အသွေးနိမ့် ဆန်များအား ခေါက်ဆွဲနှင့် မြန်မာ့ရိုးရာအဆာပြေမုန့်များ ပြုလုပ်သည်ကို ကျေးလက်ဒေသများတွင် ပို၍တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ဧည့်မထ (စပါးရှည်မျိုး)၊ ပေါ်ဆန်း (အနည်းငယ်တုတ်တိုသောမျိုး)၊ ငစိန် (အရည်အသွေးနိမ့် စပါးတိုမျိုး) ဟူ၍ အဓိက အုပ်စုအမျိုးအစား (၃) မျိုးအောက်ရှိ ဆန်စပါးအမျိုးအစား (၂၀၀) ကျော်ကို စိုက်ပျိုးပါသည်။ နွေစပါးစားသုံးသူများသည် ပြည်တွင်းဆန်ထုတ်လုပ်မှု စုစုပေါင်း၏ (၇) ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်း အဓိက စပါးစိုက်ပျိုးသည့်ရာသီတွင် (ပရီမီယံရွှေဘိုပေါ်ဆန်းအပါအဝင်) ပေါ်ဆန်းဆန်ကို စားသုံးသူများက နှစ်သက်ကြပါသည်။

မြန်မာနိုင်ငံမှ စားသုံးသူအများစုသည် အရည်အသွေးမြင့်သော ဧည့်မထ အမျိုးအစားများကို နှစ်သက်ကြသည်။ ဧည့်မထ (၂၅) ရာခိုင်နှုန်းအမျိုးအစား ဆန်ကွဲသည် ပြည်ပသို့အဓိက တင်ပို့သည့် အမျိုးအစားဖြစ်သည်။ တရုတ်နိုင်ငံမှ တင်သွင်းသူများသည် အရည်အသွေးမြင့်ဆန်များ (ဥပမာ- ဆန်ကွဲ ၅-၁၅ ရာခိုင်နှုန်း) ကို တင်သွင်းကြပါသည်။ အစားအစာ ထုတ်လုပ်သူများသည် ခေါက်ဆွဲနှင့် အဆာပြေမုန့် ပြုလုပ်ရန် ငစိန်ဆန်နှင့် ဆန်ကွဲများကို အဓိကအသုံးပြုကြသည်။ မြို့ပြဆန်စပါးစားသုံးသူများ၏ နှစ်စဉ် ဆန်စားသုံးမှုမှာ ပျမ်းမျှအားဖြင့် (၁၃၃) ကီလိုဂရမ်၊ မြေယာမဲ့များမှာ (၁၆၀) ကီလိုဂရမ်နှင့် တောင်သူလယ်သမားများ၏ စားသုံးမှုမှာ (၁၇၀) ကီလိုဂရမ်တို့ ဖြစ်ပါသည်။ နိုင်ငံ၏ အိမ်ထောင်စုတစ်စုချင်း ဆန်စားသုံးမှုသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် (၁၅၅.၁၄) ကီလိုဂရမ်၊ တစ်လလျှင် (၁၂.၉) ကီလိုဂရမ်၊ တစ်ပတ်လျှင် (၃.၀၁) ကီလိုဂရမ်နှင့် တစ်နေ့လျှင် (၀.၄၃) ကီလိုဂရမ်ဖြစ်ပါသည် (USDA၊ ၂၀၂၄)။

အိမ်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ဆန်အတွက် ပျမ်းမျှအသုံးစရိတ်သည် ၁၉၈၉ ခုနှစ်တွင် (၃၀) ရာခိုင်နှုန်းရှိသော်လည်း ၂၀၀၅ ခုနှစ်တွင် (၁၄) ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင်ဖြစ်ပွားသော ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းအကျပ်အတည်းမှလွဲ၍ ၂၀၁၆ ခုနှစ်တွင် (၁၃) ရာခိုင်နှုန်းသို့ ဆက်လက် ကျဆင်းသွားခဲ့ပါသည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ဆန်အသုံးစရိတ် ကျဆင်းလာကြောင်း ထင်ရှားပါသည်။ စားသုံးမှုလေ့လာမှုအရ မြန်မာနိုင်ငံတွင် တစ်ဦးချင်း ပျမ်းမျှစားသုံးမှုသည် တစ်နှစ်လျှင် (၁၅၅) ကီလိုဂရမ်ဖြစ်ပြီး အနည်းဆုံးမှာ တစ်နှစ်လျှင် (၄၃) ကီလိုဂရမ်နှင့် အမြင့်ဆုံးနှုန်းမှာ တစ်နှစ်လျှင် (၃၂၆) ကီလိုဂရမ် ဖြစ်ပါသည်။ မြို့ပြပြည်သူများ၏ လူတစ်ဦးချင်း ပျမ်းမျှဆန်စားသုံးမှုမှာ

(၁၃၃.၀၇) ကီလိုဂရမ်နှင့် ကျေးလက်နေပြည်သူများမှာ (၁၆၄.၈၀) ကီလိုဂရမ် ဖြစ်ပါသည်။ တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံး၏ ဆန်စားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် (၈) သန်းခန့်ရှိပြီး မြို့ပြနေပြည်သူများ၏ ဆန်စားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် (၂) သန်းနှင့် ကျေးလက်နေပြည်သူများမှာ တစ်နှစ်လျှင် တန်ချိန် (၆) သန်းခန့် စားသုံးပါသည် (Theingi Myint et al.၊ ၂၀၁၆)။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အဓိကသီးနှံ (၈) မျိုး၏ ထုတ်လုပ်မှု၊ အသုံးပြုမှုနှင့် လုံလောက်မှု ရာခိုင်နှုန်းများကို ဇယား (၂၀) တွင်ဖော်ပြထားပါသည်။ ၎င်းသီးနှံများအနက် စပါးစိုက်ဧရိယာမှာအများဆုံးဖြစ်ပြီး ထုတ်လုပ်မှုနှင့် အသုံးပြုမှု တန်ချိန်မှာလည်း အများဆုံး ဖြစ်သည်။ သန်းပေါင်း (၈.၉) တန်ခန့် ပိုလျှံနေပြီး ပြည်တွင်းစားသုံးမှုသည် လုံလောက်မှုရှိကြောင်း တွေ့ရသည်။ ၂၀၂၁-၂၀၂၂ တွင် နေပြည်တော်တွင် စပါးအထွက်နှုန်းမှာ (၃၅၈,၇၀၂) တန်နှင့် စားသုံးမှုမှာ (၃၃၅,၆၄၀) တန်ရှိပြီး စားသုံးမှုအပေါ် အခြေခံသည့် ဆန်စပါးဖူလုံမှုမှာ (၁၀၇) ရာခိုင်နှုန်း ဖြစ်ပါသည်။

စပါးစိုက်ပျိုးရာတွင် ခန့်မှန်းအသုံးပြုမည့် မျိုးစေ့ (၁,၃၆၂) တန်အပါအဝင် စုစုပေါင်း သုံးစွဲမှုမှာ (၃၄၉,၄၇၁) တန်ဖြစ်ပြီး ဆုံးရှုံးမှုမှာ (၁၂,၄၆၉) တန် ဖြစ်သောကြောင့် စုစုပေါင်း သုံးစွဲမှုအပေါ် အခြေခံသည် ဆန်စပါးဖူလုံမှုမှာ (၁၀၃) ရာခိုင်နှုန်း ရှိပါသည်။ ဇယား (၂၁) သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆန်စပါးထုတ်လုပ်မှု၊ စားသုံးမှု၊ ဆန်စပါးဖူလုံမှု (စုစုပေါင်းစားသုံးမှုနှင့် အသုံးပြုမှုအပေါ်မူတည်၍ ပိုလျှံမှု သို့မဟုတ် ပြတ်လပ်မှု) တို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ အောက်ပိုင်းဒေသများဖြစ်သော ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဆန်စပါးထုတ်လုပ်မှု ပိုလျှံနေကြောင်းတွေ့ရပြီး ချင်းပြည်နယ်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆန်စပါးပြတ်လပ်မှုများရှိကြောင်း တွေ့ရပါသည်။

ဇယား (၂၀) အဓိကသီးနှံ (၈) မျိုး၏ ထုတ်လုပ်မှု၊ အသုံးပြုမှုနှင့် လုံလောက်မှု ရာခိုင်နှုန်း (၂၀၂၀-၂၀၂၁)

| စဉ် | သီးနှံအမည် | ထုတ်လုပ်မှု ('၀၀၀ တန်) | အသုံးပြုမှု ('၀၀၀ တန်) | ပိုလျှံမှု ('၀၀၀ တန်) | လုံလောက်မှု (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁ | စပါး | ၂၆၄,၀၀၀ | ၁၇,၄၄၅ | ၈,၉၅၅ | ၁၅၁ |
| ၂ | ပြောင်း | ၂,၁၀၆ | ၁,၃၁၄ | ၇၉၂ | ၁၆၀ |
| ၃ | ဆီထွက်သီးနှံ | ၇၁၁ | ၅၂၉ | ၁၈၂ | ၁၃၄ |
| ၄ | ပဲမျိုးစုံ | ၄,၉၅၂ | ၉၆၇ | ၃,၉၈၅ | ၅၁၂ |
| ၅ | ကြက်သွန်နီ | ၁,၁၂၇ | ၃၄၉ | ၇၇၈ | ၃၂၃ |
| ၆ | ကြက်သွန်ဖြူ | ၂၁၃ | ၈၁ | ၁၃၂ | ၂၆၂ |
| ၇ | ဂျုတ် | ၁၃၂ | ၇၂ | ၆၀ | ၁၈၃ |
| ၈ | အာလူး | ၄၇၅ | ၃၆၈ | ၁၀၈ | ၁၂၉ |

ဇစ်မြစ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၂

ဇယား (၂၁) တွင်ဖော်ပြထားသော အချက်အလက်များအရ ဧရာဝတီတိုင်းဒေသကြီးသည် စပါးစိုက်ဧရိယာနှင့် ဆန်စပါးထုတ်လုပ်မှု အများဆုံးဒေသ ဖြစ်ပါသည်။ လူဦးရေမှာ ဒုတိယအများဆုံး ဖြစ်သော်လည်း စားသုံးမှုမှာ တန်ချိန် (၁.၈) သန်းရှိပြီး တန်ချိန် (၂.၂) သန်းကို အခြားလုပ်ငန်းများအတွက် အသုံးပြု

ကြောင်း တွေ့ရပါသည်။ ဆန်စပါးဖူလုံမှုကို လေ့လာရာတွင် စားသုံးမှုနှင့် အသုံးပြုမှုအတွက်သာမက ပိုလျှံနေကြောင်း တွေ့ရပြီး ဆုံးရှုံးမှုပမာဏသည်လည်း အများဆုံးဖြစ်ပါသည်။ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဧရိယာ၊ ထုတ်လုပ်မှုတန်ချိန် မြင့်မားပြီး ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ်တို့တွင်ရှိသော လူဦးရေလောက် မများသောကြောင့် ဆန်စပါးပိုလျှံမှုများ ရှိနေပါသည်။

သို့သော် ဆန်စပါး အများအပြားထုတ်လုပ်နိုင်သကဲ့သို့ ဆုံးရှုံးမှုများလည်း ရှိနေကြောင်းတွေ့ရသည်။ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စိုက်ဧရိယာနည်းသောကြောင့် ထုတ်လုပ်မှုပမာဏနည်းပြီး ဆန်စပါးဖူလုံမှု ရာခိုင်နှုန်းနည်းကြောင်း တွေ့ရသည်။ သို့သော် မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လူဦးရေများပြီး ဆန်စပါးစိုက်ဧရိယာ နည်းသောကြောင့် ဆန်စပါးဖူလုံမှု မရှိသည့်အပြင် ထုတ်လုပ်နိုင်မှုတန်ချိန် နည်းသည်ကို တွေ့ရသည်။ လူဦးရေအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးသည် တန်ချိန်အများဆုံး ထုတ်လုပ်နိုင်သောကြောင့် စားသုံးမှုတွင် ဖူလုံသော်လည်း အခြားလုပ်ငန်းများအတွက် အသုံးပြုနိုင်ရန် လုံလောက်ခြင်းမရှိကြောင်း တွေ့ရပါသည်။

Agribusiness Bulletin (၂၀၂၃) ၏ ဖော်ပြချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလကုန်အထိ ဆန်ဖူလုံမှု အခြေအနေအားဖြင့် မိုးစပါးထုတ်လုပ်မှုစုစုပေါင်းသည် တန်ချိန် (၂၂.၄) သန်း၊ ဧပြီလကုန်အထိ နွေစပါးထုတ်လုပ်မှု တန်ချိန် (၃.၃) သန်းရှိသဖြင့် ဧပြီလကုန်အထိ စုစုပေါင်းစပါး အထွက်မှာ (၂၅.၇) သန်းရှိကြောင်း တွေ့ရှိပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ စိုက်ပျိုးထားရှိသော စပါးစိုက်ဧရိယာ ဧက (၁၇.၅၃) သန်းအတွက် မျိုးစပါးအဖြစ် အသုံးပြုရမည့် စပါးပမာဏမှာ တန်ချိန် (၅.၄) သိန်းရှိပြီး ရိတ်သိမ်းစဉ် ထွက်ရှိမည့် အလေအလွင့် စပါးပမာဏမှာ တန်ချိန် (၁.၀) သန်း ရှိကြောင်းဖော်ပြထားပါသည်။ မျိုးစပါး၊ အလေအလွင့်စပါးပမာဏများကို နှုတ်ယူပြီးနောက် ကျန်ရှိမည့် စပါးတန်ချိန်မှာ (၂၄.၂) သန်းဖြစ်ပြီး ၎င်းကို ကြိတ်ခွဲသန့်စင်ပါက ရရှိမည့်ဆန်မှာ တန်ချိန် (၉.၂) သန်း ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုအနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းလူဦးရေအရ တွက်ချက်ထားသော ပြည်တွင်းဆန်စားသုံးမှုမှာ တန်ချိန် (၃.၆) သန်း ဖြစ်သည့်အတွက် ပြည်တွင်းပိုလျှံမှုမှာ တန်ချိန် (၅.၁) သန်း ရှိမည်ဖြစ်ပါသည်။ တင်ပို့မှုအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ ပြည်ပသို့ ဆန်တင်ပို့မှု တန်ချိန် (၁.၃) သန်းသာ ရှိသည့်အတွက် ပြည်တွင်း၌ ဆန်အသားတင်ကျန်ရှိမှုမှာ (၄.၂) သန်းခန့် ရှိနိုင်ကြောင်း လေ့လာသိရှိရပါသည်။

Mekong-Lancang Cooperation

ဇယား (၂၁) စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးမှု၊ နောက်လာမည့်စိုက်ပျိုးရာသီအတွက် သိုလှောင်ထားသော မျိုးစေ့များ၊ ဆုံးရှုံးမှုများ၊ ပိုလျှံမှုများနှင့် ပြတ်လပ်မှု အခြေအနေ (၂၀၂၁-၂၀၂၂)

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | စိုက်ပျိုး ဧရိယာ (ဟက်တာ) | ထုတ်လုပ်မှု (တန်) | လူဦးရေ ('၀၀၀ ယောက်) | စားသုံးမှု (တန်) | နောက်ရာသီ အတွက်မျိုး စေ့ (တန်) | ဆုံးရှုံးမှုများ (တန်) | စုစုပေါင်း အသုံးပြုမှု | စားသုံးမှု အပေါ် ဆန်စပါး ဖူလုံမှု (%) | စုစုပေါင်း အသုံးပြုမှု အပေါ် စပါး ဖူလုံမှု (%) |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၈၀,၆၉၆ | ၃၅၈,၇၀၂ | ၁,၁၆၀ | ၃၃၅,၆၄၀ | ၁,၃၆၂ | ၁၂,၄၆၉ | ၃၄၉,၄၇၁ | ၁၀၇ | ၁၀၃ |
| ၂ | ကချင် | ၂၀၂,၅၃၀ | ၇၁၇,၄၈၄ | ၁,၆၈၉ | ၄၉၃,၄၁၀ | ၃,၄၂၀ | ၃၁,၂၉၄ | ၅၂၈,၁၂၄ | ၁၄၅ | ၁၃၆ |
| ၃ | ကယား | ၂၉,၃၆၃ | ၉၉,၃၇၃ | ၂၈၆ | ၈၄,၂၈၄ | ၄၉၅ | ၄,၅၃၇ | ၈၉,၃၁၆ | ၁၁၈ | ၁၁၁ |
| ၄ | ကရင် | ၂၁၉,၉၄၇ | ၇၉၂,၀၀၈ | ၁,၅၇၄ | ၄၇၆,၄၇၂ | ၃,၇၁၄ | ၃၃,၉၈၆ | ၅၁၄,၁၇၂ | ၁၆၆ | ၁၅၄ |
| ၅ | ချင်း | ၁၉,၈၄၇ | ၄၉,၁၆၈ | ၄၇၈ | ၁၄၃,၀၈၄ | ၃၃၅ | ၃,၀၆၆ | ၁၄၆,၄၈၅ | ၃၄ | ၃၄ |
| ၆ | စစ်ကိုင်း | ၈၂၈,၉၆၉ | ၃,၄၄၃,၄၅၃ | ၅,၃၂၅ | ၁,၆၀၃,၈၁၄ | ၁၄,၀၀၁ | ၁၈၂,၀၉၂ | ၁,၇၄၅,၉၀၇ | ၂၁၅ | ၁၉၇ |
| ၇ | တနင်္သာရီ | ၉၃,၆၆၂ | ၃၃၅,၇၆၇ | ၁,၄၀၈ | ၄၁၅,၆၉၃ | ၁,၅၈၁ | ၁၄,၄၇၂ | ၄၃၁,၇၄၆ | ၈၁ | ၇၈ |
| ၈ | ပဲခူး | ၁,၂၂၂,၅၅၅ | ၄,၉၃၂,၀၀၇ | ၄,၈၆၇ | ၁,၄၄၈,၉၀၉ | ၂၀,၆၄၈ | ၁၈၈,၉၀၉ | ၁,၆၅၈,၄၆၆ | ၃၄၀ | ၂၉၇ |
| ၉ | မကွေး | ၂၅၈,၄၅၃ | ၉၄၇,၃၆၉ | ၃,၉၁၇ | ၁,၁၇၉,၉၈၆ | ၄,၃၆၅ | ၃၉,၉၃၆ | ၁,၂၂၄,၂၈၇ | ၈၀ | ၇၇ |
| ၁၀ | မန္တလေး | ၂၄၁,၃၀၂ | ၁,၀၃၀,၀၇၈ | ၆,၁၆၅ | ၁,၇၉၇,၃၆၅ | ၄,၀၇၅ | ၃၇,၂၈၅ | ၁,၈၃၈,၇၂၅ | ၅၇ | ၅၆ |
| ၁၁ | မွန် | ၂၉၅,၉၂၀ | ၉၆၆,၅၃၄ | ၂,၀၅၄ | ၆၀၀,၈၂၄ | ၄,၉၉၈ | ၄၅,၇၂၅ | ၆၅၁,၅၄၇ | ၁၆၁ | ၁၄၈ |
| ၁၂ | ရခိုင် | ၄၀၄,၀၃၉ | ၁,၂၉၀,၃၀၀ | ၃,၁၈၈ | ၉၆၁,၉၉၅ | ၆,၈၂၄ | ၆၂,၄၃၂ | ၁,၀၃၁,၂၁၅ | ၁၃၄ | ၁၂၅ |
| ၁၃ | ရန်ကုန် | ၅၄၆,၈၈၇ | ၁,၉၈၉,၁၆၆ | ၇,၃၆၀ | ၁,၉၅၁,၇၉၇ | ၉,၂၃၆ | ၈၄,၅၀၄ | ၂,၀၄၅,၅၃၇ | ၁၀၂ | ၉၇ |
| ၁၄ | ရှမ်း | ၅၂၂,၆၁၀ | ၂,၀၃၄,၄၀၅ | ၅,၈၂၄ | ၁,၇၁၄,၃၇၇ | ၈,၈၂၆ | ၈၀,၇၅၃ | ၁,၈၀၃,၉၅၆ | ၁၁၉ | ၁၁၃ |
| ၁၅ | ဧရာဝတီ | ၂,၀၇၉,၃၉၀ | ၈,၂၃၅,၁၉၃ | ၆,၁၈၄ | ၁,၈၆၁,၇၂၅ | ၃၅,၁၂၀ | ၃၂၁,၃၀၇ | ၂,၂၁၈,၁၅၂ | ၄၄၂ | ၃၇၁ |

ဇာစ်မြစ်။ စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၂၂ နှင့် ကြေးတိုင်းနှင့်မြေစာရင်းဦးစီးဌာန၊ ၂၀၁၅

## ၄.၄။ ထုတ်လုပ်မှုဆိုင်ရာ ကြုံတွေ့ရသော စိန်ခေါ်မှုများ

အဓိက ဆန်စပါး စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများတွင်ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့် သိသာသော အကျိုးအမြတ်ရှိသော်လည်း အသင့်တော်ဆုံးဖြစ်သော စပါးထုတ်လုပ်နိုင်မှု စွမ်းရည်အထွက်ရရှိရန် စိန်ခေါ်မှုများ ကြုံတွေ့လျက်ရှိသည်။ မြေယာပိုင်ဆိုင်မှုနည်းသော တောင်သူများသည် အရည်အသွေး ကောင်းမွန်သော ဓာတ်မြေဩဇာများ လိုအပ်သလောက် ဝယ်ယူနိုင်ရန် ပုံမှန် ငွေလုံးငွေရင်းချေးငွေနှင့် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတို့မှ ချေးငွေရရှိနိုင်ရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံအထွက်နှုန်း ကျဆင်းမှု ဖြစ်ပေါ်စေပါသည်။ ဂမ်းစာအတွက် စပါးစိုက်တောင်သူများမှာ စပါးရိတ်သိမ်းချိန်၌ ငွေလိုအပ်မှုရှိရုံသာမကဘဲ သိုလှောင်ရန်နှင့် ခြောက်သွေ့သန့်စင်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ချို့တဲ့မှုတို့ကြောင့် ရိတ်သိမ်းချိန်၌ရှိသော ပေါက်ဈေးနှုန်းအတိုင်း မဖြစ်မနေ ရောင်းချရပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အထူးသဖြင့် ရေသွင်းစနစ်၊ လယ်ကွင်းများမှ ဈေးကွက်သို့သွားသော လမ်းကြောင်းများ ကောင်းမွန်မှုမရှိခြင်းကြောင့် သယ်ယူပို့ဆောင်ခနှင့် ရေသွင်းစရိတ်တို့ ကြီးမြင့်လာခြင်းသည်လည်း တောင်သူများ၏ဝင်ငွေ လျော့နည်းစေပါသည်။

နောက်လိုအပ်ချက်မှာ သီးနှံသီးထပ်စိုက်ပျိုးမှု လက်တွေ့ကျင့်သုံးသူ အားနည်းခြင်းတို့ ဖြစ်ပါသည်။ စပါးမှ ဝင်ငွေပိုရရှိစေရန် သီးထပ်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာတိုးတက်ကောင်းမွန်ပြီး အထွက်ပိုမို ထွက်လာခြင်းသည် တောင်သူများအတွက် သင့်တော်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ တောင်သူများ စပါးအခြေခံသီးနှံပုံစံ၌ စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်မှု အားနည်းရခြင်းမှာ သွင်းရေအတွက် ငွေကြေးလိုအပ်မှုရှိခြင်း၊ နည်းပညာနှင့် ကုန်ထုတ်အရင်းအနှီးတို့ကြောင့် စိတ်ပါဝင်စားမှု အားနည်းခြင်း ဖြစ်ပါသည်။ အထွက်ကောင်း စပါးမျိုးများ၏ အရည်အသွေးပြည့်ဝသော မျိုးစေ့ရရှိရန် ခက်ခဲခြင်းမှာလည်း တောင်သူများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုတစ်ခုပင် ဖြစ်သည်။ တောင်သူများမှာ စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံထားသည့် အာမခံချက်ရှိသော မျိုးစေ့ သို့မဟုတ် လိုင်စင်ရ မျိုးစေ့ရောင်းချသူများထံမှ မျိုးစေ့မရရှိနိုင်မှုကြောင့် ယခင်နှစ်စပါးရာသီမှ သိမ်းထားသည့် မိမိကိုယ်ပိုင်မျိုးစေ့ သို့မဟုတ် မိမိပတ်ဝန်းကျင် တောင်သူများထံမှ ရရှိသည့် မျိုးစေ့များကို အသုံးပြုစိုက်ပျိုးနေရကြောင်း သိရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိခြင်း၊ ခရီးဝေးကွာခြင်းတို့ကြောင့် မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိနိုင်ရန် အခက်အခဲဖြစ်နေပြီး အရည်အသွေး ပြည့်ဝသော မျိုးစေ့အသုံးမပြုနိုင်ဘဲ အထွက်နှုန်းကျဆင်းမှု ကြုံတွေ့နေကြရပါသည်။

မြေဩဇာနှင့် ဓာတ်မြေဩဇာအသုံးပြုမှုနှင့် မှန်ကန်စွာသုံးစွဲနိုင်မှု အားနည်းခြင်းတို့မှာလည်း ထုတ်လုပ်မှုဆိုင်ရာ ကြုံတွေ့နေရသော စိန်ခေါ်မှုတစ်ခုဖြစ်သည်။ စပါးစိုက်ပျိုးထုတ်လုပ်ရေး၌ အရည်အသွေးပြည့်ဝသော ဓာတ်မြေဩဇာသုံးစွဲမှုသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ လူမှုစီးပွားရေး အားနည်းမှုကြောင့် တောင်သူငယ်များသည် အကြံပြုထားသော မြေဩဇာများကို ဝယ်ယူသုံးစွဲနိုင်မှု နည်းပါးပါသည်။ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစေရန် ဘက်စုံပိုးမွှားကာကွယ် နှိမ်နင်းရေးစနစ် (IPM) ဆိုင်ရာ ပို့ချပေးသော သင်တန်းကို တက်ရောက်နိုင်သည့်တောင်သူ လွန်စွာနည်းပါးပါသည်။ ပိုးမွှားရောဂါများကို သင့်တော်သော ကြိုတင်ကာကွယ်နှိမ်နင်းခြင်း မဆောင်ရွက်နိုင်ပါက စပါးအထွက်နှုန်းနှင့် စပါးအရည်အသွေး သိသာထင်ရှားစွာ လျော့ကျစေပါသည်။ အချို့တောင်သူများသည် ပိုးမွှားကာကွယ်ရေးအတွက်

ထောက်ခံအတည်ပြုထားသော အရည်အသွေးပြည့် ဓာတုဆေးဝါးများ သုံးစွဲမှုနည်းပါးနေကြသည် (FAO, ၂၀၂၃)။

Agribusiness bulletin (၂၀၂၃) ၏ မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကဏ္ဍအား အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများဖြင့် လေ့လာသုံးသပ်ခြင်းများအရ အရည်အသွေးကောင်း စပါးမျိုးစေ့များ ထုတ်လုပ်ပေးနိုင်သည့် မျိုးစေ့ခြံများ ရှိထားပြီးဖြစ်ခြင်း၊ အရည်အသွေးကောင်း စပါးမျိုးကွဲများပေါ်များစွာရှိခြင်း၊ စပါးစိုက်ဧရိယာများ အများအပြားရှိခြင်းနှင့် စိုက်ဧရိယာတိုးချဲ့ရန်အတွက် မြေဧရိယာအလုံအလောက်ရှိခြင်း၊ တောင်သူများမှ အခြားသီးနှံများထက် စပါးစိုက်ပျိုးရန် ပိုမိုစိတ်ဝင်စားခြင်းနှင့် လုပ်ငန်းအတွေ့အကြုံရှိခြင်း၊ အစိုးရ၏ ထောက်ပံ့မှုနှင့် သုတေသနပြု ဆန်းစစ်လေ့လာထားချက်များသည် အခြားသီးနှံများထက် ပိုမိုများပြားခြင်း၊ အဓိကသီးနှံ (Major crop) ဖြစ်သည့်အတွက် ပြည်တွင်းပြည်ပဈေးကွက် အခိုင်အမာရှိခြင်း၊ အကျိုးတူလယ်ယာစနစ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် ဆန်စပါးနှင့်ပတ်သက်၍ အထောက်အကူပြု အဖွဲ့အစည်းများ ရှိပြီးဖြစ်ခြင်း၊ အားသာချက်များနှင့် အခွင့်အလမ်းများအနေဖြင့် ပြည်တွင်းဆန်ဖူလုံခြင်းမှ ပြည်ပသို့ ဆန်ပမာဏ ပိုမိုတင်ပို့လာနိုင်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာနိုင်ခြင်း၊ အရည်အသွေးပိုင်းဆိုင်ရာ ပိုမိုတိုးတက်လာပြီး တန်ဖိုးမြင့်ဆန်များ ထုတ်လုပ်လာနိုင်ခြင်း၊ တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာနိုင်ခြင်း၊ ခေတ်မီနည်းစနစ်များနှင့် ပိုမိုထိတွေ့ရန် အခွင့်အရေးများ ရရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်းနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအားကောင်းလာနိုင်ခြင်းတို့အား တွေ့ရှိရပါသည်။

သို့သော် ဈေးနှုန်းသင့်တင့်သော သွင်းအားစုများလိုအပ်ခြင်းနှင့် လယ်ယာမြေများ စနစ်တကျ ဖော်ဆောင်နိုင်မှု အားနည်းခြင်း၊ လယ်ယာလုပ်သားလိုအပ်ချက် မြင့်မားလာသော်လည်း စက်ကိရိယာ အစားထိုးဆောင်ရွက်နိုင်မှု နည်းပါးနေခြင်း၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်း နိမ့်ကျနေခြင်း၊ တောင်သူများသည် သမားရိုးကျ စိုက်ပျိုးနည်းစနစ်များကိုသာ အားထားနေပြီး နည်းပညာသစ်များနှင့် ထိတွေ့လိုစိတ်နည်းပါးခြင်း၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရန်အတွက် ရေပံ့ပိုးပေးနိုင်မှုနှင့် ရရှိနိုင်မှု နည်းပါးခြင်း၊ ဆန်စပါးရိတ်သိမ်းချိန်လွန် နည်းပညာများ ဖွံ့ဖြိုးမှုအားနည်းခြင်းနှင့် လယ်ယာသုံး စက်ကိရိယာများအတွက် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများ မရှိခြင်းနှင့် သုတေသန (Research) နှင့် ပညာပေးအစီအစဉ်များ (Extension) အားနည်းခြင်း၊ တန်ဖိုးကွင်းဆက်တစ်လျှောက် သက်ဆိုင်ရာနယ်ပယ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း၊ နည်းပညာနှင့် ငွေကြေးအကူအညီများလိုအပ်ခြင်း စသည့် အားနည်းချက်တို့ရှိနေပါသေးသည်။

ထို့ပြင် စိန်ခေါ်မှုများအနေဖြင့် သွင်းအားစုနှင့် သယ်ယူစရိတ်မြင့်မားခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးပြုရန် ကျွမ်းကျင်လုပ်သားများ လိုအပ်ခြင်း၊ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုမှုနည်းပါးခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ထားရှိမှု နည်းပါးခြင်း၊ ရေပေးဝေရေးစနစ်များ အားနည်းခြင်း၊ တောင်သူများ၏ မိရိုးဖလာ စိုက်နည်းစနစ်များအပေါ် ပြုပြင်ပြောင်းလဲရန် ခက်ခဲခြင်း၊ ပိုးမွှားရောဂါနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတင်ကာကွယ်သည့်စနစ် အားနည်းခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် ပိုးမွှားရောဂါဒဏ်ကို ပိုမိုခံစားရခြင်း၊ ဆေးဖျန်းပြီး မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ရက် (Preharvest

Interval-PHI)၊ သီးနှံများတွင် ဓာတ်ကြွင်းပမာဏ အမြင့်ဆုံးပါဝင်မှု (Maximum Residues Limits-MRLs) စသည်တို့နှင့် ပတ်သက်ပြီး သိရှိမှုနှင့် ဗဟုသုတအားနည်းခြင်း၊ တောင်သူများနှင့် ယုံကြည်မှု တည်ဆောက်ရန် အားနည်းခြင်းနှင့် လယ်ယာမြေများကို အခြားနည်းသုံးစွဲလာကြခြင်းနှင့် လယ်ယာလုပ်သားများ မြို့ပြများသို့ ပြောင်းရွှေ့လုပ်ကိုင်လာကြခြင်းတို့ကို ကြုံတွေ့နေရပါသည်။

USAID (၂၀၂၄) ၏ ၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုအား အကဲဖြတ်လေ့လာမှုနှင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအား အကဲဖြတ်လေ့လာမှုများအရ မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်ခြင်းတွင် ထုတ်လုပ်မှုဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများစွာကို ကြုံတွေ့နေရသည်။ စပါးစိုက်တောင်သူ (၃၄) ရာခိုင်နှုန်းနှင့် (၃၀) ရာခိုင်နှုန်းခန့်တို့သည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များတွင်  ၎င်းတို့၏ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် မုတ်သုံရာသီ၌ ကြုံတွေ့ခဲ့သော ရာသီဥတုအခြေအနေများကြောင့် သီးနှံအထွက်နှုန်းများ ထိခိုက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် မိုးလေပြင်းမှုကြောင့် စပါးစိုက်တောင်သူ (၁၂) ရာခိုင်နှုန်း ထိခိုက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် စပါးစိုက်တောင်သူ (၅) ရာခိုင်နှုန်း ထိခိုက်ခဲ့သည်။ အယ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ပျမ်းမျှမိုးရွာသွန်းမှုထက် ခြောက်သွေ့သော အခြေအနေများနှင့် ကြုံတွေ့ခဲ့ရပါသည်။ စပါးစိုက်တောင်သူ (၇) ရာခိုင်နှုန်းသည် ရေခမ်းခြင်းကြောင့် အထွက်နှုန်း (၃၃) ရာခိုင်နှုန်းနှင့် တောင်သူ (၅) ရာခိုင်နှုန်းသည် မိုးခေါင်ခြင်းကြောင့် အထွက်နှုန်း (၅၁) ရာခိုင်နှုန်း လျော့နည်းနေရသည်ဟု အစီရင်ခံတင်ပြခဲ့ကြပါသည်။  တောင်သူ (၁၄) ရာခိုင်နှုန်းသည် ဖျက်ပိုးများ၊ ရောဂါများနှင့် ပေါင်းပင်များကြောင့် အထွက်နှုန်းများ ဆုံးရှုံးနေရပါသည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုကို အဓိကလုပ်ဆောင်ကြရာတွင်  ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုကြောင့် အခက်အခဲများကို ကြုံတွေ့စေနိုင်သည်။ ဥပမာအားဖြင့် ရေကြီးမှုနှင့် မိုးလေပြင်းမှုကဲ့သို့သော ဆိုးရွားသည့် အခြေအနေများသည် စပါးထုတ်လုပ်မှုတွင် ထိခိုက်မှုများကို ဖြစ်စေခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရေကြီးမှုကြောင့် စပါးထုတ်လုပ်မှုတွင် (၁၅) ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ၂၀၂၃ ခုနှစ်၏ မိုးရာသီတွင် Cyclone Mocha သည် အထူးသဖြင့် မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် စပါးစိုက်ပျိုးထားသည့် လယ်ယာများကို ထိခိုက်စေခဲ့သည်။ အလားတူ ၂၀၂၃ ခုနှစ်၏ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ရာသီဥတုဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် မေလလယ်တွင် ဖြစ်ပေါ်ခဲ့သော မိုးရွာသွန်းမှုများနှင့် အခြားသော ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် စပါးစိုက်ပျိုးမှုကို ထိခိုက်စေခဲ့သည်။ Cyclone Mocha သည် ၂၀၂၃ ခုနှစ်၊ မေလအလယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ လွှမ်းမိုးလာပြီး မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် စပါးစိုက်ပျိုးသည့် လယ်ယာများကို အဓိကထိခိုက်စေခဲ့သည်။ ၎င်း၏ မိုးရွာသွန်းမှုများကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် စပါးစိုက်ပျိုးမှုကို ထိခိုက်စေခဲ့သည်။ ၎င်းအခြေအနေများသည် နောက်ပိုင်းတွင် မိုးရာသီ စပါးစိုက်ပျိုးမှုကိုလည်း ထိခိုက်စေနိုင်ပြီး နောက်ထပ်စိုက်ပျိုးမှုအတွက် အခက်အခဲများကို ဖြစ်စေနိုင်သည် (USAID၊ ၂၀၂၄)။

နောက်ထပ်စိန်ခေါ်မှုမှာ လုပ်သားရှားပါးမှု ပြဿနာဖြစ်ကြောင်း တွေ့ရှိရပါသည်။ သိသာထင်ရှားသော ရွှေ့ပြောင်းနေထိုင်မှုတို့ကြောင့် လာမည့်မုတ်သုံရာသီတွင် အလုပ်သမားရရှိနိုင်မှုမှာ ပိုမိုခက်ခဲလာမည်ဟု မျှော်မှန်းရသည်။ စပါးစိုက်တောင်သူ (၁၇) ရာခိုင်နှုန်းသည် အလုပ်သမားများရရှိရန် ရှာဖွေရာ၌ အခက်အခဲများရှိလာသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ သွင်းအားစုမရရှိနိုင်မှု ပြဿနာသည် နိုင်ငံ၏ ကျန်ဒေသ

များထက် တောင်ကုန်းဒေသများသည် ပိုမိုကြီးမားပါသည်။ နိုင်ငံတကာ စားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့သည် စက်သုံးဆီရရှိနိုင်မှုကို လေ့လာရာတွင် မြန်မာနိုင်ငံရှိ တောင်သူလေးပုံတစ်ပုံသည် ၂၀၂၄ ခုနှစ်၏ မုတ်သုံကြိုရာသီနှင့် မုတ်သုံရာသီနှောင်းပိုင်းတွင် လောင်စာဆီရရှိနိုင်မှုကို ကန့်သတ်ထားသောကြောင့် စပါးစိုက်တောင်သူအများစု မှီခိုအားထားနေသော ဆည်မြောင်း၊ လယ်ယာစက်မှုလက်မှုလုပ်ငန်းများတွင် အခက်အခဲများရှိသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။

ထို့အပြင် စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် တောင်သူများသည် သွင်းအားစု ကုန်ကျစရိတ်များ မြင့်တက်လာသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုဈေးများတွင် အကြီးအကျယ် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ တိရစ္ဆာန်အစားအစာများကို ပံ့ပိုးပေးသော အဓိက ပေးသွင်းသူများဖြစ်ကြသည့် ရုရှားနှင့် ယူကရိန်းအရေးကြောင့် နိုင်ငံတကာ မြေသြဇာဈေးနှုန်းများသည် တိရစ္ဆာန်အစားအစာ၏ အမြင့်ဆုံး ဈေးနှုန်းများကြောင့် (၁၂၅) ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာသယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များသည် အထူးသဖြင့် အာရှတွင် COVID-19 သက်ရောက်မှုများကြောင့် တိုးမြင့်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် အရှေ့အာရှဒေသရှိ နိုင်ငံတကာ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များသည် ပုံမှန်အချိန်များထက် နှစ်ဆမှလေးဆခန့် ပိုမြင့်မားခဲ့သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများသည် သွင်းအားစု မြေသြဇာဈေးနှုန်းမြင့်တက်မှုကို ကြုံတွေ့နေရပါသည်။ နိုင်ငံတကာ စားနပ်ရိက္ခာဆိုင်ရာ မူဝါဒသုတေသန အဖွဲ့အစည်း (IFPRI) ၏ မြန်မာနိုင်ငံရှိ ဆန်ထုတ်လုပ်မှု အခြေအနေများကို လေ့လာမှုများအရ စိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကသုံးစွဲနေရသည့် ယူရီးယားမြေသြဇာဈေးနှုန်းသည် သိသိသာသာမြင့်တက်လာကြောင်း၊ ရာခိုင်နှုန်းအားဖြင့် (၅၆) ရာခိုင်နှုန်း မြင့်တက်လာမှုကို ကြုံတွေ့နေရကြောင်း တွေ့ရပါသည် (IFPRI၊ ၂၀၂၂)။

# ၅။ ဈေးကွက်နိုင်းယှဉ်မှုများနှင့် ပို့ကုန် အလားအလာများ

## ၅.၁။ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များ

ကမ္ဘာ့ဆန်တင်သွင်းမှု ဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်းတန်ချိန် (၅၁.၁၇) သန်းအထိ ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ (၃၃.၃၆) ဘီလီယံ တန်ဖိုးရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်သွင်းမှု အများဆုံး (၁၀) နိုင်ငံတွင် ဖိလစ်ပိုင်နိုင်ငံသည် ဆန်တန်ချိန် (၃.၆၁) သန်းကို အမေရိကန်ဒေါ်လာ (၁.၆၄) ဘီလီယံဖြင့် ကမ္ဘာတစ်ဝှမ်း ဆန်တင်သွင်းမှု၏ (၇) ရာခိုင်နှုန်းကို ရယူထားပြီး ကမ္ဘာ့ဆန်ဈေးကွက်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ဦးဆောင်နေပါသည်။ ဒုတိယတင်သွင်းမှု အများဆုံးနိုင်ငံအနေဖြင့် အင်ဒိုနီးရှား နိုင်ငံမှ ဆန်တန်ချိန် (၃.၀၆) သန်းကို အမေရိကန်ဒေါ်လာ (၁.၇၉) ဘီလီယံဖြင့် ကမ္ဘာ့ဆန်တင်သွင်းမှု စုစုပေါင်း၏ (၆) ရာခိုင်နှုန်း ရှိပါသည်(ဇယား ၂၂)။

ဇယား (၂၂) ကမ္ဘာပေါ်ရှိ ဆန် (HSC:1006) တင်သွင်းမှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်သွင်းသည့် နိုင်ငံများ | တင်သွင်းသည့် ပမာဏ (တန်) | တင်သွင်းသည့်တန်ဖိုး ('၀၀၀ USD) | ကမ္ဘာ့ဆန် တင်သွင်းမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | **ကမ္ဘာ့နိုင်ငံစုစုပေါင်း** | **၅၁,၁၇၃,၁၂၃** | **၃၃,၃၅၉,၇၁၉** | **၁၀၀.၀၀** |
| ၁ | ဖိလစ်ပိုင် | ၃,၆၁၁,၀၂၄ | ၁,၆၃၅,၅၇၇ | ၇.၀၆ |
| ၂ | အင်ဒိုနီးရှား | ၃,၀၆၂,၈၅၈ | ၁,၇၈၉,၀၂၄ | ၅.၉၉ |
| ၃ | တရုတ် | ၂,၅၉၇,၃၁၆ | ၁,၄၀၇,၄၆၄ | ၅.၀၈ |
| ၄ | ဗီယက်နမ် | ၂,၂၄၅,၃၉၃ | ၇၄၃,၄၂၁ | ၄.၃၉ |
| ၅ | အီရတ် | ၁,၈၃၆,၇၄၀ | ၁,၃၃၉,၄၃၄ | ၃.၅၉ |
| ၆ | ဆော်ဒီအာရေးဗျ | ၁,၅၁၁,၆၃၁ | ၁,၅၃၅,၄၃၂ | ၂.၉၅ |
| ၇ | ဘီနင် | ၁,၄၈၇,၆၄၃ | ၆၅၂,၇၈၈ | ၂.၉၁ |
| ၈ | မလေးရှား | ၁,၄၀၈၂၁၂ | ၈၁၉,၈၄၉ | ၂.၇၅ |
| ၉ | အမေရိကန်ပြည်ထောင်စု | ၁,၃၃၈,၂၃၂ | ၁,၄၂၂,၅၁၉ | ၂.၆၂ |
| ၁၀ | အိုင်ဗရီကို့စ် | ၁,၃၀၇,၃၇၆ | ၇၂၂,၁၄၅ | ၂.၅၅ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

လူဦးရေများပြားသည့် တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၁.၄၁) ဘီလီယံ တန်ဖိုးရှိသော ဆန်တန်ချိန် (၂.၆၀) သန်းကို တင်သွင်းပြီး ကမ္ဘာ့ဆန်သွင်းကုန် စုစုပေါင်း၏ (၅) ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရပ်တည်နေပါသည်။ ဆန်တင်သွင်းသည့် အခြားနိုင်ငံများမှာ ဗီယက်နမ်နိုင်ငံ (တန်ချိန် ၂.၂၅ သန်း)၊ အီရတ်နိုင်ငံ (တန်ချိန် ၁.၈၄ သန်း) နှင့် ဆော်ဒီအာရေဗျနိုင်ငံ (တန်ချိန် ၁.၅၁ သန်း) တို့ဖြစ်ပြီး ၎င်းနိုင်ငံအသီးသီးသည် ကမ္ဘာ့ဆန်တင်သွင်းမှု၏ (၃) ရာခိုင်နှုန်းမှ (၄) ရာခိုင်နှုန်းစီအထိ အသီးသီး ပါဝင်နေပါသည်။ ဆော်ဒီအာရေးဗျနိုင်ငံ၏ ဆန်တင်သွင်းသည့်ပမာဏမှာ အီရတ်နိုင်ငံထက် နည်းသော်လည်း တန်ဖိုးအားဖြင့် အီရတ်နိုင်ငံထက် ပိုများနေကြောင်း တွေ့ရပါသည်။ ဘီနင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့်

အိုင်ဗရီကို့စ်နိုင်ငံများသည် ဆန်တန်ချိန် (၁.၃) သန်းမှ (၁.၅) သန်းခန့် တင်သွင်းမှုဖြင့် ထိပ်ဆုံး (၁၀) နိုင်ငံတွင် ပါဝင်နေပါသည်။ ၎င်းကုန်သွယ်မှုအချက်အလက်များသည် ကွဲပြားသော ဒေသများအလိုက် နိုင်ငံများ၏ ဆန်လိုအပ်ချက်ကို သိသိသာသာဖော်ပြနေခြင်း ဖြစ်ပါသည် (ဇယား ၂၂)။

အာရှနိုင်ငံများ၏ စုစုပေါင်းဆန်တင်သွင်းမှု တန်ချိန်မှာ (၂၄.၆၂) သန်း တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၅.၆၅) ဘီလီယံ ရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အီရတ်နိုင်ငံနှင့် ဆော်ဒီအာရေးဗျနိုင်ငံတို့သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဆန်တင်သွင်းမှုပမာဏ အများဆုံးနိုင်ငံများနေရာတွင် ရှိနေသကဲ့သို့ အာရှတိုက်တွင်လည်း တင်သွင်းမှုတန်ချိန် အများဆုံးနိုင်ငံများ ဖြစ်ပါသည်။ ဆန်တင်သွင်းသည့် အခြားနိုင်ငံများမှာ မလေးရှားနိုင်ငံ (တန်ချိန် ၁.၄၁ သန်း)၊ အာရပ်စော်ဘွားများပြည်ထောင်စု (တန်ချိန် ၀.၈၃ သန်း)၊ အီရန်နိုင်ငံ (တန်ချိန် ၀.၇၅ သန်း) နှင့် တူရကီယဲနိုင်ငံ (တန်ချိန် ၀.၇၁ သန်း) တို့ဖြစ်ကြပြီး ၎င်းနိုင်ငံအသီးသီးသည် အာရှဒေသဆန်တင်သွင်းမှု၏ (၃) ရာခိုင်နှုန်းမှ (၆) ရာခိုင်နှုန်းစီအထိ ပါဝင်နေပါသည်။ ထိုအချက်အလက်များသည် ဆန်ကို အဓိက စားနပ်ရိက္ခာအဖြစ် မှီခိုအားထားနေရသော အာရှနိုင်ငံများ၏ ဆန်လိုအပ်ချက်ကို ဖော်ပြလျက်ရှိပါသည် (ဇယား ၂၃)။

ဇယား (၂၃) အာရှဒေသရှိ ဆန် (HSC:1006) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်သွင်းသည့် နိုင်ငံများ | တင်သွင်းသည့် ပမာဏ (တန်) | တင်သွင်းသည့်တန်ဖိုး ('၀၀၀ USD) | အာရှနိုင်ငံများ၏ တင်သွင်းမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၂၄,၆၁၆,၇၁၄** | **၁၅,၆၅၂,၁၈၇** | **၁၀၀.၀၀** |
| ၁ | ဖိလစ်ပိုင် | ၃,၆၁၁,၀၂၄ | ၁,၆၃၅,၅၇၇ | ၁၄.၆၇ |
| ၂ | အင်ဒိုနီးရှား | ၃,၀၆၂,၈၅၈ | ၁,၇၈၉,၀၂၄ | ၁၂.၄၄ |
| ၃ | တရုတ် | ၂,၅၉၇,၃၁၆ | ၁,၄၀၇,၄၆၄ | ၁၀.၅၅ |
| ၄ | ဗီယက်နမ် | ၂,၂၄၅,၃၉၃ | ၇၄၃,၄၂၁ | ၉.၁၂ |
| ၅ | အီရတ် | ၁,၈၃၆,၇၄၀ | ၁,၃၃၉,၄၃၄ | ၇.၄၆ |
| ၆ | ဆော်ဒီအာရေးဗျ | ၁,၅၁၁,၆၃၁ | ၁,၅၃၅,၄၃၂ | ၆.၁၄ |
| ၇ | မလေးရှား | ၁,၄၀၈,၂၁၂ | ၈၁၉,၈၄၉ | ၅.၇၂ |
| ၈ | ယူအေအီး | ၈၃၂,၀၉၆ | ၆၇၀,၀၀၇ | ၃.၃၈ |
| ၉ | အီရန် | ၇၅၀,၃၀၁ | ၇၃၆,၃၅၃ | ၃.၀၅ |
| ၁၀ | တူရကီယဲ | ၇၁၄,၃၂၉ | ၄၈၅,၀၇၈ | ၂.၉၀ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

အာရှနိုင်ငံများသည် ၂၀၂၃ ခုနှစ်တွင် ဆန်တင်ပို့မှုပမာဏ စုစုပေါင်းတန်ချိန် (၄၁.၁၂) သန်း တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၆.၆၄) ဘီလီယံ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် အာရှတိုက်၏ ဆန်တင်ပို့မှုဈေးကွက်ကို လွှမ်းမိုးထားပြီး ဆန်တန်ချိန် (၁၇.၈၆) သန်းကို အမေရိကန်ဒေါ်လာ (၁၀.၄၆) ဘီလီယံဖြင့် အာရှနိုင်ငံ စုစုပေါင်းဆန်တင်ပို့မှု၏ (၄၂) ရာခိုင်နှုန်းကို နေရာယူထားပါသည်။ ထိုင်းနိုင်ငံသည် အာရှတွင် ဒုတိယအများဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး တန်ချိန် (၈.၇၅) သန်းကို တန်ဖိုး အမေရိကန်

ဒေါ်လာ (၅.၁၂) ဘီလီယံဖြင့် အာရှဆန်ပို့ကုန်၏ (၂၁) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံသည် အာရှတွင် တတိယအများဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်ပြီး တန်ချိန် (၈.၁၃) သန်းကို တန်ဖိုး အမေရိကန်ဒေါ်လာ (၄.၇၈) ဘီလီယံဖြင့် အာရှဒေသတွင်း ဆန်ပို့ကုန်၏ (၂၀) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် တစ်ကမ္ဘာလုံးတွင် တတိယအများဆုံး ဆန်တင်ပို့သည့်နိုင်ငံ ဖြစ်သော်လည်း ဆန်သွင်းမှုပမာဏလည်း တွေ့ရှိရပါသည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် ဗီယက်နမ်နိုင်ငံ၌ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သည့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဆန်အခြေပြု ကုန်ချောပစ္စည်းများ ထုတ်လုပ်လာနိုင်ကြောင်း တွေ့ရပါသည်။ ဗီယက်နမ်နိုင်ငံသည် ဆန်ကို ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ အနိမ့်ဈေးဖြင့် ဝယ်ယူတင်သွင်းလျက်ရှိပြီး ၎င်းနိုင်ငံမှ ထုတ်လုပ်သော ဆန်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက် ရှိပါသည်။ သို့ဖြစ်ရာ ဗီယက်နမ်နိုင်ငံသည် ဆန်စားသုံးမှုထက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် ကုန်ကြမ်းများနှင့် တိရစ္ဆာန်စာအတွက် ဆန်အသုံးပြုမှု ပိုများနေကြောင်း တွေ့ရှိရပါသည် (Agribusiness Bulletin၊ ၂၀၂၃)။

ဇယား (၂၄) အာရှတိုက်၏ ဆန် (HSC:1006) တင်ပို့မှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်ပို့သည့်နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့်တန်ဖိုး ('၀၀၀ USD) | အာရှနိုင်ငံများ၏ တင်ပို့မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၄၁,၁၁၆,၉၀၃** | **၂၆,၆၁၉,၃၉၀** | **၁၀၀.၀၀** |
| ၁ | အိန္ဒိယ | ၁၇,၁၆၄,၉၈၄ | ၁၀,၄၆၃,၀၁၆ | ၄၁.၇၅ |
| ၂ | ထိုင်း | ၈,၇၄၇,၅၆၅ | ၅,၁၁၅,၉၁၉ | ၂၁.၂၇ |
| ၃ | ဗီယက်နမ် | ၈,၁၃၀,၀၀၀ | ၄,၇၈၀,၀၀၀ | ၁၉.၇၇ |
| ၄ | ကမ္ဘောဒီးယား | ၅,၇၅၆,၅၀၇ | ၁,၈၇၈,၉၉၅ | ၁၄.၀၀ |
| ၅ | ပါကစ္စတန် | ၄,၅၆၀,၃၉၄ | ၂,၈၈၀,၉၀၇ | ၁၁.၀၉ |
| ၆ | တရုတ် | ၁,၆၂၅,၈၈၉ | ၉၈၃,၇၅၀ | ၃.၉၅ |
| ၇ | မြန်မာ | ၁,၅၉၅,၃၁၅ | ၇၄၃,၅၁၃ | ၃.၈၈ |
| ၈ | တူကီယဲ | ၂၅၈,၀၁၆ | ၁၇၈,၄၂၅ | ၀.၆၃ |
| ၉ | စင်ကာပူ | ၁၅၆,၇၉၇ | ၈၁,၉၂၄ | ၀.၃၈ |
| ၁၀ | တရုတ်တိုင်ပေ | ၁၂၈,၇၄၈ | ၈၈,၆၉၀ | ၀.၃၁ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

ကမ္ဘောဒီးယားနိုင်ငံသည်လည်း ဆန်တန်ချိန် (၅.၇၆) သန်းကို အမေရိကန်ဒေါ်လာ (၁.၈၈) သန်းဖြင့် အာရှဒေသ ဆန်တင်ပို့မှု၏ (၁၄) ရာခိုင်နှုန်းခန့်ထိ ဈေးကွက်ရှယ်ယာ ရရှိထားပါသည်။ ပါကစ္စတန်နိုင်ငံသည် ဆန်တန်ချိန် (၄.၅၆) သန်းဖြင့် ဈေးကွက်ရှယ်ယာ (၁၁) ရာခိုင်နှုန်းကို ရရှိထားပြီး တရုတ်နိုင်ငံသည် ဆန်တန်ချိန် (၁.၆၃) သန်း၊ မြန်မာနိုင်ငံသည် ဆန်တန်ချိန် (၁.၆၀) သန်းတို့ဖြင့် ဆန်တင်ပို့မှု ရှယ်ယာ (၄) ရာခိုင်နှုန်းစီ ပိုင်ဆိုင်ထားပါသည်။ တူကီယဲနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် တရုတ်တိုင်ပေတို့၏ ဆန်တင်ပို့မှုပမာဏမှာ အာရှဒေသ ဆန်ပို့ကုန်စုစုပေါင်း၏ (၁) ရာခိုင်နှုန်းထက်နည်းသော ဈေးကွက်ရှယ်ယာကိုသာ ရရှိ

ထားပါသည်။ ဤအချက်အလက်များအရ ကမ္ဘာ့ဆန်ဝယ်လိုအားကို ဖြည့်ဆည်းပေးနေသော အာရှနိုင်ငံများ၏ ဆန်တင်ပို့ဖြန့်ဖြူးမှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်းတွေ့ရပါသည် (ဇယား ၂၄)။

မြန်မာနိုင်ငံသည် အာရှနိုင်ငံများသို့ ဆန်တန်ချိန်စုစုပေါင်း (၉၆၉,၉၆၆) တန်ကို ၂၀၂၃ ခုနှစ်တွင် တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၄၆၇.၀၅) သန်း ရှိပါသည်။ မြန်မာ့ဆန်ကို အဓိက တင်သွင်းသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အာရှနိုင်ငံများသို့ တင်ပို့သည့် ပမာဏ၏ (၄၅) ရာခိုင်နှုန်းကို ၎င်းနိုင်ငံသို့ တင်ပို့ပါသည်။ ပမာဏအားဖြင့် (၄၄၀,၁၅၈) တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၀၅.၈၀) သန်း တန်ဖိုးရှိပါသည်။ မြန်မာနိုင်ငံမှဆန်တင်ပို့မှု၏ (၁၈) ရာခိုင်နှုန်းကို တင်သွင်းသောနိုင်ငံမှာ အင်ဒိုနီးရှား နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ (၉၈.၅၇) သန်း တန်ဖိုးရှိသော ဆန်တန်ချိန် (၁၇၅,၅၅၈) တန်ကို တင်သွင်းခဲ့ပါသည်။ ထို့နောက် စုစုပေါင်းဆန်တင်ပို့မှု၏ (၁၇) ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ (၇၆.၁၃) သန်း တန်ဖိုးရှိသော ဆန်တန်ချိန် (၁၆၁,၈၆၈) တန်ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။

ဇယား (၂၅) မြန်မာနိုင်ငံမှ ဆန် (HSC:1006) တင်ပို့မှုအများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်)

| **အဆင့်** | **မြန်မာ့ဆန်ကို တင်သွင်းသော နိုင်ငံများ** | **တင်ပို့သည့် ပမာဏ (တန်)** | **တင်ပို့သည့်တန်ဖိုး ('၀၀၀ USD)** | **အာရှနိုင်ငံများ၏ တင်ပို့မှုရာခိုင်နှုန်း** |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၉၆၉,၉၆၆** | **၄၆၇,၀၅၃** | **၁၀၀.၀၀** |
| ၁ | တရုတ် | ၄၄၀,၁၅၈ | ၂၀၅,၇၉၈ | ၄၅.၃၈ |
| ၂ | အင်ဒိုနီးရှား | ၁၇၅,၅၅၈ | ၉၈,၅၆၉ | ၁၈.၁၀ |
| ၃ | ဖိလစ်ပိုင် | ၁၆၁,၈၆၈ | ၇၆,၁၃၁ | ၁၆.၆၉ |
| ၄ | မလေးရှား | ၅၂,၃၃၆ | ၂၅,၄၈၅ | ၅.၄၀ |
| ၅ | ဘင်္ဂလားဒေ့ရှ် | ၅၁,၅၂၅ | ၂၀,၃၇၅ | ၅.၃၁ |
| ၆ | တူကီယဲ | ၄၆,၉၆၆ | ၂၁,၈၁၁ | ၄.၈၄ |
| ၇ | ဗီယက်နမ် | ၂၃,၅၅၉ | ၁၀,၇၀၄ | ၂.၄၃ |
| ၈ | ထိုင်း | ၅,၁၇၉ | ၂,၀၆၅ | ၀.၅၃ |
| ၉ | ဟောင်ကောင် | ၃,၇၉၄ | ၁,၇၈၉ | ၀.၃၉ |
| ၁၀ | စင်ကာပူ | ၃,၇၇၀ | ၁,၇၈၄ | ၀.၃၉ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

မလေးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တူကီယဲနိုင်ငံတို့သည် မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု၏ (၅) ရာခိုင်နှုန်းစီ တင်သွင်းနေရပြီး မလေးရှားနိုင်ငံမှ (၅၂,၃၃၆) တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ (၅၁,၅၂၅) တန်နှင့် တူကီယဲနိုင်ငံမှ (၄၆,၉၆၆) တန်ကို တင်သွင်းခဲ့ကြပါသည်။ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံ စသည့် နိုင်ငံအသီးသီးသို့ မြန်မာ့ဆန်တင်ပို့မှုမှာ (၁) ရာခိုင်နှုန်းအောက်မှ (၂) ရာခိုင်နှုန်းစီ အတွင်းသာ ရှိပါသည်။ ၎င်းအချက်အလက်များကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် မြန်မာ့ဆန်ကို အဓိက တင်သွင်းသည့် နိုင်ငံဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း မြန်မာနိုင်ငံအတွက် အဓိက ဆန်ဈေးကွက်အဖြစ် ပေါ်ထွက်လာကြောင်း တွေ့ရပါသည် (ဇယား ၂၅)။

ကမ္ဘာ့နိုင်ငံများ၏ ဆန်ကွဲတင်သွင်းမှု စုစုပေါင်းပမာဏသည် ၂၀၂၃ ခုနှစ်တွင် တန်ချိန် (၆.၄၁) သန်း ရှိခဲ့ပြီး စုစုပေါင်း ဆန်ကွဲကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၂.၇၉) ဘီလီယံ ဖြစ်ပါသည်။ ဆီနီဂေါ နိုင်ငံသည် ဆန်ကွဲတန်ချိန် (၁.၁၃) သန်းကို အမေရိကန်ဒေါ်လာ (၄၁၂.၄၃) သန်းဖြင့် တင်သွင်းခဲ့ပြီး ကမ္ဘာ တစ်ဝှမ်း ဆန်ကွဲတင်သွင်းမှု၏ (၁၈) ရာခိုင်နှုန်းရှိသောကြောင့် ဆန်ကွဲတင်သွင်းမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်နေပါသည်။ ဒုတိယအနေဖြင့် ကမ္ဘာ့ဆန်ကွဲ တင်သွင်းမှု၏ (၁၃) ရာခိုင်နှုန်းကို တင်သွင်းသော တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၃၆၉.၉၈) သန်း တန်ဖိုးရှိသည့် ဆန်ကွဲတန်ချိန် (၈၄၅,၅၉၇) တန် ကို တင်သွင်းခဲ့ပါသည်။ ဘာကီနာဖာဆိုနိုင်ငံသည် အမေရိကန်ဒေါ်လာ (၉၄.၇၉) သန်းဖြင့် ဆန်ကွဲတန်ချိန် (၆၃၁,၅၂၈) တန် (ကမ္ဘာ့ဆန်ကွဲတင်သွင်းမှု၏ ၁၀ ရာခိုင်နှုန်း) ကို တင်သွင်းခဲ့ပါသည်။ အာဖဂန်နစ္စတန်နိုင်ငံ သည် (၃၅၉,၁၂၂) တန် (ကမ္ဘာ့ဆန်ကွဲတင်သွင်းမှု၏ ၆ ရာခိုင်နှုန်း) ဖြင့် ဘာကီနာဖာဆိုနိုင်ငံထက် တန်ချိန် ပိုနည်းစွာ တင်သွင်းသော်လည်း ကုန်သွယ်မှုတန်ဖိုးမှာ ၎င်းနိုင်ငံထက် ပိုများနေကြောင်း တွေ့ရပါသည်။

ဇယား (၂၆) ကမ္ဘာပေါ်ရှိ ဆန်ကွဲ (HSC: 100640) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်သွင်းသည့် နိုင်ငံများ | တင်သွင်းသည့် ပမာဏ (တန်) | တင်သွင်းသည့်တန်ဖိုး ('၀၀၀ USD) | ကမ္ဘာ့တင်သွင်းမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | **ကမ္ဘာ့နိုင်ငံစုစုပေါင်း** | **၆,၄၀၈,၁၂၄** | **၂,၇၉၂,၆၈၄** | **၁၀၀.၀၀** |
| ၁ | ဆီနီဂေါ | ၁,၁၂၈,၀၃၈ | ၄၁၂,၄၂၈ | ၁၇.၆၀ |
| ၂ | တရုတ် | ၈၄၅,၅၉၇ | ၃၆၉,၉၈၂ | ၁၃.၂၀ |
| ၃ | ဘာကီနာဖာဆို | ၆၃၁,၅၂၈ | ၉၄,၇၉၀ | ၉.၈၆ |
| ၄ | အာဖဂန်နစ္စတန် | ၃၅၉,၁၂၂ | ၁၁၀,၂၃၁ | ၅.၆၀ |
| ၅ | အင်ဒိုနီးရှား | ၃၄၅,၆၈၇ | ၁၈၆,၆၉၂ | ၅.၃၉ |
| ၆ | ဘယ်လ်ဂျီယံ | ၃၄၃,၁၇၇ | ၁၆၂,၆၀၆ | ၅.၃၆ |
| ၇ | ဂန်ဘီယာ | ၂၅၃,၄၃၀ | ၅၁,၄၃၇ | ၃.၉၅ |
| ၈ | ဇင်ဘာဘွေ | ၂၂၁,၀၃၆ | ၁၄၇,၆၁၈ | ၃.၄၅ |
| ၉ | ဂါနာ | ၁၈၂,၈၈၀ | ၈၅,၁၆၈ | ၂.၈၅ |
| ၁၀ | အိုင်ဗရီကိုစ့် | ၁၇၄,၆၆၉ | ၉၉,၁၉၇ | ၂.၇၃ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

အင်ဒိုနီးရှားနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည် ကမ္ဘာ့ဆန်ကွဲတင်သွင်းမှု၏ (၅) ရာခိုင်နှုန်းစီ တင်သွင်းခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံမှာ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၈၆.၆၉) သန်းရှိသော ဆန်ကွဲတန်ချိန် (၃၄၅,၆၈၇) တန်နှင့် ဘယ်လ်ဂျီယံနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၁၆၂.၆၀၆) သန်းရှိသော ဆန်ကွဲတန်ချိန် (၃၄၃,၁၇၇) တန်တို့ကို တင်သွင်းခဲ့ကြပါသည်။ အာဖရိကနိုင်ငံများဖြစ်ကြသော ဂမ်ဘီယာနိုင်ငံ (၂၅၃,၄၃၀ တန်)၊ ဇင်ဘာဘွေနိုင်ငံ (၂၂၁,၀၃၆ တန်)၊ ဂါနာနိုင်ငံ (၁၈၂,၈၈၀ တန်)၊ အိုင်ဗရီကို့စ်နိုင်ငံ (၁၇၄,၆၆၉ တန်) စသည့် နိုင်ငံအသီးသီးတို့သည် ကမ္ဘာ့ဆန်ကွဲတင်သွင်းမှု၏ (၃) ရာခိုင်နှုန်းမှ (၄) ရာခိုင်နှုန်းစီအထိ တင်သွင်းခဲ့ကြပါသည်။ ဤအချက်အလက်များကို ကြည့်ခြင်းအားဖြင့် အာရှနှင့် အာဖရိကဒေသများတွင် ဆန်ကွဲ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း တွေ့ရပါသည် (ဇယား ၂၆)။

အာရှနိုင်ငံများသည် စုစုပေါင်းဆန်ကွဲတန်ချိန် (၁.၉၇) သန်းကို ၂၀၂၃ ခုနှစ်တွင် တင်သွင်းခဲ့ပြီး ဆန်ကွဲတင်သွင်းမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၈၅၄.၅၈) သန်း ရှိပါသည်။ တရုတ်နိုင်ငံသည် တန်ဖိုးအား ဖြင့် အမေရိကန်ဒေါ်လာ (၃၆၉.၉၈) သန်းရှိသော ဆန်ကွဲတန်ချိန် (၈၄၅,၅၉၇) တန်ကို တင်သွင်းပြီး အာရှ ဒေသ ဆန်ကွဲတင်သွင်းမှု၏ (၄၃) ရာခိုင်နှုန်းဖြင့် ဆန်ကွဲတင်သွင်းမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်နေပါ သည်။ အာဖဂန်နစ္စတန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် စုစုပေါင်းတင်သွင်းမှု၏ (၁၈) ရာခိုင်နှုန်းစီ တင် သွင်းခဲ့ကြပြီး အာဖဂန်နစ္စတန်နိုင်ငံမှ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၁၀.၂၃) သန်းဖြင့် ဆန်ကွဲတန်ချိန် (၃၅၉,၁၂၂) တန်ကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ (၁၈၆.၆၉) သန်းဖြင့် (၃၄၅,၆၈၇) တန်ကိုလည်းကောင်း တင်သွင်းခဲ့ကြပါသည် (ဇယား ၂၇)။

ဇယား (၂၇) အာရှတိုက်ရှိ ဆန်ကွဲ (HSC:100640) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်သွင်းသည့် နိုင်ငံများ | တင်သွင်းသည့် ပမာဏ (တန်) | တင်သွင်းသည့်တန်ဖိုး ('၀၀၀ USD) | အာရှနိုင်ငံများ၏ တင်သွင်းမှုရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၁,၉၆၇,၂၀၈** | **၈၅၄,၅၇၇** | **၁၀၀.၀၀** |
| ၁ | တရုတ် | ၈၄၅,၅၉၇ | ၃၆၉,၉၈၂ | ၄၂.၉၈ |
| ၂ | အာဖဂန်နစ္စတန် | ၃၅၉,၁၂၂ | ၁၁၀,၂၃၀ | ၁၈.၂၆ |
| ၃ | အင်ဒိုနီးရှား | ၃၄၅,၆၈၇ | ၁၈၆,၆၉၂ | ၁၇.၅၇ |
| ၄ | ဖိလစ်ပိုင် | ၁၄၇,၇၀၉ | ၆၄,၂၆၀ | ၇.၅၀ |
| ၅ | တီမောလက်စတေ | ၁၁၆,၃၆၉ | ၅၈,၁၅၈ | ၅.၉၂ |
| ၆ | ဗီယက်နမ် | ၄၀,၉၁၀ | ၁၇,၈၃၀ | ၂.၀၈ |
| ၇ | လာအို | ၂၆,၀၀၄ | ၈,၃၉၀ | ၁.၃၂ |
| ၈ | ကိုရီးယား | ၂၀,၀၀၀ | ၉,၂၂၁ | ၁.၀၂ |
| ၉ | စင်ကာပူ | ၁၃,၉၀၀ | ၆,၅၆၁ | ၀.၇၁ |
| ၁၀ | ဟောင်ကောင် | ၁၁,၈၈၇ | ၅,၆၇၂ | ၀.၆၀ |

ဓာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

ဖိလစ်ပိုင်နိုင်ငံသည် စုစုပေါင်းဆန်ကွဲတင်သွင်းမှု၏ (၈) ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ (၆၄.၂၆) သန်းရှိသော ဆန်ကွဲ (၁၄၇,၇၀၉) တန်ကို တင်သွင်းခဲ့ပါသည်။ တီမောလက်စတေနိုင်ငံမှ အမေရိကန် ဒေါ်လာ (၅၈.၁၆) သန်းရှိသော ဆန်ကွဲ (၁၁၆,၃၆၉) တန်ကို တင်သွင်းခဲ့ပြီး စုစုပေါင်း ဆန်ကွဲတင်သွင်းမှု၏ (၆) ရာခိုင်နှုန်း ရှိပါသည်။ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဟောင်ကောင် တို့သည် စုစုပေါင်း ဆန်ကွဲသွင်းကုန်ပမာဏ၏ (၁) ရာခိုင်နှုန်းမှ (၂) ရာခိုင်နှုန်းစီအထိ တင်သွင်းမှုရှိကြောင်း တွေ့ရပါသည်။

ဇယား (၂၈) အာရှတိုက်၏ ဆန်ကွဲ (HSC:100640) တင်ပို့မှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်ပို့သည့် နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့်တန်ဖိုး ('၀၀၀ USD) | အာရှနိုင်ငံများ၏ တင်ပို့မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | အာရှနိုင်ငံစုစုပေါင်း | ၄,၅၂၄,၇၅၀ | ၁,၉၃၆,၃၇၉ | ၁၀၀.၀၀ |
| ၁ | ပါကစ္စတန် | ၁,၀၄၁,၉၄၅ | ၄၀၉,၀၆၅ | ၂၃.၀၃ |
| ၂ | ထိုင်း | ၁,၀၂၁,၆၅၆ | ၄၉၇,၇၂၄ | ၂၂.၅၈ |
| ၃ | အိန္ဒိယ | ၉၇၁,၃၈၅ | ၃၂၉,၆၄၃ | ၂၁.၄၇ |
| ၄ | မြန်မာ | ၇၁၃,၇၂၅ | ၃၀၁,၇၅၂ | ၁၅.၇၇ |
| ၅ | ဗီယက်နမ် | ၇၀၉,၂၄၈ | ၃၄၈,၅၆၉ | ၁၅.၆၇ |
| ၆ | ကာဇာခစ္စတန် | ၃၃,၇၄၅ | ၁၄,၀၃၆ | ၀.၇၅ |
| ၇ | တူရကီယဲ | ၁၅,၆၆၀ | ၇,၈၉၂ | ၀.၃၅ |
| ၈ | ကမ္ဘောဒီးယား | ၁၀,၆၄၇ | ၆,၀၆၇ | ၀.၂၄ |
| ၉ | လာအို | ၄,၀၈၈ | ၂,၆၆၆ | ၀.၀၉ |
| ၁၀ | ဟောင်ကောင် | ၁,၂၆၀ | ၈၁၂ | ၀.၀၃ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

အာရှနိုင်ငံများသည် ၂၀၂၃ ခုနှစ်တွင် ဆန်ကွဲတင်ပို့မှုပမာဏ စုစုပေါင်းတန်ချိန် (၄.၅၂) သန်း တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁.၉၄) ဘီလီယံ တန်ဖိုးရှိပါသည်။ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အာရှတိုက်၏ ဆန်ကွဲတင်ပို့မှုဈေးကွက်ကို လွှမ်းမိုးထားပြီး အာရှဒေသ စုစုပေါင်း ဆန်ကွဲတင်ပို့မှု၏ (၂၃) ရာခိုင်နှုန်းစီ ရှိပါသည်။ ပါကစ္စတန်နိုင်ငံသည် ဆန်ကွဲပို့ကုန်တန်ချိန် (၁.၀၄) သန်းကို အမေရိကန်ဒေါ်လာ (၄၀၉.၀၇) သန်းဖြင့် တင်ပို့ပြီး ထိုင်းနိုင်ငံသည် ဆန်ကွဲတန်ချိန် (၁.၀၂) သန်းကို တန်ဖိုး အမေရိကန်ဒေါ်လာ (၄၉၇.၇၂) သန်းဖြင့် တင်ပို့ခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် ဆန်ကွဲတန်ချိန် (၉၇၁,၄၈၅) တန်ကို အမေရိကန်ဒေါ်လာ (၃၂၉.၆၄) သန်းဖြင့် တင်ပို့ခဲ့ပြီး အာရှဒေသဆန်ကွဲတင်ပို့မှု၏ (၂၁) ရာခိုင်နှုန်း ရှိပါသည်။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဆန်ကွဲတင်ပို့မှု ဈေးကွက်ရှယ်ယာ (၁၆) ရာခိုင်နှုန်းစီ ပိုင်ဆိုင်ထားပြီး မြန်မာနိုင်ငံမှ ဆန်ကွဲ (၇၁၃,၇၂၅) တန်ကို အမေရိကန်ဒေါ်လာ (၃၀၁.၇၅) သန်းဖြင့် တင်ပို့ပါသည်။ ဗီယက်နမ်နိုင်ငံသည် ဆန်ကွဲတန်ချိန် (၇၀၉.၂၄၈) တန်သာ တင်ပို့ခဲ့သော်လည်း ကုန်သွယ်မှုတန်ဖိုးမှာ (၃၄၈.၅၇) သန်းဖြင့် မြန်မာနိုင်ငံထက် ပိုမိုများပြားနေကြောင်း တွေ့ရပါသည်။ ကာဇာခစ္စတန်နိုင်ငံ၊ တူရကီယဲနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဟောင်ကောင် စသည့် နိုင်ငံအသီးသီး၏ ဆန်ကွဲတင်ပို့မှုသည် စုစုပေါင်း ဆန်ကွဲတင်ပို့မှု၏ (၁) ရာခိုင်နှုန်းအောက်စီ တင်ပို့နိုင်ကြောင်း တွေ့ရပါသည် (ဇယား ၂၈)။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် အာရှနိုင်ငံများသို့ ဆန်ကွဲ (၃၆၈,၈၀၆) တန် တင်ပို့ခဲ့ပြီး စုစုပေါင်း တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၆၃.၉၁) သန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဆန်ကွဲကို အဓိက တင်သွင်းသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အာရှနိုင်ငံများသို့ တင်ပို့သည့် ပမာဏ၏ (၇၉) ရာခိုင်နှုန်းကို ၎င်းနိုင်ငံသို့ တင်ပို့ပါသည်။ ပမာဏအားဖြင့် (၂၉၀,၀၆၆) တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁၂၉.၆၆) သန်း တန်ဖိုးရှိပါသည်။ မြန်မာနိုင်ငံမှ ဆန်ကွဲတင်ပို့မှု၏ (၇) ရာခိုင်နှုန်းစီကို တင်သွင်းသော အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံသည် တန်ချိန် (၂၅,၅၅၈) တန်ကို အမေရိကန်ဒေါ်လာ (၁၁.၁၃) သန်းဖြင့်လည်း

ကောင်း၊ တန်ချိန် (၂၄,၉၀၈) တန်ကို အမေရိကန်ဒေါ်လာ (၁၀.၇၇) သန်းဖြင့်လည်းကောင်း အသီးသီး တင်သွင်းခဲ့ကြပါသည်။ ထို့နောက် ဗီယက်နမ်နိုင်ငံသည် စုစုပေါင်းတင်ပို့မှု၏ (၆) ရာခိုင်နှုန်းဖြစ်သော တန်ချိန် (၂၀,၇၃၄) တန်ကို အမေရိကန်ဒေါ်လာ (၉.၂၈) သန်းဖြင့် တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံသည် စုစုပေါင်းတင်ပို့မှု၏ (၁) ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဟောင်ကောင်သို့ ဆန်ကွဲတင်ပို့မှုမှာ (၁) ရာခိုင်နှုန်း အောက်စီသာရှိကြောင်း တွေ့ရပါသည်။ ဤအချက်အလက်များကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် မြန်မာ့ဆန်ကွဲကို အဓိက တင်သွင်းနေသည့် နိုင်ငံဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း မြန်မာနိုင်ငံ၏ ဆန်ကွဲဈေးကွက်အတွက် အရေးပါကြောင်း တွေ့ရပါသည် (ဇယား ၂၉)။

ဇယား (၂၉) မြန်မာနိုင်ငံမှ ဆန်ကွဲ (HSC: 100640) တင်ပို့မှု အများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | မြန်မာ့ဆန်ကွဲကို တင်သွင်းသည့် နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့်တန်ဖိုး ('၀၀၀ USD) | အာရှနိုင်ငံများ၏ တင်ပို့မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၃၆၈,၈၀၆** | **၁၆၃,၉၁၄** | **၁၀၀.၀၀** |
| ၁ | တရုတ် | ၂၉၀,၀၆၆ | ၁၂၉,၆၅၉ | ၇၈.၆၅ |
| ၂ | အင်ဒိုနီးရှား | ၂၅,၅၅၈ | ၁၁,၁၃၄ | ၆.၉၃ |
| ၃ | ဖိလစ်ပိုင် | ၂၄,၉၀၈ | ၁၀,၇၇၃ | ၆.၇၅ |
| ၄ | ဗီယက်နမ် | ၂၀,၇၃၄ | ၉,၂၈၃ | ၅.၆၂ |
| ၅ | ထိုင်း | ၅,၁၇၉ | ၂,၀၆၅ | ၁.၄၀ |
| ၆ | စင်ကာပူ | ၁,၃၁၇ | ၅၄၀ | ၀.၃၆ |
| ၇ | မလေးရှား | ၅၂၆ | ၁၉၁ | ၀.၁၄ |
| ၈ | ဟောင်ကောင် | ၅၁၈ | ၂၆၉ | ၀.၁၄ |

ဓာစ်မြစ်။ UN Comtrade ၂၀၂၃ ၊ ITC Trademap ၂၀၂၃

## ၅.၂။ မြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်ပစ္စည်းများ၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ

မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်များကို ပြည်ပသို့တင်ပို့ရာတွင် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များရှိရာ ပြည်တွင်းလက်ကားဈေးအပေါ်တွင် သယ်ယူပို့ဆောင်ခများ၊ တင်ချခများ၊ ကုန်သွယ်ခွန်၊ ထုပ်ပိုးထည့်သွင်း၊ စစ်ဆေးခြင်း၊ ကုန်ပစ္စည်းအာမခံ၊ လိုင်စင်နှင့် ထောက်ခံချက်အတွက် စရိတ်များ၊ အခြား ကုန်ကျစရိတ်များ စသည်ဖြင့် ထည့်သွင်းတွက်ချက်ပါက သင်္ဘောတင်ပြီးသည့် အဆင့်ထိ ဈေးနှုန်းများ (FOB Price) ရရှိမည်ဖြစ်ပြီး သင်္ဘောတင်ခနှင့် တင်သွင်းနိုင်ငံ ဆိပ်ကမ်းစရိတ်များ ထည့်သွင်းတွက်ချက်ပါက တင်သွင်းနိုင်ငံ၏ ဆိပ်ကမ်းအရောက် ဈေးနှုန်း (CIF Price) များ ခန့်မှန်းသိရှိနိုင်မည် ဖြစ်ပါသည်။

ယခုလေ့လာမှုတွင် ပြည်ပနိုင်ငံသို့တင်ပို့သော ဆန်တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များမှာ အောက်ပါဇယားအတိုင်းဖြစ်ရာ ငွေလဲလှယ်နှုန်း တစ်ဒေါ်လာ (၂,၄၅၀) ကျပ်နှုန်းဖြင့် တွက်ချက်ပါက ပြည်တွင်းလက်ကားဈေး (၅၅၉) ဒေါ်လာနှင့် FOB ဈေး (၈၁၈) ဒေါ်လာဖြစ်ကြောင်း တွေ့ရှိရပါသည် (ဇယား ၃၀)။

ဇယား (၃၀) ဆန်တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ (၂၀၂၃ ခုနှစ်)

| အကြောင်းအရာ | ယူနစ် | ကုန်ကျငွေ |
|---|---|---|
| ပြည်တွင်းလက်ကားဈေး | ကျပ် | ၁,၃၇၀,၀၀၀ |
| ထုတ်ပိုးမှု ပစ္စည်းကုန်ကျစရိတ် | ကျပ် | ၁၉,၁၀၀ |
| ပြည်တွင်းသယ်ယူစရိတ် | ကျပ် | ၁၂,၀၀၀ |
| ကုန်တင်/ကုန်ချ စရိတ် | ကျပ် | ၃,၀၀၀ |
| သယ်ယူစရိတ် (ပြည်တွင်းမှ ဆိပ်ကမ်းသို့) | ကျပ် | ၂၀,၀၀၀ |
| ကုန်တင်/ကုန်ချ စရိတ် | ကျပ် | ၉,၂၀၀ |
| ပို့ကုန်အတွက် ဆိပ်ကမ်းကုန်ကျစရိတ် | ကျပ် | ၉,၂၀၀ |
| ကုန်ပစ္စည်းစစ်ဆေးရေးစရိတ် (Inspection) | ကျပ် | ၇၇,၃၀၀ |
| အပင်သီးနှံပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်စရိတ် | ကျပ် | ၈၀,၀၅၀ |
| သန့်ရှင်း/အခြောက်ခံခြင်း | ကျပ် | - |
| သိုလှောင်မှုစရိတ် | ကျပ် | ၁၀,၀၀၀ |
| ကုန်တင်ခြင်း/ကုန်ချစရိတ် | ကျပ် | ၂,၄၀၀ |
| Container ငှားခ | ကျပ် | - |
| စစ်ဆေးမှုကုန်ကျစရိတ် | ကျပ် | - |
| ပို့ကုန် ကုန်သွယ်ခွန် (၂ %) | ကျပ် | ၂၇,၄၀၀ |
| အာမခံကြေး | ကျပ် | - |
| တင်ပို့မှုဆိုင်ရာ လိုင်စင်ခ | ကျပ် | ၃၀၄,၃၅၀ |
| တင်ပို့မည့်နိုင်ငံတွင် ပေးရသော သွင်းကုန်ကုန်သွယ်ခွန် (%) | ကျပ် | - |
| တင်ပို့သောနိုင်ငံတွင် ဆိပ်ကမ်းကုန်ကျစရိတ် | ကျပ် | - |
| အခြားကုန်ကျစရိတ်များ (agent fees) | ကျပ် | ၆၀,၀၀၀ |
| **စုစုပေါင်း ကုန်ကျစရိတ်** | **ကျပ်** | **၂,၀၀၄,၀၀၀** |

ဇာစ်မြစ်။ စစ်တမ်းကောက်ယူ တွေ့ရှိချက်

## ၅.၃။ ဈေးနှုန်းယှဉ်ပြိုင်မှုများနှင့် Nominal Protection Rate (NPR)

တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် ဆန်ကုန်သွယ်မှု အဓိက ပြုလုပ်သော အာရှနိုင်ငံများရှိ ဆန်ဈေးနှုန်းများသည် ၂၀၂၃ ခုနှစ်တစ်လျှောက်လုံးတွင် အတက်အကျဖြစ်နေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ဆန်ဈေးနှုန်းသည် ဇန်နဝါရီလတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၅၀) မှစတင်ကာ ဇူလိုင်လတွင် တစ်တန်လျှင် (၇၅၀) ဒေါ်လာဖြင့် သိသိသာသာ မြင့်တက်ခဲ့ပါသည်။ သို့သော် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံရှိ ဈေးနှုန်းများသည် ပိုမိုတည်ငြိမ်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဈေးနှုန်း

များသည် တစ်တန်လျှင် (၅၃၈.၆) ဒေါ်လာမှ စတင်ကာ ဩဂုတ်လတွင် အမြင့်ဆုံး (၅၉၂.၁) ဒေါ်လာအထိ ရောက်ရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် ဇန်နဝါရီလတွင် (၆၄၁.၆၂) ဒေါ်လာဖြင့် အမြင့်ဆုံးဈေးနှုန်းနှင့် စတင်ခဲ့ပြီး အောက်တိုဘာလတွင် (၅၉၉.၀၆) ဒေါ်လာဖြင့် အနိမ့်ဆုံးဈေးနှုန်းကို ရရှိခဲ့ပါသည်။ ဇန်နဝါရီလတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်လက်ကားဈေးသည် မြန်မာနိုင်ငံထက် သိသိသာသာနည်းပြီး ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းများသည် ဇန်နဝါရီလတွင် တစ်တန်လျှင် (၄၃၇.၄၄) ဒေါ်လာမှ ဒီဇင်ဘာလတွင် (၅၆၇.၇၅) ဒေါ်လာအထိ ရှိခဲ့ပါသည် (ပုံ ၆) (ဇယား ၃၁)။

ဇယား (၃၁) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန် (HSC: 1006) လက်ကားဈေးများ

(အမေရိကန်ဒေါ်လာ/တန်)

| ရက်စွဲ | တရုတ် | အိန္ဒိယ | မြန်မာ | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|
| ၀၁/၀၁/၂၀၂၃ | ၆၄၁.၆၂ | ၅၃၈.၆ | ၄၅၀ | ၄၃၇.၄၄ | ၄၁၀ |
| ၀၂/၀၁/၂၀၂၃ | ၆၃၉.၃၁ | ၅၃၈.၅ | ၅၄၀ | ၄၁၂.၁၃ | ၄၁၀ |
| ၀၃/၀၁/၂၀၂၃ | ၆၃၅.၀၇ | ၅၄၇.၂ | ၅၇၀ | ၄၀၅.၂၆ | ၄၀၀ |
| ၀၄/၀၁/၂၀၂၃ | ၆၃၅.၈၄ | ၅၅၁.၅ | ၅၈၀ | ၄၂၂.၉၉ | ၄၃၀ |
| ၀၅/၀၁/၂၀၂၃ | ၆၂၆.၂၁ | ၅၄၅ | ၆၆၀ | ၄၃၆.၀၁ | ၄၅၀ |
| ၀၆/၀၁/၂၀၂၃ | ၆၁၁.၅၂ | ၅၄၉.၈ | ၇၃၀ | ၄၃၉.၂၆ | ၄၄၀ |
| ၀၇/၀၁/၂၀၂၃ | ၆၀၉.၅၈ | ၅၇၁.၈ | ၇၅၀ | ၄၇၀.၇၈ | ၄၆၀ |
| ၀၈/၀၁/၂၀၂၃ | ၆၀၃.၉၀ | ၅၉၂.၁ | ၇၃၀ | ၅၅၉.၄၇ | ၅၆၀ |
| ၀၉/၀၁/၂၀၂၃ | ၆၀၀.၀၆ | ၅၈၉.၃ | ၇၂၀ | ၅၄၇.၄၂ | ၅၄၀ |
| ၁၀/၀၁/၂၀၂၃ | ၅၉၉.၀၆ | ၅၈၃.၇ | ၅၉၀ | ၅၁၉.၃၅ | ၅၉၀ |
| ၁၁/၀၁/၂၀၂၃ | ၆၀၈.၀၄ | ၅၈၁.၉ | ၆၄၀ | ၅၁၇.၈၁ | ၆၀၀ |
| ၁၂/၀၁/၂၀၂၃ | ၆၁၄.၀၂ | ၅၈၂.၁ | ၇၀၀ | ၅၆၇.၇၅ | ၆၀၀ |

ဓာတ်မြစ်။ FOASTAT ၂၀၂၃, Myantrade ၂၀၂၃

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းများသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အနိမ့်ဆုံးဖြစ်သော်လည်း ဒီဇင်ဘာလတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၆၀၀) အထိ ရရှိခဲ့ပါသည်။ မတူညီသော ဒေသများအလိုက် ကွဲပြားသော ရောင်းလိုအားနှင့် ဝယ်လိုအားများ ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံသည် ပြည်တွင်းဈေးကွက် အနေအထားများနှင့် ပို့ကုန်မဟာဗျူဟာများ အပြောင်းအလဲကြောင့် မတည်ငြိမ်မှုများ အများဆုံး ကြုံတွေ့နေရသည်။ အာရှနိုင်ငံများထဲတွင် မြန်မာနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ အတက်အကျများနေကြောင်း တွေ့ရပါသည် (ပုံ ၆) (ဇယား ၃၁)။




ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ Myantrade ၂၀၂၃

ပုံ (၆) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန် (HSC: 1006) လက်ကားဈေးများ

၂၀၂၃ ခုနှစ်တွင် မြန်မာ့ဆန် (HSC: 1006) ၏ Nominal Protection Rate (NPR) အခြေအနေအား ဇယား (၃၂) တွင် ဖော်ပြထားပါသည်။ NPR တန်ဖိုးသည် (၁) နှင့် ညီမျှသည် (သို့မဟုတ်) (၁) ထက်ငယ်နေလျှင် ကုန်ပစ္စည်း၏ ထုတ်လုပ်မှုသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ဆိုနိုင်ပြီး NPR တန်ဖိုးသည် (၁) ထက်ကြီးလျှင် ယှဉ်ပြိုင်နိုင်စွမ်းမရှိဟု ဆိုနိုင်ပါသည်။ မြန်မာ့ဆန် (HSC: 1006) ကို ဥရောပနှင့် အာရှနိုင်ငံများဖြစ်သည့် ဘယ်လ်ဂျီယံ၊ တရုတ်၊ ဟောင်ကောင်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် တူကီယဲနိုင်ငံများသို့ အဓိကထား တင်ပို့နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ဆန်တင်ပို့ရာတွင် ဘယ်လ်ဂျီယံ၊ တရုတ်၊ ဟောင်ကောင်၊ စင်ကာပူနှင့် တူကီယဲနိုင်ငံများတွင် NPR တန်ဖိုးသည် (၁) ထက် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

ဇယား (၃၂) မြန်မာ့ဆန် (HSC: 1006) ၏ Nominal Protection Rate (NPR) (၂၀၂၃)

| မြန်မာနိုင်ငံမှ ဆန်ဝယ်ယူသည့် နိုင်ငံများ | Pm<br>မြန်မာ့ဆန်ကို ဝယ်ယူသော နိုင်ငံများသို့ တင်ပို့ရန် CIF price (USD/ton) | Pw<br>မြန်မာ့ဆန်ကို ဝယ်ယူသော နိုင်ငံများ၏ ပြည်တွင်း လက်ကားဈေးနှုန်း (USD/Ton) | NPR (Pm/Pw) |
|---|---|---|---|
| ဘယ်လ်ဂျီယံ | ၄၅၂ | ၇၃၀ | ၀.၆၂ |
| တရုတ် | ၄၁၆ | ၆၁၉ | ၀.၆၇ |
| ဟောင်ကောင် | ၅၀၆ | ၆၂၀ | ၀.၈၂ |
| မလေးရှား | ၅၁၁ | ၃၆၅ | ၁.၄၀ |
| ဖိလစ်ပိုင် | ၁၁၀၁ | ၄၄၈ | ၂.၄၆ |
| စင်ကာပူ | ၅၀၅ | ၂၀၆၀ | ၀.၂၄ |
| တူကီယဲ | ၅၇၆ | ၂၈၃၅ | ၀.၂၀ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ FAOSTAT ၂၀၂၃၊ Myantrade ၂၀၂၃

ထို့ကြောင့် မြန်မာ့ဆန် (HSC: 1006) သည် လက်ရှိကမ္ဘာ့ဆန်စျေးကွက် ပေါက်စျေးဖြင့် အခြားတင်ပို့သည့် နိုင်ငံများနှင့်ယှဉ်ပြိုင်၍ ၎င်းနိုင်ငံများ၏ ဆန်စျေးကွက်သို့ တင်ပို့နိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော် မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် NPR တန်ဖိုးသည် (၁) ထက်ကြီးနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာ့ဆန်သည် လက်ရှိ ကမ္ဘာ့စျေးကွက်ပေါက်စျေးဖြင့် အခြားတင်ပို့သည့် နိုင်ငံများနှင့် ယှဉ်ပြိုင်၍ ၎င်းနိုင်ငံများ၏ ဆန်စျေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

တူကီယဲနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဟောင်ကောင်၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆန်ကွဲစျေးနှုန်းများကို ဇယား (၃၃) နှင့် ပုံ (၇) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ ဆန်ကွဲစျေးနှုန်းသည် ၂၀၂၃ ခုနှစ်တစ်လျှောက်လုံးတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅၅၄) မှစတင်ကာ ဒီဇင်ဘာလအထိ တည်ငြိမ်သောစျေးနှုန်း ရရှိခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် ဇန်နဝါရီလတွင် ဒေါ်လာ (၃၃၁) မှစတင်ခဲ့ပြီး ဒီဇင်ဘာတွင် (၅၉၆) ဒေါ်လာအထိရရှိကာ သိသာထင်ရှားစွာ တိုးတက်လာကြောင်း တွေ့ရပါသည်။ ပါကစ္စတန်နိုင်ငံသည် ဇူလိုင်လတွင် အနိမ့်ဆုံး (၂၈၄) ဒေါ်လာရရှိခဲ့ပြီး အောက်တိုဘာလတွင် (၄၉၅) ဒေါ်လာအထိ မြင့်တက်ခဲ့သော်လည်း စျေးနှုန်းများ အတက်အကျဖြစ်နေသည်ကို တွေ့ရပါသည်။

ဇယား (၃၃) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန်ကွဲ (HSC: 1006) လက်ကားစျေးများ

(အမေရိကန်ဒေါ်လာ/တန်)

| ရက်စွဲ | တူကီယဲ | ကမ္ဘောဒီးယား | ဟောင်ကောင် | အိန္ဒိယ | ထိုင်း | ပါကစ္စတန် | မြန်မာ |
|---|---|---|---|---|---|---|---|
| ၀၁/၀၁/၂၀၂၃ | ၅၇၂ | ၆၈၃ | ၅၈၀ | ၃၃၁ | ၄၇၇ | ၃၂၈ | ၅၅၄ |
| ၀၂/၀၁/၂၀၂၃ | ၄၉၁ | ၅၅၉ | ၅၉၀ | ၃၂၀ | ၄၅၁ | ၃၁၁ | ၅၅၄ |
| ၀၃/၀၁/၂၀၂၃ | ၅၅၆ | ၅၂၇ | ၅၉၀ | ၃၂၆ | ၄၅၃ | ၃၅၆ | ၅၅၄ |
| ၀၄/၀၁/၂၀၂၃ | ၅၇၆ | ၅၄၃ | ၆၀၀ | ၃၄၂ | ၄၈၅ | ၃၈၆ | ၅၅၄ |
| ၀၅/၀၁/၂၀၂၃ | ၅၇၉ | ၅၀၇ | ၆၁၃ | ၃၅၀ | ၄၆၇ | ၃၀၉ | ၅၅၄ |
| ၀၆/၀၁/၂၀၂၃ | ၅၀၁ | ၅၁၁ | ၆၆၇ | ၃၅၂ | ၄၆၉ | ၂၉၃ | ၅၅၄ |
| ၀၇/၀၁/၂၀၂၃ | ၅၀၁ | ၄၇၀ | ၆၄၀ | ၃၅၅ | ၄၇၆ | ၂၈၄ | ၅၅၄ |
| ၀၈/၀၁/၂၀၂၃ | ၄၇၂ | ၄၄၄ | ၆၆၂ | ၃၅၄ | ၄၅၈ | ၂၉၀ | ၅၅၄ |
| ၀၉/၀၁/၂၀၂၃ | ၄၃၉ | ၅၆၅ | ၆၆၀ | ၃၉၃ | ၄၉၃ | ၃၉၇ | ၅၅၄ |
| ၁၀/၀၁/၂၀၂၃ | ၄၅၅ | ၅၉၃ | ၆၈၀ | ၄၂၂ | ၄၈၇ | ၄၉၅ | ၅၅၄ |
| ၁၁/၀၁/၂၀၂၃ | ၄၇၀ | ၆၃၅ | ၇၀၃ | ၄၃၉ | ၅၁၈ | ၄၆၆ | ၅၅၄ |
| ၁၂/၀၁/၂၀၂၃ | ၄၃၁ | ၆၆၅ | ၇၀၀ | ၅၉၆ | ၅၂၉ | ၃၅၆ | ၅၅၄ |

ဇာစ်မြစ်။ FOASTAT ၂၀၂၃၊ Myantrade ၂၀၂၃

ထိုင်းနိုင်ငံ၏ ဆန်ကွဲစျေးနှုန်းများသည် တစ်နှစ်ထက်တစ်နှစ် အနည်းငယ် မြင့်တက်မှုနှင့်အတူ တည်ငြိမ်နေခဲ့ပြီး ဒီဇင်ဘာလတွင် အမြင့်ဆုံး (၅၂၉) ဒေါ်လာအထိ ရရှိခဲ့ပါသည်။ ဟောင်ကောင်သည် တစ်နှစ်ပတ်လုံး ဆန်ကွဲစျေးနှုန်း ကောင်းမွန်နေခဲ့ပြီး နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ (၇၀၃) ဒေါ်လာ

ဖြင့် အမြင့်ဆုံးဈေးနှုန်းကို ရရှိခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဇန်နဝါရီလတွင် (၆၈၃) ဒေါ်လာဖြင့် စတင်ခဲ့သော်လည်း လအလိုက် ကျဆင်းလာခဲ့ရာ သြဂုတ်လတွင် (၄၄၄) ဒေါ်လာအထိ ရောက်ရှိခဲ့ပါသည်။ ထို့နောက် ဈေးနှုန်းများ တဖြည်းဖြည်း ပြန်လည်မြင့်တက်ခဲ့ရာ ဒီဇင်ဘာလတွင် (၆၆၅) ဒေါ်လာ ရရှိခဲ့ပါသည်။ တူကီယဲနိုင်ငံသည် ဇန်နဝါရီလတွင် (၅၇၂) ဒေါ်လာဖြင့် စတင်ခဲ့ပြီး ဒီဇင်ဘာလတွင် (၄၃၁) ဒေါ်လာသို့ ကျဆင်းခဲ့ပါသည်။




ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ Myantrade ၂၀၂၃

ပုံ (၇) မြန်မာနှင့် အာရှနိုင်ငံများ၏ ဆန်ကွဲလက်ကားဈေးများ အခြေအနေ

မြန်မာ့ဆန်ကွဲ (HSC: 100640) ၏ Nominal Protection Rate (NPR) ၂၀၂၃ ခုနှစ် အခြေအနေအားဇယား (၃၄) တွင် ဖော်ပြထားပါသည်။ NPR တန်ဖိုးသည် (၁) နှင့် ညီမျှသည် (သို့မဟုတ်) (၁) ထက်ငယ်နေလျှင် ကုန်ပစ္စည်း၏ ထုတ်လုပ်မှုသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ဆိုနိုင်ပြီး NPR တန်ဖိုးသည် (၁) ထက်ကြီးလျှင် ယှဉ်ပြိုင်နိုင်စွမ်းမရှိဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံသည် မြန်မာ့ဆန်ကွဲ (HSC: 100640) ကို ဥရောပနှင့် အာရှနိုင်ငံများဖြစ်သည့် ဘယ်လ်ဂျီယံ၊ တရုတ်၊ ဟောင်ကောင်နှင့် မလေးရှားနိုင်ငံများသို့ အဓိက တင်ပို့နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ဆန်ကွဲတင်ပို့ရာတွင် ဘယ်လ်ဂျီယံ၊ တရုတ်နှင့် ဟောင်ကောင် တို့တွင် NPR တန်ဖိုးသည် (၁) ထက် လျော့နည်းနေသောကြောင့် မြန်မာ့ဆန်ကွဲသည် လက်ရှိကမ္ဘာ့ဆန်ကွဲ ဈေးကွက်ပေါက်ဈေးဖြင့် အခြားတင်ပို့သည့် နိုင်ငံများနှင့် ယှဉ်ပြိုင်၍ ၎င်းနိုင်ငံများ၏ ဆန်ကွဲဈေးကွက်သို့ တင်ပို့နိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော် မလေးရှားနိုင်ငံတွင် NPR တန်ဖိုးသည် (၁) ထက်ကြီးနေသောကြောင့် မြန်မာ့ဆန်ကွဲသည် လက်ရှိ ကမ္ဘာ့ဈေးကွက်ပေါက်ဈေးဖြင့် အခြား တင်ပို့သည့်နိုင်ငံများနှင့် ယှဉ်ပြိုင်၍ မလေးရှားနိုင်ငံ၏ ဆန်ကွဲဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

ဇယား (၃၄) မြန်မာ့ဆန်ကွဲ (HSC: 100640) ၏ Nominal Protection Rate (NPR) (၂၀၂၃ ခုနှစ်)

| မြန်မာနိုင်ငံမှ ဆန်ကွဲဝယ်ယူ သည့် နိုင်ငံများ | Pm<br>မြန်မာ့ဆန်ကွဲကို ဝယ်ယူသော နိုင်ငံများသို့ တင်ပို့ရန် CIF price (USD/Ton) | Pw<br>မြန်မာ့ဆန်ကွဲကို ဝယ်ယူသော နိုင်ငံများ၏ ပြည်တွင်း လက်ကားဈေးနှုန်း (USD/Ton) | NPR (Pm/Pw) |
|---|---|---|---|
| ဘယ်လ်ဂျီယံ | ၄၄၇ | ၅၈၇ | ၀.၇၆ |
| တရုတ် | ၃၉၄ | ၁၇၈၀ | ၀.၂၂ |
| ဟောင်ကောင် | ၅၀၆ | ၆၄၅ | ၀.၇၈ |
| မလေးရှား | ၃၉၀ | ၃၄၈ | ၁.၁၂ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ FAOSTAT ၂၀၂၃၊ Myantrade ၂၀၂၃

## ၅.၄။ ထုတ်လုပ်နိုင်စွမ်းအားနှင့် အရည်အသွေးဆိုင်ရာ ယှဉ်ပြိုင်မှုများ

၂၀၁၄ မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ၏ ဆန်စပါးထုတ်လုပ်မှုကို ဇယား (၃၅) နှင့် ပုံ (၈) တွင် ပြသထားပါသည်။ မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် ၂၀၁၈ ခုနှစ်တွင် တန်ချိန် (၂၈.၀၂) သန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၂၄.၆၈) သန်းအထိ ကျဆင်းသွားပါသည်။ ဆန်စပါးအများဆုံး ထုတ်လုပ်သည့် တရုတ်နိုင်ငံသည် ကာလတစ်လျှောက် တန်ချိန် (၂၁၀.၀၇) မှ (၂၁၄.၄၃) သန်းအထိ တည်ငြိမ်သော ထုတ်လုပ်မှုကို ထိန်းသိမ်းထားပြီး ၂၀၂၂ ခုနှစ်တွင် ထုတ်လုပ်မှု တန်ချိန် အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ ဒုတိယအများဆုံးထုတ်လုပ်သော အိန္ဒိယနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တန်ချိန် (၁၅၈.၂၁) သန်းမှ ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၁၉၆.၂၅) သန်းအထိ မြင့်တက်လာခဲ့ကြောင်း တွေ့ရပါသည်။

ဇယား (၃၅) မြန်မာနှင့် အာရှနိုင်ငံများ၏ နှစ်အလိုက် စပါးသီးနှံထုတ်လုပ်မှု (တန်/နှစ်)

| နှစ်စဉ် | ကမ္ဘောဒီးယား | တရုတ် | အိန္ဒိယ | မြန်မာ | ပါကစ္စတန် | ထိုင်း |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၉.၃၂ | ၂၁၁.၃၄ | ၁၅၈.၂၁ | ၂၆.၈၅ | ၁၀.၅၀ | ၃၂.၆၂ |
| ၂၀၁၅ | ၉.၃၄ | ၂၁၃.၇၂ | ၁၅၆.၆၀ | ၂၆.၆၃ | ၁၀.၂၀ | ၂၇.၇၀ |
| ၂၀၁၆ | ၉.၉၅ | ၂၁၂.၆၈ | ၁၆၄.၅၄ | ၂၆.၀၉ | ၁၀.၂၇ | ၃၁.၈၆ |
| ၂၀၁၇ | ၁၀.၅၂ | ၂၁၄.၄၃ | ၁၆၉.၁၄ | ၂၆.၀၄ | ၁၁.၁၇ | ၃၂.၉၀ |
| ၂၀၁၈ | ၁၀.၈၉ | ၂၁၄.၀၈ | ၁၇၄.၇၂ | ၂၈.၀၂ | ၁၀.၈၀ | ၃၂.၃၅ |
| ၂၀၁၉ | ၁၀.၈၉ | ၂၁၁.၄၁ | ၁၇၈.၃၁ | ၂၆.၆၉ | ၁၁.၁၂ | ၂၈.၆၂ |
| ၂၀၂၀ | ၁၀.၉၄ | ၂၁၃.၆၁ | ၁၈၆.၅၀ | ၂၆.၄၀ | ၁၂.၆၃ | ၃၀.၇၃ |
| ၂၀၂၁ | ၁၂.၂၁ | ၂၁၄.၄၀ | ၁၉၄.၂၀ | ၂၇.၄၄ | ၁၃.၉၈ | ၃၂.၉၈ |
| ၂၀၂၂ | ၁၁.၆၂ | ၂၁၀.၀၇ | ၁၉၆.၂၅ | ၂၄.၆၈ | ၁၀.၉၈ | ၃၄.၃၂ |

ဓာတ်မြစ်။ FAOSTAT ၂၀၂၃၊ CSO ၂၀၂၃

ထိုင်းနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည်လည်း ၂၀၁၅ ခုနှစ်တွင် တန်ချိန် (၂၇.၇၀) သန်းဖြင့် အနိမ့်ဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၃၄.၃၂) သန်းအထိ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် တန်ချိန် (၁၃.၉၈) သန်းအထိ တည်ငြိမ်စွာ တိုးတက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၁၀.၉၈) သန်းသို့ ကျဆင်းသွားခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပမာဏနည်းစွာ စိုက်ပျိုးထုတ်လုပ်ပြီး ၂၀၁၄ ခုနှစ်တွင် တန်ချိန် (၉.၃၂) သန်းမှ ၂၀၂၁ ခုနှစ်တွင် တန်ချိန် (၁၂.၂၁) သန်းအထိ ပုံမှန်တိုးလာခဲ့သည်။ သို့သော် ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၁၁.၆၂) သန်းသို့ အနည်းငယ် ကျဆင်းသွားကြောင်း တွေ့ရပါသည်။




ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ CSO ၂၀၂၃

ပုံ (၈) မြန်မာနှင့် အာရှနိုင်ငံများ၏ စပါးသီးနှံထုတ်လုပ်မှု အခြေအနေ

မြန်မာနိုင်ငံနှင့် အခြားသော အာရှနိုင်ငံများ၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဆန်စပါးအထွက်နှုန်းများကို ဇယား (၃၆) နှင့် ပုံ (၉) တွင် ဖော်ပြထားပါသည်။ မြန်မာ့စပါးအထွက်နှုန်းသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၃.၈၆) တန်မှ ၂၀၂၂ ခုနှစ်တွင် (၃.၅၈) တန်အထိ တည်ငြိမ်နေခဲ့ပြီး အနည်းငယ် ကျဆင်းလာကြောင်း တွေ့ရပါသည်။ ဆန့်ကျင်ဘက်အားဖြင့် တရုတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၆.၈၁) တန်မှ ၂၀၂၂ ခုနှစ်တွင် (၇.၀၈) တန်အထိ မြင့်တက်လာခဲ့သည်။ အိန္ဒိယနိုင်ငံ၏ စပါးအထွက်နှုန်းသည်လည်း ပုံမှန်တိုးတက်လာကာ ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၃.၅၉) တန်မှ ၂၀၂၂ ခုနှစ်တွင် (၄.၂၃) တန်အထိ ရောက်ရှိခဲ့ပါသည်။

ပါကစ္စတန်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၃.၆၃) တန်မှ ၂၀၂၁ ခုနှစ်တွင် (၃.၉၆) တန်သို့ မြင့်တက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အထွက်နှုန်း (၃.၆၉) တန်သို့ ကျဆင်းသွားခဲ့ပါသည်။ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် စပါးအထွက်နှုန်း အနည်းငယ် တိုးတက်လာခဲ့သော်လည်း ထိုင်းနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် တစ်ဟက်တာလျှင် (၂.၈၅) တန် ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အမြင့်ဆုံး (၃.၀၇) တန် သို့ရောက်ရှိခဲ့ကာ တဖြည်းဖြည်း အထွက်နှုန်း ကျဆင်းလာခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် စပါးတန်ချိန် (၃.၀၈) တန်မှ ၂၀၂၂ ခုနှစ်တွင် အမြင့်ဆုံး (၃.၅၂) တန်သို့ တိုး

တက်လာခဲ့ပါသည်။ နိုင်ငံတစ်ဝှမ်း စပါးအထွက်နှုန်း ကွာခြားချက်များသည် စိုက်ပျိုးရေးနည်းပညာ၊ ရာသီဥတုအခြေအနေနှင့် ဆန်စပါးထုတ်လုပ်မှုကို မြင့်တင်ရန်ရည်ရွယ်သည့် အစိုးရမူဝါဒများကြောင့် ဖြစ်ပါသည်။

ဇယား (၃၆) မြန်မာနှင့် အာရှနိုင်ငံများ၏ စပါးသီးနှံအထွက်နှုန်း (တန်/ ဟတ်တာ)

| နှစ်စဉ် | ကမ္ဘောဒီးယား | တရုတ် | အိန္ဒိယ | မြန်မာ | ပါကစ္စတန် | ထိုင်း |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၃.၀၈ | ၆.၈၁ | ၃.၅၉ | ၃.၉၁ | ၃.၆၃ | ၃.၀၆ |
| ၂၀၁၅ | ၃.၀၈ | ၆.၈၉ | ၃.၆၀ | ၃.၉၃ | ၃.၇၂ | ၂.၈၅ |
| ၂၀၁၆ | ၃.၂၁ | ၆.၈၆ | ၃.၇၄ | ၃.၈၈ | ၃.၇၇ | ၂.၉၇ |
| ၂၀၁၇ | ၃.၃၀ | ၆.၉၁ | ၃.၈၆ | ၃.၈၆ | ၃.၈၅ | ၃.၀၇ |
| ၂၀၁၈ | ၃.၃၅ | ၇.၀၃ | ၃.၉၆ | ၃.၉၂ | ၃.၈၄ | ၃.၀၄ |
| ၂၀၁၉ | ၃.၃၄ | ၇.၀၆ | ၄.၀၈ | ၃.၈၆ | ၃.၆၇ | ၂.၉၂ |
| ၂၀၂၀ | ၃.၃၅ | ၇.၀၄ | ၄.၀၇ | ၃.၈၇ | ၃.၇၉ | ၂.၉၀ |
| ၂၀၂၁ | ၃.၄၉ | ၇.၁၁ | ၄.၂၀ | ၃.၉၀ | ၃.၉၅ | ၂.၉၅ |
| ၂၀၂၂ | ၃.၅၂ | ၇.၀၈ | ၄.၂၃ | ၃.၅၈ | ၃.၆၉ | ၂.၉၉ |

ဓာတ်မြစ်။ FAOSTAT ၂၀၂၃၊ CSO ၂၀၂၃




ဓာတ်မြစ်။ FAOSTAT ၂၀၂၃၊ CSO ၂၀၂၃

ပုံ (၉) မြန်မာနှင့် အာရှနိုင်ငံများ၏ စပါးသီးနှံအထွက်နှုန်း အခြေအနေ

မြန်မာနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန်၏ ၂၀၁၄-၂၀၂၃ ခုနှစ်အတွင်း FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်းကို ဇယား (၃၇) တွင် ဖော်ပြထားပါသည်။ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များတွင် တရုတ်နိုင်ငံသည် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၉၀၃)၊ (၉၃၄) နှင့် (၈၈၈) ဖြင့် ဆန်တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးရရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ဆန်တစ်တန်လျှင် အမေရိကန်

ဒေါ်လာ (၅၈၄) ဖြင့် ဆန်တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးရရှိခဲ့ပါသည်။ ၂၀၁၈ နှင့် ၂၀၂၂ ခုနှစ်များတွင် ဗီယက်နမ်နိုင်ငံသည် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၉၀၆)၊ (၇၂၉) ဖြင့် ဆန်တင်ပို့မှု ဈေးနှုန်းအမြင့်ဆုံး ရရှိခဲ့ပါသည်။ ၂၀၁၉ ၊ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်များတွင် ကမ္ဘောဒီးယားနိုင်ငံသည် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၇၅၈)၊ (၇၁၉) နှင့် (၆၆၅) ဖြင့် ဆန်တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးရရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသည် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၆၃၂) ဖြင့် ဆန်တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၃၇) မြန်မာနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန် (HSC:1006) ၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း

(အမေရိကန်ဒေါ်လာ/တန်)

| နှစ်စဉ် | ဗီယက်နမ် | အိန္ဒိယ | ထိုင်း | ကမ္ဘောဒီးယား | ပါကစ္စတန် | တရုတ် | မြန်မာ |
|---|---|---|---|---|---|---|---|
| ၂၀၁၄ | ၄၆၄ | ၇၀၈ | ၄၉၆ | ၆၆၇ | ၅၈၂ | ၉၀၃ | ၃၉၈ |
| ၂၀၁၅ | ၄၂၅ | ၅၈၀ | ၄၆၅ | ၆၁၂ | ၄၇၅ | ၉၃၄ | ၃၇၈ |
| ၂၀၁၆ | ၄၄၉ | ၅၃၆ | ၄၄၃ | ၅၇၁ | ၄၃၀ | ၈၈၈ | ၇၆၆ |
| ၂၀၁၇ | ၄၅၃ | ၅၈၄ | ၄၄၃ | ၅၆၅ | ၄၇၈ | ၄၉၉ | ၄၆၂ |
| ၂၀၁၈ | ၉၀၆ | ၆၃၁ | ၅၀၃ | ၇၃၂ | ၅၁၂ | ၄၂၅ | ၅၁၂ |
| ၂၀၁၉ | ၄၄၅ | ၆၉၃ | ၅၅၅ | ၇၅၈ | ၄၉၆ | ၃၈၅ | ၃၃၆ |
| ၂၀၂၀ | ၄၉၆ | ၅၄၆ | ၆၄၈ | ၇၁၉ | ၅၂၇ | ၃၉၈ | ၃၉၆ |
| ၂၀၂၁ | ၅၂၆ | ၄၅၂ | ၅၅၂ | ၆၆၅ | ၅၄၂ | ၄၂၃ | ၃၉၈ |
| ၂၀၂၂ | ၇၂၉ | ၄၈၄ | ၅၁၅ | ၆၄၈ | ၅၁၁ | ၄၆၇ | ၃၆၅ |
| ၂၀၂၃ | ၅၄၄ | ၅၈၆ | ၅၈၅ | ၃၂၆ | ၆၃၂ | ၆၀၅ | ၄၆၆ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃၊ Myantrade ၂၀၂၃

မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန်၏ FOB ဈေးနှုန်းများ အတက်အကျ နှိုင်းယှဉ်ခြင်းကို ပုံ (၁၀) တွင် ဖော်ပြထားပါသည်။ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များတွင် တရုတ်နိုင်ငံမှ တင်ပို့သော ဆန်တစ်တန်ဈေးနှုန်းမှာ အခြား နိုင်ငံများထက် မြင့်မားနေသည်ကို တွေ့ရှိရပြီး ကျန်နှစ်များတွင် ဆန်ဈေးနှုန်း နိမ့်ကျသွားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော ဆန်ဈေးနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဈေး တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၇၆၆) ရရှိသည်ကို တွေ့ရပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာနိုင်ငံမှ တင်ပို့သော ဆန်ဈေးနှုန်းမှာ တည်ငြိမ်မှုမရှိပဲ အတက်အကျ များနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှတင်ပို့သော ဆန်ဈေးနှုန်းသည် ၂၀၁၆ ခုနှစ်မှအပ ကျန်နှစ်များတွင် ဆန်တင်ပို့သော အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းလျော့နည်းနေသည်ကို တွေ့ရှိရပါသည်။




ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ CSO ၂၀၂၃

ပုံ (၁၀) မြန်မာနှင့် အာရှနိုင်ငံများ တင်ပို့သော ဆန် (HSC: 1006) ၏ FOB ဈေးနှုန်းများ

ဆန်တင်ပို့သော မြန်မာနှင့် အခြားအာရှနိုင်ငံများ၏ ဆန်တင်ပို့နိုင်မှု၊ ဆန်အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုး အခြေအနေများ နှိုင်းယှဉ်ခြင်းကို ဇယား (၃၈) တွင် ဖော်ပြထားပါသည်။ နှိုင်းယှဉ်အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးမှာ မြန်မာ့ဆန် (FOB) ဈေးနှုန်းနှင့် အခြား နှိုင်းယှဉ်နိုင်ငံ၏ ဆန် (FOB) ဈေးနှုန်းတို့ ပိုင်းခြားထားခြင်း ဖြစ်ပါသည်။ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးမှာ (၁) ထက်ကြီးလျှင် မြန်မာနိုင်ငံမှ တင်ပို့သောဆန်သည် အခြားနှိုင်းယှဉ်နိုင်ငံများမှ တင်ပို့သောဆန်ထက် ဈေးပိုရ၍ အရည်အသွေး ပိုကောင်းသည်ဟု ဆိုနိုင်ပြီး (၁) နှင့်ညီလျှင် အခြားနှိုင်းယှဉ်နိုင်ငံများ၏ ဆန်ဈေးနှုန်းနှင့် အရည်အသွေးတူညီသည်ဟု ဆိုနိုင်ပြီး (၁) ထက်ငယ်လျှင် အခြားနှိုင်းယှဉ်နိုင်ငံများ၏ ဆန်ထက် ဈေးလျော့ရ၍ အရည်အသွေး ပိုညံ့သည်ဟု ဆိုနိုင်ပါသည်။ မြန်မာ့ဆန်၏ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးကို နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံ (၂၀၁၆ နှင့် ၂၀၁၇)၊ အိန္ဒိယနိုင်ငံ (၂၀၁၆)၊ ထိုင်း (၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈)၊ ကမ္ဘောဒီးယားနိုင်ငံ (၂၀၁၆ နှင့် ၂၀၂၃)၊ ပါကစ္စတန်နိုင်ငံ (၂၀၁၆ နှင့် ၂၀၁၈) နှင့် တရုတ်နိုင်ငံ (၂၀၁၈ နှင့် ၂၀၂၀) ခုနှစ်များတွင် နှိုင်းယှဉ်ဈေးနှုန်းတန်ဖိုးသည် (၁) နှင့် (၁) အထက်တွင် ရှိနေသောကြောင့် မြန်မာ့ဆန်သည် ၎င်းနိုင်ငံများ၏ ဆန်နှင့် ဈေးနှုန်းတူပြီး အရည်အသွေးတန်းတူရှိခြင်းနှင့် ဈေးပိုရ၍ အရည်အသွေးပိုကောင်းခြင်း စသည့် အခြေအနေများ ရှိသည်ဟု ဆိုနိုင်ပါသည်။

သို့သော် ကျန်နှစ်များတွင် နှိုင်းယှဉ်တန်ဖိုးသည် (၁) ထက်လျော့နည်းနေသောကြောင့် မြန်မာ့ဆန်သည် ၎င်းနိုင်ငံများ၏ ဆန်နှင့် နှိုင်းယှဉ်လျှင် ဈေးနည်းခြင်းကြောင့် အရည်အသွေးကျနေသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဆန်တင်ပို့သော အခြားနိုင်ငံများ၏ ဆန်အရည်အသွေးနှင့် ဈေးနှုန်းများနည်းတူရရှိရန် မြန်မာနိုင်ငံမှ တင်ပို့သောဆန်သည် အရည်အသွေး ပိုမိုကောင်းမွန်ရန်နှင့် ပြည်တွင်း ဆန်ထုတ်လုပ်မှု ပိုမိုတိုးမြှင့် ထုတ်လုပ်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည် (ဇယား ၃၈)။

ဇယား (၃၈) မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော ဆန် (HSC: 1006) ၏ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုး နှိုင်းယှဉ်ခြင်း (FOB Price)

| နှစ်စဉ် | ဗီယက်နမ် | အိန္ဒိယ | ထိုင်း | ကမ္ဘောဒီးယား | ပါကစ္စတန် | တရုတ် |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၀.၈၆ | ၀.၅၆ | ၀.၈၀ | ၀.၆၀ | ၀.၆၈ | ၀.၄၄ |
| ၂၀၁၅ | ၀.၈၉ | ၀.၆၅ | ၀.၈၁ | ၀.၆၂ | ၀.၇၉ | ၀.၄၀ |
| ၂၀၁၆ | ၁.၇၁ | ၁.၄၃ | ၁.၇၃ | ၁.၃၄ | ၁.၇၈ | ၀.၈၆ |
| ၂၀၁၇ | ၁.၀၂ | ၀.၇၉ | ၁.၀၄ | ၀.၈၂ | ၀.၉၇ | ၀.၉၃ |
| ၂၀၁၈ | ၀.၅၇ | ၀.၈၁ | ၁.၀၂ | ၀.၇၀ | ၁.၀၀ | ၁.၂၁ |
| ၂၀၁၉ | ၀.၇၅ | ၀.၄၉ | ၀.၆၁ | ၀.၄၄ | ၀.၆၈ | ၀.၈၇ |
| ၂၀၂၀ | ၀.၈၀ | ၀.၇၃ | ၀.၆၁ | ၀.၅၅ | ၀.၇၅ | ၁.၀၀ |
| ၂၀၂၁ | ၀.၇၆ | ၀.၈၈ | ၀.၇၂ | ၀.၆၀ | ၀.၇၃ | ၀.၉၄ |
| ၂၀၂၂ | ၀.၅၀ | ၀.၇၅ | ၀.၇၁ | ၀.၅၆ | ၀.၇၁ | ၀.၇၈ |
| ၂၀၂၃ | ၀.၈၆ | ၀.၈၀ | ၀.၈၀ | ၁.၄၃ | ၀.၇၄ | ၀.၇၇ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃၊ Myantrade ၂၀၂၃

ဇယား (၃၉) မြန်မာနှင့်အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန်ကွဲ (HSC:100640) ၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း

(အမေရိကန်ဒေါ်လာ)

| နှစ်စဉ် | ပါကစ္စတန် | ထိုင်း | အိန္ဒိယ | မြန်မာ | ဗီယက်နမ် |
|---|---|---|---|---|---|
| ၂၀၁၄ | ၄၁၆ | ၃၇၆ | ၃၀၀ | ၃၈၅ | ၃၈၈ |
| ၂၀၁၅ | ၃၆၅ | ၃၇၁ | ၂၈၁ | ၃၇၀ | ၃၂၃ |
| ၂၀၁၆ | ၃၄၆ | ၃၈၅ | ၂၇၈ | ၇၀၆ | ၃၆၈ |
| ၂၀၁၇ | ၄၀၈ | ၃၈၁ | ၃၀၃ | ၂၉၄ | ၃၆၁ |
| ၂၀၁၈ | ၃၈၇ | ၄၁၄ | ၃၀၉ | ၃၁၂ | ၄၀၄ |
| ၂၀၁၉ | ၃၂၉ | ၄၇၃ | ၂၉၁ | ၂၆၅ | ၃၉၈ |
| ၂၀၂၀ | ၃၃၆ | ၅၂၈ | ၂၉၇ | ၃၄၄ | ၄၉၀ |
| ၂၀၂၁ | ၃၆၆ | ၄၃၉ | ၂၈၇ | ၃၈၅ | ၄၅၀ |
| ၂၀၂၂ | ၃၃၁ | ၄၂၈ | ၃၀၉ | ၃၄၁ | ၃၇၂ |
| ၂၀၂၃ | ၃၉၃ | ၄၈၇ | ၃၃၉ | ၄၂၃ | ၄၉၁ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃၊ Myantrade ၂၀၂၃

မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန်ကွဲ (HSC:100640) ၏ ၂၀၁၄-၂၀၂၃ ခုနှစ်အတွင်း (၁၀) နှစ်တာ FOB ဈေးနှုန်းများနှိုင်းယှဉ်ခြင်းကို ဇယား (၃၉) တွင် ဖော်ပြထားပါသည်။ ဆန်ကွဲ FOB ဈေးနှုန်းအမြင့်ဆုံးရရှိသော နိုင်ငံများမှာ ၂၀၁၄ နှင့် ၂၀၁၇ ခုနှစ်များတွင် ပါကစ္စတန်နိုင်ငံသည် ဆန်ကွဲ

တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၁၆)၊ (၄၀၈) ဖြင့် ဆန်ကွဲတင်ပို့မှုစျေးနှုန်း အမြင့်ဆုံး ရရှိခဲ့ပါသည်။ ၂၀၁၅၊ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ နှင့် ၂၀၂၂ ခုနှစ်များတွင် ထိုင်းနိုင်ငံသည် ဆန်ကွဲတစ်တန်လျှင် အမေရိကန် ဒေါ်လာ (၃၇၁)၊ (၄၁၄)၊ (၄၇၃)၊ (၅၂၈)၊ (၄၂၈) ဖြင့် ဆန်ကွဲတင်ပို့မှုစျေးနှုန်း အမြင့်ဆုံး ရရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဆန်ကွဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၇၀၆) ဖြင့် တင်ပို့မှုစျေးနှုန်း အမြင့် ဆုံး ရရှိခဲ့ပါသည်။ ၂၀၂၁ နှင့် ၂၀၂၃ ခုနှစ်များတွင် ဗီယက်နမ်နိုင်ငံသည် ဆန်ကွဲတစ်တန်လျှင် အမေရိကန် ဒေါ်လာ (၄၅၀)၊ (၄၉၁) ဖြင့် ဆန်ကွဲတင်ပို့မှုစျေးနှုန်း အမြင့်ဆုံး ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော ဆန်ကွဲ၏ FOB စျေးနှုန်းများအတက်အကျ နှိုင်းယှဉ်ခြင်းကို ပုံ (၁၁) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ဆန်ကွဲတင်ပို့မှု စျေးနှုန်း အမြင့်ဆုံး ရရှိခဲ့သော်လည်း ကျန်နှစ်များတွင် စျေးနှုန်းမတည်ငြိမ်ပဲ အတက်အကျများနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ဆန်ကွဲစျေးနှုန်းသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းနေသည် ကိုလည်း တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံ၏ ဆန်ကွဲစျေးနှုန်းသည် ဆယ်စုနှစ်အတွင်း အတက်အကျရှိသော် လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စျေးနှုန်းမြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံ၏ ဆန်ကွဲစျေးနှုန်းသည် တည်ငြိမ်မှုရှိပြီး ဆန်ကွဲတင်ပို့သော အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အနည်းဆုံး ရောက်ရှိနေသည်ကို တွေ့ရှိရပါသည်။




ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃၊ Myantrade ၂၀၂၃

ပုံ (၁၁) မြန်မာနှင့်အာရှနိုင်ငံများ အဓိကတင်ပို့သောဆန်ကွဲ (HSC:100640) ၏ FOB စျေးနှုန်းများ နှိုင်းယှဉ်ခြင်း

ဆန်ကွဲတင်ပို့သော မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများ၏ ဆန်ကွဲတင်ပို့နိုင်မှု အရည်အသွေးနှင့် စျေးနှုန်းတန်ဖိုး အခြေအနေများအား နှိုင်းယှဉ်ခြင်းကို ဇယား (၄၀) တွင် ဖော်ပြထားပါသည်။ နှိုင်းယှဉ် အရည်အသွေးနှင့် စျေးနှုန်းတန်ဖိုးဆိုသည်မှာ မြန်မာ့ဆန်ကွဲ FOB စျေးနှုန်းနှင့် အခြားနှိုင်းယှဉ်နိုင်ငံ၏ ဆန်ကွဲ FOB စျေးနှုန်းတို့ ပိုင်းခြားထားခြင်း ဖြစ်ပါသည်။ အရည်အသွေးနှင့် စျေးနှုန်းတန်ဖိုးမှာ (၁) ထက်ကြီးလျှင် မြန်မာ့ဆန်ကွဲသည် အခြားနှိုင်းယှဉ်နိုင်ငံများ၏ ဆန်ကွဲထက် စျေးပိုရ၍ အရည်အသွေး ပိုကောင်းသည်ဟု

ဆိုနိုင်ပြီး (၁) နှင့်ညီလျှင် အခြားနိုင်းယှဉ်နိုင်ငံများ၏ ဆန်ကွဲစျေးနှုန်းနှင့် အရည်အသွေး တူညီသည်ဟု ဆိုနိုင်ပြီး (၁) ထက်ငယ်လျှင် အခြားနှိုင်းယှဉ်နိုင်ငံများ၏ ဆန်ကွဲစျေးထက် စျေးလျော့ရ၍ အရည်အသွေး ပိုညံ့သည်ဟု ဆိုနိုင်ပါသည်။

ဇယား (၄၁) မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော ဆန်ကွဲ (HSC: 100640) ၏ အရည်အသွေးနှင့် စျေးနှုန်းတန်ဖိုး နှိုင်းယှဉ်ခြင်း (FOB Price)

| နှစ်စဉ် | ပါကစ္စတန် | ထိုင်း | အိန္ဒိယ | ဗီယက်နမ် |
|---|---|---|---|---|
| ၂၀၁၄ | ၀.၉၃ | ၁.၀၂ | ၁.၂၈ | ၀.၉၉ |
| ၂၀၁၅ | ၁.၀၁ | ၁.၀၀ | ၁.၃၂ | ၁.၁၄ |
| ၂၀၁၆ | ၂.၀၄ | ၁.၈၃ | ၂.၅၄ | ၁.၉၂ |
| ၂၀၁၇ | ၀.၇၂ | ၀.၇၇ | ၀.၉၇ | ၀.၈၁ |
| ၂၀၁၈ | ၀.၈၁ | ၀.၇၅ | ၁.၀၁ | ၀.၇၇ |
| ၂၀၁၉ | ၀.၈၀ | ၀.၅၆ | ၀.၉၁ | ၀.၆၆ |
| ၂၀၂၀ | ၁.၀၂ | ၀.၆၅ | ၁.၁၆ | ၀.၇၀ |
| ၂၀၂၁ | ၁.၀၅ | ၀.၈၈ | ၁.၃၄ | ၀.၈၆ |
| ၂၀၂၂ | ၁.၀၃ | ၀.၈၀ | ၁.၁၀ | ၀.၉၂ |
| ၂၀၂၃ | ၁.၀၈ | ၀.၈၇ | ၁.၂၅ | ၀.၈၆ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃၊ Myantrade ၂၀၂၃

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံမှ တင်ပို့သောဆန်ကွဲ FOB စျေးနှုန်းများသည် ဆန်ကွဲတင်ပို့သော အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နှိုင်းယှဉ်အရည်အသွေးနှင့် စျေးနှုန်းတန်ဖိုးမှာ (၁) ပတ်ဝန်းကျင်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံမှ တင်ပို့သော ဆန်ကွဲအရည်အသွေးသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဆန်ကွဲတင်ပို့သော အခြားနိုင်ငံများ၏ ဆန်ကွဲစျေးနှုန်းများနည်းတူ ရရှိရန် မြန်မာနိုင်ငံ၏ ဆန်ကွဲအရည်အသွေးကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် ပြည်တွင်း ဆန်ကွဲထုတ်လုပ်မှုကို ဆက်လက် ထိန်းထားရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ တင်ပို့သောဆန်ကွဲ (FOB) စျေးနှုန်းများသည် ဆန်ကွဲတင်ပို့သော အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နှိုင်းယှဉ်အရည်အသွေးနှင့် စျေးနှုန်းတန်ဖိုးမှာ (၂) ပတ်ဝန်းကျင်အထိ ရှိနေကြောင်းတွေ့ရှိရပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံမှ တင်ပို့သော ဆန်ကွဲအရည်အသွေးသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သာလွန်နေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဆန်ကွဲအရည်အသွေးကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် ပြည်တွင်း ဆန်ကွဲထုတ်လုပ်မှုကို ဆက်လက်ထိန်းထားရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။ ထိုနှစ် ၂၀၁၆ ခုနှစ်သည် မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် အခြားနှစ်များထက် သာလွန်နေကြောင်းလည်း တွေ့ရှိရပါသည်။

Mekong-Lancang Cooperation

## ၅.၅။ ပို့ကုန် ကုန်သွယ်မှု အလားအလာ ဆန်းစစ်တွက်ချက်ခြင်း

မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့သော ဆန် (HSC: 1006) ၏ ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်ကုန်သွယ်မှု အလားအလာအား ဇယား (၄၁) တွင် ဖော်ပြထားပါသည်။

ဇယား (၄၁) မြန်မာ့ဆန် (HSC: 1006) ၏ ပို့ကုန် ကုန်သွယ်မှု အလားအလာ (Trade Potential) (၂၀၂၃)

| မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သည့် စုစုပေါင်း ပမာဏ (တန်) | မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက် နိုင်ငံများ | ကုန်သွယ်ဖက် နိုင်ငံများ ကမ္ဘာ့ ဈေးကွက်မှ ဝယ်ယူ သည့် ပမာဏ (တန်) | မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံ များသို့ တင်ပို့သည့် ပမာဏ (တန်) | မြန်မာနိုင်ငံ၏ ပို့ကုန်ကုန်သွယ်မှု အလားအလာ (တန်) |
|---|---|---|---|---|
| ၁,၅၉၅,၃၁၅ | ဘယ်လ်ဂျီယံ | ၆၈၁,၄၄၈ | ၂၁၄,၃၀၀ | ၄၆၇,၁၄၈ |
| | တရုတ် | ၂,၅၉၇,၃၁၅ | ၄၄၀,၁၅၈ | ၁,၁၅၅,၁၅၇ |
| | အင်ဒိုနီးရှား | ၃,၀၆၂,၈၅၇ | ၁၇၅,၅၅၈ | ၁,၄၁၉,၇၅၇ |
| | ဖိလစ်ပိုင် | ၃,၆၁၁,၀၂၃ | ၁၆၁,၈၆၈ | ၁,၄၃၃,၄၄၇ |
| | မလေးရှား | ၁,၄၀၈,၂၁၃ | ၅၂,၃၃၆ | ၁,၃၅၅,၈၇၇ |
| | ဘင်္ဂလားဒေ့ရှ် | ၃၇၉,၄၂၇ | ၅၁,၅၂၅ | ၃၂၇,၉၀၂ |
| | တူကီယဲ | ၇၁၄,၃၂၈ | ၄၆,၉၆၆ | ၆၆၇,၃၆၂ |
| | ဗီယက်နမ် | ၂,၂၄၅,၃၉၄ | ၂၃,၅၅၉ | ၁,၅၇၁,၇၅၆ |
| | ထိုင်း | ၁၅,၇၄၈ | ၅,၁၇၉ | ၁၀,၅၆၉ |
| | ဟောင်ကောင် | ၂၇၀,၄၄၁ | ၃,၇၉၄ | ၂၆၆,၆၄၇ |
| | စင်ကာပူ | ၄၃၄,၁၃၂ | ၃,၇၇၀ | ၄၃၀,၃၆၂ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်းအချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်း ဖြစ်ပါသည်။)

မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့ဆန်၏ ကုန်သွယ်မှုအလားအလာ အကောင်းဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်နိုင်ငံ တန် (၁.၁၆) သန်း၊ အင်ဒိုနီးရှားနိုင်ငံ တန် (၁.၄၂) သန်း၊ ဖိလစ်ပိုင်နိုင်ငံ တန် (၁.၄၃) သန်း၊ မလေးရှားနိုင်ငံ တန် (၁.၃၆) သန်းနှင့် ဗီယက်နမ်နိုင်ငံ တန် (၁.၅၇) သန်းတို့ ဖြစ်ကြပါသည်။ အခြား အလားအလာရှိသော ကုန်သွယ်ဖက်နိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံ တန် (၀.၄၇) သန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တန် (၀.၃၃) သန်း၊ တူကီယဲနိုင်ငံ တန် (၀.၆၇) သန်း၊ ထိုင်းနိုင်ငံ တန် (၀.၀၁) သန်း၊ ဟောင်ကောင် တန် (၀.၂၇) သန်းနှင့် စင်ကာပူနိုင်ငံ တန် (၀.၄၃) သန်းတို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့သော ဆန်ကွဲ (HSC: 100640) ၏ ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်ကုန်သွယ်မှု အလားအလာအား ဇယား (၄၂) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့ဆန်ကွဲ၏ ကုန်သွယ်မှု အလားအလာအကောင်းဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်နိုင်ငံ တန် (၀.၄၂) သန်း၊ အင်ဒိုနီးရှားနိုင်ငံ တန် (၀.၃၂) သန်း၊ ဘယ်လ်ဂျီယံနိုင်ငံ တန် (၀.၁၄) သန်းနှင့် ဖိလစ်ပိုင်နိုင်ငံ တန် (၀.၁၂) သန်းတို့ ဖြစ်ကြပါသည်။ အခြား အလားအလာရှိသော ကုန်သွယ်ဖက်နိုင်ငံများမှာ ဗီယက်နမ်နိုင်ငံ တန် (၀.၀၂) သန်း၊ စင်ကာပူနိုင်ငံ တန် (၀.၁၂) သန်း၊ ဟောင်ကောင် တန် (၀.၁၁) သန်းနှင့် မလေးရှားနိုင်ငံ တန် (၀.၀၀၇) သန်းတို့ ဖြစ်ကြပါသည်။

ဇယား (၄၂) မြန်မာ့ဆန်ကွဲ (HSC: 100640) ၏ ပို့ကုန် ကုန်သွယ်မှု အလားအလာ (Trade Potential) (၂၀၂၃)

| မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သည့် ပမာဏ (တန်) | မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက် နိုင်ငံများ | ကုန်သွယ်ဖက် နိုင်ငံများ ကမ္ဘာ့ ဈေးကွက်မှ ဝယ်ယူ သည့်ပမာဏ (တန်) | မြန်မာနိုင်ငံမှ ကုန်သွယ်ဖက် နိုင်ငံ များသို့ တင်ပို့သည့် ပမာဏ (တန်) | မြန်မာနိုင်ငံ၏ ပို့ကုန်အလား အလာ (တန်) |
|---|---|---|---|---|
| ၇၁၃,၇၂၅ | ဘယ်လ်ဂျီယံ | ၃၄၃,၁၇၇ | ၂၀၀,၀၅၀ | ၁၄၃,၁၂၇ |
| | တရုတ် | ၈၄၅,၅၉၇ | ၂၉၀,၀၆၆ | ၄၂၃,၆၅၉ |
| | အင်ဒိုနီးရှား | ၃၄၅,၆၈၇ | ၂၅,၅၅၈ | ၃၂၀,၁၂၉ |
| | ဖိလစ်ပိုင် | ၁၄၇,၇၀၉ | ၂၄,၉၀၈ | ၁၂၂,၈၀၁ |
| | မလေးရှား | ၇,၄၃၆ | ၅၂၆ | ၆,၉၁၀ |
| | ဗီယက်နမ် | ၄၀,၉၁၀ | ၂၀,၇၃၄ | ၂၀,၁၇၆ |
| | ဟောင်ကောင် | ၁၁,၈၈၇ | ၅၁၈ | ၁၁,၃၆၉ |
| | စင်ကာပူ | ၁၃,၉၀၀ | ၁,၃၁၇ | ၁၂,၅၈၃ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်း အချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်း ဖြစ်ပါသည်။)

## ၅.၆။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များ (Revealed Comparative Advantage- RCA and Revealed Symmetric Comparative Advantage- RSCA)

မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့ဆန် (HSC: 1006) ၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် အထိ (၁၀) နှစ်တာကာလအတွင်း ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် အခြေအနေများကို ဇယား (၄၃) တွင် ဖော်ပြထားပါသည်။ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (Revealed Comparative Advantage - RCA) နှင့် ကမ္ဘာ့ဈေးကွက် ခေါက်ချိုးညီ နှိုင်းယှဉ်အားသာချက် (Revealed Symmetric Comparative Advantage - RSCA) ၏ တန်ဖိုးများ ယူဆချက် (၁) RCA or RSCA တန်ဖိုးသည် ($0 < RCA \leq 1$) or ($-1 < RSCA \leq 0$) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက်မရှိပါ၊ ယူဆချက် (၂) RCA or RSCA တန်ဖိုးသည် ($1 < RCA \leq 2$) or ($0 < RSCA \leq 0.33$) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် နည်းခြင်း၊ ယူဆချက် (၃) RCA or RSCA တန်ဖိုးသည် ($2 < RCA \leq 4$) or ($0.33 < RSCA \leq 0.6$) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် အလယ်အလတ်၊ ယူဆချက် (၄) RCA or RSCA တန်ဖိုးသည် ($4 < RCA$) or ($0.6 < RSCA$) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် များပြားခြင်းတို့ ဖြစ်သည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့ဆန်၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် တန်ဖိုးများဖြစ်သည့် RCA ၏ တန်ဖိုးများမှာ (၄) ထက်ကြီးပြီး RSCA တန်ဖိုးများမှာ (၀.၆) ထက်ကြီးသောကြောင့် မြန်မာ့ဆန်၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်မှာ များပြားနေသည်ကို တွေ့ရှိရပါသည်။

ဇယား (၄၃) မြန်မာ့ဆန် (HSC: 1006) ၏ ကမ္ဘာ့ဈေးကွက် နိုင်းယှဉ်အားသာချက် (RCA and RSCA)

(အမေရိကန်ဒေါ်လာ သန်း)

| နှစ်စဉ် | မြန်မာ့ဆန် တင်ပို့သည့် တန်ဖိုး | မြန်မာ့ စုစုပေါင်း ပို့ကုန် တင်ပို့သည့် တန်ဖိုး | ကမ္ဘာ့ ဈေးကွက် ဆန်တင်ပို့သည့် တန်ဖိုး | ကမ္ဘာ့ဈေးကွက် စုစုပေါင်း ပို့ကုန် တင်ပို့သည့် တန်ဖိုး | RCA | RSCA |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၆၂၁.၃၁ | ၁၁,၄၅၁.၈၆ | ၂၆,၆၀၈.၃၀ | ၁၈,၈၅၆,၉၅၇.၆၃ | ၃၈.၄၅ | ၀.၉၅ |
| ၂၀၁၅ | ၆၁၁.၈၃ | ၁၁,၄၃၁.၇၉ | ၂၃,၂၅၀.၀၄ | ၁၆,၄၁၈,၀၆၃.၈၉ | ၃၇.၇၉ | ၀.၉၅ |
| ၂၀၁၆ | ၄၃၈.၉၄ | ၁၁,၆၇၂.၇၂ | ၂၀,၆၈၄.၈၈ | ၁၅,၉၂၄,၂၀၃.၆၅ | ၂၈.၉၅ | ၀.၉၃ |
| ၂၀၁၇ | ၁,၀၃၀.၈၂ | ၁၃,၈၇၇.၉၅ | ၂၄,၃၉၀.၀၈ | ၁၇,၅၆၃,၅၈၆.၂၀ | ၅၃.၄၉ | ၀.၉၆ |
| ၂၀၁၈ | ၈၈၃.၃၈ | ၁၆,၇၀၂.၁၆ | ၂၅,၉၈၄.၅၃ | ၁၉,၃၂၉,၀၅၀.၁၇ | ၃၉.၃၄ | ၀.၉၅ |
| ၂၀၁၉ | ၇၈၂.၄၃ | ၁၈,၁၁၇.၆၁ | ၂၄,၁၃၈.၇၉ | ၁၈,၇၆၁,၈၁၄.၉၂ | ၃၃.၅၇ | ၀.၉၄ |
| ၂၀၂၀ | ၇၇၃.၁၈ | ၁၆,၉၄၉.၇၆ | ၂၅,၆၃၃.၁၇ | ၁၇,၅၁၄,၉၆၈.၈၀ | ၃၁.၁၇ | ၀.၉၄ |
| ၂၀၂၁ | ၆၇၀.၇၀ | ၁၅,၁၅၃.၄၁ | ၂၇,၄၈၉.၉၄ | ၂၂,၁၅၄,၀၅၄.၄၆ | ၃၅.၆၇ | ၀.၉၅ |
| ၂၀၂၂ | ၇၈၆.၈၄ | ၁၇,၀၈၄.၅၁ | ၃၀,၃၄၃.၃၄ | ၂၄,၇၁၉,၇၉၅.၆၀ | ၃၇.၅၂ | ၀.၉၅ |
| ၂၀၂၃ | ၇၄၃.၅၁ | ၁၄,၇၅၂.၉၉ | ၃၄,၃၅၃၉၃ | ၂၃,၂၉၁,၀၇၂.၃၁ | ၃၄.၁၇ | ၀.၉၄ |

*RCA = Revealed Comparative Advantage, **RSCA= Revealed SymmetricComparative Advantage

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်း အချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်း ဖြစ်ပါသည်။)

ဇယား (၄၄) မြန်မာ့ဆန်ကွဲ (HSC: 100640) ၏ ကမ္ဘာ့ဈေးကွက် နိုင်းယှဉ်အားသာချက် (RCA and RSCA)

(အမေရိကန်ဒေါ်လာ သန်း)

| နှစ်စဉ် | မြန်မာ့ ဆန်ကွဲတင်ပို့ သည့် တန်ဖိုး | မြန်မာ့ စုစုပေါင်း ပို့ကုန် တင်ပို့သည့် တန်ဖိုး | ကမ္ဘာ့ဈေးကွက် ဆန်ကွဲတင်ပို့ သည့် တန်ဖိုး | ကမ္ဘာ့ဈေးကွက် စုစုပေါင်း ပို့ကုန် တင်ပို့သည့် တန်ဖိုး | RCA | RSCA |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၉၁.၆၀ | ၁၁,၄၅၁.၈၆ | ၁,၆၆၁.၆၉ | ၁၈,၈၅၆,၉၅၇.၆၃ | ၉၀.၇၇ | ၀.၉၈ |
| ၂၀၁၅ | ၁၄၅.၇၀ | ၁၁,၄၃၁.၇၉ | ၁,၉၃၅.၈၉ | ၁၆,၄၁၈,၀၆၃.၈၉ | ၁၀၈.၀၉ | ၀.၉၈ |
| ၂၀၁၆ | ၉၂.၈၆ | ၁၁,၆၇၂.၇၂ | ၁,၆၃၈.၈၆ | ၁၅,၉၂၄,၂၀၃.၆၅ | ၇၇.၃၀ | ၀.၉၇ |
| ၂၀၁၇ | ၂၀၀.၃၇ | ၁၃,၈၇၇.၉၅ | ၁,၉၄၇.၆၂ | ၁၇,၅၆၃,၅၈၆.၂၀ | ၁၃၀.၈၅ | ၀.၉၈ |
| ၂၀၁၈ | ၁၃၈.၀၀ | ၁၆,၇၀၂.၁၆ | ၁,၇၆၈.၈၉ | ၁၉,၃၂၉,၀၅၀.၁၇ | ၉၀.၉၄ | ၀.၉၈ |
| ၂၀၁၉ | ၁၉၂.၅၅ | ၁၈,၁၁၇.၆၁ | ၁,၆၄၀.၆၉ | ၁၈,၇၆၁,၈၁၄.၉၂ | ၁၂၁.၅၃ | ၀.၉၈ |
| ၂၀၂၀ | ၂၆၈.၉၃ | ၁၆,၉၄၉.၇၆ | ၂,၀၅၁.၁၅ | ၁၇,၅၁၄,၉၆၈.၈၀ | ၁၃၅.၄၈ | ၀.၉၉ |
| ၂၀၂၁ | ၂၅၇.၈၈ | ၁၅,၁၅၃.၄၁ | ၂,၈၀၄.၉၅ | ၂၂,၁၅၄,၀၅၄.၄၆ | ၁၃၄.၄၁ | ၀.၉၉ |
| ၂၀၂၂ | ၂၇၉.၁၆ | ၁၇,၀၈၄.၅၁ | ၃,၂၃၅.၂၆ | ၂၄,၇၁၉,၇၉၅.၆၀ | ၁၂၄.၈၅ | ၀.၉၈ |
| ၂၀၂၃ | ၃၀၀.၇၅ | ၁၄,၇၅၂.၉၉ | ၂,၆၃၄.၂၅ | ၂၃,၂၉၁,၀၇၂.၃၁ | ၁၈၀.၈၄ | ၀.၉၉ |

*RCA = Revealed Comparative Advantage, **RSCA= Revealed Symmetric Comparative Advantage

ဓစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်း အချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်း ဖြစ်ပါသည်။)

မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့ဆန်ကွဲ (HSC: 100640) ၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း ကမ္ဘာ့ဈေးကွက် နိုင်းယှဉ်အားသာချက် အခြေအနေများကို ဇယား (၄၄) တွင် ဖော်ပြထားပါသည်။ မြန်မာ့ဆန်ကွဲ၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် တန်ဖိုးများဖြစ်သည့် RCA ၏ တန်ဖိုးများမှာ (၄) ထက်ကြီးပြီး RSCA တန်ဖိုးများမှာ (၀.၆) ထက်ကြီးသောကြောင့် မြန်မာ့ဆန်ကွဲ၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်မှာ များပြားနေသည်ကို တွေ့ရှိရပါသည်။

## ၆။ ထုတ်ကုန်ယှဉ်ပြိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှုများ

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ယခင်က တရုတ်နိုင်ငံသို့ နယ်စပ်မှ ကုန်သွယ်မှုများပြားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း သင်္ဘောဖြင့်တင်ပို့မှု ပိုမိုများပြားလာခြင်းသည် ကုန်သွယ်မှု၏ သိသာထင်ရှားသော ပြောင်းလဲမှုဖြစ်ပါသည်။ မြန်မာ့လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်များကို ကုန်စည်အလိုက် ၂၀၁၄ ခုနှစ်မှ စတင်၍ လက်မှတ်ရေးထိုးနိုင်မှုသည် မိမိတို့နိုင်ငံ၏ ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ယခင်က တရားမဝင်တင်ပို့မှုမှ တရားဝင်တင်ပို့ ရောင်းချမှုအဖြစ် ခိုင်မာစေခြင်းဟု ယူဆပါသည်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးအတွက် အရေးကြီးသည့် လုပ်ငန်းမှာ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်နိုင်မှု (Trade Negotiation) သည် အလွန်အရေးပါပါသည်။ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်နိုင်မှု အားကောင်းစေရန်အတွက် မြန်မာနိုင်ငံမှ ကုန်သည်များနှင့် အစိုးရဌာနများ၏ စွမ်း ဆောင်ရည်နှင့် လိမ္မာပါးနပ်မှုသည် အရေးကြီးပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတွင် တန်းတူညီမျှမှုရရှိစေရန် အားထုတ်ကြရမည်ဟု ယူဆပါသည်။ ကုန်သွယ်မှုတွင် အင်အားကြီးသောနိုင်ငံမှ အင်အားနည်းသောနိုင်ငံကို အခွင့်အရေးယူခြင်းများ၊ ဈေးနှိမ်ခြင်းများလုပ်ဆောင်ခြင်း ရှိနိုင်ပါသည်။ ကုန်သွယ်မှု ပြုလုပ်ရာတွင် မိမိနိုင်ငံ၏ ပိုလျှံသော ကုန်ပစ္စည်းကို မည်သည့်နိုင်ငံသို့ ရောင်း၍ရနိုင်မည်ကို ကြိုတင်လေ့လာပြီး ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်းကိုဘဲ မှီခိုအားထားခြင်းမပြုဘဲ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဝယ်လက်များ ပိုမိုရရှိနိုင်စေရန် ချိတ်ဆက်ခြင်းသည် အရေးပါပါသည်။ မည်သည့် သီးနှံ/ ကုန်ပစ္စည်းရောင်းချမည်ကို ကြိုတင်စီမံ၍ ဝယ်ယူမည့်နိုင်ငံ၏ အကြိုက်၊ အရည်အသွေးပြည့်မီရေး ဆောင်ရွက်ခြင်းသည် ကုန်သွယ်မှုတွင် အရေးပါသောအချက် ဖြစ်ပါသည်။[၁]

ပြည်တွင်းဈေးကွက်တွင် ဆန်နှင့်ဆန်ကွဲအား ဖြန့်ဖြူးရောင်းချနေရာမှ နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်အတွက် ပြုပြင်ပြောင်းလဲမှု စတင်ပြုလုပ်ရာတွင် ပထမဦးဆုံး ဆောင်ရွက်ရသည့်လုပ်ငန်းမှာ အဆောက်အဦ (Facilities) များ စတင်တည်ဆောက်ရခြင်း ဖြစ်ပါသည်။ ယခင်က လုပ်ကိုင်ခဲ့သည့်ပွဲရုံများကို စွန့်ခွာ၍ စက်မှုဇုန်ကဲ့သို့သော နေရာများတွင် သိုလှောင်ရုံ (Warehouse) များကို တည်ဆောက်ကြရပါသည်။ ထို့အပြင် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ရရှိရန်အတွက် ဒေသတွင်း ကုန်စည်ဒိုင် (Commodity Exchange Center) များမှတစ်ဆင့် ကုန်ကြမ်းများကို ဝယ်ယူပြီး ဆန်ဖြူဖြစ်သည်အထိ ကြိတ်ခွဲခြင်း၊ အရောင်တင်ခြင်း၊ အဆင့်ခွဲခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရန် အဆင့်မြင့်ဆန်စက်များ၊ ပြုပြင်ကြိတ်ခွဲခြင်း ပြုလုပ်သည့် စက်ရုံများကို ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရပါသည်။

[၁] Key Informat Interview (Official) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးပါက သယ်ယူပို့ဆောင်ရေးအပိုင်းများ အဆင်ပြေလွယ်ကူစေရန် စီမံခန့်ခွဲရပါသည်။ ထို့နောက် စာရွက်စာတမ်းဆိုင်ရာ အဖွဲ့အစည်းများ (Document Team) ဖွဲ့စည်း၍ လိုအပ်သော စာရွက်စာတမ်းများ၊ ထောက်ခံချက်များ အချိန်မီရရှိအောင် ဆောင်ရွက်ကြရပါသည်။ အဆိုပါ လုပ်ငန်းအဆင့်ဆင့်သည် ယခုမှ စတင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အခက်အခဲရှိနိုင်သော်လည်း ယခင်ကတည်းပင် ပြည်ပသို့ တင်ပို့လာသော ကုမ္ပဏီများအတွက် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။

တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် စားနပ်ရိက္ခာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့် ကိစ္စများကို မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက ဆောင်ရွက်ပေးရပြီး စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက် (Myanmar Inspection and Testing Services Ltd-MITS) ကို တာဝန်ပေးအပ်၍ GACC SPS Protocol တွင် ပါဝင်သော အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးပိုင်းဆိုင်ရာ စစ်ဆေးမှုများကို ပြုလုပ်ကြရပါသည်။ GACC ဘက်မှ စားနပ်ရိက္ခာ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များကို တောင်းခံခြင်းမပြုဘဲ ဒေသတွင်း အာဏာပိုင်များ၏ စစ်ဆေးအတည်ပြုမှု ပါရှိရုံဖြင့်သာ လက်ခံကြပါသည်။

ဆန်ကုန်သည်များအနေဖြင့် ကနဦး၌ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန်အတွက် GACC မှတ်ပုံတင်ရာတွင် လျှင်လျှင်မြန်မြန် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ကုမ္ပဏီတစ်ခုတည်းကိုသာ မှတ်ပုံတင်စေခဲ့ကာ အဆိုပါကုမ္ပဏီအား အခြားကုမ္ပဏီများမှ လာရောက်ပူးပေါင်း၍ အတူတကွ ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် ဒုတိယအကြိမ်မှတ်ပုံတင်ရာတွင် ကုမ္ပဏီ (၁၁) ခု အောင်မြင်ခဲ့ပြီး လက်ရှိတွင် ကုမ္ပဏီ (၁၂၆) ခု ရှိလာခဲ့ပါသည်။ ထို့ကြောင့် အတွေ့အကြုံ အလုံအလောက်ရှိပြီးသော ဆန်ကုန်သည်များအတွက်ပင် GACC မှတ်ပုံတင်ခြင်းသည် ကနဦး၌ ခက်ခဲမှုရှိခဲ့သော်လည်း အကြိမ်ကြိမ် ဆောင်ရွက်လာပြီးသည့်အခါတွင် အဆင်ပြေလွယ်ကူလာခဲ့ပါသည်။

GACC တွင် မှတ်ပုံတင်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့် လိုအပ်ချက်တစ်ခုဖြစ်သဖြင့် မှတ်ပုံတင်ရန် ရည်ရွယ်ထားသည့် ကုမ္ပဏီနှင့် အခြားအသင်းအဖွဲ့များဘက်မှလည်း အားစိုက်ထုတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုမျှမက စိုက်ပျိုးရေးဦးစီးဌာနမှလည်း လိုအပ်သည့် သင်တန်းနှင့် လမ်းညွှန်ချက်များ ပေးထားသဖြင့် ကွန်ပျူတာအသုံးပြုတတ်သော ကုမ္ပဏီဝန်ထမ်းတစ်ဦးဦးကို တာဝန်ပေးထားရုံဖြင့်ပင် အလွယ်တကူ လျှောက်ထားနိုင်ခဲ့ပါသည်။ ပြည်ပတင်ပို့သူ ကုန်သည်များအနေဖြင့် GACC တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမို ဆောင်ရွက်လာနိုင်ပြီး ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်စေရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများဖြစ်သော မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) နှင့် SMEs Development Agency စသည်တို့မှ အထောက်အပံ့များ ပေးစေလိုကြောင်း အကြံပြုဆွေးနွေးခဲ့ကြပါသည်။[၂]

တရုတ်နိုင်ငံဝယ်လက်ဘက်မှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် Phytosanitary Certificate (PC) တောင်းခံသည့် အခါမျိုးတွင် ယခင်က ကုမ္ပဏီများသည် တစ်ဦးချင်း ဌာနသို့ သွားရောက်

[၂] Focus Group Discussion (Traders) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

လျှောက်ထားရသည့်အတွက် အခက်အခဲများ အနည်းငယ်ရှိခဲ့သော်လည်း ကိုဗစ် ၁၉ ကာလမှစတင်၍ PC ထုတ်ပေးရာ၌ လူစုလူဝေးမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့၏ ညှိနှိုင်းဆွေးနွေးပေးမှုကြောင့် ဌာနသို့ မလျှောက်ထားမီ ကုမ္ပဏီတစ်ခုချင်းစီ၏ လျှောက်လွှာများကို MRF မှ နေ့စဉ် စုစည်းစိစစ်ကာ ကိုယ်စားပြုလက်ခံပေးရန် သဘောတူညီခဲ့ကြပါသည်။ ထိုရရှိလာသော လျှောက်လွှာများကို ကုမ္ပဏီများအစား MRF မှ ဌာနဘက်သို့ နေ့စဉ် ပြန်လည်စာရင်းသွင်း ပေးသည့်အတွက် ကုမ္ပဏီများအနေဖြင့် ယခင်ထက် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်လာနိုင်ခဲ့ပါသည်။ ထိုအချိန်မှစတင်၍ ယနေ့အချိန်အထိ အဆိုပါနည်းလမ်းအား အောင်မြင်စွာ ကျင့်သုံးလာခဲ့ရာ ယခုအခါ အခြားအသင်းအဖွဲ့ တစ်ခုဖြစ်သော မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်ကြီးများအသင်းသည် လည်း ၎င်းနည်းလမ်းအတိုင်း ကျင့်သုံးဆောင်ရွက်ပေးလျက် ရှိပါသည်။ ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် အီလက်ထရောနစ်သက်သေခံလက်မှတ် (ePhyto Certificate) ထုတ်ပေးရန် စီစဉ်ဆောင်ရွက် ပေးလျက်ရှိသော်လည်း နမူနာတင်သွင်းရသည့် အပိုင်းရှိသဖြင့် အချို့နိုင်ငံများတွင်ပင် စာရွက်စာတမ်းပိုင်း နှင့် ငွေပေးချေမှုအပိုင်းကိုသာ ဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

GACC မှတ်ပုံတင်ခြင်း ပြုလုပ်ရာတွင် ဖြေဆိုသူ ကုန်သည်များသည် ပွဲစားငွေရမ်းခြင်း မရှိဘဲ သင်တန်းတက်ရောက်ထားသည့် ကုမ္ပဏီမှဝန်ထမ်းများကိုသာ တာဝန်ပေးအပ်လေ့ ရှိကြပါသည်။ အဆိုပါ သင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မဲခေါင်-လန်ချန်း စီမံကိန်းတို့မှ ဦးစီး၍ သင်ကြားပို့ချပေးခဲ့သည့်အတွက် ဝန်ထမ်းများအနေဖြင့် ကိုယ်တိုင် ဆောင်ရွက်ရာတွင် အခက်အခဲမရှိဘဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ရန်အတွက် သဘောတူစာချုပ် မချုပ်မီ တရုတ်ကျွမ်းကျင်ပညာရှင်များ လာရောက်စစ်ဆေးမှုပြုလုပ်ရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များကို အသင်းအဖွဲ့များအနေဖြင့် ကျခံပေးနိုင်မှုရှိပြီး ထိုကုန်ကျစရိတ်များအား လျှောက်ထား သည့် ကုမ္ပဏီများမှ အချိုးကျ ခွဲဝေကျခံပေးသည့်စနစ်ကို ကျင့်သုံးကြပါသည်။

လွန်ခဲ့သော (၁၀) နှစ်အတွင်း ကုန်သွယ်မှု လျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရာ တွင် တွေ့ကြုံရသော အခြေအနေများကို လေ့လာရာတွင် MRF မှတစ်ဆင့် သတင်းအချက်အလက်များ ပိုမို ရရှိနိုင်ခြင်း၊ ကြုံတွေ့လာသော အခက်အခဲများပေါ်မူတည်၍ MRF မှ ဖြေရှင်းပေးခြင်း စသည်တို့ကြောင့် ပိုမို ကောင်းမွန်လာကြောင်း၊ ထုတ်ပြန်ထားသော စည်းမျဉ်းများနှင့်ပတ်သက်၍ ဖြေဆိုသူအများစုအတွက် ပုံမှန် အနေအထားအတိုင်းသာ ဖြစ်သော်လည်း လုပ်ငန်းအတွေ့အကြုံ (၂၀) နှစ်ရှိသော ဖြေဆိုသူတစ်ဦးအတွက်မူ လိုက်နာရသည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည့်အတွက် မဖြစ်သင့်သည့် အရာများကို ကြိုတင်တားဆီးနိုင်သဖြင့် ပိုမိုကောင်းမွန်လာကြောင်း ဖြေဆိုခဲ့ပါသည်။ ထို့အပြင် လုပ်ငန်း အတွေ့အကြုံ (၆) နှစ်ရှိသော ဖြေဆိုသူတစ်ဦးမှလည်း လုပ်ရကိုင်ရသည့်အဆင့်များ ပိုမိုများပြားလာသည့် အတွက် ပိုမိုခက်ခဲလာကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့်နှင့်ပတ်သက်၍ ဖြေဆိုသူအများစုသည် ပုံမှန်ဟု ဖြေဆိုခဲ့ကြသော်လည်း ဖြေဆိုသူတစ်ဦးအတွက်မူ လိုင်စင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဆောင်ရွက် ရာတွင် အခက်အခဲရှိနေခြင်း၊ လုပ်ဆောင်ရသည့် လုပ်ငန်းအဆင့်ဆင့် ပိုမိုကြာသွားသည့်အတွက် အချိန်နှင့်

ငွေ ပိုမိုကုန်ကျခြင်း စသည်တို့ကြောင့် ပိုမိုခက်ခဲလာကြောင်း ဖြေဆိုခဲ့ပါသည်။ ထို့အပြင် ဝန်ဆောင်မှု ကုန်ကျစရိတ်နှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ အလုပ်သမားငှားရမ်းခများ၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ၊ ရိတ်သိမ်းချိန်လွန်ပြီးနောက် ကုန်ကျသည့် ကုန်ကျစရိတ်များ၊ ဆိပ်ကမ်းကုန်ကျစရိတ်များ စသည်ဖြင့် အစစ အရာရာ ပိုမိုကုန်ကျခဲ့ခြင်းကြောင့် ဖြေဆိုသူအများစုအတွက် ပိုမိုခက်ခဲမှုရှိနေပြီး ဖြေဆိုသူတစ်ဦးအတွက်မူ ပုံမှန်အတိုင်း ခက်ခဲမှုမရှိကြောင်း သိရှိခဲ့ပါသည်။

စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ မေးမြန်းရာတွင် ဖြေဆိုသူအများစုအတွက် MRF မှတစ်ဆင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသဖြင့် ပိုမိုကောင်းမွန်လာကြောင်း ဖြေဆိုခဲ့ပါသည်။ အလို အလျောက်စနစ်နှင့် ပတ်သက်၍ မေးမြန်းရာတွင် အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြေဆိုသူ အားလုံးအတွက် ပိုမိုအဆင်ပြေမှုရှိကြောင်း ဖြေကြားခဲ့ပါသည်။ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဖြေဆိုသူ အများစုသည် အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်လာနိုင်ခြင်းကြောင့် ပိုမို အဆင်ပြေလာပြီး ဖြေဆိုသူတစ်ဦး အတွက်မူ ပုံမှန်အတိုင်းဖြစ်ကြောင်း ဖြေဆိုခဲ့ပါသည်။ လုပ်ငန်းအတွေ့အကြုံ (၆) နှစ် သက်တမ်းရှိသော ဖြေဆိုသူတစ်ဦး၏ ပြောကြားချက်အရ လိုအပ်ချက်ပေါ်မူတည်၍ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်သော်လည်း ၎င်းတို့အတွက် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲများရှိသည့်အတွက် ပိုမိုခက်ခဲမှုရှိလာကြောင်း လေ့လာခဲ့ရပါသည်။

ပြည်တွင်း ကုန်သွယ်ရေးအေဂျင်စီများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး ဖြေဆိုသူအများစု သည် အသင်းအဖွဲ့များမှလည်း ကြုံတွေ့လာသည့် ပြဿနာများအပေါ် ဝိုင်းဝန်း ဖြေရှင်းပေးခြင်း၊ သက်ဆိုင် ရာ အစိုးရဌာနများ၊ စီးပွားရေးသံမှူးများ၊ ဝယ်လက်များနှင့်လည်း ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေ မှုရှိလာခြင်းနှင့် ချိတ်ဆက်မှု ပိုမိုအားကောင်းလာခြင်း စသည့်အချက်များကြောင့် ကုန်သွယ်မှု ဆောင်ရွက် ရာတွင် ပိုမိုကောင်းမွန်လာစေကြောင်း ဖြေကြားခဲ့ကြီး ဖြေဆိုသူတစ်ဦးအတွက်မူ ပုံမှန်အနေအထားအတိုင်း သာဖြစ်ကြောင်း သိရှိရပါသည်။

ထို့အတူ ပြည်ပကုန်သွယ်ရေး အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင်လည်း ဖြေဆို သူအချို့အတွက် ပိုမိုကောင်းမွန်လာကြောင်း ဖြေဆိုခဲ့ပြီး အချို့အတွက်မူ ပုံမှန်အတိုင်းသာဖြစ်ကြောင်း ဖြေဆိုခဲ့ပါသည်။ အုပ်ချုပ်မှုယန္တရားနှင့် သမာသမတ်ကျမှုနှင့် ပတ်သက်ပြီး ဖြေဆိုသူအချို့အတွက် အကောက်ခွန်စနစ်များ ပိုမိုကောင်းမွန်လာခြင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရာတွင် ပိုမိုအဆင် ပြေလာခြင်း စသည်တို့ကြောင့် ပိုမိုကောင်းမွန်မှုရှိလာကြောင်း ဖြေဆိုခဲ့ပြီး အချို့အတွက် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေး ဒီဂျစ်တယ်လက်မှတ်ဆောင်ရွက်နိုင်မှု မရှိသေးခြင်း၊ ထူးကဲသော ပြောင်းလဲမှုများ မရှိသေးခြင်း စသည်တို့ကြောင့် ပုံမှန်အတိုင်း ပြောင်းလဲမှုမရှိကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်အတွင်း ကုန်သွယ်မှုတွင် ဖြေဆိုချက်များအရ ၂၀၂၃ ခုနှစ်အတွင်း သတင်းအချက် ရရှိမှုနှင့်စပ်လျဉ်း၍ အွန်လိုင်းမှ သတင်းရယူနိုင်ခြင်း၊ အလွယ်တကူ ဆက်သွယ်ချိတ်ဆက် ဆောင်ရွက် နိုင်ခြင်း၊ သတင်းအချက်အလက်များ အချင်းချင်းဖလှယ်နိုင်ခြင်း စသည်တို့ကြောင့် ကောင်းမွန်သော အခြေ အနေတစ်ခုတွင် ရှိခဲ့ပါသည်။ ကုန်သွယ်မှု အသိုက်အဝန်းတွင်လည်း အသင်းအဖွဲ့များနှင့် ဆောင်ရွက်နေခြင်း

ဖြစ်သဖြင့် အခက်အခဲများအပေါ် အချင်းချင်းဖေမကူညီပေးနိုင်ခြင်း၊ သတင်းအချက်အလက်များ မျှဝေပေးနိုင်ခြင်း၊ ကုန်သည်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည်တို့ကြောင့် ကုန်သွယ်မှုအသိုက်အဝန်းအတွင်း ပိုမိုပါဝင်လာကြပြီး တစ်ဦးနှင့်တစ်ဦး ပိုမိုစည်းလုံးလာကြပါသည်။ သို့သော် အချို့စည်းမျဉ်းစည်းကမ်းများသည် ခေတ်နှင့်အညီ ထုတ်ပြန်ထားသော စည်းမျဉ်းများဖြစ်သော်လည်း အသစ်စတင်ဆောင်ရွက်မည့် ကုန်သည်များအတွက် ခက်ခဲမှုရှိနိုင်ကြောင်း၊ ကုန်သွယ်မှုပြုလုပ်ရာတွင် ခွင့်ပြုချက်တောင်းခံသောလုပ်ငန်းအဆင့်ဆင့်သည် ယခင်ထက် ပိုမိုများပြားလာသဖြင့် အနည်းငယ် ဖြေလျှော့ပေးပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

ကုန်ကျစရိတ်များမှာမူ အချိန်နှင့်အမျှ မြင့်တက်နေသဖြင့် ပိုမိုကုန်ကျမှုများ ရှိခဲ့ပြီး သယ်ယူပို့ဆောင်ရေးပိုင်းတွင် ပိုမိုကုန်ကျလာပါသည်။ စာရွက်စာတမ်းများနှင့် ပတ်သက်၍ ကုန်ကျစရိတ်များ အနည်းငယ်ရှိနေသော်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူပြီး ကောင်းမွန်လာပါသည်။ အွန်လိုင်းစနစ်များမှာလည်း ပိုမိုကောင်းမွန်လာသည့်အပြင် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်သည့်အတွက် ပိုမိုလွယ်ကူချောမွေ့စေသော်လည်း အသေးစိတ်အချက်အလက်များကိုမူ အွန်လိုင်းမှတစ်ဆင့် စစ်ဆေးခြင်းမပြုဘဲ ပုံမှန်အတိုင်းသာ စစ်ဆေးမှုပြုခဲ့ပါသည်။

ကုန်သွယ်မှုလုပ်ငန်းစဉ်များတွင် သဘော်သစောင့်ဆိုင်းရသည့်အတွက် ကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်ခဲ့ခြင်း၊ ဝယ်လက်နှင့် အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ခြင်း စသည်တို့ကြောင့် ကုန်သွယ်မှုကို အဟန့်အတား ဖြစ်စေခဲ့ပါသည်။ ပြည်တွင်းကုန်သွယ်ရေး အဖွဲ့အစည်းများကလည်း ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းပေးသလို ပြည်ပကုန်သွယ်ရေး အဖွဲ့အစည်းများကလည်း ဈေးကွက်ရှာဖွေပေးခြင်းများရှိသဖြင့် ပြည်တွင်းပြည်ပ အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းခဲ့ပါသည်။ ကုန်သွယ်မှု ပြုလုပ်ရာတွင် စာရွက်စာတမ်း၊ အထောက်အထား ပြည့်စုံစွာဖြင့် ဆောင်ရွက်ရသဖြင့် အုပ်ချုပ်မှုယန္တရားနှင့် သမာသမတ်ကျမှုအပိုင်းတွင် အခက်အခဲမရှိစွာ ဆောင်ရွက်နိုင်သော်လည်း ကုန်သွယ်မှု ပြန်ရငွေများကို ဗဟိုဘဏ်၏ လုပ်ထုံးလုပ်နည်းအရ ပြင်ပပေါက်ဈေးဖြင့် အပြည့်အဝ လဲလှယ်ပေးနိုင်ခြင်း မရှိသဖြင့် ပြည်ပတင်ပို့သူ ကုန်သည်များအတွက် အခက်အခဲအနည်းငယ် ရှိပါသည်။[၃]

## ၆.၁။ အဓိက ကုန်သွယ်သည့် နိုင်ငံများနှင့် ပို့ကုန်ဈေးကွက် ရှယ်ယာများ

မြန်မာ့ဆန် (HSC: 1006) ဝယ်ယူသော နိုင်ငံများနှင့် အဓိက ဝယ်ယူသော နိုင်ငံများရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုးကို သိရှိနိုင်ရန် မြန်မာ့ဆန်ကို ဝယ်ယူတင်သွင်းလျက်ရှိသော နိုင်ငံများကို ပုံ (၁၂) တွင် ဖော်ပြထားပါသည်။ တရုတ်နိုင်ငံသည် မြန်မာ့ဆန် တင်ပို့မှု၏ (၂၈) ရာခိုင်နှုန်းကို တင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ ဆန်ဈေးကွက်ကို လွှမ်းမိုးထားပါသည်။ ထို့နောက် ဘယ်လ်ဂျီယံနိုင်ငံသည် ဒုတိယ ဝေစုအများဆုံး တင်သွင်းပြီး စုစုပေါင်းတင်ပို့မှု၏ (၁၃) ရာခိုင်နှုန်းကို တင်သွင်းနေပါသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံသည် (၁၁) ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသည် (၁၀) ရာခိုင်နှုန်းနှင့် စပိန်နိုင်ငံသည် (၆) ရာခိုင်နှုန်းစီ တင်သွင်းနေကြောင်း တွေ့ရပါသည်။

[၃] Key Informat Interview (Traders) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။




ဇာစ်မြစ်။ UN Comtrade ၂၀၂၃ ၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်းအချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

ပုံ (၁၂) မြန်မာ့ဆန်ဝယ်ယူသော နိုင်ငံများ၏အချိုး

တရုတ်နိုင်ငံသို့ ဆန်တင်ပို့လျက်ရှိသော နိုင်ငံများကို ပုံ (၁၃) တွင် ဖော်ပြထားပါသည်။ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ အဓိက ဆန်တင်ပို့သည့် နိုင်ငံဖြစ်ပြီး စုစုပေါင်း ဆန်တင်သွင်းမှု၏ (၃၆) ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံမှ တင်သွင်းခဲ့ပါသည်။ မြန်မာနိုင်ငံမှ ဆန်ဝေစု (၂၁) ရာခိုင်နှုန်းကို တင်သွင်းနေပြီး ထိုင်းနိုင်ငံမှ (၁၈) ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ (၉) ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံမှ (၈) ရာခိုင်နှုန်းနှင့် ပါကစ္စတန်နိုင်ငံမှ (၇) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။

ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တင်ပို့လျက်ရှိသော နိုင်ငံများကို ပုံ (၁၄) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ဘယ်လ်ဂျီယံနိုင်ငံအတွက် အဓိက ဆန်တင်ပို့သည့် နိုင်ငံဖြစ်ပြီး စုစုပေါင်း ဆန်တင်သွင်းမှု၏ (၂၇) ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ တင်သွင်းနေပါသည်။ ဒုတိယအနေဖြင့် စုစုပေါင်းတင်သွင်းမှု၏ (၂၄) ရာခိုင်နှုန်းကို စပိန်နိုင်ငံမှ တင်သွင်းခဲ့ပြီး ပါကစ္စတန်နိုင်ငံမှ (၉) ရာခိုင်နှုန်းနှင့် အာဂျင်တီးနားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့မှ (၆) ရာခိုင်နှုန်းစီ တင်သွင်းခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့လျက်ရှိသော နိုင်ငံများ၏ ဝေစုအချိုးကို ပုံ (၁၅) တွင် ဖော်ပြထားပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် စုစုပေါင်းတင်သွင်းမှု၏ (၄၅) ရာခိုင်နှုန်းကို ထိုင်းနိုင်ငံမှ အဓိက တင်သွင်းလျက်ရှိပြီး ဗီယက်နမ်နိုင်ငံမှ (၃၇) ရာခိုင်နှုန်း၊ ပါကစ္စတန်နိုင်ငံမှ (၁၀) ရာခိုင်နှုန်း၊ မြန်မာနိုင်ငံမှ (၅) ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ (၂) ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ (၁) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့လျက်ရှိသော နိုင်ငံများ၏ ဝေစုအချိုးကို ပုံ (၁၆) တွင် ဖော်ပြထားပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် စုစုပေါင်းတင်သွင်းမှု၏ (၇၆) ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံမှ အဓိက တင်သွင်းလျက်ရှိပြီး ထိုင်းနိုင်ငံမှ (၁၀) ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ (၄) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။




ပုံ (၁၃) တရုတ်နိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး




ပုံ (၁၄) ဘယ်လ်ဂျီယံနိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး




ပုံ (၁၅) အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး




ပုံ (၁၆) ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာ့ဆန်၏ ဈေးကွက်ဝေစုအချိုး

ဇာစ်မြစ်။ UN Comtrade ၂၀၂၃ ၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်း အချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်းဖြစ်ပါသည်။

မြန်မာ့ဆန်ကွဲ (HSC: 100640) ဝယ်ယူသော နိုင်ငံများနှင့် အဓိက ဝယ်ယူသော နိုင်ငံများရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုးအတွက် မြန်မာ့ဆန်ကွဲကို ဝယ်ယူတင်သွင်းလျက်ရှိသော နိုင်ငံများကို ပုံ (၁၇) တွင် ဖော်ပြထားပါသည်။ တရုတ်နိုင်ငံသည် မြန်မာ့ဆန်ကွဲတင်ပို့မှု၏ (၄၁) ရာခိုင်နှုန်းကို တင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ ဆန်ကွဲဈေးကွက်ကို လွှမ်းမိုးထားပါသည်။ ထို့နောက် ဘယ်လ်ဂျီယံနိုင်ငံသည် ဒုတိယ ဝေစုအများဆုံး တင်သွင်းပြီး စုစုပေါင်းတင်ပို့မှု၏ (၂၈) ရာခိုင်နှုန်းကို တင်သွင်းနေပါသည်။ ထို့နောက် နယ်သာလန်နိုင်ငံသည် (၆) ရာခိုင်နှုန်းနှင့် စပိန်နိုင်ငံသည် (၅) ရာခိုင်နှုန်းစီ တင်သွင်းနေကြောင်း တွေ့ရပါသည်။




ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်း အချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ပုံ (၁၇) မြန်မာ့ဆန်ကွဲဝယ်ယူသော နိုင်ငံများ၏အချိုး

ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတင်ပို့လျက်ရှိသော နိုင်ငံများ၏ ဝေစုအချိုးကို ပုံ (၁၈) တွင် ဖော်ပြထားပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် စုစုပေါင်းတင်သွင်းမှု၏ (၇၇) ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံမှ အဓိက တင်သွင်းလျက်ရှိပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ (၁၀) ရာခိုင်နှုန်းစီ တင်သွင်းခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတင်ပို့လျက်ရှိသော နိုင်ငံများ၏ ဝေစုအချိုးကို ပုံ (၁၉) တွင် ဖော်ပြထားပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် စုစုပေါင်း ဆန်ကွဲတင်သွင်းမှု၏ (၅၃) ရာခိုင်နှုန်းကို ထိုင်းနိုင်ငံမှ အဓိက တင်သွင်းလျက်ရှိပြီး ပါကစ္စတန်နိုင်ငံမှ (၂၄) ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ (၁၂) ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံမှ (၈) ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ (၃) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။

ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတင်ပို့လျက်ရှိသော နိုင်ငံများကို ပုံ (၂၀) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ဘယ်လ်ဂျီယံနိုင်ငံအတွက် အဓိက ဆန်ကွဲတင်ပို့သည့် နိုင်ငံဖြစ်ပြီး စုစုပေါင်း ဆန်ကွဲတင်သွင်းမှု၏ (၅၀) ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ တင်သွင်းနေပါသည်။ ဒုတိယအနေဖြင့် စုစုပေါင်း တင်သွင်းမှု၏ (၂၅) ရာခိုင်နှုန်းကို စပိန်နိုင်ငံမှ တင်သွင်းခဲ့ပြီး အာဂျင်တီးနားနိုင်ငံမှ (၇) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။

တရုတ်နိုင်ငံသို့ ဆန်ကွဲတင်ပို့လျက်ရှိသော နိုင်ငံများကို ပုံ (၂၁) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ အဓိက ဆန်ကွဲတင်ပို့သည့် နိုင်ငံဖြစ်ပြီး စုစုပေါင်း ဆန်ကွဲတင်သွင်းမှု၏ (၃၈) ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ တင်သွင်းခဲ့ပါသည်။ ထို့နောက် ဗီယက်နမ်နိုင်ငံမှ (၂၀) ရာခိုင်နှုန်းကို တင်သွင်းနေပြီး ထိုင်းနိုင်ငံမှ (၁၉) ရာခိုင်နှုန်း၊ ပါကစ္စတန်နိုင်ငံမှ (၇) ရာခိုင်နှုန်းနှင့် အိန္ဒိယနိုင်ငံမှ (၁၁) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။




ပုံ (၁၈) ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုး




ပုံ (၁၉) အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုး




ပုံ (၂၀) ဘယ်လ်ဂျီယံနိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက်ဝေစုအချိုး




ပုံ (၂၁) တရုတ်နိုင်ငံရှိ မြန်မာ့ဆန်ကွဲ၏ ဈေးကွက် ဝေစုအချိုး

ဇာစ်မြစ်။ UN Comtrade ၂၀၂၃ ၊ ITC Trademap ၂၀၂၃ (မှတ်ချက် - UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏာန်း အချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်းဖြစ်ပါသည်။

## ၆.၂။ ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအား

ဆန်ကုန်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေး၏ အဓိကဗဟိုချက်မှာ ပုသိမ်မြို့၊ ရန်ကုန်မြို့နှင့် မန္တလေး မြို့တို့ ဖြစ်ကြပါသည်။ ဆန်ထုတ်လုပ်မှု ပိုလျှံသော ဒေသအသီးသီးမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချ၍ ၎င်းမြို့များမှတစ်ဆင့် အနီးနားရှိ ဆန်လိုအပ်သော ဒေသများသို့ ဖြန့်ဖြူးရောင်းချပါသည်။ သမားရိုးကျဖြစ်သော ပြည်တွင်းဈေးကွက်အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများသည် နေ့စဉ် အစားအစာ အတွက် ထမင်းကိုစားသုံးကြပြီး ဆန်ကြာဇံ၊ ဆန်ခေါက်ဆွဲနှင့် ဆန်ကိုအခြေခံသည့် ရိုးရာအဆာပြေမုန့် များကို မြို့ပြနှင့် ကျေးလက်ဒေသများတွင် တွင်ကျယ်စွာ စားသုံးကြသည်။ လေ့လာတွေ့ရှိချက်များအရ မန္တလေးမြို့သည် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းကို ချိတ်ဆက်ကာ ပြည်တွင်းဆန်ကုန်သွယ်မှု အတွက် အဓိကအချက်အချာကျသည့် နေရာဖြစ်သည့်အပြင် အဓိကထွက်ရှိနေသည့် ဒေသများမှ ဆန်ရှား ပါးသော ဒေသများ၏ ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ ထောက်ပံ့မှုကို စုစည်းပေးခြင်းဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးသည် အချက်အချာကျသော နေရာမဟုတ်သော်လည်း ရန်ကုန်သို့ အဝေးပြေး လမ်းနှင့် မီးရထားဖြင့် လွယ်ကူစွာ သွားလာနိုင်သောကြောင့် ပဲခူးမှ ဆန်များကို ရန်ကုန်ပွဲရုံများသို့ တင်ပို့ပါ သည်။ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်း ကမ်းရိုးတန်းဒေသအတွက် အဓိက ဆန်ဈေးကွက်ဖြစ်ပြီး မြဝတီမှတစ်ဆင့်သော် လည်းကောင်း၊ ကော့ကရိတ်မှတစ်ဆင့်သော် လည်းကောင်း ထိုင်း-မြန်မာနယ်စပ်သို့ တင်ပို့နိုင်ပြီး မော်လမြိုင်ကမ်းလွန်နှင့် အလွန်နီးကပ်သော ဈေးကွက်ဖြစ်၍ ဆန်နှင့် ကုန်စည်အများအပြား ရောင်းဝယ်ဖောက်ကားရာ အဓိကနေရာဖြစ်သည်။ ရှမ်းပြည်နယ်သည် အဓိက ဆန်ပို လျှံသော ဒေသမဟုတ်သည့်အတွက်ကြောင့် ဒေသတွင်းမှထွက်ရှိသော ဆန်များကို ပြည်တွင်း၌သာ အများ ဆုံး စားသုံးကြသည် (Thi Mar Win and Sasaki၊ ၂၀၂၀)။

Agribiz (၂၀၂၄) ၏ ရန်ကုန်ဈေးကွက်တွင် ဖော်ပြထားသော အချက်အလက်များအရ ပြည်တွင်း ဈေးကွက်တွင် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘို ပေါ်ဆန်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် (၁၃၀,၀၀၀) ကျပ်နှုန်းနှင့် အောက်စ တစ်တင်းခွဲတစ်အိတ် လျှင် (၁၂၅,၀၀၀) ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဖျာပုံပေါ်ဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် (၁၀၅,၀၀၀) ကျပ်နှုန်းနှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် (၁၀၀,၀၀၀) ကျပ်နှုန်းဖြင့် လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် (၉၁,၀၀၀) ကျပ်နှုန်းနှင့် အောက်စတစ်တင်းခွဲ တစ်အိတ် လျှင် (၉၀,၀၀၀) ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧည့်မထဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် (၇၇,၀၀၀) ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် (၇၆,၀၀၀) ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် (၇၁,၀၀၀) ကျပ်နှုန်းနှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် (၇၀,၀၀၀) ကျပ် နှုန်းဖြင့် လည်းကောင်း အသီးသီး ရောင်းဝယ်လျက်ရှိသည်။

ပြည်တွင်းစားသုံးသော ဆန်အမျိုးအစားများမှာ ဈေးအမြင့်တွင် တည်ငြိမ်နေပြီး ပြည်ပတင်ပို့မှုများ သော ဧည့်မထနှင့် ငစိန်ဆန်အမျိုးအစားများမှာ ပြည်ပဝယ်လက်များမှ ဈေးနှိမ့်ဝယ်ယူမှုရှိခြင်းကြောင့် အနည်းငယ် ဈေးနိမ့်လာခဲ့သည်။ ပြည်တွင်းစားသုံးမှုများသော ဆန်အမျိုးအစားများမှာ လျှပ်စစ်မီး အခက် အခဲကြောင့် ကြိတ်ခွဲရရှိမှုနည်းကာ ဈေးကွက်သို့ ဆန်ဝင်ရောက်မှုနည်းခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်နေခြင်း၊ ဝယ်လိုအား ပုံမှန်သာရှိခြင်းတို့ကြောင့် အရောင်းအဝယ်အေးသော်လည်း ဈေးနှုန်းအမြင့် တွင သာ ဆက်လက်တည်ရှိနေခဲ့ခြင်း ဖြစ်သည်။

ပြည်ပတင်ပို့မှုရှိသော ဧည့်မထနှင့် ငစိန်ဆန်အမျိုးအစားများမှာ ဈေးကွက်သို့ အရည်အသွေး အနိမ့်စ များလည်း ဝင်ရောက်ခြင်း၊ ပြည်ပဝယ်လက်များမှ ဈေးနှိမ့်ဝယ်ယူမှု ရှိခြင်းတို့ကြောင့် ဆန်တစ်အိတ်လျှင် ငွေကျပ် (၁,၀၀၀) မှ (၂,၀၀၀) ခန့် ဈေးနိမ့်လာခဲ့ခြင်း ဖြစ်သည်။ လက်လီဈေးကွက်တွင်မူ ဖော်ပြပါ ဆန်ဈေး နှုန်းများထက် ဆန်တစ်အိတ်လျှင် ငွေကျပ် (၁၀,၀၀၀) မှ (၅၀,၀၀၀) ခန့်အထိ ဆန်အမျိုးအစားပေါ်မူတည်၍ ဈေးမြင့်ကွာဟလျက် ရှိပါသည်။ လက်လီဈေးကွက်တွင် ဆန်တစ်ပြည်လျှင် ဈေးနှုန်းအနိမ့်ဆုံး (၃,၅၀၀) ကျပ် ဝန်းကျင်ဖြစ်ပြီး အမြင့်ဆုံးမှာ (၈,၀၀၀) ကျပ်ဝန်းကျင် ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် (၁၈) ခုရှိ အသင်းဝင်ဆန်လက်လီဆိုင် (၅၈) ဆိုင်တွင် ဧည့်မထဆန်တစ်ပြည်လျှင် (၃,၃၀၀) ကျပ်နှုန်းဖြင့် ၁၆-၂-၂၀၂၄ မှစတင်ကာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ရောင်းချပေးလျက်ရှိသည်။

ငှင်းဧည့်မထဆန်အား စားသုံးသူများမှ ကြိုက်နှစ်သက်မှုနည်းကာ အရောင်းအဝယ်အေးလျက်ရှိကြောင်းလည်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြစ်ပေါ်ခဲ့သော ပျမ်းမျှ ဆန်ဈေးနှုန်းများကို လေ့လာကြည့်လျှင် ဆန်အမျိုးအစားအလိုက် ဈေးနှုန်းကွာဟချက်များမှာ ပေါ်ဆန်းတစ်တင်းလျှင် (၁၃၆,၈၃၀) ကျပ်နှုန်းဖြင့် ဒီဇင်ဘာလအတွင်း ဈေးအမြင့်ဆုံးရရှိခဲ့ပါသည်။




ရင်းမြစ်။ Agribusiness Bulletin၊ ၂၀၂၃

ပုံ (၂၂) ၂၀၂၃ ခုနှစ်အတွင်း ဆန်အမျိုးအစားအလိုက် ဈေးနှုန်းကွာဟချက်

ရေမင်းဆန်တစ်တင်းလျှင် (၁၁၈,၈၅၃) ကျပ်နှုန်းဖြင့် အောက်တိုဘာလတွင် အမြင့်ဆုံးရရှိခဲ့သည်။ မနော်သုခတစ်တင်းသည် (၈၈,၆၉၀) ကျပ်ဖြင့် ဩဂုတ်လတွင် ဈေးအမြင့်ဆုံးရရှိခဲ့ပြီး ဆင်းသုခ တစ်တင်းသည် (၈၃,၂၄၆) ကျပ်ဖြင့် စက်တင်ဘာလတွင် ဈေးအမြင့်ဆုံး ရရှိခဲ့ပါသည်။ ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများအရ ပေါ်ဆန်းဆန်သည် ဈေးနှုန်းအမြင့်ဆုံး ရရှိလျက်ရှိပါသည်။ ပေါ်ဆန်းမွှေးနှင့် မနော်သုခ တို့၏ ဈေးနှုန်းကွာဟချက်သည် (၄၈,၀၀၀) ကျပ်ခန့် ရှိနေပါသည်။ ဇန်နဝါရီလအတွင်း ပေါ်ဆန်းမွှေး တစ်တင်းဈေးနှုန်းသည် (၇၇,၈၂၀) ကျပ်ဖြစ်ခဲ့ရာမှ ဒီဇင်ဘာလတွင် တစ်တင်းလျှင် (၁၁၈,၈၅၃) ကျပ်အထိ ဈေးနှုန်းရရှိခဲ့သဖြင့် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက (၆၆) ရာခိုင်နှုန်းအထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည် (ပုံ ၂၂)။

မြန်မာနိုင်ငံမှ ထွက်ရှိသော ဆန်စုစုပေါင်း၏ (၁၀) ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ခဲ့ပြီး နှစ်စဉ် ဆန်တန်ချိန် (၃) သန်းခန့် တင်ပို့ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ တွင် ဆန်လုံးရှည်မျိုးသည် စုစုပေါင်းတင်ပို့မှု၏ (၄၄) ရာခိုင်နှုန်းအထိ အများဆုံးတင်ပို့သည့် ဆန်အမျိုးအစား ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်

ဆန်တင်ပို့မှု စုစုပေါင်း၏ (၆၆) ရာခိုင်နှုန်းခန့်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်ပို့ခဲ့ပြီး ဝယ်ယူသည့် နိုင်ငံအများစုမှာ အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အခြားအာရှနိုင်ငံများ ဖြစ်ပါသည်။

ပို့ကုန်ဈေးကွက် ဝယ်လိုအားအနေဖြင့် ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တန်ချိန် (၂.၁၃၂) သန်း၊ အမေရိကန်ဒေါ်လာ (၇၁၅.၉၆) သန်း ရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် (၂.၁၉၇) သန်း၊ အမေရိကန်ဒေါ်လာ (၈၂၁.၃၀) သန်း ရရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် ယခင်နှစ်ထက် ဆန်နှင့်ဆန်ကွဲ (၆၅,၂၇၈) တန်၊ အမေရိကန်ဒေါ်လာ (၁၀၅.၃၄) သန်း ပိုမိုတင်ပို့ခဲ့ပြီး ထိုသို့ ဆန်တင်ပို့မှု မြင့်တက်ရခြင်းမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှစတင်၍ ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်တိုက် မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများဖြစ်သော တရုတ်နှင့် ပါကစ္စတန် နိုင်ငံတို့တွင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရန်အတွက် ရာသီဥတုအခြေအနေ မပေးသဖြင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျနိုင်ခြင်းကြောင့် ဆန်လိုအပ်ချက် ပိုမိုများပြားလာခြင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ပြည်တွင်း၌ ဂျုံအခြေခံသော ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာသဖြင့် ဆန်ကို ပြောင်းလဲသုံးစွဲလာကြ သည့်အတွက် ဆန်ဝယ်လိုအား မြင့်တက်နေခြင်း စသည်တို့ကြောင့် ဆန်တင်ပို့မှု ပိုမိုမြင့်တက်လာကြခြင်း ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ အဓိက ဆန်တင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ တိုဂို၊ မက်ဒါဂါစကာ၊ အန်ဂိုလာ၊ မိုဇင်ဘစ်နိုင်ငံတို့ဖြစ်ပြီး အိမ်နီးချင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းကျော်ထိ တင်သွင်းခဲ့ရပါသည်။ ထိုကဲ့သို့ ပြည်ပဈေးကွက် အခိုင်အမာရှိနေသောကြောင့် ပြည်တွင်းဆန်ကုန်သည်များသည် ကမ္ဘာ့ဈေးကွက်သို့ ပိုမို တင်ပို့ရောင်းချလိုကြပါသည်။

ဆန်တစ်မျိုးတည်း တင်ပို့မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် (၂၃,၄၆၉) တန်၊ အမေရိကန် ဒေါ်လာ (၅၈.၁၇) သန်း ပိုမိုတင်ပို့ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီကာလများနှင့် နှိုင်းယှဉ် ပါက အဆိုပါပမာဏမှာ သိသိသာသာ နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တွင် ဆန်တန်ချိန် (၁.၉၃) သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် (၁.၉၁) သန်း အသီးသီး တင်ပို့ခဲ့သည့် အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆန်တင်ပို့မှုပမာဏသည် အဆိုပါနှစ်များနှင့် နှိုင်းယှဉ်ပါက တန်ချိန် (၆) သိန်းခန့် နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇-၂၀၁၈ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှုကို နှိုင်းယှဉ်ကြည့်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် တန်ချိန် (၃.၅၉) သန်းအထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁.၁၄) ဘီလီယံအထိရရှိကာ ဆန်နှင့်ဆန်ကွဲတင်ပို့မှု အများ ဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှု ကျဆင်းခဲ့ရာ တန်ချိန် (၂.၁၉၇) သန်း အထိ ရောက်ရှိခဲ့ပါသည်။ ဆန်နှင့်ဆန်ကွဲတင်ပို့မှု ကျဆင်းခြင်းဆက်လက်ဖြစ်ပွားခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာ နှစ်တွင် တန်ချိန် (၁.၇၅၁) သန်းအထိ ရောက်ရှိခဲ့ပါသည်။

Mekong-Lancang Cooperation

ဇယား (၄၅) မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ) အလိုက် ဆန်နှင့် ဆန်ကွဲတင်ပို့မှု အခြေအနေ

| ဘဏ္ဍာနှစ် | ဆန် | | ဆန်ကွဲ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး (USD သန်း) | တန်ချိန် | တန်ဖိုး (USD သန်း) | တန်ချိန် | တန်ဖိုး (USD သန်း) |
| ၂၀၁၇-၂၀၁၈ | ၂,၉၅၁,၈၀၈ | ၉၇၇ | ၆၃၈,၉၁၈ | ၁၆၅ | ၃,၅၉၀,၇၂၆ | ၁,၁၄၂ |
| ၂၀၁၈-၂၀၁၉ | ၁,၉၂၉,၈၄၂ | ၆၄၉ | ၄၅၁,၉၁၄ | ၁၃၀ | ၂,၃၈၁,၇၅၆ | ၇၇၉ |
| ၂၀၁၉-၂၀၂၀ | ၁,၉၀၈,၁၆၄ | ၅၈၁ | ၈၅၆,၅၈၁ | ၂၂၂ | ၂,၇၆၄,၇၄၅ | ၈၀၃ |
| ၂၀၂၀-၂၀၂၁ | ၁,၁၆၁,၅၂၉ | ၄၅၇ | ၈၈၇,၅၀၉ | ၂၈၄ | ၂,၀၄၉,၀၃၈ | ၇၄၁ |
| ၂၀၂၁-၂၀၂၂ | ၁,၃၀၄,၅၀၇ | ၄၆၀ | ၈၂၇,၇၂၆ | ၂၅၆ | ၂,၁၃၂,၂၃၃ | ၇၁၆ |
| ၂၀၂၂-၂၀၂၃ | ၁,၃၂၇,၉၇၆ | ၅၁၉ | ၈၆၉,၅၃၅ | ၃၀၃ | ၂,၁၉၇,၅၁၁ | ၈၂၁ |
| ၂၀၂၃-၂၀၂၄ | ၉၇၆,၄၈၉ | ၅၄၅ | ၇၇၄,၈၉၆ | ၃၂၉ | ၁,၇၅၁,၃၈၅ | ၈၇၄ |

ဇာစ်မြစ်။ Agribusiness Bulletin၊ ၂၀၂၃

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧရိယာနှင့် ရိတ်သိမ်းဧရိယာတို့မှာ ပိုမိုများပြားခြင်း၊ အထွက်နှုန်း သိသိသာသာ ကောင်းမွန်သည့်အတွက် စပါးထွက်ရှိမှု မြင့်မားခြင်း၊ ဆန်လက်ကျန်များပြားခြင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့်ပင် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် (၁.၇) သန်းအထိ တင်ပို့နိုင်ခဲ့ခြင်း စသည်တို့အပြင် ပါကစ္စတန်နိုင်ငံ၏ တင်ပို့မှု လျော့ကျခဲ့ခြင်းကြောင့် အစားထိုးဈေးကွက်အဖြစ် မြန်မာနိုင်ငံမှ ပိုမိုတင်ပို့နိုင်ခဲ့ပြီး ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁.၁၄) ဘီလီယံအထိရရှိအောင် စွမ်းဆောင်ပေး နိုင်ခဲ့ပါသည်။ အဆိုပါနှစ်တွင် မြန်မာနိုင်ငံမှ ဆန်အများဆုံး တင်ပို့ခဲ့သောနိုင်ငံများမှာ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိုင်ဗရီကို့စ်၊ ဂီနီ၊ မက်ဒါဂါစကာ၊ အာဖဂန်နစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၅၈၅) သန်းတန်ဖိုးရှိ ဆန်တန်ချိန် (၁.၇၁) သန်းကို မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့ရပါသည်။

ဇယား (၄၆) နှင့် ဇယား (၄၇) သည် ၂၀၁၄ မှ ၂၀၂၃ ခုနှစ်အတွင်း မြန်မာ့ဆန်နှင့် ဆန်ကွဲအား တင်သွင်းသည့် အာရှနိုင်ငံများမှ ဈေးကွက်ဝယ်လိုအားရာခိုင်နှုန်း (ဆန်နှင့်ဆန်ကွဲအား တင်ပို့မှုအခြေအနေ) ကို ဖော်ပြထားပါသည်။ တရုတ်နိုင်ငံသည် ဆယ်စုနှစ်အတွင်း အဓိကတင်သွင်းသည့် နိုင်ငံအဖြစ် ရပ်တည်လျက် ရှိပါသည်။ မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုအတွက် တရုတ်နိုင်ငံမှ တင်သွင်းသည့် ခွဲတမ်းသည် ၎င်း၏ ကိုယ်ပိုင်ထုတ်လုပ်မှုအပေါ်မူတည်ပြီး နှစ်စဉ် အတက်အကျရှိပါသည်။ တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှု မြင့်မားလာသောအခါတွင် မြန်မာနိုင်ငံမှ တင်သွင်းမှု လျော့နည်းလာပါသည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ အရည်အသွေးပြည့်မီသော ဆန်တင်ပို့သည့် ကုမ္ပဏီအရေအတွက်သည် (၄၃) ခုအထိ တိုးလာခဲ့သဖြင့် တရုတ်နိုင်ငံ၏ ဆန်တင်သွင်းမှုပမာဏ မြင့်တက်လာခဲ့ပါသည်။ ၂၀၁၄ မှ ၂၀၂၃ ခုနှစ်အတွင်း တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တူကီယဲ၊ ဗီယက်နမ်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ မြန်မာ့ဆန် တင်သွင်းမှုကို ဇယား (၄၆) တွင်ဖော်ပြထားပါသည်။ ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၏ ဆန်ကို အဓိကတင်သွင်းသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အာရှနိုင်ငံများသို့ တင်ပို့သည့် ပမာဏ၏ (၉၆) ရာခိုင်နှုန်းဖြင့် အများဆုံး တင်သွင်းခဲ့ပါသည်။

ဇယား (၄၆) ၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်အတွင်း မြန်မာ့ဆန် (HSC:1006) အား တင်သွင်းသည့် အာရှနိုင်ငံများမှ ဈေးကွက်ဝယ်လိုအားရာခိုင်နှုန်း (ဆန်တင်ပို့မှု အခြေအနေ)

| နိုင်ငံ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|---|---|---|
| **အာရှနိုင်ငံစုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| တရုတ် | ၈၇ | ၉၆ | ၇၉ | ၅၄ | ၅၆ | ၄၄ | ၆၄ | ၆၂ | ၅၈ | ၄၅ |
| အင်ဒိုနီးရှား | ၁ | ၁ | ၃ | ၄ | ၄ | ၁၈ | ၃ | ၀ | ၁ | ၁၈ |
| ဖိလစ်ပိုင် | ၀ | ၀ | ၀ | ၁ | ၂၁ | ၂၂ | ၁၄ | ၂၂ | ၂၂ | ၁၇ |
| မလေးရှား | ၁ | ၀ | ၀ | ၀ | ၃ | ၅ | ၁၂ | ၂ | ၁ | ၅ |
| ဘင်္ဂလားဒေ့ရှ် | ၁ | ၀ | ၀ | ၁၉ | ၈ | ၁ | ၀ | ၁၀ | ၁၅ | ၅ |
| တူကီယဲ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ |
| ဗီယက်နမ် | ၁ | ၀ | ၀ | ၀ | ၄ | ၃ | ၂ | ၁ | ၀ | ၂ |
| ထိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၁ | ၁ | ၁ |
| စင်ကာပူ | ၃ | ၁ | ၁၁ | ၄ | ၁ | ၂ | ၁ | ၀ | ၀ | ၀ |

ဇာစ်မြစ်။ UN Comtrade.org

သို့သော်လည်း တင်သွင်းမှုမှာ တစ်နှစ်ထက်တစ်နှစ် အတက်အကျများရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် (၄၅) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံသည် ဆယ်စုနှစ်အတွင်း မြန်မာ့ဆန်ကို နှစ်စဉ်တင်သွင်းနေခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အများဆုံးတင်သွင်းခဲ့ရာ ၂၀၂၃ ခုနှစ်တွင်လည်း မြန်မာ့ဆန်တင်ပို့မှု၏ (၁၈) ရာခိုင်နှုန်းကို တင်သွင်းခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၇ ခုနှစ် နောက်ပိုင်းမှစ၍ တင်သွင်းခဲ့ပြီး စုစုပေါင်း၏ (၁၇) ရာခိုင်နှုန်းကို ၂၀၂၃ ခုနှစ်တွင် တင်သွင်းခဲ့ပါသည်။ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် ၂၀၁၄ ခုနှစ်တွင် အနည်းငယ်တင်သွင်းခဲ့ပြီး နောက်ပိုင်းနှစ်များတွင် တင်သွင်းမှုမရှိသော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ်မှစ၍ ပြန်လည်တင်သွင်းခဲ့ပါသည်။ တူကီယဲနိုင်ငံသည် ဆယ်စုနှစ်အတွင်း (၃) ကြိမ်သာ တင်သွင်းမှုပြုလုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် မြန်မာ့နိုင်ငံမှ စုစုပေါင်း ဆန်တင်ပို့မှု၏ (၅) ရာခိုင်နှုန်းကို တင်သွင်းခဲ့ပါသည်။ သို့သော် စင်ကာပူနိုင်ငံသည် ၂၀၁၄ မှ ၂၀၂၀ ခုနှစ် အထိသာ တင်သွင်းမှု ပြုလုပ်ခဲ့ပြီး ၂၀၂၀ ခုနှစ်နောက်ပိုင်းတွင် မြန်မာ့ဆန်တင်သွင်းမှု မရှိကြောင်း တွေ့ရပါသည်။

၂၀၁၄ မှ ၂၀၂၃ ခုနှစ်အတွင်း တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာ့ဆန်ကွဲတင်သွင်းမှုကို ဇယား (၄၇) တွင် ဖော်ပြထားပါသည်။ ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံမှ ဆန်ကွဲကို အဓိကတင်သွင်းသည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အာရှနိုင်ငံများသို့ တင်ပို့သည့်ပမာဏ၏ (၉၇) ရာခိုင်နှုန်းဖြင့် အများဆုံး တင်သွင်းခဲ့ပါသည်။ သို့သော်လည်း တင်သွင်းမှုမှာ တစ်နှစ်ထက်တစ်နှစ် အတက်အကျများရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် (၇၉) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံသည် ဆယ်စုနှစ်အတွင်း ၂၀၁၅ ခုနှစ်မှလွဲ၍ မြန်မာ့ဆန်ကွဲကို နှစ်စဉ်တင်သွင်းနေခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အများဆုံးတင်သွင်းခဲ့ရာ ၂၀၂၃ ခုနှစ်တွင်လည်း မြန်မာ့ဆန်ကွဲ တင်ပို့မှု၏ (၇) ရာခိုင်နှုန်းကို တင်သွင်းခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၂၀၁၇ ခုနှစ်နောက်ပိုင်းမှစ၍ တင်သွင်းခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ စုစုပေါင်း၏ (၇) ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံမှ (၆) ရာခိုင်နှုန်းကို တင်သွင်းခဲ့ပါသည်။ ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်မှစ၍ မြန်မာ့ဆန်ကွဲကို တင်သွင်းခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုနည်းပါးလာခဲ့ပါသည်။ ထို့အတူ မလေးရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ကုန်သွယ်မှု ပြုလုပ်ခြင်းမရှိဘဲ ၂၀၁၉ မှ ၂၀၂၁ ခုနှစ်အတွင်းသာ မြန်မာ့ဆန်ကွဲကို ပမာဏအနည်းငယ် တင်းသွင်းခဲ့ကြောင်း တွေ့ရပါသည်။ စင်ကာပူနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် မြန်မာ့ဆန်ကွဲ တင်ပို့မှု၏ (၁၂) ရာခိုင်နှုန်းကို တင်သွင်းခဲ့သော်လည်း နှစ်စဉ်တင်သွင်းမှုပမာဏ ကျဆင်းသွားပြီး ၂၀၂၃ ခုနှစ်တွင် တင်သွင်းမှုမရှိကြောင်းကို တွေ့ရပါသည်။

ဇယား (၄၇) ၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်အတွင်း မြန်မာ့ဆန်ကွဲ (HSC: 100640) အား တင်သွင်းသည့် အာရှနိုင်ငံများမှ ဈေးကွက် ဝယ်လိုအားရာခိုင်နှုန်း (ဆန်ကွဲ တင်ပို့မှု အခြေအနေ)

| နိုင်ငံ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|---|---|---|
| **အာရှနိုင်ငံစုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| တရုတ် | ၈၃ | ၉၇ | ၈၃ | ၃၇ | ၃၇ | ၆ | ၇၇ | ၈၃ | ၉၂ | ၇၉ |
| အင်ဒိုနီးရှား | ၂ | ၀ | ၃ | ၂၅ | ၃၈ | ၇၅ | ၁၁ | ၁ | ၁ | ၇ |
| ဖိလစ်ပိုင် | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၁ | ၅ | ၂ | ၇ |
| ဗီယက်နမ် | ၀ | ၀ | ၀ | ၂ | ၁၄ | ၃ | ၁ | ၀ | ၀ | ၆ |
| ထိုင်း | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၆ | ၃ | ၄ | ၁ |
| စင်ကာပူ | ၇ | ၂ | ၁၂ | ၉ | ၈ | ၂ | ၁ | ၁ | ၁ | ၀ |
| မလေးရှား | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၁ | ၀ | ၀ |

ဇာစ်မြစ်။ UN Comtrade.org

## ၆.၃။ ဈေးကွက်ဆိုင်ရာ ကွင်းဆက် (ထုတ်လုပ်သူ-ပြည်တွင်းဈေး-ပို့ကုန်)

စပါးတန်ဖိုးကွင်းဆက်သည် စပါးထုတ်လုပ်မှုအတွက် မျိုးစေ့များ၊ လယ်ယာသုံး ဓာတုဗေဒပစ္စည်းများ၊ စက်ယန္တရားများ၊ ချေးငွေနှင့် တိုးချဲ့ဝန်ဆောင်မှုများ စသည့် သွင်းအားစုများကို တောင်သူလယ်သမားများအား ထောက်ပံ့ပေးခြင်းမှ စတင်ခြင်း ဖြစ်ပါသည်။ စပါးစိုက်ပျိုးရာတွင် မြေပြင်ဆင်ခြင်း၊ မျိုးစေ့ကြဲခြင်း၊ ပျိုးပင်များ ပျိုးထောင်ခြင်း၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်း၊ အိမ်စားသုံးမှုအတွက် ပိုလျှံသော ဆန်စပါးများကို ရောင်းချခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ စပါးစုဆောင်းသူများသည် ဆန်စက်များ၏ ငွေကြေးပံ့ပိုးမှုဖြင့် လယ်သမားများထံမှ စပါးများကို ဝယ်ယူကြပါသည်။

ဆန်စက်ပိုင်ရှင်များမှ ထိုစပါးများကို တစ်ဆင့်ဝယ်ယူပြီး ကြိတ်ခွဲကာ သယ်ယူပို့ဆောင်ခြင်း၊ စီမံဆောင်ရွက်ခြင်း၊ အဆင့်သတ်မှတ်ခြင်းနှင့် ထုပ်ပိုးခြင်း စသည့် တန်ဖိုးမြင့်စေသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ကြပါသည်။ ဆန်ကြိတ်ခွဲသူများသည် အဓိကအားဖြင့် ဆန်ကိုသိုလှောင်ပြီး လက်ကားရောင်းချ

သူများထံသို့ ဖြန့်ဝေကြသည်။ ထိုလက်ကားရောင်းချသူများမှတစ်ဆင့် ပြည်တွင်းစားသုံးသူများ သို့မဟုတ် ပြည်ပနိုင်ငံများမှ စားသုံးသူများထံ ပို့ဆောင်ပေးသော ဆန်တင်ပို့သူများသို့ တင်ပို့နိုင်ရန်အတွက် လက်လီရောင်းချသူများထံသို့ အရောက်ပို့ပေးပါသည် (Wong and Wai၊ ၂၀၁၃)။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ဆန်စပါးတန်ဖိုးကွင်းဆက်ကို သေချာလေ့လာသုံးသပ်ခဲ့ရာ တန်ဖိုးကွင်းဆက်တစ်ခုစီ၏ နယ်ပယ်တစ်ခုစီတွင် တက်ကြွစွာပါဝင်သည့် နိုင်ငံတွင်းနှင့် နိုင်ငံတကာကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။ စပါးထုတ်လုပ်ခြင်း၊ စုဆောင်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင် တစ်ဦးချင်း လုပ်ငန်းရှင်များသာမက လက်ကားရောင်းချသူများနှင့် တင်ပို့ရောင်းချသူများ ပါဝင်ကြပါသည်။ မြန်မာ့ဆန်စပါး တန်ဖိုးကွင်းဆက်သည် ပြီးပြည့်စုံမှုမရှိဘဲ အားနည်းချက်များကြောင့် ထုတ်လုပ်မှုနှင့် သက်ဆိုင်သူအားလုံးအတွက် အရောင်းအဝယ်ကုန်ကျစရိတ်များ မြင့်မားနေပါသည်။ သွင်းအားစုကဏ္ဍတွင် အရည်အသွေးမီ မျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့မှုသည် ဖြေရှင်းရန်လိုအပ်သော အဓိက ပိတ်ဆို့မှုတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ထုတ်လုပ်မှုကဏ္ဍတွင် ထိရောက်မှုမရှိသော ဆန်စက်များပေါများပြီး ၎င်းဆန်စက်များ ကောင်းမွန်စွာ လည်ပတ်ရန်အတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိကြပေ။ တန်ဖိုးကွင်းဆက်ကဏ္ဍတွင် အရေးကြီးသော ပို့ဆောင်ဆက်သွယ်ရေးသည် ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းများ အခြေအနေဆိုးရွားမှုကြောင့် ကုန်ကျစရိတ်များ မြင့်တက်နေပါသည်။ မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်များတွင် ပိုမိုချိတ်ဆက်လာသည်နှင့်အမျှ တန်ဖိုးကွင်းဆက်ကဏ္ဍကို တိုးမြှင့်ရန် အားနည်းချက်များမှ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ လယ်ယာအဆင့်တွင် ထုတ်လုပ်မှု အားကောင်းရန်နှင့် ကုန်ထုတ်စွမ်းအား မြှင့်တင်ရန် ဆောင်ရွက်ချက်များအပြင် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အားပေးရန် ပုဂ္ဂလိကကဏ္ဍသည် တန်ဖိုးကွင်းဆက်တစ်လျှောက် ရင်းနှီးမြှုပ်နှံမှုနှင့် ခေတ်မီအောင် တွန်းအားပေးရန် အများပိုင်ကဏ္ဍနှင့် အနီးကပ်ပူးပေါင်းကာ ဦးဆောင်နေပါသည်။

ရိတ်သိမ်းချိန်လွန်စီမံခန့်ခွဲမှုနှင့် အဆင့်မြှင့်တင်ခြင်းနည်းပညာများ (ကြိတ်ခွဲခြင်း၊ အခြောက်ခံခြင်းနှင့် သိုလှောင်ခြင်း) သည် မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု အရည်အသွေးကို မြှင့်တင်နိုင်မည်ဖြစ်သည် (World Bank၊ ၂၀၁၄)။ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် သိုလှောင်ခြင်းစသည့် လုပ်ငန်းများ လွယ်ကူချောမွေ့စေရန်အတွက် ခေတ်မီပြီး ထိရောက်သော စက်ရုံများနှင့် စက်ကိရိယာများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) များအတွက် ချေးငွေများထောက်ပံ့ရန် လိုအပ်ပါသည်။ ထို့အပြင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းစဉ်များအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို ပံ့ပိုးပေးနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း လိုအပ်နေပါသည်။

မြန်မာနိုင်ငံရှိ ဆန်တန်ဖိုးကွင်းဆက်သည် လုပ်ဆောင်ချက် တစ်ခုနှင့်တစ်ခု ကောင်းမွန်စွာ ပေါင်းစပ်နိုင်ခြင်း မရှိသည့်အတွက် ၎င်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်သင့်သည်ဟု ဆိုထားပါသည်။ မတူညီသော အခန်းကဏ္ဍများတွင် မတူညီသော ဆောင်ရွက်သူများစွာရှိနေပြီး လယ်သမားတစ်ဦးချင်းမှသည် အကြီးစားလက်ကားရောင်းချသူများနှင့် တင်ပို့ရောင်းချသူများအထိ အဆင့်များစွာရှိပါသည်။ တန်ဖိုးကွင်းဆက် အဆင့်များတွင် အားနည်းချက်များစွာ ရှိနေသောကြောင့် ၎င်းကွင်းဆက်အတွင်း ပါဝင်ဆောင်ရွက်သူများအတွက်

ကုန်ကျစရိတ်များသာ မြင့်တက်လျက်ရှိပါသည် (World Bank ၂၀၁၄၊ Raitzer et al., ၂၀၁၅; and MOAIL ၂၀၁၅)။ မြန်မာနိုင်ငံရှိ တောင်သူများသည် အထွက်နှုန်းနည်းစေသည့် အကြောင်းအရင်းများဖြစ်သော အရည်အသွေးနိမ့် မျိုးစေ့များကို စိုက်ပျိုးခြင်း၊ ရေစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ ဓာတုဓာတ်မြေဩဇာ အရည်အသွေး ညံ့ဖျင်းခြင်း၊ မသင့်လျော်သော ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို အသုံးပြုခြင်း စသည်တို့ကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။

ထို့အပြင် ၎င်းတို့သည် ၎င်းတို့၏ လုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ချေးငွေမရရှိမှု၊ ရာသီအလိုက် လုပ်သားရှားပါးမှုတို့နှင့် ရင်ဆိုင်နေရသည်။ ဆန်ကြိတ်ခွဲခြင်းအတွက် အခြေခံအဆောက်အဦဖြစ်သည့် ကြိတ်ခွဲစက်များနှင့် ဓာတ်အားပေးဝေမှုသည် ခေတ်မမီတော့ခြင်း၊ ငွေကုန်ကြေးကျများပြီး ယုံကြည်စိတ်ချရမှု မရှိသည့်အတွက် တင်ပို့ရန် စံချိန်စံညွှန်း မပြည့်မီသော ဆန်အရည်အသွေးညံ့ဖျင်းခြင်းကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ဆန်စပါး ထုတ်လုပ်မှုလုပ်ငန်းတွင် လိုအပ်သော အခြေခံအဆောက်အဦများ (ဥပမာ- ဘက်စုံသုံး ရေကာတာများ၊ ဆည်မြောင်းနှင့် ရေနုတ်မြောင်းများ၊ လယ်ယာလမ်းများ)၊ စိုက်ပျိုးရေးဆိုင်ရာ ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများ (ဥပမာ- သုတေသနများ၊ စိုက်ပျိုးရေးပညာပေးနှင့် ချေးငွေများ) စသည်တို့နှင့် စပ်လျဉ်း၍ အစိုးရမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သော်လည်း လုံလောက်မှုမရှိသေးပေ။ ရလဒ်အနေဖြင့် ထောက်ပံ့မှုကွင်းဆက်ရှိ ပါဝင်ဆောင်ရွက်သူ အားလုံးသည် ထုတ်လုပ်ခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ဖြန့်ဖြူးရောင်းချရေးဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အရင်းအနှီးမရှိခြင်းတို့ကို ကြုံတွေ့ရပါသည် (World Bank ၂၀၁၄၊ Raitzer et al., ၂၀၁၅)။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့သည် စပါးကို အဓိက စိုက်ပျိုးသော တိုင်းဒေသကြီးများဖြစ်ကြပြီး ကျန်ဒေသများတွင်လည်း စိုက်ပျိုးကြပါသည်။ ၎င်းဒေသများတွင် ဆန်လုံးရှည်မျိုး၊ ဆန်လုံးတိုမျိုးနှင့် ကောက်ညှင်းဆန်ကဲ့သို့သော အမျိုးအစား အမျိုးမျိုးတို့ကို လယ်နှင့်တောင်ယာတို့တွင် စိုက်ပျိုးကြောင်း တွေ့ရှိရပါသည် (World Bank, ၂၀၂၂)။ တောင်သူလယ်သမားများသည် ခေတ်မမီသော စိုက်ပျိုးနည်းစနစ်များကို အသုံးပြုခြင်း၊ အရည်အသွေးမြင့် မျိုးစေ့များ မရရှိနိုင်ခြင်း၊ ဆည်မြောင်းများ လုံလောက်မှုမရှိခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကို ခံနိုင်ရည်မရှိခြင်း စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ဤအချက်များသည် ဆန်ထုတ်လုပ်နိုင်စွမ်းနှင့် ဝင်ငွေရရှိမှုအပေါ် များစွာ သက်ရောက်နေပါသည် (IFPRI၊ ၂၀၂၃)။

ဆန်ကြိတ်ခွဲခြင်းကို အသေးစား၊ အလတ်စားနှင့် အကြီးစားဆန်စက်များ၌ ဆောင်ရွက်ပြီး ၎င်းကြိတ်ခွဲသည့် လုပ်ငန်းစဉ်သည် ဆန်၏ အရည်အသွေးနှင့် ဈေးကွက်တန်ဖိုးအပေါ်တွင် သက်ရောက်မှု ရှိပါသည် (MRF၊ ၂၀၂၃)။ သို့ရာတွင် ခေတ်မမီသော စက်ကိရိယာများကို အသုံးပြု၍ ကြိတ်ခွဲခြင်းကြောင့် ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်သော ဆန်ကွဲပမာဏ ပိုမိုများပြားလာခဲ့ပါသည် (World Bank၊ ၂၀၂၂)။ ထို့ကြောင့် အာဟာရပိုမိုပြည့်ဝစေရန်နှင့် ဈေးကွက်တန်ဖိုး မြင့်တင်စေရန်ရည်ရွယ်၍ ပေါင်းဆန်နှင့် အားဖြည့်ဆန်ကဲ့သို့သော တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်လာကြပါသည် (IFPRI၊ ၂၀၂၃)။

မြန်မာလူမျိုးတို့သည် ထမင်းကို အဓိကအစားအစာအဖြစ် စားသုံးကြသောကြောင့် ဆန်ထုတ်လုပ်မှု၏ အများစုကို ပြည်တွင်းစားသုံးမှုအတွက် ထုတ်လုပ်ကြပါသည်။ ထိုသို့ထုတ်လုပ်ပြီးနောက် လက်လီ၊

လက်ကားရောင်းချသူများနှင့် ပွဲစားများမှတစ်ဆင့် ဒေသအသီးသီးသို့ မတူညီသော ဈေးကွက်လမ်းကြောင်းများဖြင့် ဖြန့်ဖြူးတင်ပို့လျက် ရှိပါသည်။ ရောင်းချရာ၌ ရာသီအလိုက် ထုတ်လုပ်မှုအပေါ်မူတည်၍ ဈေးနှုန်းအတက်အကျများ ရှိနိုင်ပါသည် (FAO၊ ၂၀၂၁)။ စပါးစိုက်ပျိုးသော လုပ်ကွက်ငယ်တောင်သူများသည် မကြိတ်ခွဲရသေးသော စပါးများကို ကုန်သည်များနှင့် ကျေးရွာများထံသို့ တိုက်ရိုက် ရောင်းချလေ့ရှိပါသည် (World Bank၊ ၂၀၂၂)။ အချို့ဒေသများရှိ စပါးစိုက်ဧရိယာ များပြားစွာ စိုက်ပျိုးသော တောင်သူများသည် စပါးများကို ကုန်သည်ပွဲစားများထံ မရောင်းချဘဲ ဆန်စက်များသို့ တိုက်ရိုက်ရောင်းချကြပါသည် (FAO၊ ၂၀၂၁)။ ကျေးရွာကုန်သည်များသည် များသောအားဖြင့် တောင်သူလယ်သမားများနှင့် ရင်းနှီးသော ဆက်ဆံရေးရှိကြပြီး ကုန်သည်ကြီးများနှင့် ဆန်စက်များထံသို့ ရောင်းချရန် ကျေးရွာတွင်းရှိ စပါးများကို စုဆောင်းပေးကြပါသည် (IFPRI၊ ၂၀၂၃)။

ထို့နောက် မြို့ပေါ်ရှိ ကုန်သည်များသည် ကျေးရွာအသီးသီးမှ တင်ပို့လာသော စပါးများကို စုဆောင်းပြီး အနီးနားရှိ မြို့များမှ လက်ကားရောင်းချသူနှင့် ဆန်စက်များသို့ တင်ပို့ရောင်းချပါသည် (MRF၊ ၂၀၂၃)။ အသေးစားဆန်စက်များသည် ပြည်တွင်း လက်လီရောင်းချသူများနှင့် ပိုမိုကျယ်ပြန့်စွာ ဖြန့်ဖြူးရောင်းချပေးနိုင်သော ကုန်သည်ကြီးများထံသို့ တိုက်ရိုက်ရောင်းချလေ့ရှိပါသည် (World Bank၊ ၂၀၂၂)။ အလတ်စားနှင့် အကြီးစားဆန်စက်များသည် ပိုမိုအဆင့်မြင့်စွာ ဆောင်ရွက်နိုင်စွမ်းရှိပြီး အရည်အသွေးမြင့် ဆန်များကို ထုတ်လုပ်နိုင်ကာ လက်လီလက်ကားရောင်းချသူများနှင့် မြို့ပေါ်ရှိ ဈေးကွက်များသို့ တိုက်ရိုက်ရောင်းချပါသည်။ အချို့သော ထုတ်လုပ်သူများသည် ပေါင်းဆန်များ၊ အားဖြည့်ဆန်များအဖြစ် တန်ဖိုးမြှင့် ထုတ်လုပ်ပြီးမှ ရောင်းချလေ့ရှိပါသည် (FAO၊ ၂၀၂၁)။ မြန်မာနိုင်ငံသည် အဓိကအားဖြင့် တရုတ်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများ အပါအဝင် အဓိကဈေးကွက်များသို့ ဆန်တင်ပို့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

သို့သော် တင်ပို့မှုပမာဏသည် အစိုးရမူဝါဒများ၊ ကုန်သွယ်မှုအတားအဆီးများနှင့် အခြား ဆန်ထုတ်လုပ်သော နိုင်ငံများ၏ ယှဉ်ပြိုင်မှုများ စသည့်အချက်များကြောင့် အပြောင်းအလဲရှိနိုင်ပါသည် (MRF၊ ၂၀၂၃)။ တင်ပို့ရသော နိုင်ငံများထဲမှ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ဆန်တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ပြီး မြန်မာ့ဆန်ဈေးကွက်အတွက် အရေးပါသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာ့ဆန်ကို တရားဝင် ကုန်သွယ်ရေးလမ်းကြောင်းမှလည်းကောင်း၊ မူဆယ်နယ်စပ်ဂိတ်ကို ဖြတ်ရသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည် (FAO၊ ၂၀၂၁)။ အခြားအရေးပါသော ဆန်တင်ပို့မှုဈေးကွက်မှာ ဥရောပနိုင်ငံများဖြစ်ပြီး ၎င်းနိုင်ငံများမှ အရည်အသွေးမြင့် ဆန်များကိုသာ တင်သွင်းလေ့ရှိပါသည်။ သို့ရာတွင် သတ်မှတ်ထားသော အရည်အသွေးနှင့် သန့်ရှင်းမှုစံနှုန်းများကို ပြည့်မီစေရန်နှင့် အခြားအရည်အသွေးမြင့်ဆန်များကို တင်ပို့နိုင်သည့် နိုင်ငံများ၏ ယှဉ်ပြိုင်မှုများကြောင့် နိုင်ငံတကာဈေးကွက်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည် (IFPRI၊ ၂၀၂၃)။

သို့သော်လည်း အနောက်အာဖရိကနိုင်ငံများသည် အရည်အသွေးနိမ့်သော ဆန်များကို အဓိကဝယ်ယူကြသောကြောင့် ၎င်းနိုင်ငံများသို့ ဆန်ကွဲများနှင့် အရည်အသွေးနိမ့် ဆန်များကို တင်ပို့ပါသည် (World Bank၊ ၂၀၂၂)။ ထို့အပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့လည်း ဆန်တင်ပို့ပါသည်။ ၎င်းပို့ကုန်များကို ဒေသတွင်းကုန်သွယ်မှု သဘောတူညီချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည် (MRF၊ ၂၀၂၃)။ ဆန်တင်ပို့ရာတွင်

တရုတ်နိုင်ငံနှင့် အာဖရိကနိုင်ငံများ ကြိုက်နှစ်သက်သော ဆန်ဖြူများကို အများဆုံးတင်ပို့ပြီး အာဟာရဓာတ်မြင့်မားသော ပေါင်းဆန်များကို အနောက်အာဖရိကနိုင်ငံများသို့ တင်ပို့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ကောက်ညှင်းဆန် ပမာဏအနည်းငယ်ကို အထူးဟင်းလျာများအတွက် အသုံးပြုရသည့် အာရှဈေးကွက်များသို့ တင်ပို့လျက်ရှိပါသည် (FAO၊ ၂၀၂၁)။ မြန်မာ့ဆန်တင်ပို့သူများသည် နိုင်ငံတကာမှ သတ်မှတ်သော အရည်အသွေး၊ စံချိန်စံညွှန်းများနှင့် မပြည့်မီခြင်း၊ တင်သွင်းသည့်နိုင်ငံများမှ ချမှတ်ထားသော ကုန်သွယ်မှုကန့်သတ်ချက်များ စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည် (World Bank၊ ၂၀၂၂)။

## ၆.၄။ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ (SWOC analysis)

ကုန်သွယ်မှုတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ယခင်နှင့် နှိုင်းယှဉ်ပါက လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုခက်ခဲမှုရှိလာပြီး လုပ်သားများ ရှာဖွေရာတွင်လည်း အပြိုင်အဆိုင် များပြားသည့်အတွက် လုပ်အားခကြီးမြင့်မှုများ ကြုံတွေ့ရပါသည်။ ပြည်ပတင်ပို့သော ကုမ္ပဏီများအတွက် အချိန်မီ လုပ်သားအင်အား ရရှိရေးသည် အရေးပါသည့်အတွက် လုပ်အားခများ တိုးပေးကာ လိုအပ်သည့် လုပ်သားများရရှိအောင် ဆောင်ရွက်ရပါသည်။ ယခင်က နယ်စပ်မှတစ်ဆင့် ကုန်တင်ပို့မှုကို အဓိက အားထားရသော်လည်း ယခုအခါ နယ်စပ်လမ်းကြောင်းများ သွားလာရန် အခက်အခဲရှိမှုကြောင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်တင်ပို့ရပါသည်။ ထိုသို့ကုန်တင်ပို့ရာတွင် ဆိပ်ကမ်းများ တစ်ခါတစ်ရံ ပိတ်ထားခြင်း၊ ကွန်တိန်နာများ လုံလုံလောက်လောက်မရရှိခြင်း၊ စောင့်ဆိုင်းချိန် ကြာမြင့်ခြင်း၊ ရာသီဥတုအခြေအနေကြောင့် စိုထိုင်းဆများတက်ခြင်းနှင့် ကုန်တင်ချိန် ကြာမြင့်ခြင်း၊ ဝန်ချီစက် (Forklift) များနှင့် အခြားငှားရမ်းစရိတ်များ မြင့်တက်ခြင်း၊ ဆိပ်ကမ်းအဆောက်အဦးများ မပြည့်စုံခြင်း၊ အခြောက်ခံစက်များ လုံလောက်စွာမရှိခြင်း စသည်တို့ကြောင့် ယခင်နှင့်နှိုင်းယှဉ်ပါက ကုန်ကျစရိတ်များ ပိုမိုမြင့်တက်ပြီး အခက်အခဲများ ဖြစ်ပေါ်စေပါသည်။ မိုးရာသီ ရှိနေသည့်အချိန်တွင် စိုထိုင်းဆမြင့်မားလာခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခြင်းသည် တင်ပို့သူ ကုန်သည်များအတွက် ဆုံးရှုံးမှုအနည်းငယ် သက်သာသော်လည်း တစ်ဖက်နိုင်ငံသို့ တင်ပို့ပြီးမှ ပျက်စီးသွားပါက လျော်ကြေးငွေမြောက်များစွာ ပေးရသည့်အတွက် ဆုံးရှုံးမှုတန်ဖိုးသည် အနိမ့်ဆုံး (၁၀) ဆဝန်းကျင်အထိ မြင့်တက်သွားနိုင်ပါသည်။ ထို့ကြောင့် ပြည်ပတင်ပို့သည့် ကုမ္ပဏီအများစုသည် (၃-၂) ရာခိုင်နှုန်းခန့် ဆုံးရှုံးမှုဒဏ်ကို ခံနိုင်ရည်ရှိစေရေးန် ကြိုတင်ပြင်ဆင်ထားရပါသည်။

ယခင်က တရုတ်နိုင်ငံသည် ဆန်နှင့် ဆန်ကွဲ၏ စံသတ်မှတ်ချက်များကို အသေးစိတ် တောင်းဆိုမှုများ မရှိခဲ့သော်လည်း ယခုနှစ် ခေါက်ဆွဲပြုလုပ်ရန်အတွက် တင်ပို့လိုက်သော ပုံမှန်ဆန်ကွဲများကို ပျော့သည်ဟု မှတ်ချက်ပြုကာ လျော်ကြေးငွေများ ပြန်လည်တောင်းခံမှု အများအပြား ဖြစ်ပေါ်နေပါသည်။ မြန်မာကုန်သည်များဘက်မှလည်း ဆန်ကွဲ၏ အပျော့အမာအချိုးကို အပျော့ (၇၀) ရာခိုင်နှုန်း၊ အကြမ်း (၃၀) ရာခိုင်နှုန်းသာ အာမခံ၍ တင်ပို့ပေးနိုင်သည့်အတွက် လတ်တလောတွင် တရုတ်နိုင်ငံဘက်မှ ဝယ်ယူလိုမှု သိသိသာသာ ကျဆင်းခဲ့ပါသည်။ တင်ပို့လိုက်သည့် ကုန်ပစ္စည်းများအတွက် တရုတ်ဘက်မှ ငွေမချေပေးသည့်အပြင် လျော်ကြေးငွေပါ ထပ်မံပေးချေရသည့် အနေအထားမျိုးတွင် ဗဟိုဘဏ်၏ လုပ်ထုံးလုပ်နည်းများအရ ပို့ကုန်ရငွေ ပြန်လည်အပ်နှံနိုင်ခြင်း မရှိသည့်အတွက် အမည်ပျက်စာရင်း၌ ထည့်သွင်းခံရနိုင်ပါသည်။ ရာသီဥတုကြောင့် ကုန်ပစ္စည်း၏ အရည်အသွေး ထိခိုက်နိုင်ခြင်းမှလွဲ၍ ကြီးကြီးမားမား အခက်အခဲမရှိသည့်အပြင် တင်ပို့သူများအတွက်လည်း ဘဏ်များမှ ငွေကြေးပိုင်းဆိုင်ရာ ထောက်ပံ့မှုများပေးသည့်အတွက် အဆင်ပြေ

လျက် ရှိပါသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံပြုလုပ်ရန်အတွက် အနည်းငယ် ခက်ခဲမှုရှိနေပြီး ယခင်ထက် ကုန်ကျစရိတ် (၃) ဆခန့် မြင့်တက်သွားသည့်အတွက် ပြန်ရမှုနှုန်း (Rate of Return) ကို သေချာစွာတွက်ချက်၍ ရင်းနှီးမြှုပ်နှံရန် သင့်/မသင့်ကို ဆုံးဖြတ်ရပါသည်။

မြန်မာနိုင်ငံတွင် ဆန်သည် GACC နှင့် အစောဆုံး လက်မှတ်ရေးထိုးနိုင်ခဲ့သည့် သီးနှံတစ်ခုဖြစ်သဖြင့် GACC တွင် မှတ်ပုံတင်ခြင်းသည် တရုတ်နိုင်ငံသို့ ကုန်တင်ပို့ရန်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် ဥပဒေဆိုင်ရာ လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ၎င်း၏ နိုင်ငံရေးဆိုင်ရာ မူဝါဒအရ ဆန်တင်သွင်းရန် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကို ရည်ရွယ်ထားခြင်းမဟုတ်ဘဲ အခြားနိုင်ငံများကိုပါ ရည်ရွယ်ထားခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် GACC နှင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းသည် ဈေးကွက်အခွင့်အလမ်းရရှိခြင်းပင် ဖြစ်ပါသည်။ ယခင် GACC နှင့် စာချုပ်မချုပ်ဆိုမီက မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲများသည် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စီးဆင်းနေပြီး တရုတ်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုပြီးနောက်တွင် ပင်လယ်ရေကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ခဲ့ပါသည်။ သို့သော် တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်မှ စတင်၍ နယ်စပ်ဂိတ်များကို တင်းကြပ်လိုက်ခြင်း၊ မြန်မာနိုင်ငံဘက်မှ တရားဝင် လိုင်စင်ထုတ်ပေးနေသော်လည်း တရုတ်နိုင်ငံဘက်တွင်မူ တရားမဝင်သာဖြစ်နေခြင်း၊ နယ်မြေအခြေအနေများကြောင့် သွားလာရန်ခက်ခဲခြင်း စသည့် အဟန့်အတားများကြောင့် GACC နှင့် စာချုပ်ချုပ်ဆိုထားသော်လည်း နယ်စပ်ကုန်သွယ်ရေးတွင် ဈေးကွက်ဝင်ရောက်နိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။[၄]

ဆန်၊ ဆန်ကွဲ တင်ပို့ရောင်းချသူများသည် ပို့ကုန်ကြိုတင်ငွေစနစ် (Advance Telegraphic Transfer-TT စနစ်) ကို အများဆုံး ကျင့်သုံးကြပြီး အချို့မှာ Cash Against Scanned Document-CAD စနစ်နှင့် Letter of Credit-LC စနစ်တို့ကို ကျင့်သုံးကြပါသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အာဆီယံ နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှား၊ ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများဖြစ်သည့် ဘယ်လ်ဂျီယံ၊ ဘူဂေးရီးယား၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ အက်စတိုးနီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အီတလီ၊ လက်ဗီးယား၊ လစ်သရေးနီးယား၊ နယ်သာလန်၊ ပိုလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယားနှင့် စပိန်၊ အာဖရိကနိုင်ငံများဖြစ်သည့် အန်ဂိုလာ၊ ဘီနင်၊ ဘာကီးနားဖာဆို၊ ကင်မရွန်း၊ ဂါနာ၊ ကွန်ဂို၊ ကင်ညာ၊ မိုဇင်ဘစ်၊ နစ်ဂါ၊ မာလီနှင့် ဂီနီ စသည့်နိုင်ငံများအပြင် အခြားနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျော်ဂျီယာ၊ မွန်တီနီဂရိုး၊ ဩစတြေးလျ၊ ယူကေ၊ ချီလီ၊ ဒိန်းမတ်၊ အိုင်ဗရီကို့စ်၊ နယူးဇီလန်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ခဲ့ကြပြီး ၎င်းနိုင်ငံတို့ကို ပင်လယ်ရေကြောင်းမှတစ်ဆင့်သာ အဓိက တင်ပို့ခဲ့ကြပါသည်။

အဆိုပါ (၅) နှစ်အတွင်း တင်ပို့ရောင်းချမှု လုပ်ငန်းစဉ်များသည် တဖြည်းဖြည်း ပိုမိုခက်ခဲလာပြီး တစ်နှစ်ထက်တစ်နှစ် ကုန်ကျစရိတ် ပိုမိုမြင့်တက်မှုကို ကြုံတွေ့နေကြရပါသည်။ ကုန်ကြမ်းများ ဈေးနှုန်းကြီးမြင့်လာခြင်း၊ သယ်ယူပို့ဆောင်မှုအပိုင်းတွင်လည်း ကုန်ကျစရိတ်များ မြင့်မားလာခြင်း၊ လျှော်ကြေးကိစ္စများကြောင့် အမှားအယွင်းများ မရှိစေရန် ပြန်လည်သန့်စင်ရသည့်အတွက် ကုန်ကျစရိတ် ပိုမိုမြင့်တက်လာခြင်း၊ ဝယ်လိုအားနှင့် ဈေးနှုန်းများကျဆင်းလာခြင်း စသည်တို့ကြောင့် တင်ပို့ရောင်းချရာတွင် ခက်ခဲမှုများ ဖြစ်ပေါ်လာပါသည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကုန်ပစ္စည်းတင်ပို့ရာတွင် ဂိုထောင်အတွင်း၌

[၄] Focus Group Discussion (Traders) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

ဝယ်ယူသိုလှောင်ထားသော ကုန်ပစ္စည်းရှိမရှိ စစ်ဆေးပြီးမှသာ လိုင်စင်ထုတ်ပေးသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် လာရောက်စစ်ဆေးရန် သတ်မှတ်ချိန်ထက် နောက်ကျစစ်ဆေးသည့်အတွက် ကုန်ပစ္စည်း တင်ပို့ရာတွင် ပိုမိုကြန့်ကြာသွားပြီး ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပါသည်။

ပြည်ပသို့ ဆန်၊ ဆန်ကွဲ တင်ပို့ရောင်းချနေကြသော ကုန်သည်များသည် GACC-SPS Protocol နှင့် ပတ်သက်၍ နားလည်သိရှိကြပြီး တရုတ်နိုင်ငံ GACC နှင့် လက်မှတ်ရေးထိုးထားသည့်အတွက် ကုန်စည် တင်ပို့ရောင်းချရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ရောင်းချနေကြရပါသည်။ ထို့ကြောင့် စျေးကွက်အခွင့်အလမ်းရှိသော်လည်း တရုတ်ဝယ်လက်နှင့် ကုန်စည်အရည်အသွေး ပြဿနာဖြစ်မှု များပြား ခြင်းကြောင့် လတ်တလောတွင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှု နည်းပါးပါသည်။ အချို့ တင်ပို့မည့်သူ များလည်း ရှိနေပြီး ယခင်စာချုပ် မချုပ်မီက တရုတ်နိုင်ငံဘက်သို့ တင်ပို့လိုပါက နယ်စပ်မှတစ်ဆင့်သော် လည်းကောင်း၊ အခြားနိုင်ငံများကို တစ်ဆင့်ခံ၍သော်လည်းကောင်း ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် တင်ပို့ရောင်းချကြရသော်လည်း ယခုအခါ ပင်လယ်ရေကြောင်းမှတစ်ဆင့် တရားဝင်တင်ပို့နိုင်သည့်အတွက် ထူးခြားသောပြောင်းလဲမှု ဖြစ်ပေါ်စေပါသည်။ တရုတ်နိုင်ငံသို့ ကုန်သွယ်မှု ပြုလုပ်ရာတွင် GACC မှတ်ပုံတင် ခြင်းအား မဖြစ်မနေ ဆောင်ရွက်ရမည့်အချက်ကို ကုန်သည်များအားလုံး နားလည်သိရှိထားပြီး ဖြစ်သည့် အပြင် မှတ်ပုံတင်ခြင်း ပြုလုပ်ရာတွင် အဆင်ပြေ ချောမွေ့စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်း များ ဖွင့်လှစ်ပေးခြင်း၊ အညွှန်းများထားပေးခြင်းတို့ကြောင့် အွန်လိုင်းမှတစ်ဆင့် အလွယ်တကူ ဆောင်ရွက် နိုင်ကြပါသည်။

သို့ရာတွင် ဌာနမှတောင်းခံသည့် အချက်အလက်များကို မှားယွင်းစွာ ထည့်သွင်းမိခြင်းကြောင့်သော် လည်းကောင်း၊ အင်တာနက်လိုင်း အခက်အခဲကြောင့်သော်လည်းကောင်း ပြန်လည်တင်သွင်းရသည့် အခြေ အနေမျိုးတွင် အစကနဦးမှ ပြန်လည်ဝင်ရောက်ရခြင်း၊ တရုတ်ဘာသာဖြင့်သာ ရေးသားထားသည့်အတွက် ဘာသာစကား အခက်အခဲများရှိခြင်း စသည့် အဆင်မပြေမှု အနည်းငယ်ဖြစ်ပေါ်စေပါသည်။ ထို့အပြင် အချို့ သော မှားယွင်းတင်သွင်းမှုများနှင့် လိုအပ်ချက်များအား ဌာနဆိုင်ရာဘက်မှ ပြန်လည်ဖြေကြားပေးသော် လည်း အများနှင့်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် အချိန်နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရန် သိလိုသည်များ အလွယ်တကူ မေးမြန်းနိုင်သည့် ကောလ်စင်တာ (Call Center) တစ်ခုထားပေးပါက ပိုမို အဆင်ပြေနိုင်ကြောင်း သိရှိရပါသည်။

ဆန်နှင့် ဆန်ကွဲတင်ပို့ရောင်းချရာတွင် တွေ့ကြုံရသော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း နှင့် စိန်ခေါ်မှုများရှိသည့်အနက် အားသာချက်များအနေဖြင့် အကျိုးတူလယ်ယာစနစ်ကို ကျင့်သုံးနိုင်သဖြင့် ကုန်ကြမ်းများ လုံလောက်စွာ ရရှိနိုင်ခြင်း၊ စားရေရိက္ခာ ဖူလုံရေးဆိုင်ရာများကြောင့် ဝယ်လိုအားရှိခြင်း၊ GACC နှင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ခြင်း၊ ပြည်ပစျေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ ဓာတ်ခွဲခန်း စစ်ဆေးချက် များကို အင်ဒိုနီးရှားနိုင်ငံမှ အသိအမှတ်ပြု လက်ခံလိုက်ခြင်းတို့ ရှိပါသည်။ သို့သော်လည်း အဆင့်မြင့် ဆန် စက်များ၊ စက်ရုံများ ထူထောင်ရန်အတွက် လုံလောက်သော မြေနေရာအကျယ်အဝန်း မရှိခြင်း၊ လုပ်သား လိုအပ်ချက်ရှိခြင်း၊ ကုန်ကျစရိတ်မြင့်မားလာခြင်း၊ ကားတင်သွင်းခွင့် ပိတ်ထားသည့်အတွက် ကုန်တင်ပို့ရာ တွင် လိုအပ်သည့် ကားအရေအတွက်များအား ငှားရမ်းရရှိနိုင်ရန် ခက်ခဲခြင်း၊ စာရွက်စာတမ်းများ ပြုလုပ်ရာ တွင် အချိန်ကြန့်ကြာခြင်း၊ ပို့ကုန်ရငွေအချိုးများရှိခြင်း စသည့် အားနည်းချက် အခက်အခဲများ ရှိနေပါသည်။

Agribusiness bulletin (၂၀၂၃) ပါ အချက်အလက်အများအရ မြန်မာနိုင်ငံ၏ ဆန်စပါး ကုန်သွယ်မှုကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အားသာချက်များ

- MSMEs လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးတွင် နိုင်ငံတော် အစိုးရ၏ အားပေးမှု မြင့်မားခြင်းကြောင့် ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆန်ကိုအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် လုပ်ငန်းများအပေါ် ကူညီထောက်ပံ့မှု ရရှိနိုင်ခြင်း၊
- နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များရှိခြင်း၊
- တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု အားကောင်းခြင်း၊
- မြန်မာ့ဆန်သည် ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်ခု အခိုင်အမာ ရရှိပြီးဖြစ်ခြင်း။

( ခ ) အားနည်းချက်များ

- စွမ်းအင် လုံလောက်စွာ မရရှိခြင်း၊
- အသေးစား၊ အငယ်စား၊ အလတ်စား ဆန်စက်များ အဆင့်မြှင့်တင်ရန်နှင့် နိုင်ငံတကာ အဆင့်မီ Integrated Rice Complex များ တည်ထောင်နိုင်ရန် လိုအပ်ခြင်း၊
- Warehouse Receipt Financing System ကျင့်သုံးနိုင်မှု မရှိခြင်း၊
- ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် အဓိကလိုအပ်ချက်ဖြစ်သော သယ်ယူပို့ဆောင်ရေး ကဏ္ဍများ (logistics) တွင် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေခြင်းနှင့် အဟာန့်အတားများ လျော့ကျစေရန် စီမံနိုင်မှုအားနည်းခြင်း၊
- နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဆိပ်ကမ်းများကို အဆင့်မြှင့်တင်ရန် လိုအပ်ခြင်း၊
- အရည်အသွေး ခွဲခြမ်းစိတ်ဖြာနိုင်သော နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်း အရေအတွက်နှင့် ဝန်ဆောင်မှု ပေးနိုင်စွမ်း နည်းပါးခြင်း၊
- ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနနှင့် ဆန်စပါး ကွင်းဆက်တစ်လျှောက် လေ့လာ ဆန်းစစ်မှုများ ဆောင်ရွက်နိုင်မှု အားနည်းခြင်း။

( ဂ ) အခွင့်အလမ်းများ

- အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ G to G MOU များဖြင့် တင်ပို့လာနိုင်ခြင်း၊
- ဝယ်လက်အသစ်များနှင့် ညှိနှိုင်းလာနိုင်ခြင်း၊

- ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆန်စပါးတန်ဖိုးကွင်းဆက်တစ်လျှောက် လုပ်ငန်းများအပေါ် ပိုမိုရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု မြင့်တက်လာခြင်း၊
- အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း။

(ဃ) စိန်ခေါ်မှုများ

- ကုန်တင်ပို့ရန် ဆက်သွယ်ရေးလမ်းကြောင်းနှင့် ခရီးလမ်းများ ခက်ခဲခြင်း၊
- စွမ်းအင်အခက်အခဲကြောင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊
- နယ်စပ်ကုန်သွယ်ရေး အားပျော့လာသဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုကို ပိုမို အားပြုရခြင်း၊
- ဈေးနှုန်းမတည်ငြိမ်မှုများခြင်းကြောင့် ဆုံးရှုံးမှုများရှိခြင်း၊
- ဝယ်လက်များ၏ မမျှော်မှန်းထားသည့် တုံ့ပြန်ချက်များကြောင့် ငွေကြေးဆုံးရှုံးမှုများ ရှိခြင်း။[၅]

Agribusiness bulletin (၂၀၂၃) ပါ အချက်အလက်အများအရ အခွင့်အလမ်းများအနေဖြင့် ပြည်တွင်းပြည်ပဈေးကွက် ချဲ့ထွင်လာနိုင်ခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးပွားလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဖိတ်ခေါ်လာနိုင်ခြင်းနှင့် နည်းပညာအသုံးချနိုင်စွမ်း ပိုမိုမြင့်မားလာနိုင်ခြင်းစသည်တို့ ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ စိန်ခေါ်မှုများအနေဖြင့်မူ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားမဖြစ်စေရန် မူဝါဒများ ထိန်းညှိချမှတ်နိုင်မှု အားနည်းခြင်း၊ ကမ္ဘာ့ဆန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာခြင်း၊ ကုန်သွယ်ရေးဆိပ်ကမ်းများ၏ အခြေခံ အဆောက်အဦနှင့် အခြေခံလိုအပ်ချက်များ (infrastructure and facilities) အားနည်းခြင်းကြောင့် ကုန်ကျစရိတ် ပိုမိုကုန်ကျစေခြင်းတို့ ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

[၅] Focus Group Discussion (Traders) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

## ၇။ သုံးသပ်တင်ပြချက်များ

စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အထွက်နှုန်းမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိသည်။ မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးနိုင်မှု၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသောမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်မှု၊ တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ရန်အတွက် ရေလုံလောက်စွာ ပံ့ပိုးပေးနိုင်မှု၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖွံ့ဖြိုးတိုးတက်၍ တောင်သူများ နားလည်သဘောပေါက် ကျင့်သုံးနိုင်မှုများ လိုအပ်ပါသည်။ လယ်ယာသွင်းအားစုပစ္စည်းများ ဈေးနှုန်းကြီးမြင့်လာခြင်း၊ လယ်ယာလုပ်သား ရှားပါးခြင်း၊ လယ်ယာလုပ်သားဈေးနှုန်း ကြီးမြင့်လာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းများ ကြုံတွေ့ရလျက် ရှိသည်။ ပြုပြင်ကြိတ်ခွဲမှုများအနေဖြင့် အရည်အသွေးမြင့်မားသည့် ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် အလတ်စား ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ နိုင်ငံတကာအဆင့်မီ ဘက်စုံသုံး ဆန်စပါးအဆောက်အဦများ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် အဓိကလိုအပ်ချက်ဖြစ်သော သယ်ယူပို့ဆောင်ရေးကဏ္ဍများ (logistics) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အရည်အသွေးထိန်းသိမ်းရေး အခြေခံများဖြစ်သည့် သိုလှောင်ရုံများ၊ အခြောက်ခံစက်များ (facilities) လိုအပ်လျက်ရှိပါသည်။ ကြိတ်ခွဲမှုအပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာ လိုအပ်ချက်များရှိသည်။ စက်ရုံအလုပ်ရုံများ လျှပ်စစ်ဓါတ်အား အလုံအလောက်ရရှိရန် လိုအပ်လျက်ရှိပါသည်။

ပြည်တွင်းစားသုံးမှုအနေဖြင့် ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိက စားရေရိက္ခာဖြစ်၍ အဓိကကျသော သီးနှံတစ်ခု ဖြစ်ပါသည်။ လက်ရှိထုတ်လုပ်မှုများအရ ပြည်တွင်းစားသုံးမှု လုံလောက်၍ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အခြေအနေတစ်ရပ် ဖြစ်ပါသည်။ ပြည်ပတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများ တင်ပို့ရာတွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်းတို့ဖြင့် နှိုင်းယှဉ်ပါက နည်းပါးလျက် ရှိပါသည်။ အရည်အသွေးပြည့်ဝသည့် ဆန်နှင့်ဆန်ကွဲများ တင်ပို့ရောင်းချနိုင်၍ ဈေးကွက်ရရှိရေး ဆန်စပါးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ သယ်ယူပို့ဆောင်ခများ မျှတရေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်ရေး၊ ဘဏ်စနစ်နှင့် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများ ခေတ်မီရေး ဆောင်ရွက်ရန်လိုသည်။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ ယှဉ်ပြိုင်နိုင်မှုများအနေဖြင့် ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်များ (RCA, RSCA) အရ မြန်မာဆန်နှင့် ဆန်ကွဲသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ခြင်းရှိပါသည်။ သို့သော် အာရှနိုင်ငံအများထဲတွင် မြန်မာနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ အတက်အကျများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် ဈေးနှုန်းတည်ငြိမ်ရေး၊ အခြားနိုင်ငံများနည်းတူ ဈေးနှုန်း၊ ဈေးကောင်းရရှိရေး လိုအပ်လျက် ရှိပါသည်။

ပို့ကုန်ကုန်သွယ်မှု အလားအလာအနေဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲကို အဓိက ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံနှင့် GACC-SPS Protocol လက်မှတ် ရေးထိုးထားခြင်းသည် မြန်မာနိုင်ငံအတွက် ပို့ကုန်အလားအလာကောင်း များစွာရှိနေပါသည်။ ထို့ပြင် အခြားကုန်သွယ်ဖက် အလားအလာအကောင်းဆုံး နိုင်ငံများမှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဗီယက်နမ်တို့ ဖြစ်ပါသည်။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်၊ လုပ်ငန်းများ အဆင်ပြေမြန်ဆန် ချောမွေ့ရန်အတွက် ဒီဂျစ်တယ်စနစ်များ ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

ဆန်စပါးတင်ပို့သည့် ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်စပါးတင်ပို့ရာတွင် GACC မှ သတ်မှတ်ထားသည့် မှတ်ပုံတင်စနစ်မှတဆင့် လျှောက်ထားမှုအဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတအားနည်းမှုများ၊ တရုတ်နိုင်ငံ၏ သတ်မှတ်အထောက်အထား ပြည့်စုံမှုမရှိခြင်းများ ရှိနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ သဘောတူစာချုပ်ချုပ်ဆိုပြီးသည့် ကုန်ပစ္စည်းများ တင်ပို့ရာတွင် အချို့ကုမ္ပဏီများအနေဖြင့် GACC မှ မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီး တင်ပို့သည့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် အတုအပ အသုံးပြုခြင်း၊ ထုတ်ပိုးမှုပစ္စည်း သတ်မှတ်စံညွှန်းများနှင့် ကိုက်ညီမှုမရှိခြင်း စသည့် အငြင်းပွားဖွယ်ကိစ္စများ ရှိဆဲဖြစ်ပါသည်။ ကုန်စည်မြန်ဆန်ချောမွေ့စေရေး နယ်စပ်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရထားလမ်း၊ ကားလမ်းစသည့် ကုန်စည်သယ်ယူပို့ဆောင်မှု တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ တင်ပို့ကုန်များ၏ သတ်မှတ်အရည်အသွေးများ ပြည့်မီစေရေး ဆက်လက်တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် စားသုံးသူဈေးကွက် ကြီးမားသည့်နိုင်ငံ ဖြစ်ခြင်းကြောင့် နိုင်ငံတကာမှ ဈေးကွက်ဝင်ရောက်ခွင့်ရရှိရေး အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် လည်းကောင်း၊ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းတွင် လည်းကောင်း အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်မှုများ ပေါ်ပေါက်လျက်ရှိပါသည်။

ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ၊ ထုတ်ကုန်ဒီဇိုင်းများတွင်လည်း နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှု၊ တီထွင်ကြံဆမှုများ တိုးမြှင့်လုပ်ကိုင်ရန် လိုအပ်လျက် ရှိပါသည်။ လမ်းပန်းဆက်သွယ်မှု ကုန်ကျစရိတ်နှင့် သယ်ယူပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်မှုတို့တွင် လက်ရှိတွင် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားနည်းလျက်ရှိ နေဆဲဖြစ်ပါသည်။ တရုတ်နိုင်ငံအပြင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ တိုးတက်ရန်အတွက် အဓိက ကုန်သွယ်ဖက်နိုင်ငံများ ဥပမာ- အာဆီယံနိုင်ငံများ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားစသည့်နိုင်ငံများနှင့် သဘောတူစာချုပ်များ ချုပ်ဆို၍ ကုန်သွယ်မှုဆောင်ရွက်ပါကလည်း အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ပါသည်။[၆]

အနာဂါတ်တွင် ကုန်သွယ်မှုကဏ္ဍနှင့် ကုန်ပစ္စည်း တင်ပို့မှုလုပ်ငန်းဆောင်တာများအတွက် ပို၍ကောင်းမွန်တိုးတက်လာစေရန်

- လက်ရှိချုပ်ဆိုထားသည့် သဘောတူစာချုပ်ပါ ကုန်စည်များသည်လည်း အချိန်မရွေး တင်သွင်းနိုင်သည့် ကုန်စည်များဖြစ်ခြင်းကြောင့် ပြည်တွင်းဖူလုံမှုရရှိပါက ပြည်ပသို့တင်ပို့ရန် တိုးချဲ့စိုက်ပျိုး၍ တင်ပို့သင့်ပါသည်။
- နှစ်နိုင်ငံကုန်သွယ်မှုပြုရာတွင် အပြန်အလှန်ယုံကြည်မှု ရရှိစေရေးအတွက် တင်ပို့သည့် ကုန်စည်များသည် သဘောတူစာချုပ်ပါ အရည်အသွေး သတ်မှတ်ချက်များ၊ ပြုပြင်ထုတ်ပိုးမှုပုံစံများဖြစ်စေရေး ကုမ္ပဏီများသို့ အသိပညာပေးခြင်းကို အလေးထား ဆောင်ရွက်သင့်ပါသည်။
- GACC တွင် မှတ်ပုံတင်လျှောက်ထား တင်ပို့နိုင်သည့် ကုန်စည်များနှင့်စပ်လျဉ်း၍လည်း နိုင်ငံတကာနှင့်ယှဉ်ပြိုင်၍ ဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်အရည်အသွေး ပြည့်မီရေး

[၆] Key Informat Interview (စီးပွားရေးသံမှူးများ) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

စိုက်ပျိုးသည်မှ ကုန်ချောထွက်ရှိသည်အထိ ထုတ်လုပ်မှုလုပ်ငန်းစဉ် တစ်လျှောက်နှင့် သက်ဆိုင်သည့် သင်တန်းများနှင့် ထုတ်ပိုးမှု အပြင်အဆင်ဒီဇိုင်း တီထွင်ဖန်တီးမှုပိုင်းဆိုင်ရာ သင်တန်းများ ပို့ချခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များဖြစ်စေရေး အသိပညာပေးခြင်းနှင့် စစ်ဆေးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ ဖိတ်ခေါ်ခြင်း စသည်တို့ကို အလေးထား ဆောင်ရွက်သင့်ပါသည်။

- ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရထားလမ်း၊ ကားလမ်းများ ဖောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း စသည်တို့ ဆောင်ရွက်သင့်ပါသည်။ စိုက်ပျိုးနိုင်သည့် မြေယာများ ဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်သင့်ပါသည်။

ထို့ပြင် နှစ်နိုင်ငံ အပြန်အလှန် ကုန်စည်ပြပွဲများကျင်းပခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆိုရာ၌ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အချိန်ကြာမြင့်မှုများကို လျှော့ချနိုင်ရေး အတွက် ဖြေလျှော့ပေးနိုင်မည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ရွက်သင့်ပါသည်။[၇]

[၇] Key Informat Interview (စီးပွားရေးသံမှူးများ) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

## ၈။ မူဝါဒထောက်ခံချက်များ

**(အခြေခံအဆောက်အဦ၊ ဌာဆိုင်ရာအဖွဲ့အစည်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နည်းပညာနှင့် ငွေကြေး ရင်းနှီးမြှုပ်နှံမှု၊ မူဝါဒဖော်ဆောင်မှုနှင့် မဟာဗျူဟာနည်းလမ်းများ)**

မြန်မာ့ဆန်စပါး၏ ပို့ကုန်အလားအလာနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားကို မြှင့်တင်နိုင်ရန် အတွက် ကျင့်သုံးသင့်သည့် မူဝါဒထောက်ခံချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### (က) အခြေခံအဆောက်အဦ

အရည်အသွေးမြင့်မားသည့် ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် အလတ်စား ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ နိုင်ငံတကာအဆင့်မီ ဘက်စုံသုံး ဆန်စပါး အဆောက်အဦများ တည်ထောင်နိုင်ရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းစီမံဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ကုန်သွယ်မှု လျှင်မြန် ချောမွေ့စေရန် အဓိကလိုအပ်ချက်ဖြစ်သော သယ်ယူပို့ဆောင်ရေးကဏ္ဍများ (logistics) ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ၊ အရည်အသွေး ထိန်းသိမ်းရေး အခြေခံများသည့် သိုလှောင်ရုံများ၊ အခြောက်ခံစက်များ (facilities) လုံလောက်မှုရှိစေရန် ပံ့ပိုးလုပ်ဆောင်သင့်ပါသည်။

### ( ခ ) ဌာနဆိုင်ရာ အဖွဲ့အစည်းများ

အနာဂတ်တွင် ကုန်သွယ်မှုကဏ္ဍနှင့် ကုန်ပစ္စည်းများ တင်ပို့မှုလုပ်ငန်းဆောင်တာများအတွက် ပို၍ ကောင်းမွန်တိုးတက်လာစေရန် သတင်းအချက်အလက်ရရှိနိုင်မှု ပိုမိုလွယ်ကူစွာ ရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ဌာနဆိုင်ရာ ခွင့်ပြုချက်များ ရယူသည့် လုပ်ငန်းစဉ်များ၏ ကြာချိန်လျှော့ချပေးခြင်း၊ ဒီဂျစ်တယ်နည်းပညာ ကို ပိုမိုအသုံးပြုခြင်းဖြင့် ဝန်ဆောင်မှုကုန်ကျစရိတ်များ နည်းနိုင်သမျှ နည်းနိုင်စေခြင်း၊ E-government စနစ် ကို အောင်မြင်စွာ အကောင်အထည်ဖော်ပေးခြင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင် ပေးခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။ ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနနှင့် ဆန်စပါးကွင်းဆက် တစ်လျှောက် လေ့လာဆန်းစစ်မှုများ ပိုမိုဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

### ( ဂ ) စွမ်းဆောင်ရည် မြှင့်တင်ခြင်း

မြန်မာနိုင်ငံရှိ ဆန်တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် ပါဝင်နေသည့် လယ်သမား တစ်ဦးချင်းမှ သည် အကြီးစားလက်ကားရောင်းချသူများနှင့် တင်ပို့ရောင်းချသူများအထိ အဆင့်များစွာ ရှိပါသည်။ မတူညီ သော အခန်းကဏ္ဍများတွင် မတူညီသော ဆောင်ရွက်သူများစွာသည် ချိတ်ဆက်မှုအားကောင်း၍ လုပ်ဆောင် ချက်တစ်ခုနှင့်တစ်ခု ကောင်းမွန်စွာ ပေါင်းစပ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ကို မြှင့်တင်ရန် လိုအပ်လျက် ရှိပါသည်။

## (ဃ) နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု

အရည်အသွေးကောင်း ဆန်စပါးမျိုးများ စိုက်ပျိုးနိုင်၍ အထွက်နှုန်းပိုမိုမြင့်မား ရရှိနိုင်စေရန်၊ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသည့် ဆန်နှင့်ဆန်ကွဲများ ဆန်ကြိတ်ခွဲထုတ်လုပ်မှု၊ ဆန်အခြေခံသည့် တန်ဖိုးမြင့် စားသောက်ကုန်များ ထုတ်လုပ်မှုများအတွက် လိုအပ်သော နည်းပညာ၊ ချေးငွေအစီအစဉ်ဖြင့် ငွေကြေးပံ့ပိုးမှုများ စီမံဆောင်ရွက်ပေးရမည်ဖြစ်သည်။ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် သိုလှောင်ခြင်း စသည့် လုပ်ငန်းများ လွယ်ကူချောမွေ့စေရန်အတွက် ခေတ်မီပြီး ထိရောက်သော စက်ရုံများနှင့် စက်ကိရိယာများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) များအတွက် ချေးငွေများထောက်ပံ့ရန် လိုအပ်ပါသည်။ ထို့အပြင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းစဉ်များအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို ပံပိုးပေးနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း လိုအပ်နေပါသည်။ ကုန်သွယ်မှုကောင်းမွန်ရန်အတွက် မြန်မာ့ဆန်တင်ပို့သူများသည် နိုင်ငံတကာမှ သတ်မှတ်သော အရည်အသွေး၊ စံချိန်စံညွှန်းများနှင့် ပြည့်မီသည့် ဆန်နှင့်ဆန်ကွဲများ တင်ပို့ရောင်းချနိုင်ရေး၊ GACC လက်မှတ်ရေးထိုးထားသည့် တရုတ်နိုင်ငံဈေးကွက်ကို အပြည့်အဝ တင်ပို့ရောင်းချနိုင်ရန်တွက် တရုတ်နိုင်ငံမှ တောင်းဆိုလာသည့် ဆန်နှင့်ဆန်ကွဲ၏ စံသတ်မှတ်ချက်များကို ပြည့်မီဖြည့်ဆည်းနိုင်ရန်အတွက် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပံ့ပိုးမှုများ လိုအပ်လျက် ရှိပါသည်။

## ( င ) မူဝါဒဖော်ဆောင်မှုနှင့် မဟာဗျူဟာ နည်းလမ်းများ

မြန်မာနိုင်ငံသည် အဓိကအားဖြင့် တရုတ်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများ အပါအဝင် အဓိကဈေးကွက်များသို့ ဆန်တင်ပို့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ တရုတ်နိုင်ငံ၊ GACC နှင့် စာချုပ်ချုပ်ဆိုထားသော်လည်း နယ်စပ်ကုန်သွယ်ရေးတွင် ဈေးကွက်ဝင်ရောက်နိုင်မှု နည်းပါးနေဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဈေးကွက်ရရှိ၍ ကုန်သွယ်မှု မြှင့်တင်နိုင်ရန်အတွက် ပံ့ပိုးအားပေးသည့် အစိုးရမူဝါဒများ၊ နည်းလမ်းများ ချမှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ပြည်တွင်းပြည်ပဈေးကွက် ချဲ့ထွင်လာနိုင်ခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးပွားလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်လာနိုင်ခြင်းနှင့် နည်းပညာအသုံးချနိုင်စွမ်းတို့ကို အထောက်အကူပြု အားပေးနိုင်သည့် မူဝါဒများနှင့် ရေတို၊ ရေလတ်၊ ရေရှည် မဟာဗျူဟာနည်းလမ်းများ စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်ရမည် ဖြစ်ပါသည်။

## ( စ ) မဟာဗျူဟာနည်းလမ်းများ

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါ မဟာဗျူဟာနည်းလမ်းများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်-

(၁) ဈေးနှုန်းနှင့် ပြည်ပတင်ပို့မှုဆိုင်ရာ သတင်းအချက်အလက်များအပြင် ဆန်စပါးမူဝါဒနှင့် စိုက်ပျိုးရေးအသုံးစရိတ် အစီအစဉ်များ၏ အဓိကကနဲ့သတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပိုမိုကောင်းမွန်စွာ ဖြန့်ဝေပေးခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ယုံကြည်မှုကို တည်ဆောက်ရန်၊

(၂) လက်ရှိ ကျင့်သုံးနေသော ပို့ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှု (အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေး) ဆိုင်ရာ ငွေကြေးမူဝါဒများကို နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဆန်၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ပြန်လည်သုံးသပ်ရန်၊

(၃) အရည်အသွေးထိန်းချုပ်မှု၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီမှုနှင့် မျိုးစေ့များပွားများခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ပြည်ပဝယ်လက်များ ကြိုက်နှစ်သက်သည့် ဇီဝလက္ခဏာများပါရှိသည့် စပါးမျိုးများ ပေါ်ထွက်လာရန်အတွက် အလားအလာရှိသော စပါးမျိုးများကို သုတေသနပြု ဆောင်ရွက်ရန်၊

(၄) ကန်ထရိုက် လယ်ယာစနစ်ဖြင့် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် မျိုးစေ့၊ မြေဩဇာ၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများအား တောင်သူများ အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ပညာပေးရေးလုပ်ငန်းများ အားကောင်းလာအောင် ဆောင်ရွက်ပေးရန်၊

(၅) ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့တွင် ဆိပ်ကမ်းလုပ်ငန်းသုံးပစ္စည်းများကို ခေတ်မီအောင် ဆောင်ရွက်ရန်နှင့် ရေမစိုအောင် အကာအကွယ်ပေးနိုင်သည့် ဆိပ်ကမ်းပလပ်ဖောင်း အဆောက်အဦများ တည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံပေးရန်၊

(၆) ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် ထုတ်လုပ်မှု၊ လည်ပတ်မှုနှင့် ရောင်းချမှုနှင့် ဖြန့်ဖြူးမှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ငွေကြေးအရင်းအနှီး မလုံလောက်ခြင်းနှင့် ရင်ဆိုင်နေရသဖြင့် အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် သိုလှောင်ခြင်း ကဲ့သို့သော ရိတ်သိမ်းချိန်လွန် လုပ်ငန်းများကို အဆင်ပြေလွယ်ကူချောမွေ့စေရန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) များအတွက် ချေးငွေများ ထောက်ပံ့ပေးရန်။

# ၉။ ကိုးကားချက်များ


ASEAN statistical yearbook (2022), ASEAN secretariat. https://asean.org/book/asean-statistical-yearbook-2022/

Agribiz, (2024). လယ်ယာစီးပွားသတင်း၊ ရန်ကုန်ဈေးကွက်။ https://agribiznews.com.mm/my/article/1390

Agribusiness Bulletin. (2023). Maize. Agribusiness and Trade Division, Department of Planning, Ministry of Agriculture, Livestock and Irrigation, The Republic of the Union of Myanmar.

Asian Disaster Preparedness Center (ADPC), (2022, April). Rice Map and Area Estimates of Rice Cultivation in Burma in the Monsoon Season of 2021.

Aye Moe San and Yee Mon Aung, (2024, March). Impact of Mechanization Development on Gender Disaggregated Labor Utilizations of Rice Farming in Nay Pyi Taw, Myanmar. Yezin Agricultural University.

Central Statistical Organization (CSO). 2022. Statistical Yearbook 2022. Ministry of National Planning and Economic Development. Nay Pyi Taw, Myanmar.

Chan Myae Lwin. 2012. Profitability and labor use efficiency of different rice varieties with different crop establishment methods in Maubin and Daik U Townships. M.Agr.Sc Thesis, Yezin Agricultural University, Myanmar

Department of Agriculture (DOA). 2022. Annual Report. Ministry of Agriculture, Livestock and Irrigation. Nay Pyi Taw. Myanmar

Department of Agriculture (DOA). 2023. Annual Report of Department of Agriculture, Nay Pyi Taw Council. Ministry of Agriculture, Livestock and Irrigation. Nay Pyi Taw. Myanmar

Department of Consumer Affairs (DOCA), (2023). တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ဆန်နှင့် ဆန်ကွဲတင်ပို့ရန် မှတ်ပုံတင်ခွင့်ရရှိရေး နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (Technical Working Group) ညှိနှိုင်းအစည်းအဝေး https://doca.gov.mm/en/node/12416

Department of Planning (DOP). 2015. Myanmar Agricultural in Brief. Ministry of Agriculture, Livestock and Irrigation, Nay Pyi Taw. Myanmar

Department of Planning (DOP). 2021. Myanmar Agricultural in Brief. Ministry of Agriculture, Livestock and Irrigation, Nay Pyi Taw. Myanmar

Department of Planning (DOP). 2023. Myanmar Agricultural in Brief. Ministry of Agriculture, Livestock and Irrigation, Nay Pyi Taw. Myanmar

Department of Planning (DOP). 2023. Agriculture At a Glance. Ministry of Agriculture, Livestock and Irrigation, Nay Pyi Taw. Myanmar

Food and Agriculture Organization (FAO), 2021. Myanmar Rice Sector Policy Study. Retrieved from https://www.fao.org/publications/en

Food and Agriculture Organization (FAO), 2023. စပါးသီးနှံ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Retrieved from https://www.fao.org/publications/en

International Food Policy Research Institute (IFPRI), (2024). Rice Productivity in Myanmar. Assessment of the 2021 Monsoon and Outlook for 2022. Strategy Support Program, Working Paper, 19.

International Food Policy Research Institute (IFPRI), (2024). Rice Productivity and Profitability in Myanmar. Assessment of the 2023 Monsoon. Strategy Support Program, Working Paper, 56.

International Food Policy Research Institute (IFPRI), 2023. Rice Value Chain in Myanmar: Challenges and Opportunities. Retrieved from https://www.ifpri.org

https://www.moi.gov.mm/article/53933

Khaing Khaing Htwe. 2019. Export, Market Potential and Suitable Rice Varieties in Myanmar. Department of Agricultural Research. Ministry of Agriculture, Livestock and Irrigation. Nay Pyi Taw. Myanmar

Ministry of Agriculture and Irrigation (MOALI). 2022. Recommendation for adaptable rice varieties in State & Region. Unpublished document. Nay Pyi Taw. Myanmar

Ministry of Commerce (MOC), (2020). တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများ တင်ပို့မည့် ကုမ္ပဏီ ၄၃ ခုကို တရုတ်နိုင်ငံဘက်မှ အရည်အသွေးကြီးကြပ် စစ်ဆေးရေးဆိုင်ရာအချက်များ လက်ခံအသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေညာ https://www.commerce.gov.mm/

Ministry of Information, (2024). မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဌမမြောက်အားမာန် https://www. moi.gov.mm/article

Myanmar Agricultural Statistics. 2023. 2013-2014 to 2021-2022. Central Statistical Organization. Ministry of Planning and Finance, Nay Pyi Taw, Myanmar

Myanmar Rice Federation (MRF), 2023. Annual Report on Rice Production and Trade. Retrieved from https://www.myanmarricefederation.org/

Myanmar Rice Federation (MRF). 2014. Rice Sector Export Strategy. Draft Report. Yangon, Myanmar

Myanmar Rice Federation (MRF). 2023. Rice related documents. Unpublished documents. Yangon. Myanmar

Raitzer, D., Wong, L. C., and Samson, J. N. 2015. Myanmar's agriculture sector: unlocking the potential for inclusive growth. *Asian Development Bank Economics Working Paper Series*, 470.

Theingi Myint, (2018). "Myanmar's Rice Industry and Policies toward Value Addition and Export". FFTC Agricultural Policy Platform, https://ap.fftc.org.tw/article/1310

Theingi Myint, Nang Ei Mon The, Ei Mon Thidar Kyaw, Yee Mon Aung and Myint Myat Moe. 2016. Study on Per Capita Rice Consumption and Ratio of Household Expenditure in Myanmar (final report). (unpublished manuscript). Department of Agricultural Economics, Yezin Agricultural University, Nay Pyi Daw, Myanmar

Nyi Nyi Aung (Ministry of Commerce), (2024). မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပကုန်သွယ်မှုနှင့် လွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်များ၏ အရေးပါမှု။

United Sates Agency of International Development (USAID), (2024). Rice Area and Production Estimates for the 2023 Summer Season.

United States Departmentt of Agriculture (USDA), (2024). Grain and feed annual: Burma (Union of Burma), Report Number BM2024-005.

Win T.M and Saskki S. 2020. Rice Value Chain Analysis. Climate Smart Rice Project. MyanSEED Agribusiness Consultancy. Yangon. Myanmar

Wong, L. and Wai, Eh. M. A. 2013. Rapid Value Chain Assessment: Structure and Dynamics of the Value Chain in Myanmar. Strategic agricultural sector and food security diagnostic for Myanmar. Background paper No.6. Michigan State University and Myanmar Research and Development Institute: 1-46.

World Bank, 2022. Myanmar Agricultural Performance and Rice Market Development Report. Washington, DC: World Bank. Retrieved from https://documents.worldbank.org//en/publication/documents-reports/documentdetail

World Bank. 2014. Myanmar: Capitalizing on Rice Export Opportunities. Economic and Sector Work Report Number: 85804. Washington, D.C.: World Bank.

Xinhua, (2024, November). မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆဋ္ဌမအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများစတင်ခြင်း။ https://xinhuamyanmar.com//news/sino-myanmar/nm-23112305/

## ၁၀။ နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က) မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံခဲ့သော စာရင်းများ

| စဉ် | အကြောင်းအရာ | နမူနာ အရေအတွက် (ဦးရေ) |
|---|---|---|
| ၁။ | ဆွေးနွေးခဲ့သော အရာရှိကြီးများစာရင်း (KII နည်းလမ်း) | ၁၀ |
| ၂။ | သက်ဆိုင်ရာ အသင်းအဖွဲ့များ၏ တာဝန်ရှိသူများစာရင်း (FGD နည်းလမ်း) (၃ ဖွဲ့) | ၉ |
| ၃။ | နိုင်ငံအလိုက် စီးပွားရေးသံမှူးများစာရင်း | ၁၅ |
| ၄။ | ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချသူစာရင်း (KII နည်းလမ်း) | ၅ |
| **စုစုပေါင်း** | | **၃၉** |

Mekong-Lancang Cooperation

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများ လေ့လာခြင်း သုတေသနအတွက် Key Informant Interview (KII-Government Official) ဆောင်ရွက်ခဲ့သည့် အရာရှိကြီးများစာရင်း

| စဉ် | ရက်စွဲ | အချိန် | နေရာ | တွေ့ဆုံသည့် ပုဂ္ဂိုလ် | မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ |
|---|---|---|---|---|---|
| ၁။ | ၅.၈.၂၀၂၄ | နေ့လယ် (၁၂:၃၀) နာရီ | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး) ၏ ရုံးခန်း | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်သီတာချောလှိုင် ဒေါ်ထက်မာလာအေး |
| ၂။ | ၆.၈.၂၀၂၄ | ညနေ (၆:၀၀) နာရီ | ဒုတိယဝန်ကြီး (မွေးမြူရေး) ၏ ရုံးခန်း | ဒုတိယဝန်ကြီး (မွေးမြူရေး) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်သီတာချောလှိုင် ဒေါ်ထက်မာလာအေး |
| ၃။ | ၅.၈.၂၀၂၄ | နေ့လယ် (၃:၀၀) နာရီ | ညွှန်ကြားရေးမှူးချုပ် (မွေးကုဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး ဒေါ်ရွှေယမင်းအိမ် |
| ၄။ | ၂၁.၈.၂၀၂၄ | မနက် (၁၀:၀၀) နာရီ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၏ အစည်းအဝေးခန်းမ | ညွှန်ကြားရေးမှူးချုပ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၅။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၁:၄၅) နာရီ | ဒုတိယ-ညွှန်ကြားရေးမှူးချုပ် (စီမံကိန်းဦးစီးဌာန) ၏ ရုံးခန်း | ဒုတိယ-ညွှန်ကြားရေးမှူးချုပ် စီမံကိန်းဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၆။ | ၇.၈.၂၀၂၄ | ညနေ (၅:၀၀) နာရီ | ညွှန်ကြားရေးမှူး (ငါးလုပ်ငန်းဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး ငါးလုပ်ငန်းဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါက်တာအေးမိုးစံ |
| ၇။ | ၈.၈.၂၀၂၄ | နေ့လယ် (၃:၃၀) နာရီ | ညွှန်ကြားရေးမှူး (စားသုံးသူရေးရာဦးစီးဌာန) ၏ရုံးခန်း | ညွှန်ကြားရေးမှူး စားသုံးသူရေးရာဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |

Mekong-Lancang Cooperation

| စဉ် | ရက်စွဲ | အချိန် | နေရာ | တွေ့ဆုံသည့် ပုဂ္ဂိုလ် | မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ |
|---|---|---|---|---|---|
| ၈။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၁၂:၃၀) နာရီ | ညွှန်ကြားရေးမှူး (လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊ DOP) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၉။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၃:၀၀) နာရီ | ညွှန်ကြားရေးမှူး (အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၁၀။ | ၂၁.၈.၂၀၂၄ | မနက် (၁၁:၀၀) နာရီ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ (Focus Group Discussion) | ညွှန်ကြားရေးမှူးနှင့်အဖွဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |

ဆန်စပါးဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် အုပ်စုလိုက် တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း

<table>
<tr><th>စဉ်</th><th>တွေ့ဆုံသည့်ပုဂ္ဂိုလ်</th><th>အသင်းအမည်</th><th>တွေ့ဆုံသည့်ရက်စွဲ</th><th>မေးမြန်းသည့် သုတေသနအဖွဲ့ဝင်များ</th></tr>
<tr><td>၁။</td><td>ကုန်သည်လုပ်ငန်းရှင် (၇) ဦး</td><td>မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်</td><td>၂၆.၇.၂၀၂၄</td><td>ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်သီသီစိုး<br>ဒေါ်ထက်မာလာအေး<br>ဒေါ်ဆုမြတ်ခင်<br>ဒေါ်ရွှေယမင်းအိမ်</td></tr>
<tr><td>၂။</td><td>ကုန်သည်လုပ်ငန်းရှင် (၁) ဦး</td><td>မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ (မန္တလေးတိုင်း)</td><td rowspan="2">၂၃.၈.၂၀၂၄</td><td rowspan="2">ဦးစိုးဝင်းမောင်<br>ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်ငြိမ်းငြိမ်းဖြိုး<br>ဒေါ်ထက်မာလာအေး</td></tr>
<tr><td>၃။</td><td>ကုန်သည်လုပ်ငန်းရှင် (၁) ဦး</td><td>မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (မန္တလေးတိုင်း)</td></tr>
</table>

ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ KII နည်းလမ်းဖြင့် ဆွေးနွေးမေးမြန်းခြင်းတွင် ပါဝင်သည့်လုပ်ငန်းရှင်များ

| စဉ် | တွေ့ဆုံသည့်ပုဂ္ဂိုလ် | တွေ့ဆုံသည့် အသင်းအမည် | တွေ့ဆုံသည့် ရက်စွဲ | မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ |
|---|---|---|---|---|
| ၁။ | ကုန်သည်လုပ်ငန်းရှင် (၅) ဦး | မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း (ရန်ကုန်မြို့) | ၂၆.၇.၂၀၂၄ | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်သီသီစိုး<br>ဒေါ်ထက်မာလာအေး<br>ဒေါ်ဆုမြတ်ခင်<br>ဒေါ်ရွှေယမင်းအိမ် |

Mekong-Lancang Cooperation

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင် စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် ပါဝင်ဖြေကြားပေးသည့် နိုင်ငံအလိုက် စီးပွားရေးသံမှူးများ

| စဉ် | ရာထူး | နိုင်ငံ |
|---|---|---|
| ၁။ | စီးပွားရေးသံမှူး | ဝါရှင်တန်ဒီစီ၊ အမေရိကန်နိုင်ငံ |
| ၂။ | စီးပွားရေးသံမှူး | ဂျပန်နိုင်ငံ |
| ၃။ | စီးပွားရေးသံမှူး | ဒူဘိုင်းမြို့၊ U.A.E |
| ၄။ | စီးပွားရေးသံမှူး | ရုရှားနိုင်ငံ |
| ၅။ | စီးပွားရေးသံမှူး | ဆိုးလ်မြို့၊ တောင်ကိုရီးယားနိုင်ငံ |
| ၆။ | စီးပွားရေးသံမှူး | အိန္ဒိယနိုင်ငံ |
| ၇။ | စီးပွားရေးသံမှူး | ဗီယက်နမ်နိုင်ငံ |
| ၈။ | စီးပွားရေးသံမှူး | နန်နင်းမြို့၊ တရုတ်နိုင်ငံ |
| ၉။ | စီးပွားရေးသံမှူး | ဘာလင်မြို့၊ ဂျာမနီနိုင်ငံ |
| ၁၀။ | စီးပွားရေးသံမှူး | ဖိလစ်ပိုင်နိုင်ငံ |
| ၁၁။ | စီးပွားရေးသံမှူး | ဟောင်ကောင်နိုင်ငံ |
| ၁၂။ | စီးပွားရေးသံမှူး | ထိုင်းနိုင်ငံ |
| ၁၃။ | စီးပွားရေးသံမှူး | ကူမင်းမြို့၊ တရုတ်နိုင်ငံ |
| ၁၄။ | စီးပွားရေးသံမှူး | စင်္ကာပူနိုင်ငံ |
| ၁၅။ | စီးပွားရေးသံမှူး | ပေကျင်းမြို့၊ တရုတ်နိုင်ငံ |
| ၁၆။ | စီးပွားရေးသံမှူး | ကော်လကတ္တာမြို့၊ အိန္ဒိယနိုင်ငံ |

Mekong-Lancang Cooperation

# နောက်ဆက်တွဲ (ခ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့မှု မြှင့်တင်ရေး စီမံကိန်း စစ်တမ်းမေးခွန်းလွှာ (ဌာနဆိုင်ရာ)

## စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ရေး စီမံကိန်း စစ်တမ်းမေးခွန်းလွှာ

၁။ ဖြေဆိုသူ၏ အခြေခံ အချက်အလက်များ

| | | | | |
|---|---|---|---|---|
| ဖြေဆိုသူအမည် | | ဖုန်းနံပါတ် | | ရက်စွဲ - |
| ရာထူး/ဌာန | | မြို့နယ်/တိုင်းဒေသကြီး | | မေးမြန်းသူအမည်- |
| ကုန်သွယ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ စီမံဆောင်ရွက်မှု ဆိုင်ရာ လုပ်ငန်း အတွေ့အကြုံ (နှစ်) | | | | |
| | | | | |

၂။ ကုန်သွယ်မှုလျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | ပိုကောင်း | ပုံမှန် | ပိုခက်ခဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | | | | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | | | | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | | | | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | | | | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | | | | |
| ၆။ | စာရွက်စာတမ်းများ | | | | |
| ၇။ | အလိုအလျောက်စနစ် | | | | |
| ၈။ | လုပ်ငန်းစဉ်များ | | | | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၉။ | ပြည်ပကုန်သွယ်ရေး အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | | | | |

၃။ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | |
|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | |
| ၆။ | စာရွက်စာတမ်းများ | |
| ၇။ | အလိုအလျောက်စနစ် | |
| ၈။ | လုပ်ငန်းစဉ်များ | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | |
| ၉။ | ပြည်ပကုန်သွယ်ရေး အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | |

၄။ တရုတ်နိုင်ငံနှင့် GACC-SPS Protocal ချုပ်ဆိုဆောင်ရွက်ရန် ဖော်ပြပါ လုပ်ငန်းစဉ်များ နှင့် ခန့်မှန်းကြာချိန်များအပေါ်မူတည်၍ ပြန်လည်မွမ်းမံလိုသော လုပ်ငန်းစဉ်များ ရှိလျှင် ပြင်ဆင်လိုသည့်အချက်များအား ဖြေကြားပေးပါရန်။

| စဉ် | အကြောင်းအရာ | ခန့်မှန်းကြာချိန် | ပြန်လည်မွမ်းမံ ပြင်ဆင်လိုသည့်အချက်များ |
|---|---|---|---|
| ၁။ | တင်ပို့လိုသော ကုန်စည်၏ Technical Market Access Information –TMA အား တင်ပို့မည့် နိုင်ငံသို့ ဦးစွာ ပေးပို့ခြင်း | ၁-၃ လ | |
| ၂။ | TMA ဆိုင်ရာအချက်အလက်များကို လက်ခံသည့်နိုင်ငံ မှ စိစစ်ခြင်း | ၃-လ အထက် | |
| ၃။ | PRA ဆိုင်ရာအချက်အလက်များ ပြုစုပေးပို့ခြင်း | ၁-၃ လ | |

| | | | |
|---|---|---|---|
| ၄။ | လက်ခံနိုင်မည့် နိုင်ငံများမှ PRA ဆိုင်ရာ အချက် အလက်များကို စိစစ်ခြင်းနှင့် မေးမြန်း လာသည် များကို ပြန်လည်ပေးပို့ခြင်း | ၃-လ အထက် | |
| ၅။ | ဖြေကြားပေးပို့လာသည့် PRA အပေါ် လက်ခံမည့်နိုင်ငံမှ စိစစ်ပြီး SPS Protocol (မူကြမ်း) ပြုစု၍ ပြန်လည်ပေးပို့ခြင်း | ၃-လ အထက် | |
| ၆။ | ပေးပို့လာသည့် SPS Protocol (မူကြမ်း)ကို Focal မှ စိစစ်၍ နိုင်ငံခြားရေး၊ စီမံ/ဘဏ္ဍာ၊ ရင်းနှီး/စီးပွား၊ စီးပွား/ကူးသန်း၊ ဥပဒေရေးရာ၊ စာရင်းစစ်ချုပ်ရုံး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အသင်း/အဖွဲ့အစည်းများသို့ သဘောထား မှတ်ချက်တောင်းခံခြင်း | ၁-၃ လ | |
| ၇။ | ပြန်ကြားလာသည့် သဘောထားမှတ်ချက်များနှင့် အညီ SPS Protocol (မူကြမ်း) အား ပြင်ဆင်ဖြည့်စွက်ခြင်း | ၁-လ | |
| ၈။ | ပြင်ဆင်ပြီးမူကြမ်းအား တင်ပို့မည့်နိုင်ငံသို့ ပြန်လည် ပေးပို့သဘောတူညီချက်ရယူခြင်း | ၃-လအထက် | |
| ၉။ | နှစ်ဖက်သဘောတူညီပြီး မူကြမ်းကို အင်္ဂလိပ်ဘာသာအရေးအသား မှန်ကန်မှုရှိစေရေး စိစစ်ခြင်း | ၁-လ | |
| ၁၀။ | စိစစ်ချက်နှင့်အညီ နှစ်ဖက်အဖွဲ့အစည်းတို့မှ ပြန်လည် ပြင်ဆင်ခြင်း | ၁-၃-လ | |
| ၁၂။ | နှစ်ဖက်ညှိနှိုင်းပြင်ဆင်ပြီး အပြီးသတ် မူကြမ်းကို ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ(EC) ခွင့်ပြုချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေး ကော်မတီသို့ တင်ပြခြင်း | ၁-၂-လ | |
| ၁၃။ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြ၍ ခွင့်ပြုချက် ရယူခြင်း | ၁-၂-လ | |
| ၁၄။ | ခွင့်ပြုချက်ရရှိပါက SPS Protocol အား နှစ်ဖက်လက်မှတ် ရေးထိုးနိုင်ရေး ညှိနှိုင်းခြင်း | ၃-လအထက် | |

၃။ GACC-SPS Protocal ချုပ်ဆိုထားသော သီးနှံများ ......................................................................................................

၄။ GACC-SPS Protocal လက်မှတ်ရေးထိုးထားခြင်းကြောင့် ကုန်စည်တင်ပို့မှုတွင် ထူးခြားမှု ရှိပါသလား။ (၁=ရှိပါသည်၊၂=မရှိပါ)
ရှိလျှင် ထူးခြားများကို ဖော်ပြပါ။ ......................................................................................................

၅။ မြန်မာနိုင်ငံ ကုန်သွယ်မှု ကဏ္ဍအတွက် GACC-SPS Protocal လက်မှတ်ရေးထိုးရန် အတွက် ထပ်မံချုပ်ဆိုလိုသော အလားအလာရှိသည့် သီးနှံ/ကုန်ပစ္စည်းများ ကို ဖော်ပြပါ။......................................................................................................

၆။ တရုတ်နိုင်ငံအပြင် မြန်မာနိုင်ငံ ကုန်သွယ်မှု ကဏ္ဍာတိုးတက်ရန်အတွက် တခြား မည်သည့်နိုင်ငံများနှင့် စာချုပ်ချုပ်ဆိုလိုပါသလဲ။

......................................................................................................

၉။ လက်ရှိ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အဓိက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

| အားသာချက် | အားနည်းချက် | အခွင့်အလမ်း | စိန်ခေါ်မှု |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |

၁၀။ အနာဂါတ်တွင် ကုန်သွယ်မှု ကဏ္ဍနှင့် ကုန်ပစ္စည်း တင်ပို့မှု လုပ်ငန်းဆောင်တာများအတွက် ပို၍ ကောင်းမွန်တိုးတက်လာစေရန် အကြံပေးလိုသော အချက်များ

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

........................................................................................................................................................................................................

Mekong-Lancang Cooperation

# နောက်ဆက်တွဲ (ဂ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ရေးစီမံကိန်း စစ်တမ်းမေးခွန်းလွှာ (တင်ပို့သူများ)

| | | | |
|---|---|---|---|
| ခရိုင်/တိုင်းဒေသကြီး | | မေးခွန်းလွှာအမှတ် | |
| မြို့နယ် | | မေးမြန်းသူအမည် | |
| မေးမြန်းသည့်ရက်စွဲ | | ဖုန်းနံပါတ် | |

၁။ ဖြေဆိုသူ၏ အခြေခံအချက်အလက်များ

| | | | |
|---|---|---|---|
| ဖြေဆိုသူအမည် | | ဖုန်းနံပါတ် | |
| လုပ်ငန်းအမည် | | အသက် | |
| ပညာအရည်အချင်း | | လုပ်ငန်းအတွေ့အကြုံသက်တမ်း | |
| လုပ်ငန်းမှတ်ပုံတင်နံပါတ် | | စုစုပေါင်းတင်ပို့ရောင်းချသော သီးနှံ/သားငါးများ | |
| မှတ်ပုံတင်ထားသည့်ဌာန | | | |
| ကုန်သွယ်မှု စတင်ခဲ့သည့် ခုနှစ် | | | |

၂။ လုပ်ငန်းအမျိုးအစားပုံစံ

| | | |
|---|---|---|
| ☐ တစ်ဦးတည်းပိုင် (Sole proprietorship) | ☐ တာဝန်ယူမှုကန့်သတ်ထားသည့် ကုမ္ပဏီ (Limited liability company) | ☐ မိတ်ဖက်လုပ်ငန်း (Limited liability partnership) |
| ☐ အဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း (Partnership) | ☐ ရှယ်ယာရှင်များနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း (Cooperation) | |

၃။ ကုန်သွယ်မှုလုပ်ငန်း လွန်ခဲ့သော (၁၀) နှစ်တာကာလအတွင်း ကုန်ပစ္စည်း ဝယ်ယူမှု၊ တင်ပို့မှုအခြေအနေများ ။

| ခုနှစ် | တင်ပို့ သော ကုန်ပစ္စည်းများ | တင်ပို့သော နိုင်ငံ | ငွေချေ စနစ် | ရေကြောင်း /နယ်စပ် | တွေ့ကြုံရ သော ပြောင်းလဲမှု | ဈေးနှုန်း အတက်အကျ | တင်ပို့ရောင်းချမှု လုပ်ငန်း စဉ်များ(လွယ်ကူ/ ခက်ခဲ/ ပုံမှန်) |
|---|---|---|---|---|---|---|---|
| ၂၀၂၃ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၂၂ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၂၁ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၂၀ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၁၉ | | | | | | | |
| | | | | | | | |
| | | | | | | | |

၄။ ကုန်သွယ်မှုလျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | ပိုကောင်း | ပုံမှန် | ပိုခက်ခဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | | | | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | | | | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | | | | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | | | | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | | | | |
| ၆။ | စာရွက်စာတမ်းများ | | | | |
| ၇။ | အလိုအလျောက်စနစ် | | | | |
| ၈။ | လုပ်ငန်းစဉ်များ | | | | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၉။ | ပြည်ပကုန်သွယ်ရေး အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | | | | |

၅။ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | |
|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | |
| ၆။ | စာရွက်စာတမ်းများ | |
| ၇။ | အလိုအလျောက်စနစ် | |
| ၈။ | လုပ်ငန်းစဉ်များ | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | |
| ၉။ | ပြည်ပကုန်သွယ်ရေးအေဂျင်စီများအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | |

၆။ တရုတ်နိုင်ငံနှင့် ကုန်စည်တင်ပို့မှုတွင် ဆောင်ရွက်ထားသည့် GACC-SPS Protocal လုပ်ငန်းစဉ် များကို သိပါသလား။ (၁=သိပါသည်၊၂=မသိပါ)

၇။ GACC-SPS Protocal လက်မှတ်ရေးထိုးထားခြင်းကြောင့် ကုန်စည်တင်ပို့ရောင်းချမှုတွင် ထူးခြားမှု ရှိပါသလား။ (၁=ရှိပါသည်၊၂=မရှိပါ)

ရှိလျှင် ထူးခြားများကို ဖော်ပြပါ။ ..............................................................................................................................

၈။ (................................) လက်ရှိတင်ပို့ရောင်းချရာတွင် ကြုံတွေ့ရသော အဓိက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

| အားသာချက် | အားနည်းချက် | အခွင့်အလမ်း | စိန်ခေါ်မှု |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |

၉။ အနာဂါတ်တွင် တင်ပို့ရောင်းချမှု ဆောင်ရွက်ရာတွင် ပို၍ ကောင်းမွန်တိုးတက်လာစေရန် အကြံပေးလိုသော အချက်များ

..............................................................................................................................

..............................................................................................................................

၁၀။ 2023 ခုနှစ် (..........................) တင်ပို့ရောင်းချမှု ကုန်ကျစရိတ်/တန်        (X rate - ..............................)

| အကြောင်းအရာ | | ကုန်ကျစရိတ် (ကျပ်/USD) | | |
|---|---|---|---|---|
| | ယူနစ် | ရေကြောင်း | နယ်စပ် | မှတ်ချက် |
| ပြည်တွင်း လက်ကားဈေး | | | | |
| ထုတ်ပိုးမှု ပစ္စည်းကုန်ကျစရိတ် | | | | |
| ပြည်တွင်းသယ်ယူစရိတ် | | | | |
| ကုန်တင်/ကုန်ချ စရိတ် | | | | |
| သယ်ယူစရိတ် (ပြည်တွင်းမှ ဆိပ်ကမ်းသို့) | | | | |
| ကုန်တင်/ကုန်ချ စရိတ် | | | | |
| ပို့ကုန်အတွက် ဆိပ်ကမ်းကုန်ကျစရိတ် | | | | |
| ကုန်ပစ္စည်းစစ်ဆေးရေးစရိတ်(Inspection) | | | | |
| အပင်သီးနှံပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်စရိတ် | | | | |
| သန့်ရှင်း/အခြောက်ခံခြင်း | | | | |
| သိုလှောင်မှုစရိတ် | | | | |
| ကုန်တင်ခြင်း/ ကုန်ချစရိတ် | | | | |
| Container ဝယ်ခ/ငှားခ | | | | |
| စစ်ဆေးမှု ကုန်ကျစရိတ် | | | | |
| ပို့ကုန် ကုန်သွယ်ခွန် (%) | | | | |
| အာမခံကြေး | | | | |
| တင်ပို့မှုဆိုင်ရာ လိုင်စင်ခ | | | | |
| တင်ပို့မည့် နိုင်ငံတွင်ပေးရသော သွင်းကုန် ကုန်သွယ်ခွန် (%) | | | | |
| တင်ပို့သောနိုင်ငံတွင်ဆိပ်ကမ်းကုန်ကျစရိတ် | | | | |
| အခြားကုန်ကျစရိတ်များ | | | | |
| | | | | |